www.burmeseclassic.com

# ငွေစင်ရော်တွေလက်ရပ်ခေါ်နေတဲ့မြို့

ဝတ္ထုတိုစုစည်းမှု

## မိချမ်းဝေ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၆၉၁/ ၂၀၀၄ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၆၉/ ၂၀၀၄ (၁၁)

❒

ပုံနှိပ်ခြင်း
ပထမအကြိမ် – ဒီဇင်ဘာလ၊ ၂၀၀၄ ခုနှစ်။
အုပ်ရေ - (၃၀၀)

❒

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးစွန့်ကော်ယု၊ မာကျူရီပုံနှိပ်တိုက်၊
၄၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❒

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

❒

မျက်နှာဖုံးပန်းချီ
မှတ်သုံ

❒

တန်ဖိုး
၈၀၀ ကျပ်

# မာတိကာ

| | | |
|---|---|---|
| ၁။ | ငွေစင်ရော်တွေ လက်ရပ်ခေါ်နေတဲ့မြို့ | ၇ |
| ၂။ | နှင်းကြွင်းကြွေလှ | ၂၀ |
| ၃။ | ထောင့်ကပ်ထဲက ငှက်ဖဲတစ်ချပ် | ၃၇ |
| ၄။ | စီးကျသွန်းလျှံ | ၅၃ |
| ၅။ | ကျွန်မနှင့် လိပ်ပြာသောလုံးလက်စွပ် | ၇၃ |
| ၆။ | ကောင်းကင်နှစ်ဆင့် တိမ်လွှင့်အပြေး | ၈၆ |
| ၇။ | တစ်ဆယ်ကျော်ငါးနှစ်ပတ်လည် | ၁၀၅ |
| ၈။ | ဝံပုလွေညတွေ မလိုချင်ဘူး | ၁၁၈ |
| ၉။ | ယဉ်သူနှင့် ပထမသစ်စေ့ကလေး | ၁၅၀ |
| ၁၀။ | မြရည်စိမ်းရွက် မိုးစက်လင့်ကြို | ၁၆၈ |
| ၁၁။ | အသည်းငယ်သူ | ၁၈၇ |
| ၁၂။ | ရွက်ခြောက်ကြွေသံ | ၂၀၅ |
| ၁၃။ | သက်ရောက်မှုဂုဏ်ရည် | ၂၂၁ |
| ၁၄။ | ရယ်ဒီမိတ် | ၂၃၇ |
| ၁၅။ | ကျောက်တောင်စွန်းပေါ်က လဝန်းမြင့်မြင့် | ၂၅၃ |

www.burmeseclassic.com

www.burmeseclassic.com

# ငွေစင်ရော်တွေ လက်ရုပ်ခေါ်နေတဲ့မြို့

အတ္တရုံမြစ်ကို ကျောမှီပြီး သံလွင်မြစ်ပေါ် မေးတင်နေတဲ့ မြို့အိုကြီးဟာ သူ့သက်တမ်းနဲ့ မမျှတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းပိုးထားလေရဲ့။

စစ်မီးလျှံတွေကြားမှာ ယမ်းငွေ့တွေ ရှူရှိုက်ခဲ့ရတုန်းက သူ့မှာလည်း အခြားမြို့တွေလိုပဲ ကျားစဉ်းလဲတစ်ကောင်ရဲ့ ချောင်းမြောင်းတိုက်ခိုက်ခြင်း ခံရသလို ဒဏ်ရာဒဏ်ချက်တွေ ပြည့်နှက်ကျန်ရစ်ခဲ့ရှာတယ်။ ဒီတုန်းက နယ်ချဲ့သန်မာမှုတွေကြောင့် လျှင်လျှင်မြန်မြန် ပြန်လည်နာလံထခဲ့တဲ့ မြို့ကလေးဟာ မြို့အိုကြီးဆိုတဲ့အမည် အခေါ်မခံရခင် အချိန်ကာလအထိပေါ့။ နောက်တော့ မြို့ကလေးရဲ့ လန်းဆွင့်ဝင့်ဝါမှုတွေကို အချိန်ကာလယန္တယားကြီးက တတိတိနဲ့ ဝါးမြိုပစ်ပါလေရော။ ဒီလိုလဲကျရင်း ပြန်ထရင်းနဲ့ မြို့ကလေးဟာ ရင့်ရော်မှုတွေ ပျစ်ချွဲစေးကပ်နေတဲ့ မြို့အိုကြီးတစ်မြို့ ဖြစ်လာပါတော့တယ်။ ဘုရားရှင်ရဲ့ နှုတ်ကပတ်တော်တွေနဲ့ လွှမ်းခြုံထားတာ မဟုတ်ဘူးဆိုရင်၊ မယ်တော်မာရီရဲ့ အကြင်နာလက်နှစ်ဖက်နဲ့ ထွေးဖက်ထားတာ မဟုတ်ဘူးဆိုရင် မြို့အိုကြီးရဲ့ ထုံကြွေမှုဟာ မတွေးဝံ့စရာပါပဲ။

www.burmeseclassic.com



ထမ်းပိုးထားရတာချင်း ဒ,တူတူ အဲဒီမြို့အိုကြီးရဲ့ ကျောပေါ်က ဝန်ထုပ်ဝန်ပိုးကြီးဟာ စင်ဒီကလေ့ာအဘိုးအိုရဲ့ ကျောပေါ်က အထုပ်အပိုးကြီးနဲ့တော့ မနှိုင်းစာအပ်ဘူးပေါ့။ ဘာဖြစ်လို့လဲဆိုတော့ စင်ဒီကလော့ အဘိုးအိုရဲ့ ကျောပေါ်မှာ ရှိတတ်ကဲ့ ပျော်ရွှင်ခြင်းတွေ မြို့အိုကြီးရဲ့ ကျောပေါ်မှာ မရှိလို့ပါပဲ။

ကိုယ့်ချစ်သူသည် ပျော်ရွှင်ဖို့ရာ အခွင့်အလမ်း နည်းပါးလှစွာ မြို့အိုကြီးနဲ့ ပတ်သက်ယှက်နွယ်နေခြင်းဟာ စေတန်နတ်ဆိုးရဲ့ လက်ညှိုးတစ်ချောင်းကြောင့်ပါပဲ။

စပါးကြီးမြွေရဲ့ ညှို့ချက်မိသူပမာ ကိုယ့်ချစ်သူဟာ မြို့အိုကြီးဆီ တစ်လတစ်ခေါက် မှန်မှန်ရောက်ရှာလေရဲ့။ ကြက်တစ်ကောင်ရဲ့ ရှာဖွေယက်ငင်ခြင်းမျိုးနဲ့ ဝမ်းစာရှာဖွေဖို့ မြို့အိုကြီးရဲ့ ကျောပေါ်ကို ကျားကုတ်ကျားခဲ တက်ခဲ့ရတဲ့ အကြိမ်ပေါင်းလည်း မနည်းတော့ပါဘူး။ လိုက်လေဒေးလေ ငွေတွင်းရှည်ကြီးကတော့ မြို့အိုကြီးရဲ့ ကျောပေါ်မှာ အရစ်လိုက်ခွေလို့။

မိမိကိုယ်မိမိ မိုးကျရွှေကိုယ်တွေလို့ အထင်ကြီးနေသူတွေ၊ ရိုးသားစွာ ဘဝဝမ်းစာရှာဖွေသူတို့ကို လှည့်ဖျားချင်သူတွေ၊ အ,တတဝယ်သူအချို့ကို အခါးပေါ် သကာဖုံးပြီး ကွက်ကျော်ရိုက်စားလုပ်နေတဲ့ ခပ်လည်လည်ရောင်းသူတွေ၊ လောဘဇောတိုက်နေသူတွေရဲ့ စိတ်ဆင်ရိုင်းတွေနှင့် ယှဉ်ကာ ရိုးသားစွာ ကိုယ့်ချစ်သူ ရှာဖွေခဲ့တဲ့ ဝမ်းစာကိုတော့ ကိုယ်မြို့ကျစရာအကြောင်းမရှိခဲ့ပါ။ ဒါပေမဲ့လည်း အခြားရွေးစရာလမ်းမရှိခဲ့တဲ့ ကိုယ့်ထိုခွင့်လွှတ်ပါတော့ ချစ်သူရယ်။

ခ,ဘ်သူရဲ့မွေးနေ့ကို ရောက်တိုင်း 'ချစ်သူဖတ်ဖို့' စာအုပ်ကလေးထဲမှာ ကဗျာတစ်ပုဒ်ကျ ရေးလေ့ရှိတဲ့ ကိုယ်ဟာ အခုတော့ ချစ်သူမွေးနေ့



မဟုတ်ပေမဲ့ ကဗျာတွေ ရေးဖြစ်ခဲ့ပြန်တယ်။ ချစ်သူဖတ်ဖို့ စာအုပ်ကလေးထဲမှာ ကိုယ် ဒီတစ်ခါရေးဖြစ်တဲ့ ကဗျာကလေးရဲ့ ခေါင်းစဉ်က 'ခရီးဆုံးဘယ်မှာ' တဲ့။

*ချစ်သူက*
*ရထားအိုကြီးစီးပြီး မြို့အိုကြီးဆီ*
*မသွားလိုတော့ပါဘူးတဲ့။*
*မီးရထား ဥသြသံဟာ*
*တံပိုးခရာသံအလား*
*ငါ့အနားက ချစ်သူကို ဆောင်ယူသွားခဲ့။*
*ဇလီဖားတုံး မစုံလင်လှတဲ့*
*သံလမ်းကွေ့ကောက်တွေက*
*ငါ့ချစ်သူရဲ့ နောက်ကျောကို*
*တံတောင်နဲ့ ထောက်နေလေရဲ့။*

မြို့အိုကြီးဆီသွားမယ်ဆိုရင် ရထားအိုကြီးကို မလွဲမသွေ စီးနင်းကြရမှာပါ။ သစ်လွင်တောက်ပမှုကင်းပြီး ညစ်ပေစုတ်ချာလှတဲ့ တွဲဟောင်းကြီးတွေနဲ့ ဖွဲ့စည်းထားတဲ့ ရထားအိုကြီး။ ဇလီဖားတုံး မစုံလင်တဲ့ သံလမ်းတွေပေါ်မှာ ကိုယ့်ချစ်သူဟာ အပူပေးခံရတဲ့ ပြောင်းဆံတစ်ဆံရဲ့ ခုန်ပြောက်မှုမျိုးနဲ့ အခေါက်ခေါက်လိုက်ပါခဲ့ရတယ်။ ဦးနှောက်နဲ့အာရုံကြောအထူးကုဆရာဝန်ကြီးရဲ့ နောက်ကျောကုပ် နံပါတ်သုံးအကြော ညပ်နေတယ်ဆိုတဲ့ မှတ်ချက်စကားသံဟာ ကိုယ့်ရဲ့နားထဲကို သံရည်ပူတွေလို လိမ်းဆင်းလာကြတယ်။ အနာရှိတော့လည်း ဆေးရှိရဦးမှာပေါ့။ အားတင်းထားပါဦးချစ်သူရယ် ဘဝရဲ့လိုအပ်ချက်တွေအတွက်. . .။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



*ဂျွန်း ဂျုတ် ဂျွန်း ဂျုတ်*
*(ဝန်တင်လားတစ်ကောင်လို ပေကပ်ကပ်)*
*မွန်းကျပ်နောက်ကျိမှုတွေရှုရှိုက်*
*ငိုက်မျဉ်းငြီးငွေ့ဖွယ် နွေလယ်ခင်းကို ဖြတ်သန်း*
*တွေ့ရမ်းပြနေတဲ့ ကလေးများရဲ့ လက်ကို ငေးရီ*
*နေခြည်ဖျော့အလင်းအောက်က*
*အပေါက်အဖာဗရပျစ်နဲ့*
*ညစ်ထပ်ထပ် ရိုးအီအီအရောင်မွဲ*
*ပန်းချီကားတွေဟာ*
*ငါချစ်သူရဲ့ စိတ်ဓာတ်ကို*
*နွမ်းဖတ်ရင့်ရော်စေရင်းနဲ့...။*

မီးရထားကို အိမ်လုပ်၊ ထမင်းထုပ်နဲ့ စားမြိန်၊ ရှာဖွေရေးနဲ့ တွေ့ရင် လာဘ်ထိုး၊ ဓာတ်တူသားကျတော့ အရိုးမကျန်အောင် စားချင်ကြသူတွေဟာ သူတို့သယ်နေတဲ့ ကုန်စည်တွေနဲ့အတူ စနစ်ဆိုးကြီးထဲ ပေါလောမျောပါလို့။

ကုန်နဲ့လူတွေ စည်းကမ်းမဲ့ထိုးတင်လို့ ပြတင်းတံခါးတွေ ပျက်စီးကုန်တာ၊ ကုန်ပစ္စည်းတွေကို လူသွားလမ်းတစ်လျှောက် မဆံ့မပြဲ တင်တဲ့အပြင် အိမ်သာကိုပါ ချမ်းသာမပေးလို့ တံခါးတွေ ပျက်စီးပြီး အိမ်သာဝေဟာင်းလောင်းဖြစ်ကုန်တာ။ ယုတ်စွအဆုံး ရထားကြီးရဲ့ ဘေးကာအသားတွေပါ ခွာပြီး ဥပဒေနဲ့ မလွတ်ကင်းတဲ့ ပစ္စည်းတွေ ရတဲ့နည်းနဲ့ ဖွက်သယ်ကြတာတွေ။ အဲဒီလို ခရီးသည်တွေရဲ့မျက်နှာကို မကြည့်၊ လောဘတစ်ရှုတ်နှာသာကြည့်တဲ့ လုပ်ရပ်ဆိုးတွေဟာ အချိန်တိုတိုအတွင်းမှာ ရထားကြီးကို အိုမင်းရင့်ရော်အောင် ထုထောင်းနှိပ်စက်ခဲ့တဲ့ အရာတွေ



ပေါ့။ အခုတော့လည်း အဲဒီကုန်စည်စီးဆင်းမှုတွေဟာ လမ်းကြောင်းပြောင်းသွားလို့ အရင်ကလောက် အထုအထောင်း မခံရတော့ပေမဲ့ ရထားအိုကြီးကတော့ ဖွတ်ဖွတ်ကျေ ကျန်ရစ်ခဲ့တော့တာပဲ။

ကိုယ့်ချစ်သူဟာ ရထားအိုကြီးပေါ်က အဲဒီ လူပင်လယ်ကြီးထဲမှာ အဲဒီကုန်ပစ္စည်းတွေ လူတွေနဲ့ မသက်ဆိုင်ဘဲ သူ့အကြောင်းတရားနဲ့သူ စီးမျောပါဝင်ခဲ့ရတယ်။ တစ်ခါတစ်ရံ ဘူတာကြီးရောက်မှ သူစီးနင်းလိုက်ပါမယ့် အထက်တန်းတွဲ ပြုတ်ကျန်ခဲ့ရတဲ့အတွက် အထက်တန်းလက်မှတ်ကြီးကိုင်ပြီး အိမ်သာရှေ့က တစ်နေရာကို အလုအယက် ပြေးဦးလိုက်ရတဲ့အဖြစ်မျိုး။ အရှက်နဲ့ သိက္ခာကို မငဲ့နိုင်၊ အလယ်လမ်းကြောင်းမှာ ဒူးနှစ်လုံးကွေးသွင်း လူဂုံညင်းအဖြစ် စီးနင်းခဲ့ရတာ အခါခါ။ သူ့ခေါင်းပေါ်က ကွမ်းယာဆေးလိပ်တွေကျော်သွား၊ လက်ဖက်ရည်ထုပ်၊ ထမင်းထုပ်တွေ ကျော်သွား၊ လီမွန်၊ ခရက်ရှာတွေ ကျော်သွား၊ ဆွေဆွေအောင်၊ ဝေဝေအောင်၊ စုလှဖြူ၊ မီကိုရှုးဗင်နှင့် တစ်ပတ်နွမ်း မဂ္ဂဇင်းစာအုပ်တွေ ကျော်သွား၊ လှုပ်ခြေသာ ရထားအိုကြီးရဲ့တစ်နေရာမှာ သူပါသွားတာ အသေအချာပါပဲ။

မွန်းကျပ်နောက်ကျိမှုတွေ မြန်မြန်ကုန်အောင် သူ့ဘာသာသူ ရှုရှိုက်ပစ်နေရတဲ့ ချစ်သူဟာ ငိုက်မျဉ်းငြီးငွေ့စွာနဲ့ နွေနေ့လယ်ခင်းများစွာကို ဖြတ်သန်းခဲ့ရတယ်။

တစ်ခါလာလည်း ဒီတောင်တန်း၊ ဒီမြောင်စမ်း၊ တစ်ခါလာလည်း ဒီကန်သင်း၊ ဒီလယ်ကွင်း၊ ဟင်းလင်းပြင်ကျယ် အမိုးတောင်းထင်အောက်က ထန်းဖက်မိုး ကျူပျော့ကာ အပေါက်အဖာဗရပျစ်နဲ့ ညစ်ထပ်ထပ် ရိုးအီအီ ကျေးလက်မြင်ကွင်းတွေဟာ ကိုယ့်ချစ်သူရဲ့ စိတ်ဓာတ်တွေကို နွမ်းဖတ်ရင့်ရော်စေတာ အမှန်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



*ဟော...မြက်ခြောက်ချုံပုပ်တွေ*
*တလှုပ်လှုပ်လိုက်ပါကြ*
*သွယ်တန်းဓာတ်တိုင်တွေ*
*ပြေးလွှားက,ခုန်ကြ*
*လေပွေအထမှာ*
*သောကမှုန်တွေ ဖြန့်ကြကြ။*

ဒါပဲလေ၊ မရိုးနိုင်တဲ့ မဲပြာပုဆိုးကိုပဲ အထပ်ထပ် ဝတ်ဆင်နေရတဲ့ ချစ်သူဟာ မိန်မောမူးဝေတဲ့ ဝေဒနာတွေ အထပ်ထပ် ရစ်ပတ်ခံရရင်း သောကဝန်တွေ ပိုခဲ့ပါပေါ့။ မီးရထားလမ်းဘေးမြင့်ကွင်းတွေရဲ့ ခြောက်လှန့်လှောင်ပြောင်မှုအောက်မှာ ရိဝေယိုင်ထိုးစွာနဲ့ ရထားအိုကြီးဆွဲခေါ်ရာကို မငြင်းမဆန် လိုက်ပါခဲ့ရတဲ့ရက်တွေ များခဲ့ပါပေါ့။

တစ်ခါကတော့ ရွာကလေးတစ်ရွာရဲ့ မနီးမဝေးမှာ ဖြုန်းဆို ရထားကြီး ထိုးရပ်သွားပါရော။ လမ်းချော်တာလား၊ စက်ပျက်တာလား။ မြေသူမဲ့ မေးခွန်းပေါင်းများစွာ စီညံနေပေမဲ့ ရထားအိုကြီးက တုတ်တုတ်မှမလှုပ်။ ရှူတ်ကျူတ်သံစဲ၊ ပေခဲကပ်ကပ် ရပ်မြဲရပ်လျက်။

တစ်နာရီလည်းမက နှစ်နာရီလည်းမက မွန်းတည့်နေပူပူအောက်မှာ ရင်ပူရေငတ် ထမင်းဆာတဲ့ ဒုက္ခတွေဟာ ခရီးသည်တွေကို တရစပ် နှိပ်စက်ပါတော့တယ်။ လမ်းဘူတာ မဟုတ်လို့ စားသောက်ဖွယ်ရာ ရောင်းချခြင်းမရှိ။ ရေသည်ကိုမှ မမြင်ရ။ ချိုချဉ်ငုံဖို့ပင် စိတ်မကူးနိုင်။ သည်လိုပဲငုတ်တုတ် အပူဒဏ် အငတ်ဒဏ် ခံနေရမယ့်အတူတူတော့ အေးအေးချမ်းချမ်းရှာတို့ ဆိုပြီး ခရီးသည် အတော်များများ အနီးအနားက သစ်ပင်ကြီးပေါ်အောက်ကို အေးရိပ်ဝင်ခိုကုန်တော့တယ်။

အချိန် အတော်ကလေးကြာတော့ မလှမ်းမကမ်း ရွာကလေးဆီက



ဈေးဗန်းကို ခေါင်းပေါ်ရွက်ပြီး လှုပ်လီလှုပ်လဲ့ကလေး ပေါ်လာတော့တယ်။ အနီးရောက်တော့ ထမင်းသည်မှန်းလည်း သိရော အုံခဲဝယ်ယူလိုက်ကြတာ ပြိုက်ခနဲ ကုန်သွားပါရော။ အတူပါလာတဲ့ ကလေးကို အမေလုပ်သူက သားရေ ပြေးပါဦး။ အမေတို့အိမ်က ထမင်းတွေ ဟင်းတွေ ယူခဲ့ဆို ကလေးက ပြေးပြီး ယူလိုက်၊ ရောင်းလို့ ကုန်သွားလိုက်၊ သားရေ ပြေးပါဦး ခေါင်းရင်းက နင့်အရီးအိမ်က ထမင်းတွေ ဟင်းတွေ ယူခဲ့ဆို ကလေးက ပြေးယူလိုက်၊ ဈေးသည်ကလည်း မကြုံစဖူး ရောင်းကောင်းနေတော့ ရောင်းချင်ရှာမှာပေါ့။

ဒီလိုနဲ့ ဒီလောက်များတဲ့ ခရီးသည်တွေအတွက် ရွာမှာ စားစရာတွေ အခေါက်ခေါက် ပြန်သယ်ယူပေးနေရတဲ့ ကလေးဟာ လေးငါးခေါက်ပြေးပြီးတဲ့အခါမှာတော့ အတော်ကလေး မောနေရှာပြီ။ နောက်တစ်ခေါက်သူ့အမေ ခိုင်းမယ်ပြင်တော့ ဒီကလေး ပြန်ပြောတဲ့စကားကြောင့် ချစ်သူဟာ ထမင်းလုပ် လွတ်ကျမတတ် ဖြစ်သွားခဲ့ရတယ်။

'ဟာ...အမေရာ တော်ပါတော့။ အမေရောင်းကောင်းတာက အရေးမကြီးဘူး။ ဟိုမှာ တစ်ရွာလုံး ထမင်းငတ်တော့မှာဗျ'တဲ့။

အင်း...ဟုတ်ပါရဲ့။ သည်လိုသာ ရထားတစ်စင်းလုံးစားဖို့ သယ်ရောင်းရရင်တော့ တစ်ရွာလုံးကထမင်းတွေ လောက်မှာတောင် မဟုတ်တော့ဘူး။ သည်လို ငိုရခက် ရယ်ရခက် ရထားအိုကြီးကပေးတဲ့ စိတ်ဗျက်ဖွယ် အတွေ့အကြုံကလည်း တစ်ခေါက်တစ်မျိုး မရိုးနိုင်အောင်ပါပဲ။

*သည်လိုနဲ့*
*အနားသတ်မျဉ်းတစ်ကြောင်းဆီချဉ်းတဝ်*
*ငွေစင်ရော်တွေ လက်ယပ်ခေါ်နေတဲ့*
*မြို့အိုကြီးက ဆီးကြို*

www.burmeseclassic.com

www.burmeseclassic.com



*နီညိုရောင်ခရီးဆောင်အိတ်ကို ထမ်းပိုး*
*နှောင်ကြိုးအထပ်ထပ်ရစ်ပတ်နေတဲ့*
*ခန္ဓာကိုယ်နဲ့*
*ညိုမှိန်မှိန် မီးရောင်အောက်မှာ*
*လျှောက်သွား လျှောက်သွား*
*လမ်းများရဲ့ အဆုံးမှာ*
*မနက်ဖြန်ဆိုတာ ရှိမလား။*

ဘယ်သူဖြစ်ဖြစ် ဘူတာဆုံးရင် ဆင်းရမှာပဲလေ။ လမ်းဆုံးတစ်နေရာမှာ ရထားအိုကြီး ရပ်သွားတယ်ဆိုရင်ပဲ ဗြုန်းဆို သံလွင်နဲ့ ပက်ပင်းဆုံပါတော့တယ်။ သံလွင်ဟာ တစ်ခါတစ်ရံမှာ မာန်ဖွယ်ထုတ်ထားတဲ့ မြွေတစ်ကောင်လို ရိုကျိုးမှုမျိုးနဲ့ တစ်ခါတစ်ရံမှာတော့ မုန်ယိုနေတဲ့ ဆင်တစ်ကောင်ရဲ့ ကြမ်းခက်မှုမျိုးနဲ့ စောင့်နေလေ့ရှိတယ်။ သူ့ဆန်စားလျှင် ရဲမှဆိုတဲ့ထုံး နှလုံးမူပြီး ဇက်၊ သဆော်နှင့် မကြုံတဲ့အခါ စက်တပ်သမ္ဗာန်ငယ်ကလေးပေါ်မှာ ချစ်သူရဲ့အသက်ကို အပေါင်ထားပြီး သံလွင်ကို ဖြတ်ကူးရလေ့ ရှိတယ်။ လမသာ၊ ကြယ်ပြာမရှိ မှောင်အတိပြီးနေတဲ့ မြစ်ပြင်ကျယ်ကြီးမှာ သက်စောင့်မန္တာန်တန်ခိုးတော်ကို တင်းတင်းဖက်တွယ်ပြီး သံလွင်ရဲ့ ဝါးမျိုမှုမှ ကင်းလွတ်ခဲ့ရတာက အခါခါ။ စက်ပျက်သွားလို့ ရေလယ်မှာ လည်နေတဲ့ သမ္ဗာန်ကလေးထဲက နှင်းခိုးရိုက်နေတွေမှာ ကိုယ့်ကိုယ်ကို ရှာဖွေမရ ဖြစ်ခဲ့ရတာ အကြိမ်ကြိမ်။ ရွှေနယားလို နှစ်ထပ်သဘော်ကြီးတွေကိုတောင် အသာလေး ရိုက်လှဲနိုင်တဲ့ သံလွင်ဟာ စက်ဖျက်သမ္ဗာန်လောက်ကိုတော့ အပျင်းပြေ အဆော့ခံရုံပါပဲ။

သည်လိုနဲ့ အနားသတ်ကမ်းစပ်ဆီ ချဉ်းကပ်မိတဲ့အခါ ငွေစင်ရော်တွေ လက်ယပ်ခေါ်နေတဲ့ မြို့အိုကြီးက ဆီးကြိုနေပါတော့တယ်။ မြို့အိုကြီး



ရဲ့ ထူးခြားချက်ကတော့ ငွေစင်ရော်ငှက်ကလေးတွေ ရွှင်ပျော်ကျက်စားခြင်းပါပဲ။ ဆိပ်ကမ်းမြို့တိုင်းမှာ ငှက်စင်ရော်တွေ ဝဲလေ့မရှိပါဘူး။ အချို့ဆိပ်ကမ်းမြို့တွေမှာဆို သိမ်းစွန်ငှက်တွေသာ ပျံဝဲကျက်စားလေ့ရှိတာတွေ့ရတယ်။ ရာသီဥတုသာယာတဲ့နေ့တွေဆို မြစ်လယ်အထိ ငွေစင်ရော်တွေ လာကြိုလေ့ရှိတယ်လေ။

လူတွေရဲ့ လက်ဖျားက ကျဆင်းလာတဲ့ ပေါင်မုန့်စကလေးတွေကို လေမှာ ကျွမ်းစိုက်ပျံဝဲပြီး မလွတ်တမ်း ထိုးသုတ်လေ့ ရှိတာတွေ၊ ရေပေါ်ရောက်လုနီး အစာကို ရုပ်တိုက်ပြေးလွှား အမိဖမ်းပုံတွေ၊ ဝမ်းဗိုက်နဲ့ရေပြင်ဖြတ်ရှမိလို့ လွင့်စဉ်လာတဲ့ ရေမှုန်ရေစက်တွေနဲ့ ငှက်ကလေးတွေ၊ တကာစ်ကာစ်အော်မြည်တဲ့ ဂီတသံတွေဟာ သံလွင်ရဲ့အလှကို ကူပံ့နေတဲ့ အရာတွေပါပဲ။ အဲဒီအလှအပတွေဟာ ရင့်ရော်နေတဲ့ မြို့အိုကြီးကို ကျားကန်ပေးထားတယ်ဆိုရင် ဘယ်သူမှ ငြင်းနိုင်မယ် မထင်ဘူး။

ချစ်သူဟာ အဲဒီအလှအပတွေမှာ ကြာရှည်မနစ်မျောနိုင်ဘဲ နှောင်ကြိုး အထပ်ထပ် ရစ်ပတ်နေတဲ့ ခန္ဓာကိုယ်နဲ့ မြို့အိုကြီးရဲ့ လမ်းတွေပေါ်ရောက်လှမ်းခဲ့ရတယ်။ လုပ်ငန်းပြီးစီးဖို့ လိုအပ်တဲ့ ဆောင်ရွက်ဖွယ်ကိစ္စရပ်တွေဟာ ချစ်သူရဲ့ ခြေလှမ်းတွေ မြန်မြန်ဆန်ဆန် လှုပ်ရှားစေဖို့တွန်းနှင်အားတွေပဲပေါ့။ ကမ်းနားမှာ ကျောက်ချရပ်နားထားတဲ့ ကုန်တင်သင်္ဘောကြီးအချို့ရဲ့ ကျဲတောက်တောက် ဆက်ဆံရေးတွေကတော့ ချစ်သူရဲ့ တက်ကြွရှင်သန်မှုတွေကို တစ်ခါတစ်မျိုး ရိုက်ချိုးနေတော့တာပါပဲ။

'ဝမ်းစာရှာတာချင်း အတူတူ စာနာစိတ်ကင်းတယ်ကွာ' ဆိုတဲ့ ချစ်သူရဲ့ ညည်းညူသံဟာ မောဟိုက်နွမ်းနယ်မှုတွေနဲ့ တုန်ခါလို့နေတယ်။ အလောင်ပြင်းရှတဲ့ နွေနေ့လယ်ခင်းတွေဟာ ကြားတံတား၊ ထားဝယ်တံတားနဲ့ ပစ္စည်းဂိုဒေါင်တွေအကြား လွှမ်းပျံ့သွားနေတဲ့ လွမ်းကလေးကို

www.burmeseclassic.com

www.burmeseclassic.com



နှမ်းသတ်ရိုင်းရော်စေရင်းနဲ့ . . .။

ဒီလိုအခြေအနေမျိုးမှာ ချစ်သူဟာ ကုန်ဆုံးသွားတဲ့ အင်အားတွေ၊ ကျဆင်းသွားတဲ့ စိတ်ဓာတ်တွေကို အစားထိုးဖို့ မြို့အိုကြီးရဲ့ ကျက်သရေဆောင် တောင်ရိုးတန်းပေါ် အရောက်သွားလေ့ရှိတယ်။ ရှေးဟောင်းလက်ရာ မွန်အပြည့်နဲ့ ဘုံမြင့်ကျောင်းတော်ကြီးက တောင်ရိုးတန်းအစပ်မှာ အထီးတည်း ရပ်နေလေရဲ့။ ကျိုက်သာလန်စေတီတော်နဲ့ မဟာမြတ်မုနိခြေတော်ရင်းမှာ ဝပ်စင်းပြီးတဲ့အခါ အကုန်း၊ အမော့၊ အပြေ၊ အလျှောအတိုင်း နံနက်ခင်း လမ်းလျှောက်သူတွေနဲ့ စည်ကားစိုပြည်နေတဲ့ တောင်ရိုးတန်း လမ်းကလေး။

ကိုယ့်ချစ်သူဟာ သူခင်မင်လေးစားရတဲ့ မိတ်ဆွေကြီး ဦးခင်မောင်လွင်နဲ့အတူ တောင်ရိုးတန်းပေါ်က မြို့အိုကြီးကို ငေးရီ။ လေနှင်အတူ လွင့်ဝဲရောက်ရှိလာတဲ့ အမိုးချွန်ချွန် စိန့်ပက်ထရစ်ဘုရားရှိခိုးကျောင်းရဲ့ ခေါင်းလောင်းသံကို နားခံ။ ရှေးဟောင်းဆရာအတတ်သင် မော်တင်လိန်းကျောင်း၊ မွန်ယဉ်ကျေးမှုပြတိုက်၊ သံလွင်ဟိုတယ်တစ်ဖြစ်လဲ လော်ကမန်တိုက်၊ စိမ်းညို့ညို့ သစ်ရိပ်အုပ်တွေကြား ထိုးထွက်နေတဲ့ မြို့အိုကြီးရဲ့ အထင်ကရ ဇာတ်ကောင်တွေကို မျှော်ကြည့်။ ပင်လယ်ထဲ စီးဝင်တော့မယ့် သံလွင်ရဲ့ နှုတ်ဆက်လေပြည်ကို ရှူရှိုက်၊ ဦးခန္တီဘုရားခြေရင်းက ရှခင်းသာအမိုးအောက်မှာ အပန်းဖြေ၊ တောင့်တင်းသန်မာ ကျန်းမာဖျတ်လတ်ဟန်အပြည့်နဲ့ စကားကို အားရပါးရ ပြောတတ်တဲ့ မိတ်ဆွေကြီး ဦးခင်မောင်လွင်ဟာ မြို့အိုကြီးကို သံယောဇဉ်ကြီးစွာ ဖက်တွယ်ထားသူဖြစ်တယ်။

လူအိုတော့ ပန်းပန်၊ အိမ်အိုတော့ ကျားကန်၊ မြို့အိုတော့. . .။ အဟောင်းနေရာမှာ အသစ်အသစ်တွေ အစားထိုးလာတော့ ဒါဟာ ပါးရည်



တွန့်နေတဲ့ မြို့အိုကြီးကို ပန်းပန်ပေးခြင်းပဲဆိုတဲ့ ချစ်သူရဲ့ တွေးဆချက်ဟာ ဦးခင်မောင်လွင်ရဲ့ တဟားဟား အော်ရယ်သံအောက်မှာ တိမ်မြုပ်ပျောက်ကွယ်သွားရတယ်။

"ဒါဟာ ခေတ်စနစ်ရဲ့ လိုအပ်ချက်ပေါ့ ကိုယ့်လူ"

"အဟောင်းနေရာမှာ အသစ်အသစ်တွေ အစားထိုးမှုဟာ တကယ်ပဲ ခေတ်စနစ်ရဲ့ လိုအပ်ချက်လား၊ ဒါဆိုရင်. . ."

ဆွေးနွေးငြင်းခုံလို့ အားရတဲ့အခါ ခြေလျင်နဲ့ တောင်တက်အသင်းက ဖွင့်ထားတဲ့ ကဖေးဆိုင်ကလေးထဲ ဝင်ရောက်နားခိုလေ့ရှိတယ်။ ကဖေးဆိုင်ကလေးကနေ အရှေ့ဘက်ကို မျှော်ကြည့်လိုက်ရင် တိမ်ညိုတွေ ငုံ့နမ်းနေတဲ့ တောင်တန်းထူထူ သစ်ရိပ်အုပ်အုပ်တွေကြားမှာ အတ္တရံမြစ်ကို မထင်မရှားမြင်နိုင်တယ်။ တစ်ချိန်သောအခါက မောရိယတွေ ပျော်မောခဲ့လို့ မောရမြိုင်လို့ အမည်ရတဲ့ မြို့ကလေးရဲ့ ပျို့မြစ်နုနယ်မှု အစကနဦး သမိုင်းဦးခြေရာကို တောင်ရိုးတန်းပေါ်ကနေ ဖွေရှာမယ်ဆိုရင် ကြောင်းကျိုးဆက်စပ် သမာသမတ်ကျတဲ့ အကောင်းစား မှန်ဘီလူးတစ်ချပ်တော့ လိုလိမ့်မယ်။

တောင်ရိုးတန်းချောက်ကမ်းပါးရဲ့ အစွန်းမှာ မေးတင်ထားတဲ့ ကဖေးဆိုင်ကလေးထဲမှာတော့ မြို့အိုကြီးရဲ့ ရှေ့ဆောင် ပင်စင်စား အဘိုးအိုကြီးတွေအကြား သူလေးစားရတဲ့ ဆရာအိုကြီးတွေနဲ့ မကြာခဏ ဆုံတွေ့စကားစမြည်ပြောရလေ့ရှိတယ်။ မြို့အိုကြီးနဲ့အတူ ပညာရှိအိုကြီးတွေဟာ ကျန်းကျအိုမင်းလာပေမဲ့ သူတို့ရဲ့ အနုပညာဖန်တီးအားတွေဟာ အရှိန်အဟုန်ကောင်းစွာ စီးဆင်းနေဆဲ။

ခေတ်စနစ်များစွာကို ဖြတ်သန်းလွန်မြောက်ခဲ့ရလို့ အတွေ့အကြုံရင့်ကျက်လှတဲ့ ဦးအုန်းလွင်တို့လို၊ ဦးတင်အောင်တို့လို အဘိုးကြီးတွေကြားမှာ ချစ်သူဟာ ရင့်ကျက်မှုတွေ ရှာဖွေရင်းနဲ့ မထင်မှတ်ချိန်မှာ ကြွန်းခနဲ

www.burmeseclassic.com

www.burmeseclassic.com



ရွာချလိုက်တဲ့ မိုးလို ကြမ္မာဆိုးနဲ့ ပက်ပင်းတိုးခဲ့ရတယ်။

သွက်လက်ဖျတ်လတ်မှုတွေနဲ့ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိနေတဲ့ ဦးခင်မောင်လွင်ဟာ ရုတ်တရက် သွေးတိုးတက်ပြီး အာရုံကြောတွေ အလုပ်မလုပ်တော့တဲ့ ဝေဒနာနဲ့ သေမင်းရဲ့ အကြမ်းပတမ်း ဆွဲခေါ်ခြင်း ခံလိုက်ရတဲ့နေ့။ လက်တစ်ကမ်းမှာ ရှိနေပေမဲ့ လူတွေ မေ့လျော့နေတဲ့ သေခြင်းတရားရဲ့ တံခါးခေါက်သံ။

တောင်ကျချောင်းတစ်ခုနှယ် ကြမ်းရှစွာ တွန်းထိုးပွတ်ရှစီးဆင်းခဲ့ရတဲ့ ခရီးလမ်းများစွာကို ဖြတ်သန်းခဲ့ရလို့ နွမ်းဖတ်ရင့်ရော်နေတဲ့ ကိုယ့်ချစ်သူရဲ့ စိတ်ဓာတ်ဟာလည်း မိတ်ဆွေကြီး မရှိတော့တဲ့နောက်ပိုင်း အပိုင်းပိုင်း ပြတ်ကျနေတဲ့ ငှက်ပျောပင်တစ်ပင်လို ပြိုလဲမှုမျိုးနဲ့။ တစ်ခုသောဆောင်းဦးပေါက်မှာ ဇာတိမြို့ မီးစွဲလောင်တော့ ချစ်သူရှာထားသမျှစီးပွားတွေ သမင်မွေးရင်း ကျားစာဖြစ်သွားရတာတွေဟာ တိုက်ဆိုင်မှုလား။ မကြာခဏ အသစ်အသစ် ပြန်လည်တည်ဆောက်နေရတဲ့ (မိသားစုလေးယောက် နေလောက်ရုံ အိမ်ကလေးတစ်ဆောင် ပိုင်ဆိုင်နိုင်ရေး စီမံကိန်း)ချစ်သူ့ရဲ့ မျှော်လင့်ခြင်းတွေကို မီးပင်လယ်ကြီး ဝါးမျိုပစ်လိုက်ခြင်းက ချစ်သူရဲ့ အားမာန်တွေကို ရိုးချိုးပစ်လိုက်ခြင်းပေလား။

မြို့အိုကြီးဆီက တစ်ခေါက်ပြန်လာတိုင်း အားဖျော့နွမ်းနယ်လာတဲ့ ကိုယ့်ချစ်သူကို ပြောင်းလဲမှုတစ်စုံတစ်ရာ မဖန်တီးပေးနိုင်တာကလည်း နောက်ကျမှ သိလာတဲ့ ကိုယ့်ရဲ့ ညံ့ဖျင်းနုံချာမှုတွေပါပဲ။ မောင်တစ်ထောင်ထမ်းနေချိန်မှာ မယ်တစ်ရွက် ရွက်ဖို့ အရည်အချင်းနည်းပါးခဲ့တဲ့ ကိုယ်ရဲ့ နောက်ကျနောင်တတွေဟာ သေရာပါ အမာရွတ်အဖြစ်သာ ကျန်ရစ်တော့မယ်။ ကိုယ်က ချစ်သူအပေါ် ပြောင်းလဲမှုတစ်စုံတစ်ရာ မဖန်တီးနိုင်တဲ့အတွက် မှား အဲဒီ ပြောင်းလဲမှုတစ်စုံတစ်ရာကို သူ့ဘာသာ ဖန်တီး



သွားလေသလား။ ပိန်းကြာဖက်ပေါ်က လွင့်ပါးဝေးစင်သွားတဲ့ ရေစက်ရေပေါက်တွေလို မိသားစုကမ္ဘာကလေးထဲက ကိုယ့်ချစ်သူ ပြေးပုန်းပျောက်ကွယ်သွားတာ ရက်မှ လကူး၊ နှစ်ဦးလွန်မြောက် လွမ်းမီး အကြိမ်ကြိမ် တောက်ခဲ့ပါပေါ့။

ချစ်သူ ဘယ်မှာလဲ၊ ကိုယ့်ချစ်သူ ဘယ်မှာလဲဟင်။

မိသားစုရဲ့ ဝန်ထုပ်ဝန်ပိုးလေးလံမှုကြောင့် လူ့လောကကို ငြီးငွေ့ပြီး မြို့အိုကြီးဝန်းကျင်က ကျောက်တစ်လုံး၊ တော်ကူး စတဲ့ တောရ တစ်နေရာမှာ အေးကွက်ရှာနေပြီလား။ ဒါမှမဟုတ် အချိန်မရွေး ဖောက်ပြန်နိုင်တဲ့ သံလွင်ရဲ့ ဒေါမာန်ကြီးတဲ့ ရိုက်ချက်အောက်မှာ နစ်မြုပ်ပျောက်ဆုံးခဲ့လေသလား။ ချစ်သူဟာ တကယ်ပဲ ခရီးဆုံးဆီ ရောက်သွားခဲ့ပြီလား။ ဆာဒီတောင်ရိုးတန်းပေါ်က မြင်ရတဲ့ မြို့အိုကြီးရဲ့ တစ်ခွင်တစ်ပြင် ဘယ်နေလောက်ဆီမှာ ချစ်သူရဲ့ဝိညာဉ် ကပ်ငြိခိုဝင်နေပါသလဲ။

တစ်သက်တာ လက်တွဲဖော်အဖြစ် ရည်စူးခဲ့ပေမဲ့ ချန်ထားလို့ ကျန်ရစ်ခဲ့တဲ့ ချစ်သူပစ်မလေးကတော့ 'ချစ်သူဖတ်ဖို့' စာအုပ်ကလေးထဲမှာ စာများတွေ တစ်ပိုဒ်ပြီးတစ်ပိုဒ် ဆက်ရေးသွားမှာပါ။

*ချစ်သူက*
*ရထားအိုကြီးစီးပြီး*
*မြို့အိုကြီးဆီ မသွားလိုတော့ပါဘူးတဲ့။*
*ငါငိုချင်တယ် ချစ်သူရယ်။*

(မဟေသီ၊ ၂၀၀၀ ပြည့်၊ နိုဝင်ဘာ)

www.burmeseclassic.com

www.burmeseclassic.com

# နှင်းကြွင်းကြေလု

မဟာစေတီဘုရားပရိဝုဏ်အတွင်းသို့ ဝင်လိုက်လျှင်ပင် ရင်ပြ
ကျောက်ပြားတို့၏ အေးစိမ့်မှုက နှင်း၏အကြည်ဓာတ်ကို ညှို့မြူလိုက်
သည်။

နေ့သစ်သည် မြူမှုန်ဝေစ ဆောင်းညကို လွန်မြောက်လာသေ
လည်း ရက်ဖောက်ဆန်းချိ မင်ရည်တိမ်ခိုးတို့၏ အငွေ့ခံတွင်းမှ ရှင်းရှ
ကြီး မလွတ်သာသေး။ မြောက်လေမှာ သွေးသည်ဆိုရုံကလေး သွေး
သဖြင့် ရှက်ဆုပ်ကိုင်လက်တို့ လှုပ်လီလှုပ်လဲ့ ကကြိုးယှက်နေကြဆဲ...

စိုဖန့်ဖန့်ပွင့်ချပ်လွှာတို့ကား မြေသို့ သက်ဆင်းကာ မည်သူကော
နီး မျှော်ကိုးကမ်းလင့် ပင်ခြေမှာ အဆင်သင့်။ အအေးဓာတ်ကို
ကျောက်သားပြင်နုနုထက်မှာ 'နှင်း' ရဲ့ လက်ကလေးတွေ လှုပ်ရှားလို
သော့ နီးခွက်ဆန်ခါခုံကလေးထဲ ကြုံးကြုံးပြီး မွှေးချင်စရာ ခရေပွင့်တွေ
အပြည့်အမောက်၊ သီတံကြိုးတစ်လျှောက် တစ်ပွင့်ခြေ တစ်ပွင့်နင်း၊
ပွင့်ဆင့်၊ တစ်ပွင့်လှူး တစ်ပွင့်ဖူး တစ်ပွင့်အာ ခဏမကြာအတွင်း
တွေ တစ်ကုံးပြီ့တစ်ကုံး သီပြီးသည့်အခါမှာတော့ မဟာစေတီ ဘုရားကြ



ဦးကပ် ရေတော်ကပ်၊ ပန်းတော်ကပ်ဖို့ ပြင်ရသည်။

နှင်း ကျောင်းပိတ်ရက် ပဲခူးသို့ ပြန်လာတိုင်း ထိုနေ့စဉ်ဝတ်ကိုတော့
ပြတ်အောင်ဖြည့်သည်။ ဆောင်းနှင့် နှင်းက ခွဲခြားမရသလို နှင်းနှင့် ခရေ
လည်း ပလ်နံသင့် အလွမ်းဆင့်။ ဘုရားဝတ်ပြုပြီးသည့်အခါမှာတော့။
အံလုလု နေခြည်နုတွေက နှင်းထုကို ထိုးခွဲဖို့ မရဲတရဲဟန်ပြင်နေကြ
။ နီးဆန်ခါခုံထဲက ပန်းကုံးလက်ကျန်တွေကတော့ နှင်းပန်ဖို့၊ နှင်းဆင်
လေ။

အိမ်ပြန်ရန် ခရေရိပ်မှအထွက် စိုလက်လက် ကျောက်ပြားထက်မှာ
လျှောက်မည့်ဟန်ပြင်ခိုက်၊ အလို...မြောက်ပြန်လေသွဲ့သွဲ့မှာ တယောသံ
နှဲ့ ကပ်ပါလာပါလား။ ဆောင်းလေဝေ့နေသဖြင့် အသံက နီးလာလိုက်၊
သွားလိုက်။

*"အို ချစ်ခြင်းမေတ္တာ...သင့်အတွက် နေရာ ကိုယ့်အသည်းမှာ...*
*ကပါး ရိကပါး ကျီစားသလိုများ ပြုမသွားသင့်ပါ...ကိုယ့်နှလုံးသားဝယ်*
*တွယ်ပါချင် အစဉ်ခိုင်မာ...အေးအေးချမ်းချမ်း စိမ့်စမ်းရေပမာ... သွန်း*
*ပါစေကြောင်း ...ဆုတောင်းရ အခါခါ"*

နှင်း သိပ်ကြိုက်သည့် မျက်ဝန်းလဲ့ပြာပြာသီချင်းအလိုက် တယော
သည် ချိုနွဲ့လှသည်။ ဂီတ၏ ညှို့ချက်အားက နှင်းကို လက်ယပ်ခေါ်နေ
သည့်အလား။ ဘုရားပရိဝုဏ်အတွင်းမှ ထွက်၍ တောလမ်းကလေးအတိုင်း
လျှောက်လာသော်လည်း သစ်ရိပ်အုပ်ဆိုင်း ပြာမှိုင်းမှိုင်းဝန်းကျင်တွင်
ယောရှင်ကို ရှာမရဘဲ ဖြစ်နေသည်။

ဟိုး...ညောင်မှတ်ဆိတ်ပင်ကြီးနားအထိတော့ နှင်းမသွားရဲ။ သည်
အလင်းဝေစ မှောင်တစ်ဝက်လင်းရည်အချိန်မျိုးတွင် မမြင်ရသော
လာကကို မကြောက်သော်လည်း အိမ်ခြေကျဲသွားသော ထိုနေရာမှ

www.burmeseclassic.com

www.burmeseclassic.com



လှသုရမ်းကားတို့ အန္တရာယ်ကိုတွေးကြောက်ကာ လာလမ်းအတိုင်း ပြန်လှည့်လာမိသည်။

ဘုရားဝင်းကို ဖြတ်ပြန်သည့်အတွက် စေတီတော်ကြီးကို တစ်ပတ် ပတ်ကာ မမမြနန်းရှင်ရုပ်ထုရှေ့၌ ခြေအစုံရပ်မိသည့်အခါ မမက နှင်း ပြုံးပြုံးကလေး စိုက်ကြည့်နေသည်။ နှင်းရဲ့ မမမြနန်းရှင်က ဘယ်အချိန် ကြည့်ကြည့် ပီဘိသန့်စင် လှသွေးယဉ်ဆင့် ကျက်သရေတင့်လှပေသည်။

"မမရယ်...ကျေးဇူးပြုပြီး နှင်းနဲ့အတူ တယောသံရှင်ကို ကူရှာ ပါနော်"

နှင်းက တိုင်တည်စကားပြောကာ မမကိုပြုံးပြလိုက်မိသည်။ မြနန်း ရှင် မမက သည်နယ်တရိုးကို ပိုင်စိုးသည့်အတွက် တယောသံရှင်ရှိသည့် နေရာကို မမ သိကိုသိရမည်။ နှင်း အိမ်ပြန်ရောက်တော့ အဘတော နိုးနှင့်နေပြီ။

"နှင်းကလေးလားဟေ့"

နှင်းရဲ့ခြေသံကြောင့် အဘက လှမ်းမေးပြီး ရေစင်ဘက်ကို ထွက် သွားတော့ အလုပ်ခန်းထဲဝင်ကာ နှင်း စုတ်တံကို ကောက်ကိုင်လိုက် သည်။

"အို...ချစ်ခြင်းမေတ္တာ...သင့်အတွက်နေရာ ကိုယ့်အသည်းမှာ

စောစောက တယောတေးသွားအလိုက် သီချင်းကို ခပ်တိုးတိုး ကလေး ညည်းကာ ဝက်ဝံရုပ်ကလေး၏မျက်လုံးကို ဆေးသားလှလှ နေတော့သည်။

"နှင်း သည်နေ့ ဘာဖြစ်လို့များ ပေါ့ပါးမြူးရွှင်နေရပါလိမ့်

*



သည်နေ့တော့ နှင်းခံခေါင်းဆောင်းအပြင် နှင်းကာဝတ်ရုံကလေး ခြုံထားသဖြင့် နှင်းသည် ယုန်ဖြူမလေးနှင့် တူနေလေသည်။ မျက်တောင် ကော့ကော့၊ နှာတံစင်းစင်း၊ နှုတ်ခမ်းပါးပါးကလေးနှင့် မျက်နှာသွယ်သွယ် ကလေးက နှင်းခံ ခေါင်းဆောင်းအောက်မှာ မပေါ်တပေါ်။ သွယ်လျလျ နှင်းခန္ဓာကိုယ်က သိုးမွေးနှင်းကာခြုံထည်အောက်မှာ ဣန္ဒြေရရ။ ပွင့်အာ သန်းဆန်းနေသော နှင်းရည်ဆမ်းသည့် ခရေပန်းတွေကို တစ်ပွင့်ချင်း အပ်သီနေချိန်မှာပင် တေးသံနွဲ့နွဲ့ ထွက်ပေါ်လာပြန်သဖြင့် နှင်းရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။ သည်နေ့တော့ တယောသံရှင်ကို တွေ့အောင်ရှာမှ ဖြစ်မည်။

အလို...သည်နေ့လည်း မနေ့က မျက်ဝန်းလဲ့ပြာပြာပါပဲလား။ တေးသွားသံစဉ်အလိုက် နှင်း တိုးတိုးကလေး လိုက်ဆိုနေမိသည်။ မနေ့ ကလိုပင် လေဆော့နေသဖြင့် အသံက နီးလာလိုက်၊ ဝေးသွားလိုက်။ နှင်း အလုပ်တွေ လက်စသတ်ကာ တောလမ်းကလေးဆီထွက်လာတော့ မြူမှုန် ဆဝါး နှင်းပန်းဖွားတို့ လွင့်ပါးကုန်သဖြင့် ဝန်းကျင်ကို ထင်လင်းပြတ်သားစွာ မြင်နေရသည်။ အသံရှင်သည် ဟိုမှာလည်းမဟုတ်၊ သည်မှာလည်းမဟုတ်၊ ပင်ခြေအုပ်အုပ် ညောင်မုတ်ဆိတ်ပင်တစ်ပိုက်သာ ကျန်တော့သည်။

ဟော...မုတ်ဆိတ်ဖားလျားကျနေသော ပင်ခြေမှာ ကျကျနနထိုင် ၍ ပခုံးစွန်းတွင် တယောကိုမှေးကာ စိတ်ပါလက်ပါဆိုညည်းနေသည့် လူရွယ်တစ်ယောက်၊ အဖြူရောင်ရှပ်အင်္ကျီလက်ရှည်ပေါ်မှာ နီညိုရောင် မျဉ်းပြတ်သိုးမွေးဆွယ်တာကလေးထပ်ကာ ချည်ချောလုံချည်ဝတ်လျက် ဘွတ်ဖိနပ်စီးထားသော ဖြူနွဲ့နွဲ့ တယောသံရှင်သည် ခာတ်ခင်းသားနှင့်ပင် တူနေသေးတော့သည်။ သူ့ရဲ့ မျက်ဝန်းလဲ့ပြာပြာထဲ နှင်းပါ ကပ်ငြိလိုက် ပါသွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်…"

တယောသံကို ဖြုန်းခနဲရပ်ပစ်လျက် လျင်မြန်သောအဟုန်ဖြင့် လက်ထိုးဖမ်းဆွဲထားရာ ပြေးမည့်ဟန်ပြင်လိုက်သော်လည်း နောက်ကျ သွားတော့သည်။

"မင်း…ဘယ်သူလဲ၊ တိတ်တိတ်ကလေး ခိုးနားထောင်နေတာ၊ ကြည့်စမ်း…။ မိပြီ၊ ပြော…ဘယ်သူလဲ"

"နှင်း…နှင်းပါ"

"နှင်း…တဲ့လား"

"ဟုတ်ကဲ့၊ မိနှင်းမွေ့ကြွေပါ"

"သိပ်လှတဲ့ မွှန်မလေးပါလား"

နှင်းက အလစ်ကို စောင့်လျက် လက်ကို ဖောင့်ခနဲ ဆောင့်ရုန်းကာ နောက်ခြေနှစ်လှမ်း ဆုတ်လိုက်သည်။ ပြီးမှ မျက်နှာကို စေ့စေ့ကြည့်လိုက်တော့…

"ဟင်! ရှင်က…ရှင်က မင်းစက်ယာ မဟုတ်လား"

"အလို…ခင်ဗျားလေးက ကျွန်တော့်နာမည် သိလို့ပါလား၊ ဆိုပါဦး၊ ဘယ်တုန်းက ဆုံဖူးတာပါလိမ့်"

"မနှစ်ကပါ၊ ရွှေတိဂုံဘုရားစောင်းတန်းမှာ ကျင်းပတဲ့ မွန်အမျိုးသားနေ့မှာ ဆုံဖူးတာပါ"

"သြော်…သြော် သိပြီ၊ သည်တုန်းက အခမ်းအနားကို မင်းလဲ အင်္ဂတာပေါ့"

"အင်းလေ…အဲဒီမှာ ရှင်တီးတဲ့ မိချောင်းလက်သံတောင် နားထောင်လာသေးရဲ့၊ ဘာတဲ့ အဲဒီနေ့က ရှင်တီးတာ (သိုင်ဝိုပ်ထဝ်) တေးသွားလေး ပဲခူးမြို့ကြီးဖြစ်တည်မယ့်နေရာမှာ ဟင်္သာနှစ်ကောင်နားတော့



ဘုရားဗျာဒိတ်ပေးတဲ့အကြောင်း ဖွဲ့ထားတဲ့ သီချင်း"

"အမယ်…အမိလေးက မှတ်မိသေးသလားပါလား၊ ကိုယ့်နာမည် မင်းစက်ယာဆိုတာ သိနေမှတော့ မိတ်ဆက်စရာ မလိုတော့ဘူးပေါ့၊ အခုလို တွေ့ဆုံသိကျွမ်းခွင့်ရတာ ဝမ်းသာပါတယ်၊ မင်း ဂီတကို ဝါသနာပါသလား၊ ဝါသနာပါရင် နောက်နေ့တွေလဲ လာဦးပေါ့၊ မင်း နားထောင်ချင်တဲ့သီချင်း ကိုယ် တယောနဲ့ ထိုးပြမယ်၊ ဒါနဲ့ နေပါဦး…ဒီအချိန်ကြီး ဒီနေရာမှာ တွေ့ပုံထောက်တော့ ဒီအနီးအနားမှာပဲ နေတယ်ထင်တယ်"

"ဟုတ်တယ်လေ၊ ဒီမဟာစေတီဘုရားဝင်းကြီးနဲ့ ကပ်နေတဲ့ လူနေရပ်ကွက်မှာ နေပါတယ်၊ နှင်းက နေ့တိုင်း ရင်ပြင်ပေါ်က ခရေပန်းတွေ လာကောက်နေကျလေ၊ ဒါကြောင့် မနေ့ကတည်းက တယောသံကို သတိပြုမိတာ"

"ဒီနေ့တော့ အနားရောက်အောင်လာပြီး တိတ်တိတ်ကလေး ချောင်းနားထောင်ရောဆိုပါတော့"

နှင်းက ပါးချိုင့်ကလေးတွေ ပေါ်အောင်ပြုံးလို့ မျက်တောင်ကော့ကြီးတွေဝင့်ပြီး ကြည့်လိုက်တော့ စူးလက်လက် မျက်ဝန်းအစုံကို ရင်ဆိုင်လိုက်ရသည်၊ မျက်လုံးတွေကို ရံတားစောင့်ကြပ်နေသည့် မျက်ခုံးနက်နက်ကြီးတွေက မင်းစက်ယာဆိုသည့် မွန်အသွေး မွန်အလှကို ပြနေလေသည်၊

အို…နှင်း ရင်တွေခုန်လိုက်တာ မပြောပါနှင့်တော့။ သည်နေ့သည် မနေ့ကထက်ပို၍ နှင်းအဖို့ နှလုံးချမ်းမြေ့ ကြည်မွေ့လန်းဆန်းလှပါလား။

•

www.burmeseclassic.com

www.burmeseclassic.com



နေခြည်ဝင့်ဝါတို့ နှင်း ကန့်လန့်ကာကို ထိုးခွဲဝင်ရောက်လာသဖြင့် အချိန်စောနေပေမဲ့ ဝန်းကျင်တစ်ခွင်လုံး ရှင်းသန့်ကြည်လင်နေသည်။ နောက်နေ့တွေမှာ ညောင်မှတ်ဆိတ်ပင်အထိ နှင်းသွားစရာမလိုတော့ဘဲ နှင်း ဝန်းကောက်လေ့ရှိသည့် ခရေရိပ်မှာ သူနှင့် ဆုံဖြစ်လေသည်။ နှင်း ခရေဝန်းသီနေတုန်း သူက တယောကလေးနွဲ့နွဲ့ကြိုးနေလေသည်။ သည်နေ့တော့ မျက်ဝန်းလဲ့ပြာပြာမဟုတ်၊ မောင်မောင်ညွှန့်ရဲ့ ချစ်နှင်းမှုန်မှုန်။

ဘုရားဝေယျာဝစ္စတွေပြီးတော့ နှင်း သူနှင့် စေတီတော်ကြီးကို တစ်ပတ်လမ်းလျှောက်ကြသည်။ 'သည်စေတီတော်ကြီးကို တည်ဖို့ ဓာတုဝစ္စည်းတွေ ဌာပနာတဲ့နေ့မှာ ဘုရင့်နောင်မင်းတရားကြီးရဲ့ မိဖုရားမှာ သမီးတော်တစ်ပါးဖွားမြင်လို့ ဓာတုကလျာလို့ အမည်ပေးလိုက်သတဲ့" နှင်းက ကြားဖူးနားဝပြောပြတော့ သူက ငြိမ်ပြီးနားထောင်နေသည်။ မြန်နန်းရှင်မမရုပ်ထုရှေ့မှ ဖြတ်သောအခါ 'ကျေးဇူးပါပဲ မမရယ်...နှင်းဆန္ဒတွေပြည့်ဝပါပြီ'ဟု စိတ်ထဲမှ လှမ်းပြောနေမိသည်။ ဘုရားဝင်းမှထွက်၍ အတန်ငယ်လျှောက်မိလျှင်ပင် နှင်းတို့အိမ်ဝင်းထဲရောက်လာသည်။

ရေနွေးကြမ်းတစ်အိုးနှင့် မြေးပြန်အလာစောင့်နေသော အဘက နှင်းတို့ကိုမြင်တော့ အံ့အားသင့်နေသည်။

"အဘ...နှင်းနဲ့ ဘုရားပေါ်မှာ မိတ်ဆွေဖြစ်လာတဲ့ မင်းစက်ယာတဲ့"

"ဟောဒါ...နှင်းရဲ့အဘိုး အဘနိုင်ကောင်းပုံပါ"

အဘက မင်းစက်ယာကို စေ့စေ့စပ်စပ် ခြေဆုံးခေါင်းဆုံး ကြည့်၍...။

"မင်းစက်ယာဆိုတော့ မွန်ပဲပေါ့ ဟုတ်လား၊ ဇာတိကရော..."

"မွန်ပြည်နယ်၊ ဇင်းကျိုက်ရွာကပါ အဘ"

"အေး...ကောင်းတယ်၊ ကောင်းတယ်၊ ဇင်းကျိုက်ဆိုတော့ မွန်ဒေသ



အစစ်ပေါ့၊ ဆိုစမ်းပါဦး ဇင်းကျိုက်ဆိုတဲ့ ဇစ်မြစ်အဓိပ္ပာယ်ကိုရော သိရဲ့လား"

"ဟာ...အဘကလည်း၊ အခုမှ တွေ့တဲ့လူကို ဘာတွေမေးနေပြန်ပြီလဲ တော်ကြာ ဧည့်သည်စိတ်ညစ်သွားဦးမယ်"

"ရပါတယ် နှင်းရဲ့၊ အဘမေးတာ ကောင်းပါတယ်၊ ကိုယ်သိသလောက် ဖြေမှာပေါ့။ မသိတာရှိလဲ အဘဆီက ပညာပြန်ယူရတာပေါ့"

"ဒီလိုပါအဘ၊ ဇင်းကျိုက်ဆိုတာ မွန်ဘာသာအရ (ဇိုင်ကျာ်) ကလာတာပါ၊ အသံထွက်က ဇန်ကျိုက်ပါ၊ အဓိပ္ပာယ်က ဘုရားခြေရင်းရွာလို့ အဓိပ္ပာယ်ရပါတယ်၊ ကျမ်းအလိုအရ တောင်ပေါ်က နဂါးမဘုရားကို အစွဲပြုပြီး ကျိုက်ဂရင်နိုက်လို့ခေါ်ရာက ဇင်းကျိုက်ဖြစ်လာတာပါ"

"အေး...မင်းတော်တယ်၊ ခုခေတ်လူငယ်တွေဟာ ကိုယ့်ဒေသဇစ်မြစ်ကို မသိကြတော့ဘူး၊ သိအောင်လဲ မကြိုးစားကြတော့ဘူး၊ ကိုယ့်ဒေသရဲ့ ဇစ်မြစ်ကို မသိရင် ကိုယ့်ကိုကိုယ် သိဖို့မလွယ်ဘူးကွ၊ ဒါကိုကော မင်းလက်ခံလား"

ဟင်း...အဘနဲ့တော့ ခက်နေပြီ၊ အဘက လူတစ်ယောက်လာရင် ပြောချင် ဟောချင်လိုက်တာ လွန်ပါရော။ သည်လိုသာ ပြောနေဟောနေရလျှင် တစ်နေ့လုံး ရေနွေးကြမ်းတစ်အိုးနှင့်လည်း ထိုင်ဟောနေတတ်သည်။ နှင်းကတော့ မင်းစက်ယာကို အားအနာကြီးနာနေသည်။ ကောက်ညှင်းပေါင်းပူပူကို အုန်းသီးခြစ်၊ နှမ်းထောင်းဖြူး၍ နှင်းအပြင်ထွက်လာတော့ အဘစကား ပဲခူးရောက်နေပြီ။

"မင်း မှတ်ထား၊ အခု အဘတို့နေတဲ့ ပဲခူးဆိုတာကလဲ မွန်အသံထွက် (ဗဲဂို)ကလာတာကွ၊ ခြောက်လှန့်၍ ဥပါယ်တံမျဉ်သုံး၍ အောင်သောမြို့လို့ အဓိပ္ပာယ်ရတယ်၊ ဘုရားမပွင့်မီက တောလူတွေက ရှုံးသဘောတွေနဲ့

www.burmeseclassic.com



ပုသိမ်၊ ဒဂုံ၊ သထုံ၊ စုမြဲကြား၊ ဘိုနီယို၊ ဂျဟားစတဲ့ အရပ်ဒေသတွေကို ကုန်ကူးရင်း ပဲခူးမြေကို စတင်တွေ့ရှိတော့ သက်သေခံတစ်ရပ်ကို မြှုပ်နှံခဲ့ကြတယ်၊ တစ်ချိန်ကျတော့ မွန်နဲ့တောလဂုအငြင်းပွားကြပြီး သက်သေခံကို တူးဖော်တဲ့အခါ မွန်တွေ ဥပါယ်တံမျဉ် သုံးပြီး အနိုင်ရခဲ့ကြလို့ (ဖုံဂို) ပဲခူးလို့တွင်ခဲ့တာကွ”

“ဟုတ်ကဲ့...အဘ၊ ကျွန်တော် ပဲခူးကိုတော့ သတိမထားမိလိုက်ဘူး၊ အခု အဘပြောတာတွေ မှတ်သားထားပါ့မယ်၊ ဒါထက် ဗိုင်ဂနိုင်းဆိုတာကရော မွန်နာမည်ပဲလားဟင်...အဘ”

လုပ်ပြီ။ ဒီလိုအထောက်နဲ့ အပိုနဲ့ဖြစ်နေရင် ဒီနေ့တော့ အဘ လေကြောတော်တော်နဲ့ ပြတ်မှာမဟုတ်တော့ဘူး။ နှင်း လှမ်းကြည့်လိုက်တော့ သူက နှင်းကို အသာနေဆိုပြီး မျက်စိတစ်ဖက်မှိတ်ပြသည်။ အဘ အကြိုက်လိုက် လိုက်ဦးမည်ဆိုသည့်သဘော။

“အင်း...အဘသိသလောက်တော့ မွန်လို (ဗိုင်ဂနောင်)လို့ ရေးမှာကွ၊ အသံထွက်ကတော့ ဗိုင်းဂနိုင်းပေါ့။ ဗိုင်း–အနီးအနား၊ ဂနိုင်း–အနန်းပင်၊ ဒါ့ကြောင့် ဗိုင်းဂနိုင်းဆိုတာ အနန်းပင်အနီးအနားရွာလို့ ဆိုရင်သင့်မယ်”

သည်လိုတော့ အဖွင့်နှင့်အပိတ် အစပ်အဟပ်တည့်နေကြလေသည်။ စကားတွေက ပြောရင်း ပြောရင်း အရှိန်ရလာသည်။ နှစ်ယောက်သား အောက်ညှင်းပေါင်းတစ်ခွန်း ကော်စားလိုက်၊ ငါးရံခြောက်ဆီဆမ်းကလေး မြှုလိုက်၊ ရေနွေးကြမ်း တစ်ကျိုက် ကျိုက်ချလိုက်နှင့် ရေနွေးတွေ ဖြည့်ပေးလာတာ ဖြစ်လာသည်။ စကားတွေလည်း ဖောင်းကားကျယ်ပြန့်လာသည်။

“မွန်မှန်ရင် မွန်သုံးရပ်ကိုတော့ အကျဉ်းအားဖြင့် သိထားသင့်တယ် မောင်ရင်ရဲ့။ မွန်သုံးရပ်ကို နေထိုင်မှု ဒေသစွဲနဲ့ခွဲသလို ရိုးရာပသမှုအလိုက်လည်း ခွဲသေးတယ်၊ မွန်ဒိုင်က– အုန်းသီး၊ မွန်ဒက–ပိတ်၊ မွန်ညက– ကျည်တောက်၊ ခြင်း၊ ပုလုံးနှင့် နတ်အဝတ်အစား၊ ဟံသာဝတီမွန်က အုန်းသီးချိတ်ဆွဲခြင်း၊ မုတ္တမမွန်က နတ်ကွန်းတည်ဆောက်ခြင်းတွေနဲ့ ရိုးရာအစဉ်အလာကို ထိန်းသိမ်းကြတယ်၊ မင်းတို့ဆိုရင် မုတ္တမမွန်ထဲမှာပါမှာပေါ့”



သည်တစ်ခါတော့ အဘအသံသာကြားရပြီး မင်းစက်ယာမှာ ငြိမ်ငွေ့သွားသည်လား၊ ထွက်ပေါက်ပိတ်နေသည်လား မသိ၊ အသံတိတ်နေသည်။ ကောင်းတယ်။ အဘအကြောင်း သိပြီမဟုတ်လား၊ အဘခွဲမျိုးခံနိုင်ရင်ခံပေတော့။

မင်းစက်ယာကို အဘနှင့်လွှတ်ထားကာ နှင်းတစ်ယောက် အလုပ်ခန်းထဲဝင်၍ အရုပ်ကလေးတွေ ဆေးခြယ်နေတော့သည်။ တွေ့ဆုံခင်မင်ရသည်မှာ မကြာသေးသော်လည်း သူ့အပေါ် စိတ်ဝင်စားခြင်းများစွာဖြင့် သူ့အကြောင်းစုံမြစ်တွေ သိချင်နေမိသည်။ မွန်ပြည်နယ်၊ ဇင်းကျိုက်ရွာဇာတိဆိုသည်အပြင် ဘာမှမသိရသေး။ သူဘယ်သွားမှာလဲ၊ ဘာ အလုပ်လုပ်မှာလဲ။ မွန်သီချင်းကို မိချောင်းတူရိယာနှင့် ဌာန်ကျမာန်ကျ ဆိုတီးတတ်တာရှယ်၊ မွန်စာပေ အနည်းအပါး တီးမိခေါက်မိတာရှယ်ကြောင့် အခြေခံကတော့ မညံ့လှဟု နှင်း တွေးနေမိသည်။ ဘာပဲဖြစ်ဖြစ် အဘ စိတ်တိုင်းကျဖို့ လိုသေးသည်။

*

နောက်ဟတစ်နေ့နံနက် ခရေပင်ရိပ်မှာ တွေ့ကြတော့ တယောအကြောင်းဆိုး ဖြစ်ဘဲ မနေ့က အဘနှင့်ပြောဆိုကြတွေ့ခဲ့ရပုံများကို နှစ်ယောက်သား ပြောပြီး ရယ်ကြသည်။ နှင်းနှင့်အတူ ခရေပန်းကလေးတွေ ကျကောက်ပေးပြီး

www.burmeseclassic.com



ပန်းကုံးကလေးတွေ သီတော့ သူ့အဖြစ်ကို ကြည့်၍ နှင်း ပြုံးနေမိပြန်သည်။

"ဘာပြုံးတာလဲ ကလေးမရဲ့၊ ကိုယ်သီတာ မှားနေလို့လား"

"မမှားပါဘူး၊ နှင်းမျက်စိထဲ ယောကျ်ားလေးပန်းသီတာ မမြင်ဖူးလို့ တစ်မျိုးဖြစ်နေလို့ပါ"

"ကိုယ်လည်း ဒါ ပထမဆုံးလုပ်ဖူးတာလေ၊ နှင်းနဲ့တွေ့မှ ပန်းသီဖူးတာ"

"နှင်းနဲ့မတွေ့ခင် ဘာလုပ်လဲဟင်"

"နှင်းနဲ့မတွေ့ခင် ရွာမှာကျောင်းနေတယ်၊ နောက် မော်လမြိုင်တက္ကသိုလ်မှာ ကျောင်းသွားတက်တယ်၊ ဘွဲ့ရတယ်၊ အခု လောလောဆယ်တော့ ဘုန်းကြီးကျောင်းမှာနေပြီး အလုပ်မရှိ တယောထိုးပေါ့"

"သြော်...သိပြီ၊ ဒီတောလမ်းကလေးအဆုံးမှာ မြင်နေရတဲ့ ဘုန်းကြီးကျောင်းမှာ နေတာလား"

"ဟုတ်တယ်၊ ကိုယ်တို့ရွာက ဘုန်းကြီး ဒီကျောင်းမှာ ကျောင်းထိုင်တာမို့ ခဏတည်းပြီး အလုပ်ရှာနေတာပါ"

"နှင်းရော...ဆယ်တန်းအောင်ပြီလား"

"ယဉ်ကျေးမှုတက္ကသိုလ် ဒုတိယနှစ် ပန်းချီအထူးပြုပါ"

"အမယ်...ကိုယ့်ညီမက ဘယ်ခေလို့လဲ၊ ဆယ်တန်းတောင် အောင်[illegible]ပြီ၊ နှင်းက ဂီတဝါသနာပါလျက်နဲ့ ဘာကြောင့် ပန်းချီယူရတာလဲ"

"အင်း...ဂီတက နှင်းရဲ့ ဝါသနာပေါ့နော်၊ ပန်းချီက နှင်းရဲ့အလုပ်[illegible]မင်း အိမ်မှာတွေ့တယ် မဟုတ်လား၊ ပလတ်စတာအရုပ်ကလေး[illegible] အဘရဲ့ရိုးရာအသက်မွေးမှုလုပ်ငန်းပေါ့၊ နှင်းက ငယ်ငယ်ကလေး[illegible] ဆေးတံကိုင်ပြီး အရုပ်ကလေးတွေကို ဆေးခြယ်လာရတာ။ [illegible] နှင်းလေ...နှင်း"



"ပြောပါ နှင်းရဲ့ ဘာဖြစ်လို့လဲ"

"နှင်း အဲဒီအရုပ်ကလေးတွေကို ပဲခူးဘူတာမှာတောင် အော်ရောင်းခဲ့ရတယ်"

"သြော်...နှင်းလေးရယ်၊ အရုပ်ရောင်းတာ ရှက်စရာမဟုတ်ပါဘူး၊ ကဲ...ဒါတွေထားပါတော့၊ အိမ်ပြန်ကြစို့၊ ကိုယ်လိုက်ပို့မယ်၊ အဘမျှော်နေရောပေါ့"

"ဟင်...ကိုမင်းက အဘလေကြောကို မကြောက်သေးဘူးလား"

"မကြောက်ပါဘူး၊ အဘလေကြောထဲ လူးလိမ့်လွင့်ပါသွားရင် နှင်းက ဆီးဖမ်းလိုက်ပေါ့"

သူ့စကားက ဘာလိုလိုပေမဲ့ နှင်းသဘောကျကာ ကျေနပ်နေမိသည်။ ရှက်သွေးရဲရဲဖြာလျက် အသံတိတ်သွားသော်လည်း ရင်တွင်းဆန္ဒက အပြင်နှင့်ဆန့်ကျင်စွာ။ အိမ်ပြန်ရောက်တော့ အဘက ထုံးစံအတိုင်း ရေနွေးကြမ်းအိုးနှင့် စောင့်နေနှင့်ပြီ။

"လာဟေ့ မောင်ရင်၊ ဒီနေ့တော့ အဘတို့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြမယ်"

"ညည့်သည်ကို ထိုင်ပဲထိုင်ပါစေဦး အဘရယ်"

နှင်း စားစရာတစ်ခုခု စီစဉ်နေခိုက်၊ ဒီနေ့တော့ အဘရဲ့လေက ခပ်ကြမ်းကြမ်းတိုက်တော့မယ်ထင်ပါရဲ့...ဟုတွေးရင်း ပြုံးဖွေ့ညောင်းညာလာမည့် အသွင်ကို မျက်စိထဲမြင်နေမိသည်။

"အဘတို့ မိဘဘိုးဘွားတွေက စစ်တောင်းမြစ်ကမ်းဝါးက ရွာကလေးတစ်ရွာကကွဲ့၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်တော့ စစ်ဦးမှာ မခံ[illegible] စစ်နှောင်းဂျပန်အဆုတ်မှာမှ တစ်ရွာလုံး ပျက်ပြီး ပြောင်းရင်း ဒီ[illegible]ကို ရောက်လာတာ၊ ပဲခူးကိုရောက်တော့ ဒီမဟာစေတီဘုရားကြီးခြေရင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ခိုလှုံမိတာပဲပေါ့၊ ဒီလို ရေကြည်ရာ မြက်နုရာကို ရွှေ့ပြောင်းနေထိုင်ကြတာကိုက မွန်တို့ရဲ့အစဉ်အလာတစ်ရပ်ပဲ၊ ဒါကြောင့် ရှေးမွန်ကြီးတွေရဲ့ ပညာ၊ လုံ့လ၊ ဝီရိယ၊ ကြိုးရင့်မှုကို အစွဲပြုပြီး (ရးမည–ရာမည) လို့ခေါ်တာ၊ မွန်တို့ဒေသ ရာမညကတော့ ဟံသာဝတီ၊ မုတ္တမ၊ တနင်္သာရီအထိပေါ့”

“ဟုတ်ကဲ့ပါခင်ဗျ၊ မြန်မာနိုင်ငံကို ပထမဦးဆုံးရောက်လာခဲ့တဲ့ ခရစ်ယာန်ဘုန်းတော်ကြီး ဂါလီဇီယာရဲ့ မှတ်တမ်းမှာ အနောက်ဘက်တွင် သရက်အထိ၊ အရှေ့ဘက်တွင် တောင်ငူအထိ မွန်လူမျိုးများ အုပ်ချုပ်လျက်ရှိသည်လို့ ရေးထားတာ မှတ်သားဖူးပါတယ်ခင်ဗျ”

“ဟုတ်ပဗျာ၊ ကောင်းလိုက်လေ၊ သရက်ဆိုလို့ သရက်မြို့ဆိုတာ သရက်ပင်ကို အစွဲပြုပြီး ခေါ်တာမဟုတ်ဘူးကွ၊ ရှေးဟံသာဝတီစစ်သည်တော်နဲ့ အင်းဝစစ်သည်တော်တို့ ဆုံဆည်းရာမှာ ဟံသာဝတီသူရဲကောင်းတွေက ဒီနေရာမှာ စည်းခြစ်ရေးထားပြီး စည်းကို မကျော်နင်းဖို့ အဟန့်အတားပြုရာ (ဆရပ်)ကို အစွဲပြုပြီး မွန်ဘာသာ သရက် – စည်းတားရေးခြစ်ခြင်းလို့ မြန်မာအသံထွက်ခဲ့တဲ့မြို့ဖြစ်တယ်”

အဘက သူ့စကားတွေကို မင်းစက်ယာ ထောက်ခံနေသဖြင့် သဘောအကျကြီးကျကာ အရှိန်ကောင်းနေသည်။

“မောင်ရင့်စကားထဲမှာပါတဲ့ တောင်ငူအထက် ပျဉ်းမနားမြို့ဆိုတာ ခစ်ပြင်ဆင်တဲ့နေရာ (ပြေင်မနာန်–ပြင်းမနန်း)လို့ခေါ်တာကို ကြည့်ခြင်းအားဖြင့် အရှေ့ဘက် တောင်ငူအထိ မွန်တွေအုပ်ချုပ်ခဲ့တာဆိုတာ အများကြီးဖြစ်နိုင်တဲ့ အထောက်အထားတွေပေါ့”

“အဲဒီအချိန်က ပြည်၊ သထုံ၊ မုတ္တမ၊ ထားဝယ်၊ တနင်္သာရီတွေ ... ဆိပ်ကမ်းမြို့တွေဖြစ်တယ်ဆိုတာကိုရော အဘဘယ်လိုမြင်ပါသလဲ”

“အဘအမြင်ပြောရရင် ဒီအယူအဆဟာ အမှန်ပါပဲ၊ ရှေးဟောင်း



...ကျောက်စာတွေမှာ ဖွဲကပင်တောင်ဟာ သင်္ဘောများဆိုက်ကပ်ရာဌာန ...ဖစ်တယ်၊ ဆန္ဒန်ဂူဝန်းကျင်ကတော့ ပင်လယ်ပြင်ဖြစ်တယ်၊ အိန္ဒိယမှ သင်္ဘောတွေဟာ ကစ္စပနဒီ–အဲဒီကမှ မော်တင်စွန်း၊ ပြီးမှ ပင်လယ်ဝ၊ ...င်းကျိုက်တောင်၊ သံလွင်မြစ်၊ နောက်ဆုံး ကျိုက္ခမိပင်လယ်ဝမှာရှိတဲ့ ...လူးကျွန်းကို ရောက်မှာဖြစ်တယ်၊ ဒါကြောင့် ဖွဲကပင်ဆိုတာ မွန်အရေး...သား ဂြိကွင်(ဂရွန်ကပန်း)လို့ အသံထွက်တယ်၊ အဓိပ္ပာယ်က သင်္ဘော...တ်၊ သင်္ဘောဆွဲရာဌာန ဗွယ်ကပန်းကနေ ဖွဲကပင်ဖြစ်လာတာ အထင်...ရှားပေါ့”

ထိုနေ့က ညွှေ့ခန်းသို့ နှင်း ထွက်လာတော့ စောစော ပြောဆိုသံများ ...ဆိုင်းသွားပြီး မင်းစက်ယာက တယောနှင့်မှေးလိုက်ကာ အဘနိုင်ကောင်း...ဆာ မွန်သားချော့တေးတစ်ပိုဒ်ကို လေးလေးတွဲ့တွဲ့ဆိုနေလေသည်။

တယောသံက တအီအိ တနွဲ့နွဲ့၊ အဘအသံက တုန်ယင်ယင် ...သားတွဲ့တွဲ့။ နံနက်ခင်း နေခြည်သည် လူအိုနှင့် လူရွယ်နှစ်ယောက်ပေါ် ...၌ ငါးစွေစွေ ထိုးကျနေသဖြင့် အလင်းဓာတ်ဟပ်ကာ နုပျိုသစ်လွင်ခြင်းနှင့် ...ကျက်အိုမင်းခြင်းသရုပ်ကို တစ်ပြိုင်နက်ပြနေတော့သည်။

“ယိုယိုလေ ချစ်သားလူကလေး မဟာနဒီမြစ်ဝှမ်းဌာနသည် ငါတို့ ...ဒိုင်များ၏ နေရပ်ဟောင်းဖြစ်တယ်၊ ငါတို့ မွန်ဒိုင်များသည် ထိုနေ...ဟောင်းမှ ထွက်ခွာလာကြရာ တိဂုံမြို့သို့ ရောက်ခဲ့ကြတယ်၊ ကံကြမ္မာ ...ရာနေရင်းက ဌာနေမိဘများနှင့် ကွဲကွာနေရတယ်၊ ဘယ်အခါတိုင်မှ ...နေရပ်ဟောင်းကို ပြန်ရောက်ကြရမည်လဲ သားရယ် ...”

ဟု မြန်မာလို အဓိပ္ပာယ်ရသော မွန်သားချော့တေးကို သီဆိုနေသည့် ...၏အသံကပဲ အဆွေးဓာတ်ကို ဖန်စေလေသလားမသိ။ နှင်းရင်ခုံ...ကြက်ခနဲ လှုပ်ခါသွားလေသည်။

*

www.burmeseclassic.com



မဟာစေတီကုန်းပေါ်က မျှော်ငေးကြည့်လိုက်လျှင် မြင်မြင်သမျှ စိမ်းညို့ညို့ မှိုင်းပြာပြာ သစ်ရိပ်အုပ်အုပ် မြင်ကွင်းများက နှင်းရဲ့လွမ်းမောဆွတ်ကျင်မှုကို ဆင့်ပွားတွေပြားစေလေသည်။ ဟိုအဝေးမှာတော့ ညောင်မှတ်ဆိတ်ပင်ကြီးက နှင်းလိုပင် အထီးတည်း။ ဆောင်းလည်း ကျန်ရစ် လေကြောင်းမသင့်သဖြင့် ခရေတွေပင် ကြွေဖော်မရ။ အရာရာသည် သက်ဝင်မှုကင်းစွာ နှင်းကို မညှာမတာ နှိပ်စက်နေလေသည်။

ဘုန်းကြီးကျောင်းမှ ကပ္ပိယကြီးလာပေးသွားသော မင်းစက်ယာ၏စာကလေးက နှင်းလက်ထဲမှာ ညှိုးရော်နေသည်။ စာသားတွေကလည်း ဖန်တရာတေအောင် ဖတ်ထားသဖြင့် အလွတ်ပင် ရနေလေပြီ။

“နှုတ်မဆက်ဘဲ ရုတ်တရက် ထွက်ခွာသွားတဲ့အတွက် ခွင့်လွှတ်ပါတော့ နှင်းရယ်...အဘပြောတဲ့ စကားကလေးတစ်ခွန်းက ကိုယ့်အရှိက်ကို ထိသွားလို့ပါ။ ကိုယ့်ဒေသဇစ်မြစ်ကို မသိရင် ကိုယ့်ကိုယ်ကိုလဲ မသိနိုင်ဘူး ဆိုတဲ့စကားလေ၊ ကိုယ်က အရပ်ဒေသကို သိပေမဲ့ မိဘဇစ်မြစ် မသေချာတဲ့ လူတစ်ယောက်ပါ နှင်းရယ်...

လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်ကျော်လောက်က ကိုယ့်အဖေဟာ ရွာကနေ ထွက်ပြီး တနင်္သာရီ ဘုတ်ပြင်းနယ်ဘက်မှာ စွန့်စွန့်စားစား အလုပ်သွားလုပ်ရင်း အဲဒီနယ်က အမျိုးသမီးတစ်ယောက်နဲ့ အိမ်ထောင်ကျခဲ့တယ်၊ ကိုယ့်ကိုမွေးပြီး ဇာတိရွာကို ပြန်ချင်တဲ့အဖေဟာ အမေ့ကို အပါခေါ်လို့ မရဘဲ သားတစ်ယောက်ဆွဲပြီး ပြန်ခဲ့ရတယ်။

ကိုယ် ဒီအရွယ်ရောက်လာတော့ အဖေလည်း မရှိတော့တဲ့အတွက် အမေ့ကို ရှာချင်ဇောနဲ့ ထွက်လာရင်း တစ်ခုသောဆောင်းနံနက်ခင်းမှာ နှင်းနဲ့တွေ့ရတာပါ။ အခု ဘုတ်ပြင်းမြို့နယ်မှာ ကျောင်းဆရာအလုပ်သွားလုပ်ရင်း ကိုယ့်အမေကို အဖေထားရစ်ခဲ့တဲ့ သဲလွန်စတွေနဲ့ ပင်လယ်



...းတောင်တွေအနှံ့ ရှာပေဦးတော့မယ်။

အမေမှန်မှ အဖသားတဲ့ နှင်းရေ၊ ကိုယ် အရွယ်ရောက်လာတဲ့အချိန် ...အမေများ အသက်ရှင်နေသေးတယ်ဆိုရင် မြင်တွေ့ခွင့် ကြုံချင်ပါသေး ...၊ အမေ့ရင်ခွင်အေးရိပ်မှာ တစ်နာရီတစ်မိနစ်ပဲဖြစ်ဖြစ် ခိုဝင်မှေးစက် ...လှတယ်၊ အမေက ‘သား’ လို့ ခေါ်လိုက်တဲ့အသံကို တစ်ခွန်းကလေးပဲ ...ဖြစ် ကြားချင်လှတယ်၊ ကိုယ့်ရဲ့အမေ့မေတ္တာ တုပ်မက်မွတ်သိပ်မှုအပေါ် ...တော့ နှင်း နားလည်ပေးပါတော့။

မရေရာတဲ့ အနာဂတ်မှာ နှင်းအနားမှာထိုင်ပြီး နှင်းကြိုက်တဲ့ ...ဝန်းလဲ့ပြာပြာသီချင်းကို တယောထိုးပြခွင့် ကြုံချင်ပါသေးတယ်၊ အဲဒီ ...ကို ကိုယ် မျှော်ကိုးခွင့်ရှိရင်ဖြင့်လေ...”

ဖြစ်မှဖြစ်ရလေ...ကိုမင်းရယ်၊ အဘက သူ့ဝသီအတိုင်း ပြောချင် ...ကို ရှေ့နောက်မကြည့်ဘဲ ပြောလေ့ရှိတာပါ။ ဘာရယ်မဟုတ်ပါဘူး။ ...စကားက ကိုမင်းရဲ့ အားနည်းချက်ကို ထိရှပွန်းခိုက်မိသွားတာကိုး။ ...င်းကို မပြောဖြစ်လိုက်တဲ့၊ ကိုမင်းသိမသွားရတဲ့ နှင်းရဲ့အကြောင်းတွေ ...တော့ လွမ်းမောမှုနဲ့အတူ ရင်ထဲမှာ သိမ်းဆည်းထားရတော့မှာပါ။ ...င်းလိုလူတောင် ဇစ်မြစ်မသေချာဘူးဆိုရင် နှင်းလို အစွန့်ပစ်ခံလူသား ...ယောက်အတွက် ဘယ်လို ကမ္ဘည်းတင်ရမယ်ဆိုတာ မသိနိုင်တော့ ...။

နှင်းတွေဝေနေတဲ့ တစ်ခုသော ဆောင်းနံနက်မှာ ယောဒိခရေပင်ကြီး ...က်မှာပဲ အဘက နှင်းကို ကောက်ရခဲ့တာလေ။ ကုသိုလ်ကံ အကြွင်း ...ကလေးကြောင့် အဘသူတော်ကောင်းလက်ထဲ ဆိုက်ဆိုက်မြိုက်မြိုက် ...ခဲ့ရတာပါ။ အမိအဖ ဘယ်သူဘယ်ဝါမသိနိုင်ဆေမဲ့ ရေခံ မြေခံ ...င်းတဲ့ အဘအရိပ်မှာ ကြီးပြင်းရှင်သန်ခဲ့ရလို့ နှင်းဘဝမှာ ...စံခါမှ

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းနာကျင်မှု မခံစားခဲ့ရဘူး။ အဘချပေးတဲ့ လမ်းကြောင်းပေါ် မှာ လူလားမြောက်ခဲ့ပြီးမို့ အတိတ်ကို လှည့်ကြည့်ပြီး မရနိုင်တဲ့အရာကို တမ်းတ ပူဆွေးမနေခဲ့ဘူး။

ပစ္စုပ္ပန်မှာ လူဟာ ဘယ်ကလာသလဲဆိုတာထက် ဘယ်ကိုသွား မလဲဆိုတာ ပိုအရေးကြီးတယ်လို့ နှင်း ထင်တယ် ကိုမင်းရယ်။

ဆောင်းနဲ့ နှင်း၊ နှင်းနဲ့ ခရေ၊ ခရေနဲ့ မျက်ဝန်းလဲ့ပြာပြာသီချင်း...ပြီး တော့ မင်းစက်ယာဆိုတဲ့ အမေပျောက်သားတစ်ယောက်။ အမိရော၊ အဖေ ပျောက်ဆုံးနေတဲ့ နှင်းရဲ့အဖြစ်ကို မင်းစက်ယာများ သိခဲ့မယ်ဆိုရင်...

ဟော...ဆောင်းလေမသုတ်ဘဲ ဖြုတ်ခနဲ ကြွေကျလာတာ...

နှင်းလည်းမဟုတ်...

ခရေလည်းမဟုတ်...

...... ...

...... ...။

ရည်ညွှန်း – 'မှုန်တို့ဌာနေ ရာမည'
(မာမက–သုတေသီ)

(လုံမလေး ၂၀၀၂ ဇန်နဝါရီ)

# ထောင့်ကပ်ထဲက ဂုက်ဖဲတစ်ချပ်

အတန်းပတ်လည် ခေါင်းဆောင်တစ်ယောက်၏ တာဝန်ကို ကျေပွန် အောင် ကျွန်မသည် ဆရာမလေးတွေ၏အမည်ကို တစ်ယောက်ပြီးတစ်ယောက် ခေါ်နေရလေသည်။ သည်တစ်ခါ ခေါ်မိသည်က– ,

"ဒေါ်လွှင်လွှင်လတ်"

"ဒီမှာ သမိုင်းမေးခွန်း၊ ဒါက အမှတ်ပေးစည်းမျဉ်းရေးဖို့ လျှောက် လွှာစာရွက်၊ မနက်ဖြန် အမှတ်ပေးစည်းမျဉ်းတွေ အပြီးအပ်ရမှာနော်"

ပေးသမျှပစ္စည်းတွေ ယူပြီးသော်လည်း ထွက်ခွာမသွားသေးသော သူ့ကို မော့ကြည့်လိုက်တော့ အဓိပ္ပာယ်ဖော်ရခက်ခဲသော မျက်နှာတစ်ခု နှင့် ရင်ဆိုင်လိုက်ရသည်။

"ဆရာမ ဘာအခက်အခဲရှိလို့လဲဟင်"

"ဒီ...ဒီလိုပါ။ အမှတ်ပေးစည်းမျဉ်းတွေက မနက်ဖြန်အပ်ရမှာ ဆိုတော့ ညတွင်းချင်း အပြီးရေးရမှာပေါ့နော်"

"ဟုတ်တယ်လေ မေးခွန်းထွက်လာတာနဲ့ အမှတ်ပေးစည်းမျဉ်းကို နောက်တစ်ရက်မှာ သက်ဆိုင်ရာဘာသာရပ်အဖွဲ့ဆီ အပ်ရမှာ ဖြစ်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲ"

"လတ်မှာ ပုံနှိပ်တွေပဲရှိလို့ မှတ်စုတိုကလေးတွေရရင် ပိုအဆ
ပြေမလားလို့ပါ"

"ရပါတယ်။ ဒီလောက်တော့ ကိုယ်ကူညီနိုင်ပါတယ်။ ကျော
လွှတ်ရင် အိမ်ကို လိုက်လာပေါ့၊ အနီးအနားကလေးတွေဆီက ငှားရမ်း
လိုက်ပါ့မယ်"

သူမ အလုပ်ဝင်သည်မှာ မကြာသေးသည့်အတွက် သင်
မှတ်စုတွေ အဆင်သင့် မရှိနိုင်သည့်ကိစ္စကို ကျွန်မ မေ့လျော့နေမိသ
သည်လို့နှင့် ကျောင်းလွှတ်တော့ ကျောင်းနှင့်မဝေးသည့် ကျွန်မအိမ်
သူမ ပါလာသည်။ လိုအပ်သည့် စာအုပ်စာတမ်းတွေ ရှာဖွေပေးပြီး
အထိ သူမ စကားတစ်ခွန်းမှမဆို တိုးတိတ်ဆိတ်ငြိမ်စွာ ထိုင်နေသ

"မမကို လတ် တစ်ခုလောက် ခွင့်တောင်းချင်လို့"

မရွံ့မရဲ သူမလေသံကြောင့် ကျွန်မ မျက်ခုံးနှစ်ဖက်ပင့်လိုက်မိသ

"ဒီအမှတ်ပေးစည်းမျဉ်းတွေကို လတ် ဒီမှာပဲ ပြီးအောင် ရေး
ဝါ မမရယ်၊ တလွဲတော့ မထင်ပါနဲ့နော်၊ အခု လတ်နေရတဲ့ နေ
စာရေးဖို့နေရာမရှိလို့ပါ"

"စာရေးဖို့နေရာ မရှိဘူး ဟုတ်လား၊ ဘယ်လိုနေရာပါလိမ့်
ဘယ်သူ့အိမ်မှာနေတာလဲ"

"အိမ်မဟုတ်ပါဘူး၊ သူဌေးဦးထိုက်ပန်ရဲ့ပန်တော်မှုသစ်စက်

"ပန်တော်မှုသစ်စက်မှာ"

သူမ အလုပ်ဝင်သည့်ကာလတစ်လျှောက်လုံး အနေမဒိန်း
မပေါ်သဖြင့် ရင်းနှီးမှုမရှိသော သူမကို ကျွန်မ ယခုမှ ခြေဆုံးခေါင်
သေသေချာချာကြည့်လိုက်မိသည်။ အသားလတ်လတ် ကိုယ်ဟန်သွယ်



တင့်မောရှူချင်စဖွယ် မျက်လုံးမျက်ဖန်လှသည့် မိန်းကလေးသည် သူဌေး
ဦးထိုက်ပန်နှင့် မည်သို့ သက်ဆိုင်နေသနည်း။

"လတ် ဒီမြို့ကိုရောက်ပြီး ဒီကျောင်းမှာ အလုပ်ဝင်ရတာကိုက
ဦးထိုက်ပန်နှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေပါတယ်။ ဒီလိုပါ မမရယ်၊
ရန်ကုန်မှာ ဦးထိုက်ပန်ရဲ့ သားသမီးတွေနေတဲ့အိမ်နဲ့ လတ်တို့အိမ်က
တစ်ရပ်ကွက်တည်းမှာပါ။ ဦးထိုက်ပန်ရဲ့ ကလေးတွေကို လတ်က ကျူရှင်
သင်ပေးရင်း သူတို့ရဲ့ဇာတိ ဒီမြို့ကလေးမှာ ကျောင်းဆရာမတွေ ခေါ်နေ
တယ်ဆိုလို့ ရောက်လာတာပါ"

ဟုတ်ပေသားပဲ။ သူမ အလုပ်စဝင်တော့ ပညာအရည်အချင်း
မဟာသိပ္ပံအပိုင်း (က) ဆိုလို့ မူလတန်းပြရာထူးတစ်နေရာအတွက် စွန့်စား
ရောက်ရှိလာသော သူမကို ဝမ်းပန်းတသာ ကြိုဆိုခဲ့မိသေးသည်။ ရန်ကုန်
လို မြို့ကြီးပြကြီးမှ ဝေးလံခေါင်ဖျား ကျွန်မတို့မြို့ကလေးသို့ အလုပ်
တစ်နေရာအတွက် ရောက်လာရသည့် သူမ။

"ကဲ...ဆိုပါဦး။ ဦးထိုက်ပန်မှာ မြို့ထဲက အိမ်ကြီးမှ ဟီးနေတာပဲ၊
အဲဒီမှာ တည်းခိုခွင့်မပေးဘူးလား"

ကျွန်မ ကျောင်းဆရာမတစ်ယောက်ကို သစ်စက်မှာ အလုပ်သမား
တွေနှင့် ရောနှောထားသည့်ကိစ္စ ဘဝင်မကျ၍ မေးမိသော်လည်း သူတစ်ပါး
ကိုယ်ရေးကိုယ်တာ ဒီလောက်အထိ ဝင်မပါသင့်ဟုသော အတွေး ချက်ချင်း
ဝင်လာသည်။

"အိမ်ကြီးမှာက အိမ်သားတွေများလှပါတယ်၊ သစ်စက်မှာဆိုတော့
အင်းလေ အားမနာရဘူးပေါ့။ ပြီးတော့ သူတို့အတွက်လည်း အကူအညီ
ရတာပေါ့။ လတ်ကျောင်းမလာခင် အလုပ်သမားတွေစားဖို့ [illegible]ချက်
အိုးကြီး တည်ပေးခဲ့ရသေးတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်းရဲ့ စားရေးသောက်ရေးကရော"

"ဖြစ်သလိုပါပဲ။ ကျောင်းရောက်မှ မုန့်စားလွတ်ရင် တစ်ခုခုဝယ်စားလိုက်တာများပါတယ်။ ထမင်းဘူးယူလည်း ထမင်းပဲပါမှာမို့ မထူးဘူးဆိုပြီး..."

ထိုနေ့က ကျွန်မအိမ်က စာကြည့်စားပွဲတွင် အမှတ်ပေးစည်းမျဉ်းထိုင်ရေးနေသော သူမ၏ ဖြူဖျော့ဖျော့ ခန္ဓာကိုယ်ကလေးကို ကြည့်၍ စာရေးဖို့နေရာပင် မရှိသော နေရာသို့ ရောက်ရှိနေသူလေးကို ကျွန်မ ကရုဏာတွေ ပိုနေမိပါတော့သည်။ နံနက်စာကို ဖြစ်သလို ဖြေရှင်းနေသူကလေး၏ ကျန်းမာရေးကိုလည်း ကျွန်မ မဆီမဆိုင် ပူပန်လာမိပြန်သည်။ သူ့အရွယ်က ကျွန်မညီမလေးအရွယ်၊ သူ့အနေအထားက မြို့ပြက ပလက်ဖောင်းတွေပေါ်မှာ ကျော့ကျော့ကလေးလျှောက်သွားပြီး သူ့ပညာနှင့် သင့်တော်သည့် လုပ်ငန်းခွင်တစ်ခုခုမှာ ရှိနေရမည့်အနေအထား။ အခုတော့ မိဘမောင်ဘွား ဝေးကွာနေသည့် ဒေသမှာ လုံခြုံမှုမဲ့စွာ နွေးထွေးမှုမဲ့စွာ...။

"ဟင်...မမ။ ဒီသိုးမွေးထိုးစောင်ထည်တွေ မမ ထိုးတာလား"

"ဟုတ်တယ်။ ဆရာမတွေ ကျူရှင်မသင်ရ၊ လက်မှတ်ထိုးထားရတော့ အပိုဝင်ငွေကို ဒီနည်းနဲ့ ရှာတာလေ"

"ဒီအကွက်ကလေးက ဆန်းလိုက်တာ မမရယ်၊ လတ်ကို သင်ပေးပါလားဟင်။ လတ်မာမီအတွက် ထိုးပေးချင်လို့ပါ။ လတ် မာမီက ကိုယ်နေဟန်ထား သိပ်လှတာ မမရဲ့။ ဒီလို စောင်ထည်မျိုးများ ခြုံလိုက်မယ်ဆိုရင်...."

"ရပါတယ်။ သင်ပေးမှာပေါ့။ ဒါနဲ့ မာမီ ဆိုတာ"

"မာမီဆိုတာ လတ်ရဲ့ မာမီပါ။ ဟုတ်ပါတယ် မမရယ်၊ လတ်ရဲ့ အမေလို့ တစ်သက်လုံး ယုံကြည်ခဲ့ရတဲ့ မာမီပါ"



သိုးမွေးချည်ခင်များကြားတွင် တစ်ချောင်းထိုးအပ်ကလေးကို သွက်သွက်ခါအောင် လှုပ်ခတ်ကစားစေသော ဖြူသွယ်သွယ် လက်ချောင်းကလေးတွေကို ကျွန်မ ငေးကြည့်ရင်း အခြေခံမဆိုးဘူးဟု မှတ်ချက်ချမိသည်။

"တိုင်လေးတိုင်ပြီးလို့ အပွင့်ဖော်တော့မယ်ဆိုရင် မူလတိုင်ရင်းမှာ ပြန်စိုက်နော် သတိထားဦး"

"ဒီလိုအတန်းထိုးရင်း အပွင့်ပါတင်သွားတဲ့အခါ ပွင့်ဖတ်တွေ တမင်တကာ ကပ်ထားတယ်လို့ ထင်ရအောင် ကြွရွနေရော။ တကယ်တော့ အပေါ်က ကပ်ထားတာ မဟုတ်ဘဲ အတန်းထဲမှာ အပွင့်တင်ထားတာက ပညာပေါ့"

တစ်ခါပြရုံဖြင့် နားလည်သဘောပေါက်လွယ်သော သူမကို ပညာမျှဝေပေးရသည်မှာ ခက်ခဲလှသည်မဟုတ်ပါ။ ကျွန်မက အနည်းအကျဉ်း လမ်းကြောင်းပေးရုံပင်။ အားကြီးမာန်တက် သိုးမွေးထိုးနေသော သူမ နဖူးမှာ ချွေးသီးကလေးတွေပင် စို့နေသည်။ စာမေးပွဲကိစ္စတွေပြီး၍ နွေကျောင်းပိတ်ရက်ရောက်လာသည်ဖြစ်ရာ သူမ မာမီအတွက် သိုးမွေးစောင်ထည်ကို ကျွန်မဆီ နေ့စဉ်လာ၍ ထိုးဖြစ်နေတော့သည်။ ကျွန်မတို့နှစ်ယောက် ဆက်ဆံရေးမှာလည်း ယခုမှ ခင်မင်ရသော်လည်း ဝါသနာတူချင်းမို့ ရင်းနှီးမြန်သည်ဟု ဆိုရမည်ပင်။

"တကယ်တော့ မာမီက လတ်ရဲ့ အမေအရင်းမဟုတ်ပါဘူး မမရယ်၊ လတ်က မွေးစားသမီးပါ။ ဒါကို သိတာမကြာသေးပါဘူး။ သိလည်းသိ လတ်လည်း အိမ်ပေါ်ကဆင်းရကိန်း ကြုံတာပါပဲ"

"အင်....ဆိုပါဦး၊ မင်းရဲ့ဘဝက စိတ်ဝင်စားစရာပါလား"

"လတ်ရဲ့ ဇာတိက ဟိုး....ကလောမြို့ကတဲ့။ အဲဒီမှာ မာမီအလုပ်

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျရင်း ခရစ်ယာန်သီလရှင်ကျောင်း;ကတစ်ဆင့် လတ်ကို မွေး စားခဲ့တာတဲ့။ အဲဒီမတိုင်ခင် လတ်ရဲ့ ငယ်ဘဝကတော့ မှုန်ရီရီ ဝေဝါးဝါး ပါပဲ။ လတ်ရဲ့အမေဟာ အောင်ပန်းဘက်မှာ လိမ္မော်ခြံတွေပိုင်တဲ့ ကြေးရု တက်တစ်ယောက်ရဲ့သမီးတဲ့။ လတ်ရဲ့အဖေနဲ့ အိမ်ထောင်ကျတော့ မိဘ တွေက သဘောမတူဘဲ သမီးကို ပြန်သိမ်းပြီး ခွဲထားလိုက်ကြတယ်။ ဒါပေမဲ့ လတ်ရဲ့အမေ ဆုံးတာကတော့ လေ့ကားပေါ်က တွန်းချခြင်းခံရလို့ ဆုံးတာလို့ ပြောကြတာပဲ။ အမွေမှုတွေနဲ့ ရှုပ်ထွေးနေတဲ့ သားချင်းတွေရဲ့ မကျေလည်မှုတွေ ထင်ပါရဲ့ မမရယ်"

"မင်း ဇာတ်လမ်းက တကယ့်လျှို့ဝှက်သဲဖိုပါပဲလား"

"ဘယ်လိုက ဘယ်လို လတ် ခရစ်ယာန်သီလရှင်ကျောင်းကို ရောက်လာတယ် မပြောတတ်ဘူး။ မာမီက ဦးကျော်ဂျီနဲ့ လက်ထပ်ပြီး နှစ်တွေ အတော်ကြာကြာ သားသမီးမရတော့ လတ်ကို စာချုပ်စာတမ်းနဲ့ အသေအချာ မွေးစားဖြစ်သွားတာပါ။ လတ်ရဲ့ မွေးစာရင်းမှာ အဖေက ဒယ်ဒီဦးကျော်ဂျီ၊ အမေက မာမီဒေါ်ကစ်တီဘလွင်ဆိုတော့ ဒါပဲ အဖေအရင်း အမေအရင်း ထင်နေတာပေါ့။ မမရေ ကလောမြို့ကလေးမှာ ဒက်ဒီနဲ့အတူတူ စိမ်းစိမ်းစိုစို သစ်ရိပ်အုပ်အုပ် သစ်တောလမ်းကလေးမှာ လမ်းလျှောက်ခဲ့ ရတဲ့ ငယ်ဘဝကို လတ် မမေ့သေးဘူး။ မြူခြေဝေ့ဆိုင်းနေတဲ့ နှင်းရည် သောက် ဆောင်းနံနက်ခင်းတွေကိုတော့ အခုထိ လွမ်းတုန်း"

မိုးရေချိန်လက်မများသဖြင့် မိုးရော ဆောင်းပါ မိုးရွာလေ့ရှိသော တနင်္သာရီကမ်းရိုးတန်းမြို့ကလေးသို့ ရောက်ရှိနေသည့် သူမသည် ခြောက် သွေ့အေးချမ်းသော ကလောမြို့ကလေးကို လွမ်းမည်ဆိုက လွမ်း လောက် ပါပေသည်။

နောက်တော့ ဒယ်ဒီလည်းဆုံး မာမီလည်း ရန်ကုန်ပြောင်းတော့



လတ် လည်း ပါလာတာပေါ့။ ရန်ကုန်ရောက်မှ မာမီက ဦးသိန်းလွင်အောင်နဲ့ လက်ထပ်တာလေ။ မာမီက သူ့ဘဝရပ်တည်မှုအတွက် ကုမ္ပဏီသူဌေး ဦးသိန်းလွင်အောင်နဲ့ လက်ထပ်တာတဲ့။ နောက်အိမ်ထောင်နဲ့ သားလေး တစ်ယောက်ရပါတယ်။ ဆောက်ထော်ဘက်က သီရိရိပ်မြုံအိမ်ကလေးဆီ ကို ပထမအိမ်ထောင်ရှိပြီးသား ဦးသိန်းလွင်အောင်ဟာ တစ်ပတ်မှ သုံးရက် လာတာပါ။ လတ် ဒီအရွယ်ရောက်တဲ့အထိ ဦးသိန်းလွင်အောင်ရဲ့ မွေး ကျေးဇူးမရှိပေမဲ့ ကျွေးကျေးဇူးရှိတယ်ဆိုတာကိုတော့ ဝန်ခံပါတယ်။ ဒါပေမဲ့ ကျေးဇူးတရားကို တုံ့ပြန်ဖို့ ဆိုတာတော့ အတိုင်းအတာရှိလိမ့်မယ် ထင်ပါတယ်"

သိုးမွေးထိုးနေသည့် သူမ၏ လက်ချောင်းများ ခေတ္တရပ်တန့်သွား ပြီး သူမအကြည့်တွေ တစ်နေရာတည်းမှာ စူးစိုက်ငြိမ်သက်နေသည်။ ထို မျက်ဝန်းထဲမှာတော့ အရည်ကြည်အချို့ စိုလက်နေသည် ထင်ရ၏။

"မာမီကလေ၊ ဦးသိန်းလွင်အောင်ရဲ့ အလိုဆန္ဒကို လတ် လိုက် လျောလိုက်ပါတဲ့....ဒါမှ မာမီတို့ ဒီအခြေမပျက် ဆက်လက်ရပ်တည်နိုင် မှာ....တဲ့"

"ဘာရယ်...."

သူမအသံ တိုးတိမ်တိမ်ကလေးအဆုံး၌ အပ်လွတ်ကျသွားသည်က ကြားနိုင်မတတ်တိတ်ဆိတ်သွားသည်ဟု ထင်ရ... ကျွန်မကိုယ်တိုင်ပင်။

"လတ် အဲဒီအတိုင်းအတာအထိတော့ ကျေးဇူးမသိတတ်နိုင်ဘူး။ မာမီ လတ်ကို ဘာလို့ ဒီစကားပြောနိုင်ရတာလဲ။ လတ်ဟာ မာမီသမီး မဟုတ်ဘူးလား။ ကိုယ့်သမီးတစ်ယောက် ကံဆိုးမိုးမှောင်ကျစေမယ့် စကား မျိုး မာမီ ဘာကြောင့် ပြောနိုင်ရတာလဲ။ လတ်ရဲ့ သံသယတွေ အဲဒီက စတာပါပဲ မမရယ်။ နောက်ဆုံးတော့ အနှစ်နှစ်ဆယ်လောက် ဖုံးကွယ်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



လတ်ရဲ့ဘဝမှန် ပေါ်ခဲ့ရတာပါပဲ။ ပြီးတော့ မာမီက ပြောသေးရဲ့။ လတ်ဘက်က လိုက်လျောမယ်ဆိုရင် ဒီကိစ္စ လူမသိပါဘူးတဲ့"

"ဟင်...ဖြစ်မှဖြစ်ရလေ"

သိုးမွေးထိုးအပ်ကိုင်ထားသော လက်ချောင်းကလေးများပေါ်သို့ သူမ မျက်ရည်စက်အချို့ လွင့်စဉ်ကြွေကျသွားသည်။ မချိတရိ ကြိတ်ရှိုက်လိုက်သံသည် ကျွန်မနှလုံးအိမ်ထဲသို့ တည့်မတ်စွာ ထိုးဖောက်ဝင်ရောက်သွားလေသည်။ တသိမ့်သိမ့်လှုပ်ခုန်နေသော သူမပခုံးများကို ထွေးဖက်မိချိန်၌–

"အဲဒီနေ့ဟာ လတ်အတွက် ကောင်းကင်ကြီး ပြိုကျတဲ့နေ့ပါပဲ။ လတ်အတွက် ကမ္ဘာမြေမှာ နေစရာ မရှိတော့ပါဘူး။ မာမီဟာ လတ်ရဲ့ အမေ မဟုတ်လို့ ဒီစကားမျိုးပြောလို့ ထွက်တာပေါ့နော်။ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလိုလည်း လတ်ရဲ့ဖခင်အစစ်ကို မရှာဖွေချင်တော့ပါဘူး။ နောက်ဆုံးတော့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ဖို့ ဝေးလွန်ရပ်ခြားကို စွန့်စားထွက်လာမိတာပါပဲ။ လတ်အတွက် ရွေးချယ်စရာလမ်း မရှိတော့ဘူးလေ။ ဒီရောက်တော့လည်း..."

"တော်ပါတော့ ညီမလေးရယ်။ မင်းရဲ့ ဒုက္ခတွေကို စီခြယ်ပြမနေပါနဲ့တော့။ ပင်ပန်းလှပါတယ်။ ကိုယ် မင်းအတွက် အဆင်ပြေအောင် တစ်ခုခုတော့ စဉ်းစားပေးပါဦးမယ်"

တကယ်တမ်းကျတော့ သူမ မာမီအပေါ် သံယောဇဉ်မကုန်ကြောင်း အလုပ်က သက်သေပြနေသည်။ ယခုပင် မာမီ့အတွက် သိုးမွေးစောင်ကို အားကြိုးမာန်တက် ထိုးနေပြီ မဟုတ်ပါလား။ ကျွန်မအနားမှာ နှစ်ပတ်တိတိ သိုးမွေးထိုးပြီးသောအခါမှာတော့ ပေါ်မလာဘဲ သူမ အပျောက်ကြီး ပျောက်နေလေသည်။ ကျွန်မ မနေနိုင်မထိုင်နိုင် ပန်တော်မှုသစ်စက်သို့ လိုက်



သွားတော့ သစ်စက်မှာ သူမ ရှိမနေတော့ပါ။ ဟိုမေးသည်မေးနှင့် မရေရာသော သဲလွန်စတစ်ခုသာ ရခဲ့သည်။ သူမ သူငယ်ချင်း ကျောင်းဆရာမလေးတစ်ယောက်နေသည့်အဆောင်မှာ သွားနေသည်ဆိုလား။ ထိုအဆောင်က မြို့စွန်ကွက်သစ်ထဲမှာ။

ကျွန်မ မြို့စွန်ကွက်သစ်သို့ လိုက်သွားတော့ အဆောင်သို့ တော်ရုံဖြင့် မရောက်နိုင်။ နေညိုညိုတိမ်အစောင်းမှာ ခနိုရည်ခါးနဲ့ထောင်းထောင်းပြန့်နေသော လမ်းသွယ်ပေါ်မှ ဒယိမ်းဒယိုင် ခြေလှမ်းများက ဒေသဝန်းကျင်၏ စရိုက်လက္ခဏာကို ပြသနေလေသည်။ ကြမ်းတမ်းခက်ထန်သော မျက်နှာများပေါ်မှ နီကျင်ကျင်မျက်လုံးများမှာ ယခုပင် အသက်လိပ်ပြာကို ဆွဲနှုတ်သွားတော့မယောင်။ ကစားဝိုင်းအချို့မှ ဝေါခနဲ ဝေါခနဲ ပေါ်ထွက်လာသော အော်ဟစ်ဆဲဆိုသံများက မကောင်းဆိုးဝါးတို့၏ ကြိမ်းမောင်းခြောက်လှန့်သလို အရိပ်ပမာ ကပ်ပါလာလေသည်။

လမ်းကလည်း တဖြည်းဖြည်းဆိုးလာသည်။ ကတ္တရာလမ်းမှ မြေနီလမ်းထဲ ချိုးဖဲ့ဝင်ရောက်လာသည်။ အိမ်ကြီးအိမ်ကောင်းတို့ ကျဲပါးလာပြီး ဖက်မိုးဖက်ကာ ခနော်နီ ခနော်နဲ့ တဲအိမ်တွေများလာသည်။ အိမ်ရှေ့တွေမှာ ငါးဖမ်းပိုက်အဟောင်းတွေ လှမ်းထားသည်ကို ကြည့်၍ တံငါဖြင့် အသက်မွေးသောသူတို့အရပ်ဟု ထင်မှတ်ရဖွယ်ရှိသည်။ အိမ်အောက်တွေမှာတော့ ရုပ်ခွံပုံကြီးတွေ ဟီးထနေ၍ စားကြွင်းစားကျန် ကမာခွံလုံးတွေကတော့ ဟိုမှာ သည်မှာ လူးလိမ့်နေကြသည်။

"ဟင်း...ဘယ်လိုနေရာများ ရောက်နေပါလိမ့်"

ဖြစ်ကတတ်ဆန်း ဆောက်လုပ်ထားသော အဆောက်အအုံ့မှာ ရုပ်မိတော့ မှောင်ရီဆည်းဆာကို ရုပ်ကြည့် ငြိမ်သက်နေသော သူမနှင့် ဗက်ပင်းတိုးလေသည်။ အလင်းဖျော့ ညနေချမ်းဆီ ခပ်ရှိုက်တိုးဝင်လာ

www.burmeseclassic.com



သော ဖြိုးဖျမှောင်ရီက သူမမျက်နှာပေါ် ခပ်စောင်းစောင်းကျနေသဖြင့် မျက်နှာကို ကောင်းစွာ မမြင်ရသော်လည်း ထိုသွယ်လျလျ ခန္ဓာအချိုးအဆက်က သူမမှ လွဲပြီး ဘယ်သူမှ မဖြစ်နိုင်။

"လတ်ရေ လွင်လွင်လတ်ရေ"

ဟင် ! မမ လိုက်လာတယ်"

သူမရဲ့ အေးစက်စက်လက်ကလေးကို လှမ်းယူဆုပ်နယ်မိချိန်မှာတော့ အမှောင်ကွယ်နေသော မျက်ရည်စက်လက် မျက်ဝန်းအစုံကို မြင်ခွင့်ရလေသည်။

"ဘယ်လိုဖြစ်တာလဲ လတ်ရယ်၊ ကိုယ် ပန်တော်မှူသစ်စက်ကို ရောက်ခဲ့သေးတယ်။ မင်း ပေါ်မလာတာနဲ့ စိတ်ပူပြီး လိုက်သွားတာလေ"

"လတ်လည်း ရုတ်တရက် ဘယ်လိုဖြေရှင်းရမှန်းမသိလို့ လတ်တလော စီစဉ်လိုက်ရတာပဲ မမရယ်။ ဦးထိုက်ပန်ဇနီး ဒေါ်မိုးမြင့်စံက လတ်ကို ခေါ်ပြောတယ်။ သူ့ယောက်ျားအတွက် ဇေဒင်တွက်ထားတာ အိမ်မှာ လူပိုမထားပါနဲ့ဆိုလို့ လတ်ကို သစ်စက်ပို့ထားတာ၊ အခု တစ်နေ့ညက သူ့ယောက်ျား ဆိုက်ကယ်အဲက်ဆီးဒင့်ဖြစ်လို့ ခြေထောက် အတော်နာသွားတော့ လတ်ကို သစ်စက်မှာတောင် မထားရဲတော့ဘဲ ဖြောင်ပဲဖွင့်ပြောတာပါ။ မောင်းမထုတ်ရုံတမယ်ပါ မမရယ်"

"ဖြစ်မှဖြစ်ရလေ လတ်ရယ်။ သူဌေးတွေရဲ့ အတ္တဟင်းလင်းပြင်က ကျယ်ပြောလွန်းလှပါလား။ လတ်ရဲ့ဂုဏ်သိက္ခာနဲ့ ခိုကိုးရာမဲ့နေတဲ့ ကာလမှာ ဒီလို မျက်လွှာလွှဲခဲ့ပစ် မလုပ်သင့်ဘူးလေ။ ကဲ...ဒါတွေထားပါတော့။ ဒီမှာက ဘာပုံစံနဲ့ နေမှာလဲ"

"လတ် ဒါကို စဉ်းစားနေတာပါ။ သိတဲ့ သူငယ်ချင်းက ကျောင်းပိတ်လို့ နေရပ်ပြန်သွားပြီ။ သူ့အားကိုးပြီး လာပါမှ သူက မရှိပြန်ဘူး။



လှကလည်း မခံ၊ ပတ်ဝန်းကျင်ကလည်း အစိမ်းသက်သက် ညတုန်းကဆို တစ်ညလုံး အိပ်မပျော်ဘူး။ အခန်းရှေ့က လူဖြတ်လျှောက်သလိုလို၊ ထရံပေါက်က တစ်စုံတစ်ယောက် ချောင်းကြည့်နေသလိုလို ချောက်ချားလိုက်တာ မမရယ်"

ထိုနေ့က အချိန်လင့်နေပြီ ဖြစ်သော်လည်း သူမ ပိုင်ဆိုင်သည့် သံသေတ္တာနှင့် ကျောင်းဆွဲခြင်းကို အငှားကားပေါ်တင်၍ အိမ်သို့ အပါခေါ်ခဲ့ရတော့သည်။ နောက်ကိစ္စ နောက်ရှင်း၊ လောလောဆယ် လတ်တစ်ယောက် ညှိုတစ်ပေါက်မစွန်းဖို့ အရေးကြီးသည်။

*

"ဒါက လတ်ရဲ့ချစ်သူ ကိုမျိုးဇော်တဲ့။ ဘုတ်ပြင်းမြို့နယ်ဘက်မှာ တာဝန်ကျနေပါတယ်"

သူမကို လာတွေ့သော သူစိမ်းယောက်ျားတစ်ယောက်နှင့် မိတ်ဆက်ပေးတော့ လတ်မှာ ချစ်သူရှိနေသည့်ကိစ္စကို ကျွန်မ အံ့သြသွားမိသေးသည်။ အင်းလေ ပုစွန်ဆိတ်ကလေးငယ်ပေမဲ့ ပင်လယ်ကြီးကိုတော့ ဆူးတတ်ပေမှာပေါ့။ ကျွန်မ ဘာကြောင့် ဤအရာကို မေ့လျော့နေရတာပါလိမ့်။

"လတ်တို့က တက္ကသိုလ်မှာ တွေ့ခဲ့ကြတာလေ။ လတ် ဒီမှာအလုပ်ဝင်ပြီးမှ မောင့်ကို လှမ်းခေါ်လိုက်တာ။ နည်းနည်းကလေးနောက်ကျသွားလို့ ဒီမြို့နယ်မှာ နေရာလပ်မရှိတော့တာမို့ ဘုတ်ပြင်းမြို့နယ်ထဲ ရောက်သွားတာ"

သူမ ပြောပြသော နောက်ဆက်တွဲ စကားများက ကျွန်မနားထဲ ဝင်တစ်ချက် မဝင်တစ်ချက်။ ကိုယ့်ချစ်သူဆီ လာတွေ့သည့်အချိန်မှာတောင် အရက်နံ့ထောင်းထောင်းထအောင် သောက်စားလာသူ၏ စရိုက်ကို ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းရှုံ့နေမိသည်။

"အဟား...ကိုယ် တာဝန်ကျတဲ့ ရွာက သိပ်ခေါင်တာ။ ဘုတ်ပြင်းမြို့နယ်ထဲရောက်ပြီး လက်ကုတ်လှေကလေးနဲ့ သုံးဆင့်လောက် ထပ်သွားပြီးမှ ရောက်တဲ့ရွာ။ ကိုယ်ရောက်သွားတော နှစ်,တစ်နှစ်ရဲ့ စာသင်နှစ်ကုန်ဆုံးချိန်နီးနေပြီ။ ကျောင်းသားတွေလည်း မစုံတော့ဘူး။ နောင်နှစ်မှ စိတ်သစ် လူသစ်နဲ့ ရပ်ရွာကို စည်းရုံးရေးဆင်းပြီး လူပြန်စုရပါဦးမယ်။ ဒီနှစ်အဖို့တော့ ကိုယ့်မှာ ရွာက ကာလသားတွေကို ဂစ်တာတီးသင်ပေးရတော့တယ်။ ဂစ်တာတီးသင်တဲ့ အဖိုးအခကတော့ ကွမ်းသီးခြောက်တွေပဲ ရတယ်။ အခု အဲ့ဒီကွမ်းသီးခြောက်တွေ ရောင်းဖို့ မြို့တက်လာတာပေါ့"

ပြောပုံဆိုပုံက ကျောင်းဆရာတစ်ယောက်နှင့် မတူသဖြင့် ကျွန်မနားကြားပြင်းကပ်ခါ စကားဝိုင်းမှ ထလာသော်လည်း–

"လာမယ့်နှစ်မှာ မောင်ရှိတဲ့ရွာကို လတ် ပြောင်းချင်တယ်"

"အလို... လတ်က ဒီလောက်ခေါင်တဲ့နေရာ ဘာလို့လိုက်လာမှာလဲ"

"မောင့်ကို လက်လွတ်ရမှာ စိုးလို့ပေါ့"

"မလုပ်ပါနဲ့ လတ်ရယ်၊ ကိုယ့်တစ်ကိုယ်တည်း ဘယ်အိမ်တက်စားစား၊ ထမင်း အလကားစားနေရတာ၊ လတ် လိုက်လာလို့ နှစ်ယောက်ဖြစ်သွားရင် ဘယ်သူမှ ကျွေးမှာမဟုတ်တော့ဘူး။ လတ် မလိုက်လာပါနဲ့"

"ဟင်...ဒါဆို မောင်နဲ့ လက်ထပ်ဖို့ကိစ္စက"

"ဖြည်းဖြည်းပေါ့ လတ်ရယ်"

"ဘယ်လောက်ဖြည်းဖြည်းလဲ။ လတ်ဘက်က ဒီလောက်အချိန်ပေးခဲ့ပြီးမှ မောင့်ဘက်က ပျက်ကွက်ရင် လတ်တော့ မျောပြီ"

"ဟား...ဟား...ဘယ်ဘက်ကို မျောမှာလဲဟင်၊ မောင်ဆီ



လို့ပါ"

သူမက လေးလေးနက်နက် ပြောနေသော်လည်း ပေါ့တီးပေါ့ပျက်ပြန်ပြောနေသော ချော်တောငေါ့စကားလုံးများက ကျွန်မနားထဲ တိုးဝင်ဖြစ်အောင် တိုးဝင်လာလေသည်။

တကယ်တော့ မိန်းမသားတစ်ယောက်အတွက် လုံခြုံအေးချမ်းသော အရိပ်အာဝါသ တစ်နေရာက ရှားပါးလွန်းလှပါလား။ မြို့စွန်ရပ်ကွက်မှ ပေါ်လာပြီး ကျွန်မအိမ်မှာ လက်ခံထားရသော်လည်း ရေရှည်မှာတော့ မဖြစ်နိုင်ပါ။ သူမအတွက် သင့်တင့်လျှောက်ပတ်မည့် နေရေးတစ်နေရာ ဖန်တီးပေးနိုင်ရန်အတွက် ကျွန်မ ခေါင်းခဲနေစဉ် သူမကတော့ ချစ်သူ ကိုမျိုးဇော်ကို နောက်ဆုံးကောက်ရိုးတစ်မျှင်အဖြစ် အားကုန်ဆွဲနေတော့သည်။

ကျွန်မက အနေအထိုင် အပြောအဆို ပေါ့လျှမ်းသော သူမချစ်သူသက်ထဲ ထည့်လိုက်ရမှာ စိတ်မချနိုင်စွာ နှမြောတွန့်တိုနေခဲကာလမှာ ချစ်သူနှစ်ဦးမှာတော့ တတွဲတွဲနှင့် မခွဲဘဲဖြစ်နေတော့သည်။ ထီးကလေးတစ်ချောင်း နှစ်ယောက်တည်းဆောင်း၍ မြို့လုံးအနှံ့ လျှောက်လည်နေကြသည်။ စပိဘုတ်တစ်စီးငှားပြီး တစ်ဖက်ကမ်း တောင်ညီနောင်ပေါ်မှ ဆေးတိပုထိုးနှင့် ရှင်မကန်ဆီသို့လည်း ကူးပြီးလည်ရဲ့။ ဆိုင်ကယ်တစ်စီးနှင့် ကျောက်ဖြူတောင်၊ ရွှေဒူး၊ သာရမဲဘက်သို့လည်း ခရီးဆန့်ရဲ့။ တစ်ပတ်ဆယ်ရက်ခန့်ကြာပြီး ကိုမျိုးဇော် ရွာပြန်ဆင်းသွားမှ ကျွန်မမှာ ပင့်သက်ဖြောသူ စိတ်ချနိုင်တော့သည်။

*

"ဟောဒါက ချောင်းဆိုးရင်ကြပ်ရင် သောက်တဲ့ဆေး။ ဟောဒါက ဆေးထိုးလေအောင့်ပျောက်ဆေး၊ ဟောဒါက မူးအော ရင်တော်ရင် ရှူဖို့ရှူ

www.burmeseclassic.com

www.burmeseclassic.com



ဆေးမှု၊ ကျန်းမာရေး ဂရုစိုက်နော်။ ပင်လယ်ရွာတွေရောက်ရင် ရုတ်တရက် ပင်လယ်စာတွေ နင်းကန်မစားနဲ့ဦး။ ပင်လယ်အူနာဖြစ်နေဦးမယ်။ မြို့နဲ့ ဝေးလံသီခေါင်တဲ့နေရာမှာ ဆရာဝန်က အချိန်ပြည့်ရှိနေတာ မဟုတ်ဘူး။ အသက်ကို ဉာဏ်စောင့်သတဲ့။ ဉာဏ်နဲ့ယှဉ်ပြီး နေနော်"

ဘုတ်ပြင်းသို့ထွက်မည့် စက်လှေထဲ သူမကို ဆင်းပို့ရင်း ပေးစရာရှိတာပေး၊ မှာစရာရှိတာမှာနှင့် ကျွန်မ သံယောဇဉ် အမျှင်မပြတ်ဘဲ ဖြစ်နေသည်။ နွေကျောင်းပိတ်ပြီး ကျောင်းပြန်ဖွင့်သည်နှင့် ဘယ်တုန်းက လျှောက်လိုက်မှန်းမသိသော မြို့နယ်ပြောင်း အော်ဒါက ဆိုင်းမဆင့် ဗုံမပါ ဆောက်ချလာတော့သည်။

"ခေါ်လွှင်လွှင်လတ် မြို့နယ်ပြောင်း အော်ဒါရောက်ပြီ"လို့ ရုံးခန်း အသံသဲ့သဲ့ကြားလိုက်သဖြင့် အပြေးအလွှားသွားကြည့်တော့ အို... ဟုတ် ပါရဲ့၊ လတ်တစ်ယောက် ဘာကြောင့်များ ဘုတ်ပြင်းနယ်ထဲက ဝေး ခေါင်ခေါင် ရွာကလေးဆီ သွားချင်ရတာပါလိမ့်ဟု ကျွန်မ စိတ်တိုသွား သည်။ နေပါဦး သူမ လျှောက်လိုက်သည့်ရွာက သူမချစ်သူ ကိုမျိုး ရှိသည့်ရွာပါလား။

"လတ်ကို ခွင့်လွှတ်ပါ မမရယ်။ လတ်ရဲ့ ရွေးချယ်မှုအတွ ဘယ်တော့မှ နောင်တမရပါဘူး။ လတ်ရဲ့ အနေအထားက ရှေ့တိုးလည် ထမ်းပိုး၊ နောက်ဆုတ်လည်း လှည်းကျိုးပါ။ ဒီတော့ တိုးချင်းတိုး ရှေ့ တိုးပါရစေတော့။ မောင်ရှိတဲ့ နေရာရောက်ပြီး လက်ထပ်ပြီးတဲ့အခါ ရင်တော့ လတ်ဘဝ တည်ငြိမ်ပါပြီ။ လတ်အပေါ်မှာ အစွမ်းကုန် နားလည် ဆောင်ရှောက်ပေးတဲ့ မမရဲ့ကျေးဇူးကို တစ်သက်မမေ့ပါဘူး။"

လတ်က မျက်ရည်ကလေးစမ်းစမ်းဖြစ်လာသည်နှင့် ကျွန်မလည် လည်ချောင်းထဲ ဆို့နင်နင်ကြီး ဖြစ်လာသည်။ ထိုအချိန်တွင်ပင် ဘုတ်ပြ



သို့ ထွက်မည့် စက်လှေသည် ကျောက်ကြိုးဖြုတ်လေသည်။

"သွားပေဦးတော့ ညီမလေးရေ၊ မြို့ပြရဲ့လမ်းမပေါ်မှာ လျှောက်လှမ်း ရမယ့် မင်းရဲ့ ဖြူသွယ်သွယ် ခြေချောင်းကလေးတွေက ပင်လယ်ကျွန်း တွေရဲ့ မနီတောနွံပြင်မှာ ရုန်းပေဦးတော့။ ဆေးထန်ပျစ်ချွဲနေတဲ့ မြေနီ ပေါ်မှာ ချော်မကျအောင် ခြေကို မြဲမြဲကုတ်ပြီး လျှောက်ပါလေ။ လှမ်းမတော်မှုကြောင့် အချိန်အဆလွဲချော်ပြီး မင်းရဲ့ခန္ဓာကိုယ်မှာ ရွှံ့နွံ တွေ မပေကျံမိပါစေနဲ့၊ မင်းရဲ့ ခြေလှမ်းတွေ နွံပြင်မှာ မနစ်ပါစေနဲ့လို့ တောင်းပေးလိုက်ပါတယ်"

မင်းရဲ့ချစ်သူ ကိုမျိုးဇော်ဟာ မကြာသေးမီကာလက သူတာဝန်ကျ ရွာက ကျေးလက်ရဲ့ သမီးပျိုတစ်ယောက်နဲ့ ကသုတ်ကရက် လက်ဆက် ရတဲ့ သတင်းကိုတော့ လတ်ကို ကိုယ် မပြောဖြစ်တော့ဘူး။ ဝမ်းနည်း တယ် လတ်ရယ်၊ ရမက်ဆိပ်တွေ ဖိတ်လျှံနေတဲ့ ယောကျ်ားတစ်ယောက် က အေးမြသန့်စင်တဲ့ ချစ်ခြင်းရေစင်ကို မျှော်လင့်ခွင့်မရှိတော့တာ လေး သိမသွားခဲ့ဘူး။ နှစ်ကိုယ်တူ အိပ်မက်ပန်းခင်းထဲ ချစ်ခြင်းတေး စိတ်ကူးပျော်မောနေသူလေးကို မပြောရက်တာရယ်၊ လူမသိသူမသိ ခန္ဓာကိုယ်ထဲမှာ စူးနစ်နေတဲ့ အတွယ်ဆူးကြီးကို မနုတ်ပစ်နိုင်တာရယ်... ကြောင့် မင်းသွားမယ့်ခရီးကို ကိုယ် မတားမြစ်ခဲ့ဘူး။

တကယ်တော့ ကိုယ့်မှာ အလုပ်တာဝန်နဲ့ မကြာခဏ ခရီးရှည် ရလေ့ရှိပြီး တစ်ရွာတစ်ကျီ ဆောက်လေ့ရှိတဲ့ ခင်ပွန်းတစ်ယောက် ရှိ ဆိုတာ မင်းကို မပြောပြဖြစ်ခဲ့ဘူး။ အခု သူခရီးက ပြန်လာတော့ လေ။ မင်းလို လှပပြီး ယောကျ်ားတစ်ယောက် တိမ်းညွှတ်လောက်တဲ့ ည်ရူပကာယရှိသူ မိန်းကလေးတစ်ယောက်ကို ကိုယ့်အနားမှာ ထားလို့ တော့ဘူး။ တခြားမှာ ဘယ်နှစ်ကျီပဲဆောက်ဆောက် ကိုယ့်မျက်စိ

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ နောက်ထပ် တစ်ကျိုးဆောက်ဖို့ အခွင့်အရေးကိုတော့ ပေးလို့ မဖြစ်တာ ကိုယ့်ရဲ့ ငုံးဆူလူမသိတဲ့ အပူတစ်ခုပါ။ ကိုယ်ကို ခွင့်လွှတ်ပါ တော့လတ်ရယ်"

(ကလျာမဂ္ဂဇင်း၊ ၂၀၀၁၊ ဖေဖော်ဝါရီ)

## စီးကျသွန်းလျှံ

စိတ်ညစ်ညျူးမှုများနှင့် အလိုမကျမှုများ ပြည့်ဝပျော်ဝင်နေသည့် ...တ်ခန္ဓာကို ထမ်းပိုး သယ်ဆောင်ထားသော ခြေလှမ်းတို့ ဖွင့်နွဲ့လေးပင်စွာ ...မ်တံစက်မြိတ်အောက် ဝင်မိသည်နှင့် အဖေ၏ ပူပန်မျက်ဝန်းများနှင့် ...ည့်တည့်တိုးတော့သည်။

"သမီး၊ အိုကေလား"

နဂိုက စိတ်ရှုပ်ထွေး နောက်ကျိုလာရသည့်အထဲ အဖေ့အမေး ...ကြောင့် ကျွန်မထုံးစံအတိုင်း နည်းနည်းကျွဲမြီးတိုသွားပြီး ဘာမှ အဖြေ ...ပေးဘဲ အိပ်ခန်းဆီသို့သာ တန်းတက်လာမိသည်။ အိပ်ခန်းခုတင်ပေါ်မှာ ...န်းလျှလေးပင်စွာ ထိုင်ချမိတော့ အခန်းဝတွင် အဖေ့ပုံရိပ် ပေါ်လာပြန် ...သည်။

"ဘယ်လိုလဲသမီး၊ အိုကေလား"

"အမေ ဘယ်မှာလဲ၊ အမေ့ကို ခေါ်ပေးပါ။ အမေနဲ့ပဲ ပြောချင်တယ်"

အဖေ ပေါ့ပေါ့ပါးပါးကလေး ပြန်လှည့်ထွက်သွားသည်။ ခွင့်ရ...ပါ ...ပေးရယ်။ ဒီအချိန်မှာ ကျွန်မအတွက် အမေ တကယ်လိုအပ်နေလို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကို အမေနဲ့ပဲ ပြောချင်တယ်ဆိုလို့ ဘယ်တော့မဆို အမေနဲ့ စကားတွေ ပြောနေကျကနေ သွေဖီဆန့်ကျင်သွားသည့် ကျွန်မ၏ အပြ အမူကိုတော့ အဖေ နားလည်ပေးစေချင်ပါသည်။

မကြာခင် အမေလာနေသည့်ခြေသံကို ကြားရသည်။ သည်အိမ်မှာ ခန္ဓာကိုယ်ဖွဲ့စည်းပုံချင်း တစ်ယောက်နှင့်တစ်ယောက် မတူကြသလို လှုပ်ရှား ပုံချင်းလည်း မတူကြပါ။ အဖေက အရိုးအဆစ်ကြီးပြီး ခန္ဓာကိုယ် မနိုင်မနင်းသယ်ပြီး လျှောက်ရသဖြင့် ခြေလှမ်း တစ်လှမ်းနှင့် တစ်လှမ်း ကြားမှာ ခပ်ဆွဲဆွဲ။ သို့ကြောင့် အဖေ့ခြေသံ အဝေးမှ နားထောင်လျှင် တရုပ်ရုပ်၊ အမေကတော့ သူ့ခန္ဓာကိုယ် ဝဝလေးလေးကို မနိုင်မနင်း သယ်နေရသော်လည်း စိတ်မြန်သူတို့ထုံးစံ ခြေလှမ်းတို့ အနုတ်အသိမ်း မြန်၏။ သို့ကြောင့် အမေ့ခြေသံ အဝေးမှ နားထောင်လျှင် တဒုန်းဒုန်း မြည်နေတတ်၏။

"သမီး"

အမေသည် အခန်းဝမှ လက်နှစ်ဖက်ကို ဆန့်ထုတ်ကမ်းလင့်ပြီး ဝင်လာသည်။ ကျွန်မသည် လေးပင်ဖြည်းညင်းစွာထ၍ အမေ့လက်မောင်း ကြား မျက်နှာအပ်မိသည်။

"ကလေးက ခေါင်းရှာမတွေ့ဘူးတဲ့ အမေ"

"ဘာရယ်၊ ကလေးခေါင်းရှာမတွေ့ဘူး ဟုတ်လား"

အမေ့အသံသည် အဖျားခတ် တုန်ယင်နေသည်။ အဖေက တစ်သက်နှင့်တစ်ကိုယ် မကြားစဖူး၊ ထူးဆန်းအံ့ဖွယ် ဘာသာစကားအချို့ ကြားလိုက်ရသူလို အမေ့နောက်နားမှာ တောင့်တောင့်ကြီး ရပ်နေသည်။

"ဒီအပတ်မှာ (အိုဂျီ)နဲ့ တွေ့တာလေ။ ...ဌာနမှာ အပတ်တိုင်း မပြဘူးလားတဲ့။ အခု အောက်စိုက်နေတာ ကလေးခေါင်း မဟုတ်ဘူး



အမေရယ်"

"သမီးက အပတ်တိုင်းပြတဲ့အကြောင်း မပြောလိုက်ဘူးလား"

"ပြောတာပေါ့။ ပြောပါတယ်။ မှတ်တမ်းစာအုပ်လည်း ပြလိုက်တယ်လေ။ ကျွန်မ တစ်ပတ်မှ မပျက်ကွက်တဲ့အကြောင်း၊ အိုဂျီက ဒါဟာ အပတ်တိုင်း မှန်မှန်ဗိုက်ကို စနစ်တကျမပြုပြင်ခဲ့လို့ အခုလို လရင့်တော့ ကလေးခေါင်း အောက်မစိုက်တာတဲ့။ အခု စမ်းမိတာ ခေါင်းမဟုတ်ဘူး။ ဆုံပိုင်းတဲ့"

"ဆုံပိုင်း"

အတွေ့အကြုံရှိသော အမေ့မျက်နှာသည် ရုတ်ချည်း ဖြူလျော်သွားလေသည်။ ကျွန်မက သားဦးကိုယ်ဝန်ဖြစ်၍ အတွေ့အကြုံ နုံနဲ့စွာ ဆုံပိုင်းဖြင့်မွေးလျှင် ဘာဖြစ်မည် မသိသေး။ အပတ်စဉ် မှန်မှန်ပြလျက်နှင့် တစ်စုံတစ်ယောက်၏ ပေါ့လျော့မှုကြောင့် ဖြစ်ရိုးဖြစ်စဉ်နှင့် ဆန့်ကျင်လာသော အနေအထားကို မည်သူ တာဝန်ယူပေးမည်နည်း။ ကျွန်မတို့အားလုံး စိတ်ဓာတ်များကို တည်ငြိမ်အောင် လျော့ချ၍ ရုတ်ချည်းပင် မိသားစု ဆွေးနွေးပွဲကလေး ကျင်းပလိုက်ကြသည်။

ကျွန်မတို့နေထိုင်သည်က နယ်မြို့ကလေးဖြစ်၍ သည်မှာမွေးလျှင် အကယ်၍ ခွဲစိတ်ရမည့် အခက်အခဲကြုံပါက စိတ်မချရ။ ရန်ကုန်မှာ ဆိုလျှင်တော့ ပစ္စည်းကိရိယာ၊ ဆရာဝန်၊ ဆေးဝါး စုံစုံလင်လင်နှင့်မို့ ရန်ကုန်မှာပဲ တက်မွေးဖို့ ဆုံးဖြတ်လိုက်ကြသည်။

"ယောကျ်ား ဖောင်စီး၊ မိန်းမ မီးနေတဲ့။ မွေးရိုးမွေးစဉ် မွေးတာ ဆောင်မှ အသက်ဆားနဲ့ နီးလှတာ၊ အခုတော့"

"ဟာကွာ၊ သမီး စိတ်ဓာတ်ကျအောင် ပြောနေပြန်ပြီ။ ဆေးပညာ တွေ ခေတ်မီတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ဒီလောက် ပူပန်စရာ မလို

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ အလကား လျှောက်ပြောနေ”

ထုံးစံအတိုင်း အဖေနှင့် အမေ တစ်ယောက်တစ်ပေါက် အော်နေကြ ပေမဲ့ အဲဒီညနေက အမေကလည်း တုန်တုန်ရီရီ၊ အဖေကလည်း တွေတွေ ငေးငေး၊ ကျွန်မကတော့ အဝေးမှာ အလုပ်တာဝန်တစ်ဖက်နှင့် ကျန်နေခဲ့သည့် ကိုကို့ကို လွမ်းလွမ်းဆွေးဆွေး။

ဩော်...ကလေးလေးရယ်၊ လာခြင်းကောင်းပါတော့။

*

“ဟောဒါက ကရင်ဆေးထည့်ထားတဲ့ ငါးဆုပ်လုံးကြော်ကလေး ပူတုန်းစားလိုက် သမီး”

ကျွန်မက ပန်းကန်ပြားထဲက ငါးဆုပ်လုံးကြော် ငါးလုံးခန့်ကို ကြည့်၍ နှာခေါင်းရှုံ့လိုက်သည်။ နောက်တစ်ခေါက် ထမင်းဝိုင်းအနီးသို့ အဖေရောက်သည့်အချိန်အထိ ကျွန်မ ငါးဆုပ်လုံးကြော်ကို မနှိုက်ရသေး။ ကျွန်မ သိတာပေါ့။ သည် ငါးဆုပ်လုံးက ကျွန်မ မစားသည့်ငါးနဲ့ ကြော်ထားတယ်ဆိုတာ။

“ဟင်..သမီး ဘာလို့ မစားသေးတာလဲ။ သမီး ငါးခူမစားမှန်း သိလို့ အဖေ ငါးဘတ်နဲ့လုံးထားတာလေ။ ငါးဘတ်က စားလို့ မဆိုးပါဘူး သမီးရယ်၊ စားလိုက်ပါ”

ငါးဘတ်နဲ့ ငါးခူ ဘာထူးမှာလဲ။ ကုလားကြီးနဲ့ အရာကြီးပေါ့။ အကြေးမရှိတဲ့ငါး ကျွန်မ တစ်သက်လုံး မစားတာ အဖေသိသားနဲ့ မစားချင်တာကို အတင်းကျွေးနေတာလောက် စိတ်ပျက်စရာကောင်းတာ မရှိပါ။ ကျွန်မ ပေကပ်ကပ်လုပ်နေတော့ အဖေက–

“ကြည့်စမ်း၊ ဒီကလေးဟာ ပြောရတယ်ခက်ပါလား။ မကြိုက်



လည်း ကြိတ်မှိတ် မြိုချလိုက်ပြီးရော။ မစားလို့မှ မဖြစ်တာ။ ဒီကရင်ဆေး ခုနစ်ခွက်ကုန်မှ ဗိုက်ထဲကကလေး အနေအထားမှန်မယ်။ ကဲ...အဖေ ထိုင်စောင့်နေမယ်၊ စားမလား၊ မစားဘူးလား”

ကဲ..အဲဒါသာ ကြည့်ပေတော့။ အဖေ၊ အမေတို့ သမီးဖြစ်ရတာ မသက်သာလှပါ။ သောက်လိုက်ရသည့် ဆေး၊ စားလိုက်ရသည့် ဓာတ်စာ၊ ကျွန်မဗိုက်ထဲက မှားယွင်းလွဲချော်မှုကို ကရင်ဆေးက တည့်မတ်ပေးနိုင်မည် အယူစွဲဖြင့် ကျွန်မကို တုတ်မိုးကျွေးနေခြင်း ဖြစ်သည်။ အဖေကလည်း ဆေးကျွေး၊ ဆေးတိုက်သန်သည်နှင့် ကျွန်မကလည်း ကြံဖန်ပြီး တစ်မျိုးပြီး တစ်မျိုး ချူချာစွာ ကြီးပြင်းလာသည်နှင့် အတွေ့ကြီး တွေ့နေကြပြီ။

ကျွန်မတို့ငယ်စဉ်က “ဂရင်းတော်နစ်”ဆိုသည့် ဆေးရည်ကို မကြာခဏ သောက်ရလေ့ရှိသည်ကို သတိရပါသေးသည်။ ဂရင်းတော်နစ်က ဘယဆေးရည်။ အနံ့က ခပ်နံ့နံ့၊ အရသာက ချဉ်ခါးခါး၊ ဤဆေးရည် တစ်ခါသောက်လျှင် လက်ဖက်ရည်အကြမ်းပန်းကန်နှင့် တစ်လုံး သောက်ရသည်။ အဝင်ဆိုးသဖြင့် ကျွန်မတို့မောင်နှမတွေ ဘယ်သူမှ မသောက်ချင်ကြ။ ဆေးခွက်ကိုယ်စီ ရှေ့မှာချ၍ အချိန် မကြာကြာအောင် ဆွဲပြီး နေလေ့ရှိသည်၊ နောက်ဆုံး မသောက်၍လည်း နေလို့ဖြစ်မည်မဟုတ်။ သည်လိုပဲ ဆူပူရင်း မာန်မဲရင်းဖြင့် နောက်ဆုံး ကြိတ်မှိတ်မျိုချရတော့သည်။ ညစဉ် သောက်ရသည့် ဆေးတွေကလည်း ရှိသေး၏။ မအိပ်ခင် စာကြည့်စားပွဲပေါ် လာတင်ထားလေ့ရှိသော မြန်မာဆေးတွေကတော့ တစ်မျိုးပြီးတစ်မျိုး။ အပူငြိမ်းဆေး၊ လေနိုင်ဆေး၊ မက်လင်ချုင်၊ သွေးဆေး လှုက်ဆား၊ တစ်ခုမဟုတ်တစ်ခု ဆေးမသောက်ဘဲ အိပ်ရသည့်ညတွေ မရှိသလောက်ပင်။

ထိုဘယဆေးများကို ယခင်က ဝယ်နေရာမှ အဖေ ပင်စင်ယူပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ ဩဋ္ဌာရိက သုခုမ ဆေးသင်တန်းများ တက်လာကာ အိမ်ကလူတွေကို ဆေးမျိုးစုံဖော်ကျွေးသည့်အပြင် အရပ်ထဲက လူတွေကိုပါ ဆေးကုတော့ရာ ဆေးကြောက်သော ကျွန်မတို့ အဖေ့ ဆေးသံသရာကြီးထဲ ဝဲလှည့်နေတော့သည်။ ကျွန်မတို့ကလည်း ဘာမဆို အဖေနှင့်ပဲ ပြောလေ့ရှိရာ မမြင်အပ် ဆေးဆရာ၊ ဒီလ နောက်ကျနေပြီ အဖေ။ သို့မဟုတ် ကိုက်တယ်၊ ခဲတယ် ဆိုတာကအစ ဆီးပူ၊ ညောင်းညာ၊ အကြောတက်အဆုံး အဖေနှင့်ပဲ ပြောဖြစ်တော့သည်။

ကျွန်မတို့၏ မိဘသားသမီးဆက်ဆံရေး အနေအထားကလည်း အခြားမိသားစုနှင့်မတူ၊ ကွဲပြားသေး၏။ ကျွန်မတို့အိမ်သည် အဖေ မီးဖိုချောင်ဝင်သည့်အိမ်။ အမေက မိုးလင်းသည်နှင့် ကျောင်းဆွဲခြင်းဆွဲ၍ ကျောင်းသို့ ထွက်သွားပြီ၊ အဖေက ဈေးသွား၊ တည်ချက်၊ သားသမီးတွေ အဝတ်ဆင်ပေး၊ ကျောင်းထမင်းဘူး ထည့်၊ နောက်ဆုံး အမေ့ကျောင်းသို့ ထမင်းချိုင့်ပို့ပြီးမှ အဖေ ရုံးသို့သွားသည်။

သည်တော့ ကျွန်မတို့ မောင်နှမတွေမှာ အမေ့ထက် အဖေနှင့် ပိုရင်းနှီးကြသည်မှာ မဆန်း။ ကျွန်မက အဆိုးဆုံး၊ မောင်နှမထဲမှာ နို့ညှာဖြစ်ရာ အငယ်ဆုံးက အမေကပ်သလောက် ကျွန်မက အဖေ့သမီး၊ အဖေနှင့်အိပ်၊ အဖေနှင့်စား၊ အဖေနှင့် တိုးတိုးပြော၊ အဖေနှင့် ဖွဖွရယ်၊ ကျွန်မငယ်စဉ်က အဖေနှင့် အိပ်လေ့ရှိရာ တစ်ညတော့ တစ်ရေးနိုးကြီး ကျွန်မအဖေ့ကို လက်ကလေးနှင့် စမ်းလိုက်သည်။ အဖေ့ကို မတွေ့။ ကျွန်မခြင်ထောင်ပြင် ထွက်၍ မှောင်ထဲမှာ စမ်းပြီး လျှောက်လာသည်။ အောက်ထပ်ဆင်းမည့် လှေကားထိပ်ရောက်တော့ ရပ်ပြီး အောက်ထပ် မီးဖိုချောင်ဆီ မျှော်ကြည့်သည်။ အဖေ စောစောကြီး ဆွမ်းထချက်လေသလား။ တစ်ခါတစ်ရံ ဆွမ်းအိုးရောက်လျှင် အဖေ ဆွမ်းထချက်လေ့ ရှိသည်။



ကျွန်မ စမ်းတဝါးဝါးဖြင့် အောက်ထပ်ဆင်းလိုက်သွားသည်။ အောက်ထပ်ရောက်တော့ မှောင်နှင့်မည်းမည်း မီးဖိုထဲမှာ ဘယ်သူမှ မရှိ။ ကျွန်မ ပြန်မတက်ရဲတော့၊ အသံကုန်ဟစ်၍ ငိုတော့သည်။

"အဖေ ဒီမှာ၊ အဖေ ဒီမှာ"

အဖေက အပြေးအလွှား ဆင်းလာပြီး ကျွန်မကို ခေါ်ရသည်။

"အဖေ ဘယ်သွားနေတာလဲ"

"အဖေ အိပ်နေတာလေ"

"သမီး စမ်းလိုက်တာ၊ အဖေ့ကို မမိပါဘူး"

"ဟိုဘက်ထောင့်ကို ရောက်နေလို့ပါ သမီးရဲ့"

အဖေနှင့် ကျွန်မက အဲသလိုမျိုး။ တစ်နေရာရာသွားဖို့ ဆိုက်ကားစီးပြီဆိုပါစို့။ ကျွန်မက ဘယ်တော့မှ ဆိုက်ကား နောက်ခုံကမစီး။ အဖေကလည်း စိတ်မချ။ သူ့ပေါင်ပေါ်ကသာ စီးစေသည်။ ကျွန်မ အရပ်ထွက်၊ ခြေတံ လက်တံတွေ ရှည်လာပြီး အဖေ့ပေါင်ပေါ်မှာ မစီးသင့်တော့သည့် အရွယ်အထိ အဖေနှင့်သွားလျှင် ဆိုက်ကားနောက်ခုံမှာ မစီးဖြစ်။ အဖေက လမ်းထွက်လျှင် ကျွန်မကို ခေါ်သွားလေ့ရှိရာ ယုတ်စွအဆုံး နယ်တွေမှာ အမတော်ကြေး လိုက်ပေးလျှင် ကျွန်မပါသည်။ အဖေတို့လူကြီးတွေ ညဘက် ဖဲရိုက်မှာစိုး၍ ကျွန်မမှာ ငုတ်တုတ်ထိုင်စောင့်ရတာ အမော။ ကြာတော့လည်း ကလေးပီပီ အိပ်ပျော်သွားသည်ပင်။ အဖေနှင့် မော်လမြိုင်ဘက် လိုက်သွားလျှင်တော့ ဇင်းကျိုက်ဘူတာမှ ကြက်သားရင်ပုံကြော်၊ ချဉ်ပေါင်ကြော်တို့ဖြင့် စားရသည့် ထမင်းထုပ် ပူပူနွေးနွေးကို ကျွန်မ သဘောကျမဆုံး။ မီးရထားနောက်က ပြေးလိုက်လာသော ဓာတ်တိုင်တွေ၊ သစ်ပင်ကြီးငယ်တွေ၊ ကျေးငှက်တွေ၊ လယ်ကွင်းတွေကာ ကျွန်မအတွက် မရိုးနိုင်စွာ။ ကြာတော့လည်း မီးရထားကြီးက ဂျုံးဂျုက်၊ ဂျုံးဂျုက်၊

www.burmeseclassic.com



ကျွန်မကလည်း အဖေ့ဘေးမှာ ငိုက်မြည်းငုတ်တုတ်။ ကိုယ့်အလုပ်မဟုတ်ဘဲ ထိုသို့ လိုက်ပါနေသည်ကို အမေ့မှာ ဆူပူ၍ မပြီးနိုင်။

ကျွန်မ အဖေမင်သဖြင့် ခွတီးခွကျ ဖြစ်ရပုံကလေး သတိရသေးသည်။ တစ်ခါတော့ ကျွန်မမျက်လုံးတစ်ဖက်မှာ အနာဖြစ်ရာ ဆေးရုံတက်ကုသရလေသည်။ ဆေးရုံမှာ ညအိပ် ဘယ်သူစောင့်မည်လဲ။ စောင့်မည့်သူက အဖေဖြစ်သဖြင့် ကျွန်မကို အမျိုးသမီးအခန်းမှ အမျိုးသားအခန်းသို့ ပို့လိုက်လေသည်။ ယောက်ျားကြီးတွေ ကြားထဲမှာ ကျွန်မတစ်ယောက်တည်း မိန်းကလေး။ ကလေးအရွယ်ဖြစ်၍ တော်တော့သည်။ နယ်ဆေးရုံမို့လည်း တော်တော့သည်။

ထိုသို့ အဖေ အလိုလိုက်ကောင်းသဖြင့် ကျွန်မသည် ဆိုးဆိုးကလေးဖြစ်နေ၏။ အထူးသဖြင့် အစားအသောက်နှင့် ပတ်သက်လျှင် ကျွန်မဗိုလ်ကျလေ့ရှိသည်။ ဟိုဟာမစား၊ သည်ဟာမစား၊ အကြေးမရှိသည့် ငါးမစား ဆိတ်၊ ဝက်၊ ဘဲ၊ အမဲ မစား၊ ကြက်ဆိုလျှင် ရင်ပုံမှ၊ သားရေမစား၊ အသည်းမစား၊ ခေါင်း ခြေထောက် မစား၊ ဝက်သားမစားသော်လည်း ဝက်ခေါင်းသုတ်ဆိုလျှင် ခေါင်းမဖော်တော့။ တစ်ခါတော့ ထမင်းဝိုင်းမှာ မိသားစု ဝိုင်းထိုင်ပြီးမှ ရှိသည့်ဟင်းတွေ မကြိုက်ဘူးဖြစ်ကာ ဝက်ခေါင်းသုတ်နှင့်မှ စားမည် ဖြစ်လာသဖြင့် အဖေ့မှာ လက်ထဆေး၍ အတော်ဝေးဝေး ဘုရားဈေးမှ ဝက်ခေါင်းသုတ်ကို ဆိုက်ကားနှင့် သွားဝယ်ကျွေးရဖူးသည်။

သည်လို အဖေ ကြပ်ကြပ်အလိုလိုက်သလောက် အမေကတော့ ကျွန်မတို့ကို တင်းတင်းဆက်ဆံ၏။ အထူးသဖြင့် ကျောင်းစာနှင့်ပတ်သက်လျှင် အလျှော့မပေး။ ဆူပူမာန်မဲရိုက်နှက်၏။ အဖေနှင့်ကား တကျက်ကျက်။ အဖေက အလျှော့ပေးလွန်းသဖြင့် အမေက တင်းသည်ထက်တင်း



လေရာ ကျွန်မတို့ မောင်နှမအားလုံးမှာ အဖေမှအဖေ ဖြစ်နေတော့သည်။ နွေကျောင်းပိတ်၍ အမေ တရားစခန်းဝင်လျှင် ကျွန်မတို့မှာ ပျော်လို့မဆုံး။

"ဒီနေ့ ထမင်းမချက်ဘူး။ ဒံပေါက်ဝယ်စားမယ်"

"ဝေး...ဟေးဟေး"

"ဒီနေ့ ငါးရံ့ကောင်းကောင်း ရလာလို့ သထုံမုန့်တီ လုပ်ကျွေးမယ်"

"ဝေး...ဟေးဟေး"

"ကြယ်တာရာရုံမှာ အင်္ဂလိပ်ကားကောင်းကောင်း ဝင်တယ်။ အဖေ လက်မှတ်ဝယ်လာပြီ"

"ဝေး...ဟေးဟေး"

ဖြစ်နေကြပုံ။ ဖြစ်နေကြပုံ။ အမေမရှိသည်နှင့် အဖေနှင့် သားသမီးတွေ လွတ်လပ်ရေးရကာ ပျော်ပွဲဖွဲ့နေကြပုံများ။ မနက်စောစောမထသဖြင့် အော်မည့်သူမရှိ။ တံမြက်စည်းမလှည်းသဖြင့် အော်မည့်သူမရှိ။ သုံးရေမထည့်သဖြင့် အော်မည့်သူမရှိ။ အဖေက သားသမီးတွေကို ကြပ်ကြပ်မတ်မတ် အမိန့်ဩဇာပေး၍ ခိုင်းလေ့မရှိ။ ဘယ်သူလုပ် မလုပ်၊ အဖေကတော့ သူ့အလုပ် သူလုပ်သွားသည်။ ကျွန်မတို့ တစ်သက်နှင့်တစ်ကိုယ် အဖေ့အကျီမလျှော်ပေးခဲ့ရ။ အဖေက တစ်အိမ်လုံးစားဖို့ ထမင်းဟင်းချက်သည့်အပြင် သူ့အဝတ်ကိုလည်း သူလျှော်ဝတ်သေး၏။ သည်တော့ ကျွန်မတို့မှာ အဖေ့ဝတ္တရား ဘာမှနားမလည်။ အဖေကလည်း မခိုင်း။ ကြာတော့ ကျွန်မတို့ လူရည်လူသွေး ညံ့လာသည်။ အားလုံးထဲမှာ ကျွန်မက အဆိုးဆုံး။ အဖေမရှိလျှင် ဘာမှ ရပ်တည်၍မရ။ ကျွန်မ ကိုးတန်းရောက်နေပြီ။ အိပ်မက်ထဲမှာ အဖေသေသည်ဟုမက်၍ ထိုနေ့တစ်နေ့လုံး ငိုနေသည်မှာ မပြီးမစီးနိုင်။

"အဖေသေတယ်အိပ်မက်တာ ကောင်းတာပေါ့။ အဖေ အသက်ရှည်

www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်။ အတိတ်နိမိတ်ဆိုတာ ဆန့်ကျင်ဘက်ယူရတယ် မငိုနဲ့၊ မငိုနဲ့”

ကျွန်မ စဉ်းစားကြည့်သည်။ အခုနေများ အဖေ တကယ်သေသွားလျှင် ကျွန်မ တစ်ယောက်တည်း လောကအလယ်မှာ ဘယ်လိုနေရမည်နည်း။ ထိုစိုးရိမ်စိတ်က ကျွန်မကို အစဉ်အမြဲခြောက်လှန့်နေ၏။

ထိုတွယ်တာစိတ်သည် နှစ်တွေကြာတော့ ရွေ့လျားပြောင်းလဲခြင်းသီအိုရီအရ တစ်စုံတစ်ယောက်ထံ ပြောင်းလဲသွားလေသည်။ ကျွန်မ အိမ်ထောင်ကျတော့ ကျွန်မခင်ပွန်းကို လင်ယောကျ်ားလို တစ်မျိုး၊ အဖေလိုတစ်မျိုး ကျွန်မချစ်ပါသည်။ ကျွန်မ ကိုကို့ကို တစ်ဘဝလုံးပုံ၍ ချစ်သည်ဖြစ်ရာ ကိုကိုမှာ ကျွန်မဘဝ၏ အားထားရာ မဏ္ဍိုင်ကြီးဖြစ်တော့သည်။ ကိုကိုမရှိလျှင် ကျွန်မ မနေတတ်။ မည်သည့်ကိစ္စမဆို ကိုကိုမပါဘဲ ကျွန်မ ဆုံးဖြတ်၍ မဖြစ်။ သူ တာဝန်နှင့် ခရီးရှည် ထွက်သွားသည့်ညတွေဆို ကျွန်မမှာ ချောက်ချားအားငယ်၍ မဆုံးနိုင်တော့။

ကျွန်မ တွယ်လွန်းသဖြင့် အတွယ်ခံရသည့် ကိုကို့မှာ မသက်သာ။ ယောက်ထား ဥာတာမှုတွေနှင့် အိမ်ထောင်ရေး ချမ်းသာသုခကို အပြည့်အဝမရရှာ။ ကျွန်မ တစ်ခါက တွယ်ခဲ့သည့် အဖေမှာ ကျွန်မအိမ်ထောင်ကျသွားတော့ ပေါ့ပါးသွားမည်ပင်။ ထိုပေါ့ပါးမှုသည်ကား တစ်ခဏတာမျှသာ။ ကျွန်မ ကိုယ်လေးလက်ဝန်ဖြစ်လာတော့ အိမ်ကို တမ်းတလာသည်။ အထူးသဖြင့် စားချင်တာ ချက်ကျွေးတတ်သော အဖေ့ကို အလွမ်းကြီး လွမ်းလာသည်။ သို့နှင့် အလုပ်ပါ ပြောင်းရွှေ့တင်၍ ကျွန်မ အဖေ့အိမ်ပြန်ရောက်ခဲ့တော့သည်။ ခုတော့လည်း ကိုကို့ကို အလွမ်းသား။

“ဟဲ့...သမီး၊ သြော်...ငိုင်နေပြန်ပြီ။ ထမင်းလည်း အရာမယွင်းသေးပါလား။ လရင့်နေပြီ။ အစားအသောက်မမှန်ရင် သမီးပဲ ဒုက္ခဖြစ်ဦးမယ်။ အဖေချက်ထားတာတွေ သမီး ခံတွင်းမလိုက်လို့လား။ ဘာစားချင်လဲ



ပြော”

“ဝက်ခေါင်းသုတ်စားချင်တယ် အဖေ”

“ဝက်ခေါင်းသုတ်၊ ကောင်းပြီ။ ကျွေးမယ်။ ဒီ ငါးဆုပ် ငါးလုံးအဖေ့ရှေ့မှာ ကုန်အောင်စားပြ”

ကျွန်မလက်တို့ ကရင်ဆေးထည့်ထားသော ငါးဘတ် ငါးဆုတ်လုံး ပန်းကန်သို့ လှမ်းလေသည်။

*

ငယ်စဉ်က မနက်စောစော အိပ်ရာထပျင်းသည့် ကျွန်မကို ယခုတော့ အဖေက အလွတ်မပေးတော့။ မနက် ဝေလီဝေလင်းဆို အဖေက နှိုးလေပြီ။

“ထ...ထ သမီး၊ ပျင်းမနေနဲ့။ လမ်းလျှောက်ရအောင်၊ ကိုယ်ဝန်ဆောင်ဆိုတာ လမ်းလျှောက်ရတယ်၊ ဒါမှ မွေးရ ဖွားရ လွယ်မှာ”

“မွေးဖွားရက်မတိုင်မီ ရန်ကုန်သို့ ကြိုတက်လာပြီး အိုဂျီနှင့်အပ်သော်လည်း လရင့်သွားပြီဖြစ်၍ ကလေးက မလှည့်တော့ပါ။ ဆုံပိုင်းနှင့်ပဲ မွေးဖို့ သေချာနေသည်။ မွေးဖွားရခက်လျှင် ဗိုက်ခွဲချင် ခွဲရမှာမို့ အစိုးရဆေးရုံကြီးတစ်ရုံမှာ မွေးဖို့ စီစဉ်ထားကြသည်။ အမေရော အဖေပါ ကျွန်မဗိုက်ကိုစောင့်ဖို့ ရန်ကုန်လိုက်လာကြသည်။ အမေကတော့ ထုံးစံအတိုင်း အရုံပါပဲ။ ဘာကိစ္စမဆို အဖေပဲ ဦးဆောင်သဖြင့် ရန်ကုန်မှာ ဟိုသွား၊ သည်သွား၊ ဘတ်စကားခရီး ဦးဆောင်လည်း အဖေ၊ ဈေးဝယ်ထမင်းချက်လည်း အဖေ၊ သမီးကို လမ်းလျှောက်ခေါ်ထုတ်လည်း အဖေနှင့်အဖေ့မှာ အလိုလိုနေရင်း ရာထူးတွေ တိုးနေတော့သည်။

ကျွန်မတို့က ကံဘဲ့မှာ တည်းရာ ကံဘဲ့သံလမ်းစေ့ မိုးကောင်းဘုရား

www.burmeseclassic.com



အထိ တစ်ပတ်လျှောက်ကြသည်။ တစ်ခါတစ်ရံ တောင်ဥက္ကလာဘက် နန္ဒဝန်ဈေးအထိ လျှောက်ကြသည်။

"ဖြည်းဖြည်းနဲ့ မှန်မှန်လျှောက်၊ အသက်ကို ပြင်းပြင်းကလေးရှူ။ မနက်ခင်းလေဆိုတာ လန်းဆန်းတယ်။ အဆုတ်အားကောင်းတယ်။ ဒီအချိန်မှာ ကျန်းမာလန်းဆန်း အားအင်ပြည့်ဖြိုးမှ"

"ကြည့်စမ်း၊ ဒီဒေါက်မြင့်ဖိနပ်တွေ မစီးနဲ့လေ။ အဖေဝယ်ပေးထားတဲ့ စလစ်ပါကလေးတွေ ရှိတယ် မဟုတ်လား။ လှချင်တာကလည်း နေရာတကာပဲ။ ကိုယ်လှချင်တာ အရေးမကြီးဘူး။ အထဲကကလေး ထိခိုက်နေဦးမယ်"

အဖေနှင့် ကျွန်မ ထိုသို့ ဝီရိယကောင်းနေချိန်၌ အမေက သူ့ရဲ့ မမြင်ရသေးသည့် မြေးအတွက်၊ အနီးတွေ၊ အင်္ကျီတွေ ချုပ်နေသည်။ ကျော ကွဲ ကြိုးတပ်အင်္ကျီကလေးတွေ၊ အနွေးထည်၊ ဘောင်းဘီတို၊ ဘောင်းဘီရှည် အစုံပါပဲ။

"ဟင်...အမေကလည်း ဘာမွေးမှန်း မသိသေးဘဲနဲ့ အင်္ကျီတွေ ချုပ်ထားတော့ သင့်ပါ့မလား"

"အမေချုပ်တဲ့ အင်္ကျီတွေက ကျားရော၊ မပါ ဝတ်လို့ရတဲ့ အင်္ကျီမျိုးပါ။ ဒီမှာကြည့်။ ဒီကော်လာကလေးနဲ့ဆို ယောက်ျားကလေး ဖြစ်ဖြစ် မိန်းကလေးဖြစ်ဖြစ် ဝတ်ပါလေ့"

"အမေ့အင်္ကျီတွေက စိမ်းကိန်းအင်္ကျီတွေပါလား။ ကြီးလိုက်တာမှ"

"အေး၊ ဟုတ်ပါရဲ့ ငါ့သမီးပြောတာ။ အမေက ကလေးခြောက်လ အထိမှန်းပြီး ချုပ်ထားတာလေ။ သွားငုတ်တုတ်၊ လူငုတ်တုတ်အရွယ်အထိ ဝတ်လို့ရအောင်"

ထိုကလေးအင်္ကျီ၊ ဘောင်းဘီတွေကို အမေ စက်နှင့်မချုပ်။ လက်



နှင့် ချုပ်ပါသည်။ အမေသည် ရှေးဟောင်းဆရာမကြီးပီပီ၊ အချုပ်အလုပ် က ကျွမ်းကျင်သေသပ်ပါပေ့။ စိတ်ရှည်လက်ရှည် ချုပ်နေလိုက်သည်မှာ တစ်နေ့လည်း မပြီး။ နှစ်နေ့လည်း မပြတ်။ လက်ချုပ်အပ်ကို ချပြန်တော့ သိုးမွေးဦးထုပ်ကလေးတွေ၊ ခြေစွပ်၊ လက်စွပ်ကလေးတွေ ထိုးနေပြန်သည်။

သိုးမွေးဆို၍ ကျွန်မ အပျိုဖော်ဝင်စက အမေ နှစ်ချောင်းထိုး သင် ပေးဖူးသည်။ ပျင်းရိငြီးငွေ့လိုက်သည်မှာ မပြောပါနှင့်တော့။ အပ်တံ ရှည်ကြီးတွေနှင့် ရှည်လျားသော ချည်ခင်တွေကို ဟိုကကော်၊ သည်ထိုး ပြီး ပစ္စည်းဖြစ်အောင် လုပ်သည့် အလေ့အထ ပညာရပ်ကို ဘယ်သူကများ တင်တီထွင်လိုက်ပါလိမ့်။ ထိုသို့ စိတ်ရှည်သည်းခံဖွဲ့ခတ်ရသည့် အလုပ် ဆိုလျှင် စိတ်မပါ၍လား မသိ။ ကျွန်မ အပေါ်ထိုး အောက်ထိုးပင် ပြောင့်အောင် မထိုးနိုင်။ အမေလစ်သည်နှင့် အပ်တံများ ချောင်ထိုးကာ ခြင်းထဲ ဆင်းဆော့လေတော့သည်။

"သိုးမွေး မထိုးချင်ရင် ခြင်းထဲမှာ ကျနေတဲ့ အုန်းလက်တွေကို ခြောက်စည်းဖြစ်အောင် သပ်စမ်း"

နောက်ဆုံး အမေစိတ်ဆိုးပြီး အပြစ်ဒဏ်ချတော့ ကျွန်မ ပျော်ရွှင် စွာဖြင့် အုန်းပင်အောက် ရောက်သွားတော့သည်။ သိုးမွေးထိုးတာနှင့် ဆိုလျှင် ဓားပါးကလေးဖြင့် အုန်းလက်သပ်ရသည်က တော်ဦးမည်။

သည်လိုနှင့် ကျွန်မမှာ အချက်အပြုတ်လည်း အဖေ့ကို မမီ။ အချုပ် အလုပ်လည်း အမေ့ခြေရာမနင်း။ အဖျင်းကြီး ဖျင်းနေလေ၏။

ဘယ်သူမှ မတွန်းထိုး၊ မနှိုးဆော်ရဘဲ ကျွန်မ လိုလိုလားလား လုပ် သည့်အလုပ်တစ်ခုတော့ ရှိသည်။ အဲဒါက စိတ်ကူးယဉ်သည့်အလုပ်ပေ။ ကျွန်မ မွေးလာမည့် ကလေးအတွက် ကျွန်မ ကြိုတင် စိတ်ကူးကြည့်သား ကျွန်မက စနေသမီးဆိုတော့ ဗုဒ္ဓဟူးသမီးကလေးမွေးလျှင် ကောင်းမည်။

www.burmeseclassic.com

အသားဖြူဖြူ၊ မျက်လုံးတောက်တောက်၊ ဆံပင်ကောက်ကောက် သမီးကလေးကို ဂါဝန်လှလှတွေ ဝတ်ပေးမည်။ ပိကျိပိကျိမြည်သည့် ဖိနပ်ကလေးနှင့်ဆို ကျွန်မသမီး ဘယ်လောက်ချစ်စရာကောင်းလိုက်မည်လဲ။ ပြီးတော့မှ သိပ်လှတဲ့ သမီးကလေးအတွက် အလှဆုံးနာမည်တစ်ခု။

"အရူးမ၊ နာမည်ဆိုတာ နေ့သင့်နံသင့် မှည့်ရတာ။ ကိုယ်မှည့်ချင်တာ မှည့်ရင် ကလေးမှာ ခိုက်ရော"

အဖေက ကျွန်မဖြစ်နေတာကို ထုံးစံအတိုင်း ပြုံးတုံ့ပြုံးတုံ့ လုပ်ပြီး ပြောတော့ ကျွန်မ သိပ်ပြီး လက်မခံချင်။

"ကျွန်မနာမည်လဲ အဖေမှည့်ချင်တာ မှည့်ခဲ့တာ မဟုတ်လား ဟင်း...ကြည့်ပါလား။ ကျွန်မနာမည်ဆို လှလည်း မလှဘူး။ သူများတွေ ဒီနာမည် ခေါ်လိုက်ရင် ကိုယ့်ကို မခေါ်သလို ခံစားရတယ်"

ကျွန်မက သည်လို အငေါ်တူးတော့ အဖေက ကွမ်းချေးထပ်နေသော သွားများကို ပေါ်အောင် ရယ်ကာ—

"မှည့်ချင်သလို မှည့်ထားတာ မဟုတ်ဘူး သမီးရဲ့၊ နေ့သင့်နံသင့်ပါ။ သမီးက စနေသမီးမို့လို့ ဗုဒ္ဓဟူးနံနဲ့ တွဲပေးထားတာ"

"ဒါဆိုလည်း စကားလုံး အလှအညွန့်လေးတွေ တွဲရောပေါ့ အဖေရာ။ အခုတော့ ဒါပဲနော်။ ကျွန်မက ကျွန်မသမီးကို စိတ်ကြိုက် နာမည်ပေးမှာ။ အဖေတို့ လိုက်ခေါ်ဖို့သာ ပြင်ထား"

"ကဲ...ဆိုပါဦး။ ဘာနာမည် ရွေးထားလို့လဲ"

"ပန်းယဉ်နွဲ့ဟန်တဲ့။ ပန်းကဲ့သို့ ယဉ်ကျေးနွဲ့နှောင်းသော ဟန် အမူအရာရှိသူလို့ အဓိပ္ပာယ်ရတယ်"

"အလိုလေး၊ နာမည်ကလည်း ပန်းယဉ်နွဲ့ဟန်တဲ့လား။ ဘာနာမည် လဲဟ။ ရထားတွက်နာမည်ကြီး"



"ဟင်...ဘယ်လို"

"ဟုတ်တယ်လေ၊ အဖေ့ရဲ့မြေးမှာ နာမည်က ရှည်တော့ ခေါ်နေရင်းနဲ့ ရထားထွက်သွားရော"

"အဖေနော်"

*

ကံကြမ္မာရထားသည် ရက်ချိန်း သတ်မှတ်ထားသည့်အတိုင်း မလွဲသွေ ဆိုက်ရောက်လာလေသည်။ ကျွန်မကိုယ်ဝန်က အနေအထား မမှန်သော်လည်း လနှစဉ်က စစ်မေးသမျှ မေးခွန်းများ အတိအကျ ဖြေနိုင်သဖြင့် ဆရာဝန်၏ ခန့်မှန်းရက်မှန်လေသည်။ ထိုရက်မှာပင် ဗိုက်ထဲက တရစ်ရစ် နာလာ၏။ နာရီးနာစဉ် မဟုတ်သည်နှင့် အမေ့ကို ပြောလိုက်တော့ တစ်အိမ်လုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့၏။ ကျွန်မမှာ ကာယကံရှင်ပီပီ ထိုးပင် စိတ်လှုပ်ရှားနေမိ၏။ ပြက္ခဒိန်ကို လှန်ကြည့်တော့ တနင်္လာနေ့၊ ဗုဒ္ဓဟူးနှင့် အဝေးကြီးပါလား။ အို...ဘာပဲဖြစ်ဖြစ် ချောချောမောမော မွေးဖို့သာ အဓိက မဟုတ်ပါလား။ ကျွန်မအနေအထားက ကံကြမ္မာကို စိုးရိမ်ခေါ်နေသည့် အနေအထားမို့ ရန်ကုန်ရောက်စက အပြင်ဆေးခန်း တစ်ခုမှာ သွားပြစဉ် "အခက်အခဲဖြစ်လာရင် လူကြီးအသက်ကို ရအောင် ကယ်ရမှာပဲ။ ကလေးကတော့..."ဆိုသည့် စကားကလည်း အနီးကပ်ခြောက် လှန့်နေသေးတော့၏။ ကံကြမ္မာက ကျွန်မကို တစ်ချိန်တည်းမှာ အခွင့်အရေး ပေးပေးပါ့မလား။ တချို့မွေးခံ့ပေါ်မှာပင် မီးမဖွားနိုင်၍ အသက်တွန့် သွားသော မိခင်လောင်းတွေအကြောင်း ကြားထားဖူး၍ ဆေးရုံသွားလျှင် ဝတ်ရန် ဝတ်စုံကို ကျွန်မအကြိုက်ဆုံး ခရမ်းရောင်ဝတ်စုံကို ရွေးဖြစ်သေး၏။ အကယ်၍ ကျွန်မ မွေးခံ့ပေါ်မှာ အသက်စွန့်ရပါက ခရမ်းရောင်ဝတ်စုံ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ကလေးနှင့် ဆိုလျှင်. . .။

"ဟဲ့. . .သမီး၊ မပြီးသေးဘူးလား။ ဆေးရုံသွားဖို့ ကားအသင့်ရောက်နေပြီ"

"ပြီးပါပြီအမေ၊ လိုင်နာကလေးဆိုးဖို့ ကျန်နေလို့ပါ"

"အောင်မယ်လေးဟဲ့၊ မီးဖွားမယ့်သူက ရှူတင်သွားမှာ ကျနေတာပဲ တက်. . .တက်. . .ကားပေါ်ကို"

အမေက မြည်တွန်တောက်တီးပြီး ကားပေါ်ပါလာတော့ ဒရိုင်ဘာ ရှေ့မှ မှန်ဖြင့် ကိုယ့်မျက်နှာကိုယ် ကြည့်ဖြစ်အောင် ကြည့်လိုက်မိသေး၏ အင်း မဆိုးပါဘူး။

အရှေ့ပိုင်း ဆေးရုံကြီးရောက်တော့ အမေ့တူမ မမလှနှင့် မမျှော် လင့်ဘဲ ဆုံလေသည်။ မမလှက သည်ဆေးရုံမှာ အထက်တန်း သူနာပြု ပါလား။ အမေလည်း သည်လိုအချိန်မှာ သူ့တူမကို တွေ့လိုက်ရတော့ ဝမ်းသာမဆုံး။ အမေ့တူမဆိုတော့ ကျွန်မနှင့်လည်း ညီအစ်မတော်သည် ပေါ့။ ယခုမှ တွေ့ရပေမဲ့ သွေးက စကားပြောသည်ထင်။ မမလှ ခင်ခင်မင်မင် ဖော်ဖော်ရွေရွေ။

"ဒါလား၊ မွေးလူနာ"

"အင်းလေ၊ ဒီမနက် ဗိုက်နာတယ်ဆိုလို့ ဆေးရုံတက်လာကြတာ"

ကျွန်မကိုယ်စား အမေကပြောတော့ မမလှက ကျွန်မပခုံး ဖက်ပြီး–

"မွေးလူနာကလည်း လှပကျော့ရှင်းနေလိုက်တာ၊ ဒီပုံဆို မမွေး သေးဘူး"

"ဟင်"

"ဒီပုံဆို မမွေးသေးဘူး။ ရေတ်သီးစပ်မှ မွေးမယ်။ လာ. . .



ဆေးရုံမှာ နေရတာ ပင်ပန်းတယ်။ မမလှတို့ အိမ်သွားစို့။ တော်တော်နာမှ တက်ကြတာပေါ့"

သည်လိုနှင့် ဆေးရုံနှင့် မနီးမဝေး မမလှအိမ်မှာ မွေးချိန်စောင့် ဗိုက်နာကြလေသည်။ အချိန်ကြာလာသည်နှင့်အမျှ ရေတ်သီးစပ်မှဆိုသည့် စကားကို နားလည်သဘောပေါက်လာသည်။

"ဟင်း. . .ဟင်း. . .ကျွတ်. . .ကျွတ်" ဒီအနာကား မည်သည့် အနာ နှင့်မျှမတူ။ ထူးခြားဆန်းပြားသော အနာမျိုး ဖြစ်၏။ ဆက်တိုက်လည်း မဟုတ်၊ ထုံ့ပိုင်းထုံ့ပိုင်း။ အနာစူးသွားလိုက်၊ ဖျော့သွားလိုက်၊ ဆက်တိုက် ဆက်တိုက် နာလိုက်၊ ခပ်ကျဲကျဲနာလိုက်၊ ထိုင်မရ ထမရ၊ အော့ချင်သလို၊ အန်ချင်သလို၊ ဘယ်သူ့ကို ကိုင်တွဲ၊ ဘယ်အရာကို ကုတ်ဆွဲရမည်မသိ။ ကျွန်မ သည်လို ယောက်ယက်ခတ်လာတော့ အဖေက ဧည့်ခန်းမှ လူး လား ခေါက်ပြန် လျှောက်လျက် ဂုဏ်တော်ကွန်ခြာ ရွတ်နေ၏။ အမေက အင်္ဂုလိမာလသုတ်ရွတ်ကာ မကြာမကြာ မမလှနှင့် တီးတိုးတိုင်ပင်၏။ ကိုကိုရေ၊ အဝေးမှာ ရောက်နေသော ကိုကို့ကို၊ တမ်းတရမလား။

အခုနေများ ကိုကိုအနားမှာရှိလျှင် အဖေ့လိုပဲ ဂုဏ်တော်ကွန်ခြာ ရွတ်နေမှာလား။ အနည်းဆုံးတော့ လက်ဖျားကလေးတွေကို ဖျစ်ပြီး ညှစ်ပေးမှာပေါ့။ နောက်ဆုံးတော့ ကျွန်မအတွက် အလိုအပ်ဆုံးအရာဟာ နားလည်ကျွမ်းကျင်တဲ့ ဆရာဝန်တစ်ယောက်၊ ဒါမှမဟုတ်. . .

"ကဲ. . .ကဲ ဆေးရုံသွားကြစို့"

တစ်ညနှင့် နောက်တစ်ရက်လုံးလုံး မမလှအိမ်မှာနေပြီးမှ **တကယ်** တမ်း ရေတ်သီးစပ်လာမှ ဆေးရုံကို တက်လာတော့ **ဘာအင်္ကျီဝတ်** ခဲ့မှန်းပင် မသိ။ အဖြူလား၊ အပြာလား၊ အဝါလား။ **လိုင်နာလည်း** မဆိုး ဘဲ။ ခြေလက်တွေကို အနိုင်နိုင်သယ်၍ **ဆံပင်ဖွာလံကျဲ**နှင့် ကားပေါ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ ဒရိုင်ဘာရှေ့က မှန်ကိုကြည့်ဖို့ နေနေသာသာ ဘယ်လိုဘယ် ဆေးရုံရောက်လာမှန်းပင် မသိ။

"အိုကြိုက လိုအပ်ရင် ဖုန်းဆက်လိုက်ပါတဲ့"

တာဝန်ကျဆရာမက မမလှကို လှမ်းပြောလိုက်သည့် အသံ လာပါတော့ ဒေါက်တာ မြန်မြန်လာပါတော့။ ဝေဒနာလှိုင်းလုံးတို့က အလုံးအရင်းနှင့် တိုးဆောင့်လာသည်။ စောစောကထက် အနာပိုး လာသည်။ ဇရုတ်သီးစပ်ရုံတင်မဟုတ်တော့၊ တစ်ကိုယ်လုံး နာကျင်ပူလော နေ၏။ လက်နှစ်ဖက်သည် သံခုတင်လက်ရမ်းကို တင်းတင်းဆုပ်၍ နှစ်ဖက်သည် သံခုတင်ခြေရင်းကို တင်းတင်းကန်၏။ တင်းထား တင်းထားစမ်း၊ ဒီပင်လယ်ဟာ မိန်းမတိုင်း (မိခင်တိုင်း) ဖြတ်သန်းရ ပင်လယ်။ ကိုယ်တစ်ယောက်တည်းမှ ထူးပြီး ခံစားရသည်မဟုတ်။ အ ဆိုသည့် နေရာသည်လည်း လူတကာနှင့် ထိုက်တန်သည်မဟုတ် အမေဖြစ်နိုင်လောက်သည့် အရည်အသွေးရှိမှ၊ အမေဖြစ်နိုင်လောက်သ ခံနိုင်ရည်ဖွဲ့သတ္တိ ရှိပါမှ။

"မမလှ၊ ဘယ်နှနာရီ ထိုးပြီလဲဟင်"

"ည၉ ဆယ်နှစ်နာရီကျော်ပြီ"

"တကယ်ကျော်ပြီလား"

"ကျော်ပြီ"

ဒါဆို ဗုဒ္ဓဟူးကူးပြီပေါ့။ ဗုဒ္ဓဟူးဖြစ်ဖို့ သေချာပြီ။ ဗုဒ္ဓဟူးသမီးက အမေ့ဆီ အမြန်လာပါတော့။

"ဒေါက်တာ လာပြီ"

တွန်းလှည်းပေါ် ရွှေ့သံ၊ တွန်းလှည်းတွန်းသံ၊ အခန်းတင် ခုတင်ပေါ်၊ နာခေါင်းနှင့် မယဉ်သောဆေးနံ့၊ အရက်ပျံနံ့တို့ ဆေး



ထောင်းပျံ့နေသော နေရာတစ်ခု။ အသံတိုးတိတ်သော်လည်း မြန်ဆန် သွက်လက်သော လှုပ်ရှားမှုတို့ဖြင့် ထိတွေ့ကိုင်တွယ်နေမှုများ၊ သူတို့ အားလုံး လက်နက်အပြည့်အစုံ တပ်ဆင်လျက် တိုက်ပွဲဝင်နေကြသော သူရဲကောင်းတွေလို။ ဒေါက်တာကား သူ့တပ်ကို သူ့ပညာကုန် ထုတ်သုံး၍ နိုင်အောင် စီးနေသည်။ ကျွန်မအဖို့တော့ တောင်က အပေါ်ရောက်ခါ နီးလေ မောလေ၊ သည်ပုံနှင့် တောင်ထိပ်များ ရောက်ပါဦးမလား။

"အားတင်းထားစမ်း ညီမရေ၊ မိန်းကလေးကွဲ့၊ မိန်းကလေး။ ဆံပိုင်းနဲ့ အသေအချာပါပဲ။ စိတ်မလျှော့လိုက်နဲ့နော်။ ဗုဒ္ဓဟူးသမီးကလေး လိုချင်တယ်ဆို။ လာနေပြီ လာနေပြီ။ ဗုဒ္ဓဟူးသမီးကလေး။ စိတ်ကို တင်းထားနော်"

အို . . . မြင့်လိုက်တဲ့တောင်၊ မတ်လိုက်တဲ့တောင်၊ တိမ်တွေကိုတောင် ထိနမ်းရှိုက်ကြူနေပြီပါလား။ တောင်ထိပ်ရောက်တော့ ကျွန်မလက်တွေနဲ့ တိမ်ဆိုင်တွေကို လှမ်းယူဆုပ်ကိုင်လိုက်မိသည်။ အိအိထွေးထွေး နူးနူးညံ့ညံ့ ကလေးပါလား။ လေပြည်ကလေးကလည်း သင်းသင်းမွှေးမွှေး။ နေခြည်နုနု ထွေးထွေးကလေးတွေပင် လက်လက်ဖြာလို့။ အောက်ကို ငုံ့ကိုင်းကြည့်တော့ အပြောကျယ်သည့်ပင်လယ်။ မနေ့တစ်နေ့က ကျွန်မဖြတ်ခဲ့သည့် လှိုင်း ဆန်သည့်ပင်လယ်၊ ခုတော့လည်း လွှာသင်ဖျူး လွန့်လူးငြိမ်သက် စိတ် သက်ချချ အိပ်မောကျနေသလို။ အဆင်းကျတော့ သက်သောင့်သက်သာ၊ တိမ်ယာဉ်ရထားစီးပြီး သိမ့်သိမ့်ငြိမ့်ငြိမ့် ပြေပြေလျှောလျှောကလေး။ အိအိဆင်းလာလိုက်သည်မှာ ဆင်းလို့ဆင်းမှန်းပင် မသိ။

"ဟော . . . သတိရလာပြီ။ သတိရလာပြီ"

ဝေဝါးနေသော အမြင်အာရုံတွေ ကြည်လင်လာတော့ ပြုံးပြနေသည့် အမေ့မျက်နှာ။ ကျွန်မကို မွေးခဲ့သည့် အမေ့မျက်နှာ။ ကျွန်မတို့မောင်နှမ

www.burmeseclassic.com

www.burmeseclassic.com



လေးယောက်ကို မွေးခဲ့သည့်၊ ကျယ်ပြန့်ပင်လယ်နှင့် မဲတ်စောက် တောင်ကမ်းပါးကို လေးကြိမ်လေးခါ လူးလာတက်ဆင်းခဲ့သည့် အမေ့မျက်နှာ။ အို...ကျွန်မ အမေ့ကို သနားလိုက်တာ။

"နောက်ထပ် ဂျစ်တူး၊ ဂျီတိုက်၊ အလှကြိုက်၊ အစားပုတ်မလေး တစ်ယောက် တိုးလာပြီဟေ့"

ဟော...အဖေ့အသံ။ ကျွန်မခေါ်ရင်း ခြင်းကလေးထဲက သမီးသေးသေးလေးကို ငုံ့ကြည့်၍ ပြောနေသည့် အဖေ့အသံ။ ကျွန်မရင်ထဲ လှိုက်လှဲတုန်ယင်စွာဖြင့် အမည်မသိဝေဒနာတို့ တွန်းထိုးရုန်းကြွလာသည်။

"အို...မီးတွင်းထဲမှာ မငိုရဘူးလေ"

ကျွန်မပါးပြင်ပေါ်မှ ကျမျက်ရည်များကို ပြိုင်တူသုတ်ပေးနေသည့် အဖေနှင့် အမေတို့၏ လက်များကို ဖမ်းယူဆုပ်ကိုင်ပြီး–

'ကျွန်မရဲ့ ညဉ်ဆိုးတွေ သမီးကလေးဆီ ဆင့်ကမ်းကူးစက်မသွားအောင် အစွမ်းကုန် ကာကွယ်တားဆီးပါ့မယ်'ဟု အသံတိတ် ပြောနေမိလေသည်။

**(ကျေးဇူးရှင်ဖေဖေ နှစ် ၉၀ ပြည့် မွေးနေ့ အမှတ်တရ)**

**(ကလျာမဂ္ဂဇင်း၊ ၂၀၀၁၊ မေ)**

# ကျွန်မနှင့် လိပ်ပြာဘောလုံးလက်စွပ်

လက်ချောင်းငါးချောင်းရှိသည့်အနက် လက်သူကြွယ်သည် လက်စွပ်ဝတ်ဆင်ရန်အတွက် လူတို့ သတ်မှတ်ရွေးချယ်ထားသော အစဉ်အလာမှ ခွဲထွက်ကာ လက်ချောင်းလေးချောင်း၊ အချို့ ငါးချောင်းစလုံး လက်စွပ်ဝတ်ဆင်သည့် ဓလေ့တစ်ခု၊ ဘယ်ဆီက စီးမျောလာမှန်း မသိ...။ အမျိုးသမီးထုအတွင်း ဆိုင်းမဆင့် ဗုံမပါ ရောက်ရှိလာလေသည်။ ဝတ်ဆင်သည့် လက်စွပ်တွေကလည်း လက်ချောင်းတစ်ချောင်းနှင့်တစ်ချောင်း အမျိုးအစားချင်း မတူကြ။ ပုံသဏ္ဌာန်ချင်းမတူကြ။ တချို့ ရွှေချည်းသက်သက် ပုံစံအမျိုးမျိုး၊ ပန်းပွင့်ပုံ၊ အသည်းပုံ၊ လခြမ်းပုံ၊ အင်္ဂလိပ်စာလုံးပုံ။ ပတ္တမြား၊ နီလာ ဆိုလျှင်လည်း တချို့ တန်းသွား၊ တချို့ ချယ်၊ သန့်ရာသန့်ရာ နှစ်သက်မြတ်နိုးရာ ဝတ်ဆင်ကြသည်။ ကျောက်ထည်တွေချည်းပဲမဟုတ်။ ရွှေနှင့် ကျောက်ထည်ရောပြီးလည်း ဝတ်ကြသည်။ ဘယ်လိုဝတ်ဝတ်၊ လက်ချောင်းကလေးတိုင်းတွင် လက်စွပ်ဝတ်သည့် ဓလေ့ကို ကျွန်မ သဘောကျသည်။ ကျွန်မ လက်ချောင်းကလေးတွေက သေးသေးသွယ်သွယ်ကလေးတွေဆိုတော့ လက်စွပ်ကလေးတွေနှင့်ဆို

www.burmeseclassic.com

www.burmeseclassic.com



လုပမှုတွေ ပြီးပြည့်စုံသွားသည်ဟု ကျွန်မ ထင်နေသည်။ နောက်ပြီး ကျွန်မက ညာသန်သူဆိုတော့ ညာဘက်လက်ကို အားပြုပြီး အိုးတိုက်၊ အဝတ်လျှော်၊ အိမ်မှုကိစ္စများ ပြုလုပ်လေ့ရှိရာ ဘယ်ဘက်လက်ကို အလိုလို ညာတာရာရောက်ပြီး၊ ထိုဘယ်ဘက်လက်က ညာဘက်လက်ထက် နူးညံ့ပျော့ပြောင်းနေတော့သည်။ ကျွန်မ ခပ်ငယ်ငယ် အကသင်တန်းတစ်ခုသို့ တက်ရောက်စဉ် သင်တန်းဆရာများက လက်ဖျားကလေးတွေကို ကော့နေအောင် ညွှတ်ထား…ညွှတ်ထားဟု သင်ကြားသည့်အခါက မညွှတ်…ညွှတ်အောင် ကော့ကစားရင်း အဖျားကော့နေသည့် လက်ချောင်းကလေးများက လက်စွပ်ကလေးတွေနှင့်ဆို ဘယ်လောက်များ လှလိုက်လေမလဲ…။

ရွှေပြည်စိုးဆိုပြီး လက်စွပ်နှင့် တင့်တယ်ဂုဏ်မြင့်ကြွယ်ခဲ့သည့် လက်သူကြွယ်ကလေးအဖို့တော့ သူ့မူပိုင် တစ်ကိုယ်တော်အခွင့်အရေးတွေကို လုယူသိမ်းပိုက်ခြင်း ခံလိုက်ရသဖြင့် ဝန်တိုမိစ္ဆာများ ပွားနေလေမလား…။

သူတစ်ပါးကို လက်ညှိုးထိုး စိုးမိုးခိုင်းစေလေ့ရှိသူ လက်ညှိုးကလည်း လက်စွပ်တစ်ပြောင်ပြောင်နှင့် ထိုးထိုးထောင်ထောင်ရှိလှသည်။ ဘုရားဆေး၊ သိကြားဆေး၊ ဘိုးဘိုးဆေး၊ ဘွားဘွားဆေး တစ်ခွက်တည်းနှင့် ပျောက်ဆိုပြီး သမားတော်ကြီး လက်ခလယ်ကလည်း လက်စွပ်တွေ အသွယ်သွယ် အထပ်ထပ် ခန့်ခန့်ကြီး မတ်လို့၊ ဟိုး…အငယ်ဆုံး ညီမ လေးကလည်း သူ့အရွယ်နှင့် သူ့ဟန် တန်ရာတန်ရာကလေးနှင့် အသွင်တင့်နေလေရဲ့။

လက်စွပ်ဆိုသည့် ဂုဏ်အင်ကလည်း နည်းသည့်ဂုဏ်အင်မဟုတ်။ **စေ့စပ်**လက်စွပ်၊ လက်ထပ်လက်စွပ်၊ မွေးနေ့လက်စွပ်၊ ချစ်ခြင်းသင်္ကေတ **အမှတ်အသား** ကိုယ်စီဖြင့် သူ့ဂုဏ်ဒြပ်နှင့်သူ ဝင့်ထည်ပြီးသား၊ နယ်ပယ်



ရှိပြီးသား။ ကျွန်မ ငယ်စဉ်ကလေးဘဝက မွေးနေ့အထိမ်းအမှတ် လက်စွပ်ကလေးတစ်ကွင်း ရဖူးသည်။ ဖခင်တစ်ယောက်လိုချစ်သော ဦးလေးမှ ပေးသည့် မြလက်စွပ်ကလေး။ ထိုလက်စွပ်ကလေး ရသည့်နေ့မှစ၍ ကျွန်မ လက်စွပ်ကလေးကို မချွတ်စတမ်း ဝတ်ထားတော့သည်။ လကူးနှစ်ခြားကာလရွေ့လျားလာတော့ လက်ချောင်း ကလေး ကြီးထွားလာသည်နှင့်အမျှ လက်စွပ်မှာ တင်းကျပ်လာသည်။ နောက်ဆုံး အကျပ်လွန်ပြီး သွေးလေမလျှောက်သည့်အထိ ဖြစ်တော့မှ ချွတ်သည့်အခါမှာတော့ လက်စွပ်လေးမှာ ချွတ်၍မရတော့။ ဆပ်ပြာနှင့် ဘယ်လိုပွတ်ပွတ် ချောထွက်နိုင်ဖို့ အခွင့်အရေးမရအောင် လက်စွပ်ကလေး ကျပ်နေပြီကော။ နောက်ဆုံး နာကျင်လွန်း၍ တငိုငိုတရယ်ရယ်ဖြစ်ကာ ပန်းထိမ်ဆိုင်သွား၍ ရွှေညှပ်သည့် ပလာယာဖြင့် ကိုက်ဖြတ်လိုက်မှ ကိစ္စ ပြီးသွားတော့သည်။

လူကြီးတွေက မဝတ်နှင့်တော့ဆိုပြီး သိမ်းထားလိုက်သော်လည်း ကျွန်မမှာ ထိုလက်စွပ်ကလေးကိုပင် စွဲလမ်းစိတ်နှင့် တပိန်ပိန် တလိန်လိန် ဖြစ်နေသည်။ နောက်ဆုံးတော့ ထိုပန်းထိမ်ဆိုင်သို့ပင် ပြန်သွားပြီး ကွင်းကိုချဲ့၍ ပြန်ဝတ်ဖြစ်လေသည်။ ကျွန်မ ငါးတန်းကျောင်းသူအရွယ်ရောက်တော့ လက်စွပ်ကလေးမှာ အကြိမ်ကြိမ် ချဲ့ခြင်းခံရသဖြင့် ကွင်းမှာ အတော်ကလေး ပါးနေပေပြီ။

သို့သော် ကျွန်မ လက်စွပ်ကလေးပေါ် စွဲလမ်းစိတ်က ပျောက်မသွား။ ချွတ်ဖို့ လားလားမှ စိတ်မကူးနိုင်ဘဲ ဖြစ်နေစဉ်၊ **တစ်ရက်**မှာ အမှတ်တမဲ့ ယောင်ရမ်းတိုက်မိရာ ကွဲချင်ချင် မြကလေးမှာ **ကွဲကြေ**လွင့်စဉ် သွားလိုက်တာ အစအနပင် ရှာမတွေ့တော့။

သည်ကတည်းက ကျွန်မ လက်စွပ်နှင့် **ကင်းကွာသွား**လိုသည်မှာ အရွယ်ရောက်သည်အထိ ဘာလက်စွပ်မှ **ဝတ်ချင်စိတ်မရှိ**တော့။ လက်ဝတ်

www.burmeseclassic.com

www.burmeseclassic.com



တန်ဆာဟူသည် ငွေပိုငွေလျှံရှိမှ ဆင်မြန်းရရိုးရှိပေရာ ကျွန်မအဖို့ လက်စွပ်တန်ဆာအတွက် မျှော်လင့်ချက်မဲ့နေတော့သည်။ လက်စွပ်ထက် အရေးကြီးသော ဘဝလိုအပ်ချက်တွေကို ဖြည့်ဆည်းနေရသည်နှင့် ဆုံးရှုံးသွားသော မြလက်စွပ်ကလေးနေရာတွင် အစားထိုးရန် အမေ့ကြီး မေ့သွားတော့သည်။

ကျွန်မ ကိုကိုနှင့်လက်ထပ်တော့ ကိုကိုက ကျွန်မကို လက်ထပ်လက်စွပ် မပေးပါ။ နှစ်ဦးသဘောတူ ချစ်ကြိုးနှောင်ဖွဲ့ရာမှ အကြင် လင်မယားအဖြစ် ကူးပြောင်းရသည့်အတွက် ကြားထဲက စေ့စပ်သည့်ကိစ္စတစ်ခုလည်း အလိုလိုပြုတ်သွားတော့ရာ စေ့စပ်လက်စွပ်နှင့်လည်း ဝေးခဲ့ရလေသည်။ စေ့စပ်လက်စွပ်၊ လက်ထပ်လက်စွပ် မရဘဲ ညားခဲ့ရပေမဲ့ ကျွန်မတို့အိမ်ထောင် ပျော်ရွှင်ချမ်းမြေ့ရပါသည်။ ထိုကိစ္စနှင့် ပတ်သက်၍လည်း မရခဲ့လေခြင်းဟူ၍ တစ်ခါမှ စိတ်နှလုံးပူပန်မှု မဖြစ်ခဲ့။ သည်လိုနှင့် ကျွန်မလက်စွပ်ကိစ္စကို အမေ့မေ့ အလျော့လျော့ ဖြစ်လာသည်။ အိမ်ထောင်ကျစ လိုအပ်ချက် ပင်လယ်ကြီးက လူးလာစုန်ဆန် မျောပါရင်း လက်ချောင်းကလေးတစ်ချောင်း၏ လှပမှုအတွက် လျစ်လျူရှုတတ်လာသည်။

သို့ရာတွင် ထိုအရာသည် တစ်နေ့နေ့တွင် ပြန်ပေါ်လာမည့် မြို့နာတစ်ခုသာ ဖြစ်ကြောင်း ကျွန်မ ကြိုတင်မရိပ်မိခဲ့ပေ။

*

ကျွန်မတာဝန်ကျသော ဒေသသည်၊ မြိတ်ဒေသဖြစ်၍ ပုလဲထွက်ရာဒေသဟုပင် ဆိုနိုင်ပါသည်။ မြိတ်မြို့ရဲ့ တောင်ဘက် (၈၅) မိုင်အကွာမှာ ရှိသည့် ပုလဲကျွန်းတွင် မွေးပုလဲ အမြောက်အမြား ထွက်ရှိလေရာ ကျွန်မ၏ မြို့နာရောဂါသည် တစ်ဌာနထဲတွင်လုပ်သော ဒေါ်သီတာဖြူမှ အစပြုကာ ပြန်လည်နိုးထလာတော့သည်။



"ဒီမှာကြည့်စမ်း...ကိုကို...ပုလဲလက်စွပ်ကလေး ဘယ်လောက်လှသလဲ။ မမ လက်ကလေးနဲ့ဆို အတော်ပဲ..."

ကျွန်မက ဒေါ်သီတာဖြူ အတင်းထည့်ပေးလိုက်သော လက်စွပ်ကလေးကိုပြတော့ ကိုကိုက စိတ်မပါတပါဖြင့် ကိုင်ကြည့်ကာ–

'အင်း...လှတော့လှပါရဲ့၊ အစစ်ဟုတ်ရဲ့လား' 'ဒါတော့ မသိဘူးလေ၊ ဒီဒေသမှ ဗုလဲအစစ်မရရင် ဘယ်မှာရဦးမှာလဲ။ ဒီမှာကြည့်... စစ်မစစ်တော့ မသိဘူး။ လက်စွပ်ခတ်ထားပုံကလေးက အနုပညာဆန်လိုက်တာ။ ပုလဲကလည်း မွေးပုလဲလို ညီညီလုံးလုံးကလေး မဟုတ်တာကိုက ဆွဲဆောင်မှုရှိနေတာ၊ ပုလဲလုံးတည်ထားပုံကလည်း တစ်ဖက်ချွန်စောင်းစောင်းကလေးကို ရွှေကရွတ်ခွေခံထားပုံက ပုလဲလုံးကလေး ကလပ်ပေါ်တင်ထားသလို သဘာဝကျနေတယ်"

ကျွန်မက မျက်စိမှမခွာနိုင်အောင် သဘောကျနှစ်ခြိုက်နေသလောက် ကိုကိုက အင်းမလုပ်၊ လက်ထဲမှာ ငွေပိုရှိလျက်နှင့် ပုလဲလက်စွပ်ကလေးကို၊ စိတ်ဝင်စားမှုမပြသော ကိုကို့အပေါ် ကျွန်မ နှုတ်ခမ်းစူချင်လာသည်။ ဝတ်ကြည့်လိုက်တော့ ကျွန်မ လက်သူကြွယ်ကလေးနှင့် အတော်ပဲ။ အခုမှ ကျွန်မလက်သူကြွယ်ကလေးက ပုလဲရတနာကလေးနှင့် လှသွေးကြွယ်နေသည့် တကယ့်ရွှေပြည်စိုး။ လက်ချောင်းကလေး ဝါရွှေရွှေ ပုလဲရည်ဟပ်ကာ အလှကြီးလှနေသည်ကို တစိမ့်စိမ့်ကြည့်မဝနိုင်။

ထိုညက ဘယ်လူး ညာလိမ့်နှင့် မနက်ဖြန် ပြန်ပေးလိုက်ရတော့မည့် ပုလဲလက်စွပ်ကလေးကို စွဲလမ်းကာ ကျွန်မမှာ အိပ်မပျော်နိုင်ဘဲ သက်ပြင်းတချချ ဖြစ်နေတော့သည်။

"ဘယ်လိုလဲ...အိပ်မပျော်ဘူးလား"

ကိုကို့ ထွက်သက် ဝင်သက် မွှေးမွှေးကလေး ကျွန်မ ဂုတ်သား

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို လာထိသည်။

အိပ်မပျော်တာ သိရဲ့သားနှင့် လာမေးနေသူကို မကျေမနပ်နှင့် နှုတ်ဆိတ်နေမိတော့ ကိုကို့လက်ဖွေးဖွေးက ကျွန်မ ပခုံးပေါ်ကျလာပြန်သည်။

"မမ စိတ်ထဲ ဘာတွေဖြစ်နေတယ်ဆိုတာ ကိုကို သိပါတယ်။ ပုလဲလက်စွပ်ကလေးကို စွဲနေတာ မဟုတ်လား။ ပြော...မမ သိပ်လိုချင်နေလား ပြောလေ..."

"လိုချင်တော့ရော ဝယ်ပေးမှာမို့လား"

"သိပ်လိုချင်နေတယ်။ ဒါကို ရမှဖြစ်မယ်ဆိုရင်တော့ ဝယ်ပေးရမှာပေါ့။ ကိုကို့မှာ ဒီက မမ တစ်ယောက်တည်းပဲရှိတာ"

"ဟင်"

ကျွန်မ ရင်ခုန်လိုက်မော ပျော်ရွှင်စွာ တစ်ရှိုက်မက်မက် နမ်းရှိုက်လိုက်မိသည်။ ကိုကို့ကိုတော့ မဟုတ်ပါ။ ပုလဲလက်စွပ်ကလေးကို ဖြစ်ပါသည်။

*

နောက်တစ်ခါ ငွေပိုငွေလျှံကလေး ရှိလာတော့ ကျွန်မရဲ့ လက်စွပ်ရောဂါက တစ်မျိုးထလာပြန်သည်။ သည်တစ်ခါ ပန်းထိမ်မှာ ကျကျနန အပ်မည်ဆိုပြီး ပန်းထိမ်ဆိုင်ရောက်တော့ ကျွန်မလိုချင်သောပုံစံကို ပန်းထိမ်ဆရာ သဘောမပေါက်ဘဲ ဖြစ်နေပါသည်။

"လက်ချောင်းကလေးရဲ့ အရင်းမှာ ပန်းဖော်ထားတဲ့ ကွင်းကလေးတစ်ကွင်း၊ အဲဒီလက်ချောင်းမှာပဲ အလယ်လက်ဆစ်ရဲ့အပေါ်မှာ ပန်းဖော်ထားတဲ့ကွင်းတစ်ကွင်း။ အဲဒီနှစ်ကွင်းကို ကြိုးနဲ့ ခပ်လျော့လျော့ ဆက်သွယ်ထားမယ်။ လက်ကလေး အောက်ချထားရင် ကြိုးကွင်းကလေးတွဲလောင်း



ကျနေမယ်ပေါ့"

ပန်းထိမ်ဆရာ ဦးလေးကြီးသည် မီးသေနေသော ဆေးပြင်းလိပ်ကို ခဲရင်း သူ့ငွေရောင်ဆံပင်များကို တဗျင်းဗျင်း ကုတ်နေလေသည်။

"ငါ့တူမပြောတာ ဦးလေးမျက်စိထဲ မမြင်ဘူးကွဲ့"

"ဒီလို...ဦးလေးရယ်..."ကျွန်မက ဒုတိယမ္ပိ၊ တတိယမ္ပိ အကြိမ်ကြိမ် ရှင်းပါသော်လည်း ပန်းထိမ်ဆရာကြီးက သဘောမပေါက်ပါချေ။ ကျွန်မကပဲ ညံ့ဖျင်းလေသလား။ ပန်းထိမ်ဆရာကြီးကပဲ ခေတ်အမြင်မရှိလေသလား။

"ဦးလေးတစ်သက် ရှုပ်ရှုပ်ယှက်ယှက်ပုံမျိုး တစ်ခါမှ မလုပ်ပေးဖူးပေါင်ကွယ်"

ဆိုသည်နှင့် အဆုံးသတ်ကာ ထိုနေ့က မကြိုက်တကြိုက်နှင့်ပင် မောင်နှံခုနစ်ဖော် ဆောက်ဖြတ်လက်စွပ် ခုနစ်ကွင်းတွဲကိုပင် ဝယ်ဖြစ်သွားတော့သည်။ ကျွန်မ စိတ်ကူးယဉ်ထားသော ကုလားမင်းသမီးတွေ ဝတ်လေ့ရှိသည့် လက်ချောင်းတစ်ချောင်းတည်းတွင် လက်ဆစ်တစ်ဆစ်စီ၌ တစ်ကွင်းစီစွပ်နေသော ကြိုးတွဲလောင်းကလေးနှင့် လက်စွပ်ညီအစ်မကို စွန့်လွှတ်လိုက်ရလေသည်။ ဘာပဲပြောပြော လက်ချောင်းကလေး လှုပ်ရှားလိုက်လျှင် ပြိုးခနဲ ပြက်ခနဲလင်းလက်သွားသော မောင်နှံခုနစ်ဖော်ကလေးနှင့်ပင် ကျေနပ်နှစ်သိမ့်လိုက်ရလေသည်။

သည့်နောက်တော့ ကျွန်မ စုငွေစာအုပ်ကလေးအတွင်း စုငွေများကြီးစားထည့်ရင်း လက်စွပ်အိပ်မက်တွေ တစ်ခုပြီးတစ်ခု ဆက်မက်တော့သည်။ ပတ္တမြားတန်းစီကလေးကလည်း လေးကွင်း ငါးကွင်း ဆင့်ဝတ်ချင်လှသည်ပဲ။ နီလာချယ်ဆိုလျှင်တော့ တစ်ကွင်းတည်းမှ။ စိန်တစ်ပွင့်...မြတစ်ရစ်ဆိုလျှင်ကော။ စိန်တန်း၊ စိန်ချယ်များကိုတော့ ကျွန်မ မလှမ်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် စိတ်ကူးထဲပင် မထည့်မိ။ စိတ်ကူးယဉ်တာတောင်မှ ကိုယ့်အင်ကိုယ့်အားကလေးနှင့် တနိုင်တပိုင်ပဲ ကောင်းသည်။ သည်လိုနှင့် ကျွန်မ၏ ယွန်းဗူးကလေးထဲမှာ လက်စွပ်ကလေးတွေ တစ်ကွင်းပြီးတစ်ကွင်း တိုးလာသည်။

ပွဲလမ်းသဘင်၊ အလှူမင်္ဂလာဆောင်သွားသည့်အခါမျိုးတွင် ကျွန်မ လက်ချောင်းလေးချောင်းစလုံးတွင် လက်စွပ်ကလေးတွေ ကိုယ်စီနှင့်။ တစ်ခါတစ်ရံ ရွှေသားချည်း။ တစ်ခါတစ်ရံ ချယ်နှင့် တန်းသွားရောနှော၊ သည်အထဲမှာမှ အိမ်ထောင်ဦးဆီမှ ကိုကို ကိုယ်တိုင် ဝယ်ပေးထားသော ပုလဲလက်စွပ်ကလေးကတော့ အဝင့်ကြွားဆုံး၊ ကျွန်မနှင့် အလိုက်ဖက်ဆုံး၊ ကျွန်မရဲ့ လက်သူကြွယ်မှာ ချွန်ချွန်ထောင်ထောင်ကလေးနှင့် တောင်ဘက်စွန်း မြိတ်ရဲ့ဂုဏ်ဆောင် ပုလဲဂုဏ်ရည်ကို ပြသနေသည့် ကျွန်မရဲ့ ရွှေပြည်စိုး အရှင်သခင်ကလေးကိုတော့ ကျွန်မ အနှစ်ခြိုက်ဆုံး။

အရှိန်နှင့် မြောက်ကျလာသော ဇါလီလုံးကလေး မြကဲခင်းစိမ်းစိမ်းပေါ် ဘယ်လောက်ဝေးအောင်လိမ့်လိမ့်၊ တစ်နေ့ရာမှာတော့ ရပ်တန့်သွားမှာ ဖြစ်သလို ကျွန်မ၏ လက်စွပ်များအပေါ် တပ်မက်မောသည့် စိတ်ကူး အရှူးအိပ်မက်သည်၊ တစ်ခါမှာတော့ နိဂုံးကမွတ် အဆုံးသတ်ရှန် အကြောင်းဖန်လာလေသည်။

ထိုနေ့က ကိစ္စတစ်ခုနှင့် မြို့ထဲထွက်လာရာမှာ ရွှေဆိုင်တန်းတွေဘက် ရောက်သွားရာ နယူးတိုင်စင်ရွှေဆိုင်ရှေ့ရောက်တော့ ကျွန်မက ဆိုင်ထဲကို ကိုကို့ကိုပါ ဆွဲ၍ ဒိုးဒိုးဇတ်ဇတ် ဝင်သွားလေသည်။

"လာပါ...ကိုကိုရဲ့။ မဝယ်လည်း လေ့လာရတာပေါ့"

ဆိုင်ထဲရောက်တော့ 'လက်စွပ်ကောင်တာ'မှာ လူတွေ ကြိတ်ကြိတ်တိုးနေသည်။ ကျွန်မလည်း ရောဝင်တိုးကာ မှန်ပုံးထဲမှ လက်စွပ်တွေကို



ကြည့်မိသည်။ အား...ရှိ...ရှိ...များပြားဆန်းပြားလှသည့် လက်စွပ်တွေ လား။ အသွင်သဏ္ဌာန် အမျိုးမျိုးသော ပြိုးပြိုးပြက်ပြက် လက်စွပ်တွေက န်မကို ဆွဲငင်အားကောင်းစွာ မျက်စပစ်ခေါ်နေသည်။ နယ်မှ ရန်ကုန် ပြောင်းလာသည်မှာ မကြာသေး၍ ဤမျှများပြားပြီး လက်ရာစုံလင် သော လက်စွပ်မျိုးစုံကို ကျွန်မ တစ်သက်နှင့်တစ်ကိုယ် မမြင်ဖူး၊ မကြုံ သေးသည်မှာ အမှန်ပင်ဖြစ်၍ လက်စွပ်ကောင်တာမှ ကျွန်မ မခွာနိုင်ဘဲ နေလေသည်။ ကိုကိုက သွားစို့ဆိုလေ ကျွန်မက ရှေ့ကိုတိုးလေ။

"ဟောဒါလေးက ကြိုက်ရဲ့သားနဲ့ လက်နဲ့ဝတ်လို့ မတော်ဘူး နေတယ်"

ကျွန်မထက်အရင် ရောက်နှင့်နေသော အမျိုးသမီးက သူနှင့် ာ်သော လက်စွပ်ကို ချွတ်ကာ ကောင်တာပေါ် ပြန်တင်လိုက်သည်။

"အလို..."

ကျွန်မတစ်သက်နှင့်တစ်ကိုယ် သည်လို လက်စွပ်မျိုး တစ်ခါမှ ်ဖူး။ ဆန်းလှချည်လား။ ထိုအမျိုးသမီး ချွတ်ချလိုက်သော လက်စွပ် ကျွန်မ လက်သွက်သွက်နှင့် ကောက်ယူကာ ကျွန်မ လက်ခလယ်တွင် ဇတ်ခနဲစွပ်ကြည့်လိုက်ရာ အတော်ပဲ ဖြစ်နေလေသည်။

"ဟေး...အတော်ပဲ...အတော်ပဲ မချွတ်နဲ့တော့... ယူလိုက်... ိုက်..."

ဝိုင်းအုံနေသော မိန်းမထုကြီးဆီမှ တွန်းအားပေးသံ ပေါ်ထွက် တော့ ကျွန်မ စိတ်ပါလက်ပါ ဖြစ်လာပြီး လက်စွပ်ကလေးကို မချွတ် ဘာဘဲ လိုချင်တပ်မက်စိတ်တွေ တရိပ်ရိပ် တက်လာတော့သည်။ ၏ လက်ခလယ်တွင် ဝင့်ဝင့်ထည်ထည် နေရာယူနေသော လက်စွပ် ခါတိုင်းလို မောင်နှံခုနစ်ဖော်တို့၊ လုံးချောတို့၊ တန်းသွားတို့၊ ပန်း

www.burmeseclassic.com



ဆောက်တို့ မဟုတ်ဘဲ လက်စွပ်တစ်ကွင်းထဲတွင် လိပ်ပြာသုံးကော ကြီးငယ်လိုက် အစဉ်အတိုင်း နားနေသည့် ပုံစံဖြစ်သည်။ လိပ်ပြ သုံးကောင် အစဉ်အတိုင်း နားနေသဖြင့် လက်စွပ်မှာ တစ်ကွင်းတည်းဖေ သုံးကွင်းသဏ္ဍာန်ဖြစ်နေကာ လက်ချောင်းရဲ့ အလယ်ဆစ်ရိုးနားအ ရောက်နေလေသည်။ အဖျားဆုံးလိပ်ပြာ အငယ်ဆုံးကလေးထိပ်တွ အသည်းပုံကလေးနှစ်ခုပါရှိရာ လက်လှုပ်လိုက်တိုင်း အသည်းကလေးနှ လှုပ်ခတ်နေကာ ဆွဲဆောင်မှု အပြည့်အဝ ရှိနေတော့သည်။ လက်ဆ ဘင်ဆစ်လုံးနီးပါး နေရာယူထားသော လက်စွပ်၏ ဝင့်ကြွားမှုက ကျွန်မ စိတ်ကို အကြီးအကျယ် ညို့ငင်နေလေသည်။

"အတော်ပဲ…အတော်ပဲ…မချွတ်နဲ့တော့ ဟိုမှာကြည့်စမ်း၊ ပြကွဒ် ထဲမှာ မေသန်းနုလည်း ဒီလက်စွပ်မျိုး ဝတ်ထားတယ်။ ဘယ်လော လှသလဲ။ ယူဖြစ်အောင် ယူလိုက်"

တစ်ယောက်တစ်ပေါက် တိုက်တွန်းသံတွေက ကျွန်မ၏ လို ဘင်မက်စိတ်နှင့် ပိုင်ဆိုင်လိုမှုကို တွန်းထိုးသလို ဖြစ်ပြီး လက်စွပ်ကလေ ခန့်ဘိနိုင်ဘဲ တကြည့်ကြည့်နှင့် ဖြစ်နေလေသည်။ ဟုတ်တယ်။ သိပ်လှ လက်စွပ်ကလေး။ လိပ်ပြာသုံးကောင် နားနေသည်။ လိပ်ပြာကိုယ်ထ ပေါ်မှာ ဘောလုံးကလေးတွေ တစ်လုံးစီ ပါသေးရဲ့။ ကျွန်မလက်ချော ကလေးနဲ့ အနေတော် အခန့်သင့်နေသည့် လက်စွပ်ကလေး။ နောက်ဆ ... ယခုပင် လုပ်ငန်းတစ်ခုမှ ရရှိခဲ့သော အမြတ်အစွန်းကလေး ... ငွေစာအုပ်ထဲမရောက်ဘဲ လက်စွပ်ကောင်တာနောက်ကို ရောက်သွ ...သည်။

"...ယ်လိုလဲ။ ကျေနပ်ပလား"

... စင်မွှေးဆိုင်းသံမှ ယွက်လာတော့ ကိုကိုက ကျွန်မ





...မ်းပြောလိုက်သည့် စကားများ မကြားတချက် ကြားတချက်၊ ဝမ်းသာ ...ဆို့ပြီး လက်စွပ်ကလေးကို တယုတယ ပွတ်သပ်နေမိသည်။ ဆောရီး …ပုလဲလက်စွပ်ကလေးရယ်…ကျွန်မကတော့ ပုလဲလက်စွပ်ကလေး ...တော် ဒီလက်စွပ်ကလေးကို ပိုချစ်မိသွားပြီ။ နေဦး…ဆောင်ချာထဲမှာ ...လက်စွပ်ကလေးရဲ့နာမည်က လိပ်ပြာဘောလုံးလက်စွပ်တဲ့။ ကျွန်မရဲ့ ...တ်နိုးရပါတဲ့ လိပ်ပြာဘောလုံးလက်စွပ်ကလေးရယ်…မင်းကို ကိုယ် ...င်သက်လုံး ချစ်သွားမယ် ကတိပေးပါတယ်။

*

ထိုလိပ်ပြာဘောလုံးလက်စွပ်ရသည့်နေ့မှစ၍ ကျွန်မ ထိုလက် ...ပ်ကို မချွတ်တော့၊ ကျွန်မလက်နှင့်ဆို ဝင့်လည်းဝင့်ကြွား၊ အဟန့်လည်း ...ဘောင်းလှသဖြင့် အလှအပ အမော်အကြွား ခုံမင်သည့်မိန်းမစိတ်ဓာတ်အခံ ...ည့်နေသော ကျွန်မသည် လက်စွပ်ကလေးကို ခုံမင် မြတ်နိုး ဂုဏ်ယူစိတ် ...ပြည့်နှင့် ဝတ်ဆင်ပါသည်။ အစဉ်အမြဲ မချွတ်စတမ်း ဝတ်ဆင်မိသည့် ...ခါတွင်တော့၊ လက်စွပ်ကလေး၏ ချွတ်ယွင်းချက်တွေနှင့် တစ်ခုပြီးတစ်ခု ...င်ဆိုင်တွေ့လာရလေသည်။

ပလက်ဖောင်းပေါ်မှာ လမ်းလျှောက်ရင်း လက်နှစ်ဖက်ကို အမှတ် ...မဲ့ လွဲမိရာမှ မျက်နှာချင်းဆိုင် လာနေသော လူ၏ လွယ်အိတ် အမွေး ...အတွင်း ငြိပါသွားသဖြင့် (လက်စွပ်ကလေး ကျိုးပဲ့သွားမည်စိုး၍) ...ပါ အပြေးအလွှား တယုတယ ဖြုတ်ယူရသည့် အဖြစ်မျိုး။ ဘတ်စကား ...စီးရင်း အမှတ်တမဲ့ ကိုင်ဆွဲမိရာ ရှေ့မှအမျိုးသမီး၏ ဆံပင်နှင့် သွားငြိ ...သဖြင့် အသည်းအသန်ဖြုတ်ကာ အားနာပါးနာ တောင်းပန်ရသည့် ...ဖြစ်မျိုး။ မည်သူနှင့်မှ ပြဿနာမပေါ်လျှင်လည်း ကျွန်မ...သည့်

www.burmeseclassic.com



ဓာလိုအစနှင့်ချုပ်သော အင်္ကျီမျိုးနှင့် မကြာခဏ ငြိနေသဖြင့် လမ်းခရီးမှာ ရပ်ပြီး ဖြုတ်ရသည့် အဖြစ်မျိုး စသည့် လက်စွပ်ကလေး၏ ချွတ်ယွင်းချက် ကရိကထကို ကျွန်မ အနိုင်နိုင် မြိုသိပ်ကာ လှချင်ပချင်စိတ်ဖြင့် ဖွတ်မှိတ် ဝတ်နေရလေသည်။

ထိုဒုက္ခများ ကင်းကွာချုပ်ငြိမ်းမည့် နေ့တစ်နေ့သည် ကျွန်မဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေသည်။ ထိုနေ့က ကျွန်မ အလုပ်အားသည်နှင့် ကိုကို အလုပ်လုပ်ရာ ရုံးချုပ်(ကိုးမိုင်)ဘက် လိုက်သွားမိသည်။ အပြန်ကားဂိတ်တွင် ကားစောင့်ရင်း ကိုကိုက မိတ်ဆွေနှင့်တွေ့ကာ စကားလက်ဆုံကျနေလေသည်။ ကားကလည်း ကားဆက်ပြတ်ပြီး ကြာနေသဖြင့် အုတ်ခုံကလေးတွင် ကျွန်မ ထိုင်လိုက်မိသော်လည်း အနီးအနားမှ လူကို သတိမမူမိပါ။ ကားအလာကိုသာ မျှော်လင့်တကြီး မျှော်ကြည့်နေမိသည်။ ထိုအချိန်တွင်...

"လက်စွပ်ကြီး...လက်စွပ်ကြီး...ဧရာမ လက်စွပ်ကြီး..."

အနီးတွင်ကပ်လျက် စီခနဲ အော်လိုက်သည့် အသံကြောင့် ကျွန်မ အလန့်ကြီး လန့်သွားစဉ် အသံရှင်သည် လက်ထောက်ထိုင်နေသော ကျွန်မ၏ ဘယ်ဘက်လက်မှ လက်စွပ်ကို ဇတ်ခနဲဆွဲကာ မတင်လိုက် တော့သည်။

'ကြီးလိုက်တဲ့ လက်စွပ်၊ ကောင်းလိုက်တဲ့ လက်စွပ်' ထိုသူက လက်စွပ်ကို မလွှတ်ဘဲ ပေါက်ကရတွေအော်နေရာ ကျွန်မလည်း လက်ကို ပြန်ရုန်းရခက်စွာ စိတ်လှုပ်ရှားနေတော့သည်။ သူက လက်စွပ်ကို ဆွဲထားရာ အတင်းရုန်းပါက လက်နာမည်။ လက်စွပ်ကလေးရော ကျိုးပဲ့ ချင် ကျိုးပဲ့နိုင်သေးသည်။

'မပေး...ပေး...ပေး ငါ့လက်စွပ် ပေး...ပလို့ဂျို' 'မပေး...ပေး



...ပေး ငါ့လက်စွပ် ပေး'

"အို...ရှင် ဘာလုပ်တာလဲ လွှတ်...လွှတ်..."

ကျွန်မက ပြောပြောဆိုဆို ဆောင့်ရုန်းလိုက်တော့ လက်လွှတ်သွားသော်လည်း ထိုသူ၏ အကြည့်မှာ ကျွန်မလက်စွပ်မှ မခွာသေးဘဲ လက်စွပ်ကြီး...လက်စွပ်ကြီး...ဧရာမလက်စွပ်ကြီး ပါးစပ်မှ ထွက်ကရာ ဆက်အော်နေသေးသည်။ ကျွန်မ အလန့်တကြား နောက်ဆုတ်ကာ ထိုသူကို သေသေချာချာ ကြည့်မိတော့မှ အပေါ်ပိုင်းမှာ ရှပ်အင်္ကျီနှင့် ဂျာကင် အနွေးထည်ကို သားသားနားနား ဝတ်ဆင်ထားသော်လည်း အပေါက်အဖာ ဝရုပ္ပ ဘောင်းဘီရှည်နှင့် ခြေထောက်တွင် ကြိုးတွေ အထပ်ထပ် ရစ်ပတ် ချည်နှောင်ထားကာ ဘွတ်ဖိနပ်အဟောင်းကြီး စီးထားသော ခြေထောက် အစုံကိုမြင်မှ ကျွန်မ သဘောပေါက်သွားတော့သည်။ ထိုအဖြစ်အပျက် ကြောင့် စိတ်လှုပ်ရှားမှုများဖြင့် အိမ်ပြန်ရောက်သောအခါ 'ဆင်တိုင်းလည်း မတင့်'၊ 'ဆင်တတ်မှယဉ်'၊ 'အဆင်မတတ်တော့ ရိုင်းသလို' ဆိုသည့် စကားများကို တစ်ထိုင်တည်းနှင့် သဘောပေါက်သွားကာ ကျွန်မ ချစ်မြတ်နိုးလှသော လိပ်ပြာဘောလုံးလက်စွပ်ကလေးကို ယွန်းဗူးကလေး ထဲစိတ် မကောင်းခြင်းကြီးစွာဖြင့် သိမ်းဆည်းလိုက်တော့သည်။

ထိုအချိန်မှစ၍ ကျွန်မသည် နောက်ထပ် လက်စွပ်ကလေးများအပေါ် တပ်မက်မောသည့် အလိုဆန္ဒများပါ တပါတည်း သိမ်းဆည်းပြီးသား ဖြစ်သွားတော့သည်။ ထိုညက လူခြေတိတ်သောအချိန်တွင် ယွန်းဗူးကလေး အတွင်းမှ ပုလဲ,လက်စွပ်ကလေး၏ ရယ်သံသဲ့သဲ့ကို ကျွန်မ ကြားလိုက်ရ လေသည်။

(ရုပ်ရှင်အမြုတေ၊ ၂၀၀၀ပြည့်၊ [illegible]လ)

www.burmeseclassic.com

www.burmeseclassic.com

# ကောင်းကင်နှစ်ဆင့် တိမ်လွှင့်အပြေး

မလေးသီရဲ့ အလှက အခုမှ နုဖတ်သန့်စင်သည့်အလှ၊ လန်းလှပြ လွှင်သည့်အလှ၊ ပြစ်မျိုးလွတ်ကင်းသည့်အလှ၊ အုံ့ဆိုင်းညှိုးယောင် တိမ်ရှော ဝေကင်းသည့်အလှ။

ထိုအလှကို ကျွန်တော် သတိလက်လွတ် ငေးကြည့်နေမိသည်

ကျွန်တော်သည် မလေးသီကို ထိုအနေအထားမျိုးဖြင့် ပြန်လည် ဆုံတွေ့ရလိမ့်မည်ဟု မည်သည့်အခါကမျှ စိတ်မကူးမိခဲ့ချေ။ မလေးသီနှ ပြန်လည်ဆုံတွေ့ရန် အကြောင်းဖန်လာခြင်းသည် ကျွန်တော် နယ်စွန်နယ ဖျားမှာ တာဝန်ထမ်းဆောင်နေရာမှ ဇာတိမြေသို့ ခေတ္တရောက်ရှိစဉ် သိ ဇရပ်မှ သူငယ်ချင်း 'အောင်သူ' ရောက်ရှိလာသည်နှင့် ပတ်သက်နေ သည်။ အောင်သူသည် တေးဂီတသီဆိုမှုကို ဝါသနာထုံသည့် ဂီတရူးတ ယောက်။ သူက သူ့နယ်မှ တီးဝိုင်းကလေးမှာ ဟိုစပ်စပ်၊ သည်စပ် ဝင်ဆိုသည်။ ထိုမှတစ်ဆင့်တက်ကာ စီးရီးထုတ်ရန် ရည်သန်နေသူလည် ဖြစ်သည်။ ယခုလည်း ဘယ်လိုက ဘယ်လို ဂီတစာဆို 'ကိုဟောမာန်' နှ ပတ်သက်လာ သည်မသိ။ သီချင်းကိစ္စ ပြောဆိုဆွေးနွေးရန် ကိုဟောမာန်နှ



တွေ့ဆုံလိုသည်ဟု ဆိုလာသည်။

"ကိုဟောမာန်ဟာ ဒီမြို့သားဖြစ်ပေမဲ့ သူနေတဲ့နေရာကို ငါမသိ ဘူးကွ"

"အဲဒါ အကြောင်းမဟုတ်ပါဘူး၊ ငါ့မှာ သူ့လိပ်စာ အတိအကျ ပါပါတယ်။ မင်းက ဒေသခံအနေနဲ့ ဘေးက အဖော်လိုက်ပေးရုံပါ"

ထိုစဉ်က 'ဒါဆိုလည်း သွားတာပေါ့'ဟု အောင်သူ့ နောက်မှ ပေါ့ပေါ့ပါးပါး လိုက်ချလာသော ကျွန်တော်သည် မြို့မဈေးကြီး အနောက် တည့်တည့် လမ်းသွယ်ထဲ အတော်ကလေးဝင်မိပြီး 'ပရိကိုး'စက်ဝင်းကြီးကို မြင်တော့ စိတ်ထဲ တစ်မျိုးဖြစ်လာသည်။ သည်စက်ကြီးမှာ ယခင်ခေတ် ကာလမကောင်းစဉ်က သူပုန်တို့က မကြာခဏ ဝင်စီးသည်ဟု နာမည်ကြီး ခဲ့သော ဆန်စက်ကြီးဖြစ်သည်။ ရာသီမှာလည်း မိုးရာသီဖြစ်၍ ဆန်စက် လည်ပတ်မှုမရှိ။ စပါးခွံပောင်း၊ ဖွဲခွံပောင်းတွေကြားတွင် ဆန်စက်ကြီး သည် ရဲတိုက်အိုကြီးတစ်လုံးလို ညှိုညစ်ထီးတည်း ရပ်တန့်ငြိမ်သက်နေ လေသည်။ အနီးအနားတွင် အိမ်ခြေကျဲပါးလှသဖြင့် လူသူကင်းဆိတ်နေ သည်မှာ အေးစက်စက်နှင့် ချောက်ချားဖွယ်ပင် ကောင်းသေးတော့၏။

"ဟေ့ကောင်...ဖြစ်ပါ့မလားကွ၊ မင်းဟာက သေချာရဲ့လား"

"လာမှာသာ လာစမ်းပါကွာ၊ ကိုဟောမာန်က ငါ့ကို အသေအချာ မှာထားတာပါ။ ဘာလဲ...မင်းက ယောကျ်ားဖြစ်ပြီး ကြောက်နေပြီလား၊ ဘာမှ မဖြစ်ပါဘူးကွာ"

တကယ်တော့ မြို့စွန်ရပ်ကွက်ရှိ ထိုစက်ဝင်းကြီးထဲသို့ ကျွန်တော် တို့ လာလေ့လာထမရှိဘဲ ပြောသံကြားနှင့် လန့်နေခြင်းသာ ဖြစ်သည်။ အောင်သူကတော့ တစ်ချက်ကလေးမှ စနိုးစနောင့် မဖြစ်။ သူ့မြို့ သူ့ နယ်မြေလိုပင် စက်ဝင်းကြီးထဲ ခပ်ရဲရဲပင် ဦးဆောင်ဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နယ်စွန်နယ်ဖျားတွင်ပင် နှစ်များစွာအနေကြာပြီးမှ ဤအရာလောက်
စိုးနှောင့်ဗျာပါမရှိသင့်ဟု စိတ်ကို တင်းကာ ကျွန်တော်သည် အောင်သူ့
အမီလိုက်ရန် ခြေလှမ်းနှုန်းကို မြှင့်တင်လိုက်သည်။

စက်ဝင်းကြီးသည် ကျယ်သည်နှင့်အမျှ အတွင်းရောက်လေ၊ ကျ
မြေမော့လေပင်။ တစ်နေရာရောက်တော့ ကျွန်တော်ရော၊ အောင်သူ
ရပ်တန့်သွားလေသည်။ မရပ်တန့်၍လည်း မဖြစ်။ လျှောက်စရာ ကုန်းမြေ
ဆုံးနေပြီ။ ကျွန်တော်တို့သည် တာရိုးထိပ်မှာ ရပ်မိသူကဲ့သို့ အံ့ဩမင်တ
စိတ်နှင့် ရေဖွေးဖွေးအောက်တွင် အိမ်တိုင်များ မြှုပ်နေသော အနိမ့်ပိုင်
လူနေရပ်ကွက်ကို ငေးမျှော်ကြည့်နေမိကြလေသည်။

သို့ညွှန်နေရာမှာ သည်လိုရပ်ကွက်မျိုး ရှိနေသည်ကို ကျွန်တော
ဘာကြောင့် မသိခဲ့ပါလိမ့်။ ဒါကလည်း ကျွန်တော့်အိမ်နှင့် ကျွန်တော့်မိဘ
တွေ၏ စည်းစနစ်နှင့် ဆိုင်မည်ထင်သည်။ သားယောကျ်ားလေးဖြစ်ပေ
အမေက ချောင်ကြိုချောင်ကြား ကိုးကုန်းကိုးကျင်း လျှောက်သွားနေသည်
ကို နှစ်ခြိုက်ခြင်းမရှိသဖြင့် ကျွန်တော်သည် မြို့၏ ရပ်ကွက်နေရာစုံသ
ရောက်ဖူးခြင်း မရှိ။ ကျွန်တော် လူပျိုပေါက်ဖြစ်လာတော့ အခြားရွယ်တူ
ကောင်လေးတွေလို တောင်ခြေစမ်းချောင်းကလေးမှာ ရေသွားကူးဖူးခြင်း
မရှိ။ ထိုတောင်ကျချောင်းရေတံခွန်မှ လူသားစားဆင်တစ်ရပ်ချောက်၏
သတင်းဆိုးကပင် ကျွန်တော့်ကို အခြောက်လှန့်ကြီး ခြောက်လှန့်လှ၏

မိဘတွေမသိဘဲ လဝတောင်သို့ ငှက်ပစ်သွားဖူးခြင်းမရှိ။ လ
စည်ကားရာ မြသပိတ်တောင်သည်ပင်လျှင် သွားရိုးသွားစဉ် နေရာများမှအ
ချောင်ကျ၍ လူပြောများသော ပုဂံဝူသို့ ရောက်ဖူးခြင်းမရှိ။ ကျွန်တော
သည် အမေ့ဩဇာရိပ်အောက်တွင် အသားသေ၊ ခေါက်ရိုးကျေစွာ ကြီးပြင်
ခဲ့ရသဖြင့် ခပ်ပျော့ပျော့ ယောကျ်ားတစ်ယောက်ဖြစ်နေမည်လားမသိ



ယခုပင် ဤပရိကိုး စက်ဝင်းကြီး၏ ကုန်းထိပ်မှမျှော်ကြည့်လျှင် အနိမ့်ပိုင်း လူနေရပ်ကွက်ရှိနေခြင်းသည် ကျွန်တော့်အတွက် ဆန်းကျယ်နေပြန်သည်။

ရေမြှုပ်နေသော လူနေရပ်ကွက်ကလေးသည် မိုးသားညိုညို ကောင်းကင်အောက်တွင် နေသားတကျ တိုးတိတ်ငြိမ်သက်နေသည်။ ခနိမိုး၊ ဝါးကပ်ကာ၊ တဲအိမ်များက အစီအစဉ်မကျနစွာ ပြန့်ကျဲတည်ရှိနေသည်။ ရပ်ကွက်ကလေး၏ ဟိုမှာဘက်မှာတော့ ခရီးသွားနေသည့် မြွေတစ်ကောင်၏ ကျောကုန်းနှင့်တူသော ရထားလမ်းရှည်ကြီးက မုတ္တမ–သံလွင်ကမ်းဆီ တိုးဝင်ထွက်ခွာသွားသည်။ ရထားလမ်း၏ အခြားတစ်ဖက်မှာတော့ လေငင် ယိမ်းလှုပ်စိမ်းအုပ်အုပ်လယ်ကွင်းပြင်များ။

ကျွန်တော်သည် အောင်သူကို 'ကဲ…ဘယ့်နှယ်ရှိစ' ဟူသော သဘောဖြင့် မျက်စချီကြည့်လိုက်တော့ သူက အသာနေသဘောဖြင့် ကျွန်တော့်ကို လက်ကာပြကာ ကျွန်တော် မထင်မှတ်သော အပြုအမူကို ပြုမူလိုက်လေသည်။

အောင်သူသည် ပုဆိုးကို တိုတိုပြင်ဝတ်လျက် လက်နှစ်ဖက်ကို ပါးစပ်နားအုပ်ကာ…

"ဥည့်သည်ဗျို့…ဥည့်သည်…ကိုဟောမာန်အိမ် သွားချင်လို့ပါဗျို့"

အသံကျယ်ကျယ်ဖြင့် သုံးကြိမ်သုံးခါ အော်ပြီးသောအခါတွင်တော့ ရေတစ်ဝက် မြှုပ်တဲ့အိမ်ကလေးရဲ့ ပြတင်းကဲလားတစ်ခုပွင့်လာတော့သည်။ ပြတင်းကဲလားမှ လူတစ်ယောက်ရဲ့ ကိုယ်တစ်ပိုင်းထွက်လာတာ ကျွန်တော်တို့ရှိရာ စက်ဝင်းကြီးဘက် မျှော်ကဲကြည့်နေသည်။

"တွေ့လား…အဲဒါ ဂီတစာဆို ကိုဟောမာန်ပေါ့ကွ"

မကြာခင် ကိုဟောမာန်ကိုယ်တိုင် လာကြိုသော လက်ကုတ်လှေကလေးပေါ် ကျွန်တော်တို့ နှစ်ယောက်သား ပါသွားကြလေသည်။ ရေ

www.burmeseclassic.com

www.burmeseclassic.com



အနက်ကို တွေးချင့်နေဆဲ အလှမ်းမဝေးသော တဲအိမ်ကလေးဆီသို့ ရောက်ရှိသွားတော့သည်။

"မင်း တကယ်ရောက်လာတာ ဝမ်းသာတယ်ကွာ၊ စကားတွေပြောကြတာပေါ့၊ ထိုင်ကြ...ထိုင်ကြ၊ အိမ်ရှင်မတော့ မရှိသေးဘူး၊ ဒါပေမဲ့ မကြာဘူး၊ ပြန်လာတော့မှာ၊ သူလာမှ စားစရာတစ်ခုခု စီစဉ်ခိုင်းတာပေါ့"

ခနီမိုး။ ထရံကာ၊ တဲအိမ်ကလေးပေမဲ့ အတွင်းမှာ ပကာသနမဖက်သော အိမ်သုံးပစ္စည်းကလေးတွေကို သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ် စီရီထားသဖြင့် အိမ်ရှင်မ၏ အရည်အချင်းကို အကဲဖြတ်၍ ရလေသည်။ ကိုဟောမာန်မှာ အသက်လေးဆယ်အရွယ် အသားညိုညို၊ အရပ်ရှည်ရှည်နှင့် ပိန်သွယ်ဟန်ထင်ရသော်လည်း ကျန်းမာရေးတော့ ကောင်းပုံရလေသည်။

သူတို့သည် သီချင်းတွေအကြောင်း ပြောဆိုကြလေ၏။ သူတို့ပြောသောစကားတွေက ကျွန်တော့်နားနှင့် စိမ်းလှ၏။ တေးဂီတအကြောင်း၊ ယနေ့စီးဆင်းနေသော တေးဂီတစီးကြောင်း၊ ပြီးတော့ စီးရီးလောက၏ နိမ့်မြင့်သံစဉ်၊ ကျွန်တော်ကတော့ နယ်စွန်နယ်ဖျားသို့ရောက်နေရသည့်အထဲ ဂီတနှင့်ကင်းကွာနေသဖြင့် သူတို့ပြောနေသော ယနေ့ဂီတလောကအခြေအနေနှင့် အလှမ်းကွာလွန်းလှ၏။ မကြာခင် ကိုဟောမာန်က ဂီတာကိုကိုင်၊ အောင်သူက စည်းနှင့်ဝါးကိုကိုင်ကာ သီချင်းသစ်တက်ကြလေသည်။

ကျွန်တော်သည် မိမိမကျွမ်းဝင်သော ကိစ္စဖြစ်သဖြင့် နေရာချထားပေးသော တစ်လုံးတည်းသော ပက်လက်ကုလားထိုင်တွင် ထိုင်ကာ ပတ်ဝန်းကျင်ကို ငေးမောနေမိသည်။ မိုးသားညိုညို လွင့်ပြယ်သွားပြီးနောက်



မိုးဖြူဖွဲဖွဲအောက်တွင် ရပ်ကွက်ကလေးသည် အေးချမ်းဆိတ်ငြိမ်နေသည်။ ဟိုအိမ်သည်အိမ်မှ အသံဗလံများပင်မကြားရအောင် အတိတ်ဆိတ်ကြီးတိတ်ဆိတ်နေ၏။ မိုးအေးအေးမှာ ကွေးနေကြသည်ထင့်။ သီချင်းသံသည် တိုးတိတ်နေသော ဝန်းကျင်သို့ ရိုးရိုးရဲရဲ တိုးဝင်လာသည်။

တံတျာတေးဖွဲ့...နွေရဲ့သံစဉ်...ကြွေလွင့်လွင့် လွမ်းယောင်လွမ်းရိပ်...စိုးထိတ်ရှိုက်ငင်...ကြည်သူမျှော်မော...ဥဩမြည်တမ်းသံချိုနှင့်...နယ်ရှစ်ခွင်အာကာပြင်ထဲ...လေငင်ဆောင်သွဲ့ယှူစေချင်။

လက်ရှိအနေအထားက မိုးရာသီ၊ သီချင်းအဖွဲ့က နွေအဖွဲ့၊ ထိုအဆီအငေါ်မတည့်မှုကို တစ်ကိုယ်တည်းပြုံးလျက် သူတို့အလုပ်တွင် ကျွန်တော်ပါ နစ်မျောလိုက်ပါနေမိသည်။ ထိုသင်္ဂါရမြစ်ဖျားသို့ စုန်ဆန်တက်ဆင်းနေသော စိတ်အစဉ်သည် မြင်ကွင်းတစ်စုံတစ်ရာ၏ ပုတ်နှိုးခြင်းကို ခံလိုက်ရသဖြင့် ပက်လက်ကုလားထိုင်ပေါ်မှ ကျွန်တော်သည်ပင် ခါးမတ်မတ်ဆန့်သွားရလေသည်။ ဘဲကလေးတွေ...ဘဲကလေးတွေ ရေပြင်မှာ ကူးယက်လာသော နှစ်ရာကျော်၊ သုံးရာခန့်ရှိမည့် ဘဲကလေးအုပ်ကြီးသည် ဆူညံစွာ အော်ဟစ်အသံပြုလျက် အိမ်တိုင်မြုပ်ရေပြင်ထဲ တိုးဝင်လာနေကြသည်။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်နေရာမှ ရုတ်ချည်းပင် အသံဗလံတို့ဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

အသေအချာကြည့်လိုက်တော့ ဘဲကလေးအုပ်ကြီးမှာ ဝရုန်းသုံးကားပရမ်းပတာလာနေကြခြင်း မဟုတ်ဘဲ တစ်ကောင်နောက် တစ်ကောင် စနစ်တကျ စီတန်းတက်လာကြခြင်းမှာ အလေ့အကျင့်ရှိပြီးသား တပ်တောင်တာဗိုလ်ထုတို့ စစ်ချီလာသည်နှင့် တူနေသေးတော့၏။ မြင်ကွင်းသည် တဖြည်းဖြည်းနီးလာရာ ထိုဘဲအုပ်ကြီးကို ထိန်းကျောင်းလာသော လက်ကုပ်လှေငယ်ကလေးကိုပါ မြင်တွေ့ရတော့သည်။ လှေငယ်ပေါ်မှာ

www.burmeseclassic.com



တော့ ပုဆိုးဟောင်းတစ်ထည်ကို ခေါင်းမှာပေါင်းထားသည့် အမျိုးသမီး တစ်ယောက်။ ဘဲအုပ်က တစ်ရာ နှစ်ရာ မဖေဒါက တစ်ပင်တည်း။ သည် မဖေဒါက ဘဲအုပ်၏ အယက်အကန်ကို ခံမှာမဟုတ်၊ ဘဲတွေကို ထိန်း ကျောင်းပဲ့ကိုင်လာသူ။ မိုးဖွဲဖွဲကျနေသော ရေပြင်ကို ထိုးခွဲဝင်ရောက်လာ သည့် ဘဲတွေကို ထိန်းကျောင်းရင်း ထိုအမျိုးသမီး လှေလှော်လာပုံမှာ လှပသောကဗျာတစ်ပုဒ် သို့မဟုတ် ဆန်းကျယ်ထူးခြားသော ပန်းချီကား တစ်ချပ်နှယ် ကျွန်တော့်ရင်ကို နုသစ်ခံစားမှုများ ပေးလေသည်။ မကြာခင် ဘဲအုပ်သည် အိမ်နှင့်နီးကပ်လာရာ ကျွန်တော် မတွေးမိထားသော အဖြစ် အပျက်တို့နှင့် ဆက်တိုက် ကြုံတွေ့ရလေသည်။

ဘဲအုပ်ကြီးသည် ကျွန်တော်ထိုင်နေသော အိမ်အောက် ဘဲခြံ အတွင်းသို့ စနစ်တကျ ဝင်ရောက်သွားရာ ဘဲအော်သံက ကိုဟေမာန်တို့ သီချင်းသံကို ဖုံးလွှမ်းသွားတော့၏။ ဘဲကျောင်းလှေငယ်လည်း ကျွန်တော် ထိုင်နေသော အိမ်ဖိနပ်ချွတ်အောက် အတက်အဆင်းအနီး ထိုးဆိုက်လျက် အမျိုးသမီးသည် လှေပေါ်မှ အိမ်ကပြင်သို့ ကျွမ်းကျင်စွာ ခုန်ကူးလိုက် လေသည်။ ခေါင်းမှာ ပေါင်းထားသော ပုဆိုးဟောင်းကို ဖြည်၍ မျက်နှာ မှ ချွေးစက်မိုးမှုံများကို သုတ်ရန်ပြင်လိုက်သည်တွင်...

"ဟင်...မလေးသီ"

"အို...အလို...မောင်မောင်ပါလား"

ကျွန်တော်သည် ထိုင်နေရာမှ ရုတ်ခနဲရပ်ကာ မလေးသီကို ငေး ကြောင်ကြည့်နေမိသည်။ မလေးသီ၊ တစ်ခါက ကျွန်တော့်ရဲ့ မလေးသီ၊ ကျွန်တော့်ရဲ့ မလေးသီ။

"ဟော...မလေးနဲ့ ဧည့်သည်နဲ့ သိဟောင်း ကျွမ်းဟောင်းတွေ ထင်တယ်၊ မလေးရေ ဧည့်သည်တွေအတွက် စားစရာတစ်ခုခု လုပ်ပေးပါ



ကွယ်"

ကိုဟေမာန်ဆီမှ အသံထွက်လာသဖြင့် မလေးသီအိမ်ခန်းအတွင်း ဝင်သွားသော်လည်း ကျွန်တော့်မှာ ထိုနေရာတွင်ပင် တောင့်တောင့်ကြီး ရပ်နေမိလေသည်။ မထင်ခဲ့။ မလေးသီကို သည်နေရာ၊ သည်အနေအထား မျိုးဖြင့် မြင်ရလိမ့်မည်ဟု မထင်မှတ်ခဲ့။ ခြောက်နှစ်ကျော်၊ ခုနစ်နှစ်ခရီး တာသည် ပြောင်းလဲမှုဖြစ်စဉ်တရားကို ဆွဲယူပေါင်းသင်းလိုက်သည်မှာ ကျွမ်းကျင်သည့် မျက်လှည့်ဆရာတစ်ယောက်၏ လှည့်ကွက်နှင့် တူနေ သေးတော့၏။

မကြာခင် အငွေ့တထောင်းထောင်းထလျက် အုန်းသီးနိုင်းချင်း ဖြူးထားသော ကောက်ညှင်းပေါင်းတစ်ပန်းကန်နှင့် ဘဲဥအရည်တည်ပြုတ် ကလေးတွေကို ထက်ခြမ်းခြမ်း ဆားဖြူးထားသော ပန်းကန်တစ်ချပ် လက်ဖက်ရည်ပွဲနှင့်အတူ ရောက်ရှိလာလေတော့သည်။

ကာလဒေသနှင့် လိုက်လျောညီထွေသော အစားအစာပေတကား။ ထိုအချိန်တွင် အိမ်အောက်မှ ဘဲအော်သံများ တဖြည်းဖြည်း လျော့ကျလာ လေရာ ကိုဟေမာန်တို့ အလုပ်ပြန်စကြလေသည်။

"မောင်မောင် ဘယ့်နှယ်မတ်တတ်ကြီးရပ်လို့...ထိုင်လေ...ရေနွေး ကြမ်းသောက်ပါဦး...ဒါတွေစားတတ်ရဲ့လား မသိဘူး၊ ဒီနေရာမှာ ရှိ တာကျွေးရတာ"

ကျွန်တော့်မှာ ထိုအစားအစာတွေကို စားဖို့ စိတ်မထူး။ မလေး သီမျက်နှာကိုသာ တွင်တွင်ကြည့်နေမိသည်။

ကကြိုးပုံ နမူးပြေပြေကလေးအောက်က မျက်တောင်ကော့ကော့ မျက်ဝန်းစိုစိုတို့က ယနေ့တိုင် ရှန်းလက်တောက်ပနေဆဲ။ အခြားကွပ် ဆေးခြယ်စရာမလို ပုံပန်းကျနသည့် နီတျာတျာ နှုတ်ခမ်းများကလည်း

www.burmeseclassic.com

www.burmeseclassic.com



ယခင်အတိုင်း စိုလက်နေဆဲ။ ဝါပြေပြေအသားအရေသည်သာ အနည်းငယ် အညိုလှဘာက်၊ မလေးသီဖြတ်သန်းခဲ့သည့် ခရီးကို တစ်နည်းတစ်ဖုံ ဖော်ဆောင်နေသယောင်။

"ဘာလဲ မောင်မောင်က မလေးသီဘဝကို အံ့ဩနေတာလား"

"အင်း...အံ့ဩတာထက် သာလွန်နက်ရှိုင်းတဲ့ ထူးခြားဆန်းကျယ်မှုကိုပါ"

"ဒါကတော့ မြွေတွေတောင် အရေခွံလဲသေးတာပဲ မောင်မောင်ရယ်၊ မလေးသီလည်း ဘာမို့လို့လဲ၊ တကယ်တော့ မလေးသီရဲ့ ဘဝတစ်ခြမ်းဟာ တံခါးတစ်ချပ်ရဲ့ ဟိုမှာဘက်မှာ ကျန်ခဲ့ပြီလေ။ အချိန်ကာလပြောင်းလဲမှုဖြစ်စဉ်တရားတွေကို ဘယ်အရာနဲ့မှ ဟန့်တားတန့်ဆည်ထားလို့ မဖြစ်တော့တဲ့ အနေအထားပေါ့"

"ဒါဆိုရင် မလေးသီ 'စိမ်းမြရိပ်ငြိမ်'က ထွက်ခွာလာတာ အတော်ကြာသွားပြီပေါ့"

စိမ်းမြရိပ်ငြိမ်အသံကြားသဖြင့် မလေးသီ မျက်လုံးများ မှုန်မှိုင်းဝေရီစွာ တစ်နေရာတည်းမှာ ရပ်တန့်ငြိမ်သက်နေလေသည်။ ပြီးတော့မှ တိုးသက်သောအသံလေးဖြင့်...

"ခုနစ်နှစ်ရှိပြီ မောင်မောင်"

ကျွန်တော်သည် ကာလလက်တံကို နောက်ပြန်ခိုစီးရန် အားထုတ်လိုက်လေသည်။

မလေးသီလည်း ကျွန်တော်နှင့်အတူ။

*



မြို့ကို ငုံ့ကိုင်းကြည့်နေသော မြသပိတ်တောင်တော်၏ ခြေရင်းတွင် 'စိမ်းမြရိပ်ငြိမ်'သည် ခန့်ခန့်ထည်ထည် ရှိလှသည်။ နှင်းဆီ၊ ဒေလီယာ၊ ခတ္တာပန်းတို့ စနစ်တကျ အတန်းလိုက်၊ အကန့်လိုက် စိုက်ပျိုးထားသည်မှာ ရောင်စုံခြယ်ကော်ဇောပြင်ကြီး ဖြန့်ခင်းထားသည်နှင့်တူလှ၏။ လှုတို့ပြုပြင်ထားသည့် ပုဏ္ဏရိပ်ပန်းရွက်တို့ကလည်း တိတိညီညီ။ အခြားအဲသွင်လှအမြင်လှသည့် ရွက်လှပန်းတွေမှာလည်း ဖားလျားတဝေဝေ။ ရှားပါးသစ်ခွတွေပင် စီရီချိတ်တွဲ လေထဲမှာ ဒန်းစီးနေ၏။

ကွေ့ဝိုက်ဝင်သွားသော ခြံဝမှ ကွန်ကရစ်လမ်းအဆုံးတွင်တော့ သခင့်စံအိမ်သည် ထီးတည်းငြိမ်ငြိမ်ရှိလှသည်။ မွန်ပြည်နယ်တွင် ဆားလုပ်ငန်း၊ သစ်လုပ်ငန်းများဖြင့် စီးပွားဖြစ်ထွန်းသော သူဌေးဦးမင်းထင်သည် စီးပွားအရှာကောင်းသလောက် သန့်သန့်ခန့်ခန့် နေတတ်သူဖြစ်သည်။ အိမ်တော်ပါ၊ ငယ်ပေါင်းဇနီးမယား သေဆုံးပြီးနောက် အလှတွင် အယဉ်ဆင့်သည့် ကျေးလက်သမီးပျိုကလေးကို တင့်တင့်တယ်တယ် တောင်းရမ်းလက်ထပ်ယူထားသည့် သတင်းကလည်း မြို့ကလေးမှာ ပြော၍ မပြီးနိုင်ကြ။ မလေးသီ၏ ထိုတင့်မောဖွယ်အလှကြောင့်ပင်လျှင် စိမ်းမြရိပ်ငြိမ်သည်လည်း ဂုဏ်ရှိန်အဟန့်ပိုကောင်းနေသည်ဟု ထင်မြင်ယူဆသူက ယူဆနေကြသည်။ အထူးသဖြင့် ကာလသားတို့ပါးစပ်ဖျားတွင် မလေးသီ၏ အလှဂုဏ်သတင်းကား သင်းပြီးရင်း သင်းလျက် မြို့ကလေး၏ လက်ဖက်ရည်ဆိုင်ညနေခင်းများကို ကာလရှည်ကြာ သိမ်းပိုက်ထားတော့သည်။

ဦးမင်းထင်၏သမီး ညိုမိမင်းထင်နှင့် ကျွန်တော့်ကိုကိုတို့ **ဖူးစာမဆုံ**မိကြလျှင် ကျွန်တော်သည် ထိုစိမ်းမြရိပ်ငြိမ်ခြံကြီးနှင့် **ပတ်သက်မိမည်** မဟုတ်ချေ။ ထိုသို့ မပတ်သက်သည်နှင့်အမျှ မလေးသီနှင့် တွေ့ကြုံသိကျွမ်းဖို့ အခွင့်အရေးလည်း ကြုံကြိုက်မည်မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက မမညိုနှင့် မင်္ဂလာဆောင်ပြီး စိမ်းမြရိပ်ငြိမ်ဆီပါသွားတော့ ကျွန်တော်လည်း ထိုအသိုင်းအဝိုင်းနှင့် မလွဲမသွေ ပတ်သက်ယှက်နွယ်လာရသည်။ စိမ်းမြရိပ်ငြိမ်မှာ အလှူအတန်း အကြီးအကျယ်လုပ်သည့်အခါမျိုး ကျွန်တော့်လုပ်အား တစ်တပ်တစ်အား ပါဝင်ရ၏။ မမညိုသားဦးလေးဘိုဗိုကို မွေးဖွားသည့်အခါမျိုး ကျွန်တော် လက်တိုလက်တောင်း ခြေပြုလှုပ်ရှားပါဝင်ရ၏။ ဦးမင်းထင် စီးပွားရေးကိစ္စနှင့် ခရီးရှည်ထွက်သည့်အခါမျိုး ကျွန်တော်အိပ်ဖော်အဖြစ် စိမ်းမြရိပ်ငြိမ်မှာ အင်အားဖြည့်ရသည်။

ထိုအခါ အေးဆေးတည်ငြိမ်သော အလှပိုင်ရှင် မလေးသီကို ကျွန်တော် နှစ်လိုမက်မောစွာ ကြည့်နေမိသည်ချည်းသာ။ စိတ်ကူးယဉ်တတ်စ ကျွန်တော့်လို လူပျိုပေါက်ကလေးအဖို့ မလေးသီကို တစ်ဖက်သတ်စိတ်ကူးယဉ်မိသည်လည်း ဖြစ်နိုင်သည်။ သို့သော် မလေးသီက ကျွန်တော်စိတ်ကူးယဉ်နိုင်လောက်သော အနေအထားတွင် မဟုတ်။ သမီးဖြစ်သူကျွန်တော့် မမညိုထက် နှစ်နှစ်ခန့်သာကြီးပြီး ပျိုမြစ်နုနယ်သောအဆင်းကျက်သရေရှိသည့် မလေးသီသည် ဦးမင်းထင်၏ တော်ကောက်ဇနီးမယားဖြစ်နေရသည့်ကိစ္စသည် ကျွန်တော့်ကို အသက်ရှူကြပ်စေသည်။

ဘယ်အရာတွေကများ မလေးသီကို စိမ်းမြရိပ်ငြိမ်သို့ ရောက်ရှိလာအောင် ဆွဲဆောင်ခဲ့လေသလဲ။ မြွေဟောက်တစ်ကောင်၏ အာခံတွင်းထဲမှ ထွက်လာသည့် စေးထန်းထန်း ညို့အားတစ်စုံတစ်ရာသည် ဦးမင်းထင်၏ ငွေကြေးဥစ္စာခနကြွယ်ဝမှုလား၊ သူဌေးတစ်ယောက်၏ ဂုဏ်သိက္ခာနှင့်အညီ ရပ်ရေးရွာရေး လူမှုရေးတွေမှာ ပေးကမ်းထည့်ဝင်ရက်ရောသဖြင့် **လူထု**ထားအထင်ကြီး လေးစားလောက်သည့် အနေအထားမျိုးကိုလား။ **သို့မဟုတ်** စိမ်းမြရိပ်ငြိမ်ဆိုသော မြသပိတ်တောင်ခြေမှ တစ်ကေဝန်းကျင်



ခြံကြီးအတွင်း ခေတ်မီထည်ဝါသည့် အဆောက်အအုံကြီးကိုလား။

တစ်စုံတစ်ရာသော ညို့ချက်မှာ မလေးသီ မိခဲ့သည်မှာ အမှန်ပင်သည်။ မလေးသီနှင့် ပတ်သက်သမျှ ပဟေဠိတို့ကို တစ်ခါတွင်တော့ လုံးမဟုတ်သည့်တိုင် တစ်စွန်းတစ်စ သိခွင့်ရခဲ့လေသည်။ ထိုညသည် မြရိပ်ငြိမ်တွင် ဦးမင်းထင်ခရီးထွက်သွားသဖြင့် အိပ်ဖော်အဖြစ် ကျွန်တော် အင်အားသွားဖြည့်ရသည့်ညလည်း ဖြစ်သည်။

ဖျတ်ခနဲတရေးနိုးလာတော့ ပြတင်းတံခါးကို ဖွင့်လိုက်မိသည်ရာ ဝင်လာသော လေပြည်ကလေးတွင် မွှေးရနံ့တစ်မျိုး ပါလာသည်။ တ်ဖလူးပန်းရနံ့။ ဆောင်းလေသွေးနှင့် ဆိတ်ဖလူးပန်းရနံ့သည် လိုက်ဖက်န်းလှ၏။ ပြတင်းပေါက်မှရပ်လျက် ခြံထဲသို့ စီးမိုးကြည့်လိုက်တော့ထောင့်မှ ဆိတ်ဖလူးပင်အောက်မှာ မိန်းမတစ်ယောက် ပန်းကောက်နေလား။ နာရီကိုလှမ်းကြည့်လိုက်တော့ နံနက် ၄ နာရီခွဲကျော်ရုံကလေး။ ယ်လိုလူသားတစ်ဦးတစ်ယောက်က သည်လိုအချိန်မျိုးမှာ ပန်းထကောက်ပါလိမ့်။

အမျိုးသမီး၏ မျက်နှာပေါ်တွင် လရောင်ရွှန်းမြတို့ စွန်းထင်နေက် ရှည်လျားနက်မှောင်သောဆံပင်တို့သည် လေအဝေ့တွင် တလွင့်လွင့်ဝဲ့နေလေသည်။ ယောသည် မြသပိတ်တောင်ခြေမှ အချို့သောခြံများတွင်ဆောင့်အဖြစ် ဝိညာဉ်သရဲများ မွေးထားလေ့ ရှိသည်ဟူသော သတင်းကားအရ ပထမတော့ ကျွန်တော်အတော်ကလေး ကျောချမ်းသွားသေး၏။ အသေအချာကြည့်မှ ထိုအမျိုးသမီးသည် မလေးသီမှလွဲ၍ မည်သူမျှဖြစ်နိုင်ကြောင်း သိမြင်လာရသည်။

ကျွန်တော်သည် ဆံပင်များကို က,ကြီးပုံ နဖူးပေါ်အောင်ပင်းင်းထုံးနှောင်ထားလေ့ရှိသော ရင့်ကျက်ကျက် မလေးသီကို ယခုလို

www.burmeseclassic.com

www.burmeseclassic.com



ကပိုကရိုအလှကို မမြင်ဖူးသလို ငေးကြည့်ရင်း မမြင်ရသောညှို့ငင်ဆွဲအား ကို ခံစားရသလို ကတုန်ကယင်ကြီး ဖြစ်လာလေသည်။

ကျွန်တော့်ခြေလှမ်းတို့ အဆောက်အအုံကြီး၏ အောက်ခြေသို့ ဘယ်လိုရောက်သွားမှန်းပင် မသိ။ မည်သည့် စေ့ဆော်မှုက ပန်းကောက်နေသူ အနီးသို့ တွန်းထိုး ပို့ဆောင်လိုက်သည်မသိ။ ကျွန်တော် အနားရောက်သွားတော့ မလေးသီက မထူးဆန်းသလို တည်တည်ငြိမ်ငြိမ် လှမ်းကြည့်သည်။

"မောင်မောင် အစောကြီးနိုးနေပါလား၊ အိပ်မပျော်ဘူးလား"

"အိပ်ပျော်ပါတယ် မလေးသီရဲ့၊ အခုမှ တရေးနိုးတာပါ၊ စောလိုက်တာ မလေးသီရယ်၊ ပန်းကောက်ချိန်ကလည်း ဒီလိုပဲ မနက်တိုင်း ထကောက်သလား"

"အင်း...မနက်တိုင်းလိုလိုဆိုပါတော့၊ ဆိတ်ဖလူးက ကြွေတုန်းသက်တုန်းကောက်ရတာလေ၊ မြေပြင်မှာ ကြာသွားရင် အဆင်းရော၊ ရနံ့ရော ပြယ်သွားတော့တာ။ ပြီးတော့ ဒီပန်းရနံ့ကို မလေးသီ နှစ်သက်တယ်။ နီးတံနဲ့ သီတာထက် ဟောဒီလို ပန်းကန်ပြားပေါ်မှာ မိုမိုမောက်မောက်ကလေးပုံပြီး ဘုရားပူဇော်တာ ပိုပြီးအားရှိတယ်"

လေပြည်ကလေး ပြေးပြေးဖြန်းဖြန်းရောက်ရှိလာသဖြင့် အကိုင်းအခက်တွေ လှုပ်ရမ်းပြီး ဆိတ်ဖလူးပန်းတွေ ကြွေလျော သက်ဆင်းလာကြပြန်သည်။ ကျွန်တော်သည်ပင် မနေနိုင်တော့။ နှင်းရည်သောက်ထားသဖြင့် ဖွေးဖွေးဥဥ နဖတ်သန့်စင်နေသည့် ဆိတ်ဖလူးပွင့်ကလေးတွေကို ကူညီကောက်ပေးမိလေသည်။

"ပန်းတွေက ပန်းသခင်လိုပဲ လန်းလှကြူလွင်လှပါလား"

"ဘာရယ်...မောင်မောင်"



"ဪ...ပန်းတွေက ပန်းသခင်လိုပဲ လှနိုင်လွန်းတယ်လို့ ပြောတာပါ"

"လှပေမဲ့လည်း အကြွေပန်းမို့ တန်ဖိုးကျပြီးသားပါ မောင်မောင် ရယ်"

"တန်ဖိုးဆိုတာ လူတွေသတ်မှတ်ထားတဲ့ ပညတ်တရားပါ မလေးသီ။ တက်ခြင်း၊ ကျခြင်း၊ မြင့်ခြင်း၊ နိမ့်ခြင်းဆိုတာဟာလည်း လူတစ်ဦးတစ်ယောက်ရဲ့ ခံစားမှုအတိမ်အနက်နဲ့သာ ဆိုင်တာပါ"

"ဟင်း...မလေးသီအဖို့တော့ အဲဒီပညတ်တရားတွေနဲ့ တစ်ကမ္ဘာခြားသွားပါပြီ။ နုပျိုလန်းဆန်းတဲ့ သန့်သန့်စင်စင် ဘဝကလေးကတော့ သထုံ–ဘားအံသွား ကားလမ်းနဘေးက ကြက်တူရွေးခြံရွာကလေးဆီမှာ ကျန်ရစ်ခဲ့ပါပြီ။ အမိုး မမိုးနိုင်၊ မပြုပြင်နိုင်တဲ့ ယိုင်ယဲ့ယဲ့အိမ်ကလေးထဲက သက်ကြားအို မိဘနှစ်ပါးနဲ့ အရွယ်မရောက်သေးတဲ့ မောင်ညီမတွေရဲ့ ဘဝကို အဲဒီနုပျိုမှု သီးကင်းတွေနဲ့ လဲလှယ်ခဲ့ရတာ၊ မိဘကျေးဇူး ဒီနည်းနဲ့ ဆပ်တယ်သဘောထားပြီး ဒီဘဝကို ရောက်လာတဲ့ မလေးသီဟာ ကောင်တတော့ မရပါဘူး"

"တစ်ခါတုန်းကတော့ မလေးသီဟာ ဒီမြို့ကလေးရဲ့ တန်ဆောင်တိုင် စတိတ်ရှိုးညတွေကို အပိုင်စီးခဲ့တဲ့ အဆိုရှင်တစ်ယောက်ပေါ့။ ဝါသနာကို အရင်းခံလို့ ဒီမြို့က 'ဝတ်မှုံသီလာ' တေးဂီတဝိုင်းနဲ့ ဆက်ခါပြီး နယ်ပွဲတော်များများမှာ ဆိုဖြစ်ခဲ့တယ်။ စတိတ်ပြားရှအဆိုတော် တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ဟာ ဦးမင်းထင်ရဲ့ ခြေရင်းမှာ ဝပ်စင်းလျှက်ရှိသွားခဲ့ရတယ်"

"အင်းလေ...မလေးသီရဲ့ ဘဝတစ်ခုလုံး ထိရှလွန်းလိုက်တဲ့လိုက် နေပေမဲ့ အဖေအိုကြီးရဲ့ အဆုတ်ရောဂါကို ဆေးကောင်းဝါးကောင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကုသပေးပြီး သက်တောင့်သက်သာ ဘဝကူးကောင်းစေတာရယ်၊ ရွာမှာ သစ်သားအိမ်ကလေး သပ်သပ်ရပ်ရပ်နဲ့ အိမ်ဆိုင်တည်ပြီး အမေတစ်ယောက် နေနိုင်တာရယ်။ မောင်ညီမလေးတွေ အရွယ်ရောက်ပြီး ပညာတတ်တွေ ဖြစ်ဖြစ်မြောက်မြောက် ဖြစ်သွားတာရယ်၊ မလေးသီ အနစ်နာခံရကျိုး နပ်ပါတယ်"

"မောင်မောင်ရေ...ဆိတ်ဖလူးပန်းတွေဟာ ရာသီမရွေး ပွင့်လေ့မရှိပါဘူး၊ ဆောင်းရာသီရောက်လို့ နှင်းရည်သောက်မှ ပွင့်အာတဲ့ပန်းမျိုးပါ။ နှင်းပျောက်သည်နှင့် ညှိုးခြောက်သွားသည်နှင့်အတူ အဖူးလည်းမပေါ အပွင့်လည်း မကြွေနိုင်တော့ပါဘူး။ မလေးသီရဲ့ဘဝဟာလည်း..."

ထိုနေ့က မလေးသီစကားသံ တိုးတိမ်သွားသည်နှင့်အတူ နေမင်းထွက်ပြူစ နံနက်ခင်းသည် ကျွန်တော့် သက်ပြင်းချသံတွေနှင့် နင့်နဲ လေးပင်နေတော့သည်။

*

"ဟောဒါ မကြာခင်က ထွက်တဲ့ မလေးသီရဲ့ သီချင်းခွေ မောင်မောင့်အတွက် လက်ဆောင်"

"ဟင်..."

ရှန်းဆောင့်ပြေးထွက်နေသော စိတ်အစဉ်ကို ဆွဲငင်စုစည်းမိသည့် အခါတွင်တော့ ကျွန်တော့်ရှေ့မှာ အသစ်စက်စက်သီချင်းတိတ်ခွေကလေးကို မယုံကြည်နိုင်စရာ တွေ့လိုက်ရသည်။ အဆိုတော် လေးသစ္စာရဲ့ တစ်ကိုယ်တော် သီဆိုမှု 'ဝေးလွန်းလွမ်းရိပ်' စီးရီးကာဘာဖုံးကို ကိုင်တွယ်ကြည့်ရှုနေသော ကျွန်တော့်လက်တို့ မဆိုစလောက်ကလေး တုန်ယင်နေသည်။

လေးသစ္စာ...လေးသစ္စာ... အဆိုတော် လေးသစ္စာ။ နယ်စွန်



နယ်ဖျားရောက်နေသဖြင့် အလှမ်းကွာနေသော ကာလတစ်ခုတွင် မလေးသီသည် သူမ၏ အနာဂတ်မျှော်စင်ကို ခိုင်ခိုင်မတ်မတ် စိုက်ထူလိုက်ပြီးပါလား။ မလေးသီရဲ့ မဖြစ်မနေဇွဲနှင့် သတ္တိအားမာန်ကို အသိအမှတ်မပြုဘဲ မနေနိုင်တော့။

လေးစားပါတယ် မလေးသီရယ်၊ လွန်ခဲ့သည့် နှစ်များစွာက မနုးမနပ် လူပျိုပေါက်တစ်ယောက်ရဲ့ လှုပ်ရှားရင်ခုန်ခြင်းမျိုးနဲ့ မဟုတ်ဘဲ အတန်အသင့် ရင့်ကျက်ပြီးသား လူတစ်ယောက်ရဲ့ ရိုးစင်းစစ်မှန်တဲ့ ဂုဏ်ပြုခြင်းမျိုးနဲ့ ချီးကျူးဂုဏ်ပြုပါရစေတော့။

ကျွန်တော့်ရှေ့မှ တစ်ကျော့ပြန်ဆုံတွေ့နေရသော မလေးသီသည် စိမ်းမြရိပ်ငြိမ်မှ ငြိမ်ငြိမ်ဝေးဝေး မလေးသီမဟုတ်တော့။ အရွယ်အရ ပိုမိုတည်ငြိမ် ရင့်ကျက်လာသော်လည်း ရှင်သန်တက်ကြွသော ဟန်ပန်တွေက မလေးသီ၏ လက်ရှိအနေအထားအပေါ် ကျေနပ်နှစ်သိမ့်မှု အတိုင်းအတာကို ပြနေသည်နှင့် တူလှ၏။

မလေးသီအတွက် လေးစားဂုဏ်ယူမိသည်နှင့်အမျှ တစ်ပြိုင်နက်တည်းမှာပင် ကျွန်တော့်ရင်ထဲ လိပ်ခဲတည်းလည်းအတွေးတွေက ရှန်းကြွလာပြန်သည်။

"ဦးမင်းထင် ဆုံးသွားပေမဲ့ မလေးသီ စိမ်းမြရိပ်ငြိမ်မှာ ဆက်နေသင့်တာပေါ့။ မမညီဟာ မလေးသီကို အမေအရင်းမဟုတ်ပေမဲ့ အစ်မတစ်ယောက်လို လေးစားအားထားသူပါ။ အခုတော့ ဦးမင်းထင် ချန်ရစ်ခဲ့တဲ့ ပစ္စည်းတွေကို စွန့်လွှတ်ပြီး တစ်ကိုယ်တည်း ဆင်းလာတာကတော့ မမညီအပေါ် မငဲ့ညှာရာရောက်လွန်းပါတယ်"

ကျွန်တော့်ရဲ့ မကျေမနပ် ရေရွတ်ပြောဆိုသံအဆုံးတွင် မလေးသီသည် သူ့မူအတိုင်း ညင်ညင်သာသာ ပြုံးလေသည်။

www.burmeseclassic.com



“မောင်မောင်ရေ…မင်းဟာ… လွန်ခဲ့တဲ့ (၇)နှစ်တုန်းကလို ဘာမှမပြောင်းလဲသေးဘူးနော်၊ ထင်မြင်ရာကို ဖွတ်တရွတ် ပြောဆိုချင်တု ပါလား၊ လောကကြီးဟာ မင်းထင်သလောက် မရိုးသားဘူး ကောင်လေး ရေ…။ ကျောက်ဆွယ်ကျောက်တန်းတွေဟာ ရေပြင်အောက်မှာ ပုန်းကွ ခြောင်းမြောင်းနေသလိုပဲ၊ မမြင်ရတဲ့ ကောက်ကျစ်စဉ်းလဲမှုတွေရဲ့ ကြီ မောင်းခြောက်လှန့်မှုကိုလည်း မလေးသီ ခံခဲ့ရပါသေးတယ်။ နိုင်ငံခြား ပြန်ရောက်လာတဲ့ ညီမို့အစ်ကို အာကာမင်းထင်ဟာ ဦးမင်းထင်သေဆုံး မှုဆိုးမအဖြစ် ကျန်ရစ်ခဲ့တဲ့ မလေးသီရဲ့ ညှိုးနွမ်း နေတဲ့ဘဝကို ညစ်ထေ စွန်းထင်းအောင် အရောင်ဆိုးဖို့ ကြိုးစားခဲ့သူပေါ့”

“ဘာရယ်…မလေးသီ၊ အာကာမင်းထင်ဆိုတာ…”

“အာကာမင်းထင်ဆိုတာ ဦးမင်းထင်ရဲ့ သားအကြီးဆုံးပါ။ နိုင် ခြားမှာ ပညာသွားသင်ရင်း ဟိုမှာ အလုပ်ဝင်လုပ်နေတာ။ နှစ်တွေကြ လို့ သူ့ကို လူအတော်များများ မေ့လျော့နေကြတယ်။ မလေးသီ ဦးမင်း ထင်နဲ့ လက်ထပ်တော့လည်း သူမရှိဘူး။ အခု သူ့အဖေဆုံးပြီးမှ အမွေ လက်ငုတ်လက်ရင်းတွေကို အုပ်ချုပ်ဖို့ စိမ်းမြရိပ်ငြိမ်ဆီ ပြန်လာခဲ့တာ လေ။ သူက မလေးသီကို နားမလည်ဘဲ နားလည်ဖို့လည်း မကြိုးစား လက်ထပ်ခွင့်တောင်းခဲ့တာပါ”

ကျွန်တော်သည် အဖြစ်မှန်ကို မသိနိုင်လွန်းစွာ မလေးသီအပေ အလိုက်မသိ အားမနာ အပြစ်ဆိုဖို့ ဟန်ပြင်ခဲ့သည့်အတွက် ကိုယ့်ကိုယ် မလုံမလဲဖြစ်ရလေသည်။ မလေးသီဘဝက ကျွန်တော်ထင်တာထက်ပော ကြမ်းရှခဲ့ပါလား။

“စည်းစိမ်ပုံပေါ်က မဆင်းချင်လို့ အဖေဆုံးပြီး သားနဲ့လက်ဆ



တယ်လို့ ပတ်ဝန်းကျင်ရဲ့ ရိုးစွဲမှုကို မခံချင်တော့တာမို့ ရသင့်ရထိုက်တဲ့ မလေးသီရဲ့ ခံစားခွင့်တွေကိုတောင် ထားရစ်ပြီး ဆင်းခဲ့တာပါ။ လင် မရှိတဲ့ အရွယ်ရှိ မိန်းမတစ်ယောက်ရဲ့ ဘဝရပ်တည်ရှင်သန်မှုလမ်းကြောင်း မတိမ်းစောင်းအောင် အံခဲအားတင်းခဲ့တဲ့ ရက်တွေကိုတော့ ပြန်ပြောင်း မပြောချင်တော့ပါဘူး။ ဒီခုနစ်နှစ်လုံးလုံး တစ်ကိုယ်တော် ခြေသလုံး အိမ်တိုင်ထူလို့ ဘဝစုံ ကျင်လည်ပြီးမှ ကိုဟေမာန်နဲ့တွေ့ပြီး ဂီတလမ်း ကြောင်းပေါ် ပြန်ရောက်ခဲ့တာပါ။ ခုတော့လည်း ကိုယ့်ဘဝကို ကျေနပ် နှစ်သိမ့်နေပါပြီ”

ထိုနေ့က အပြန်ခရီးတွင် ကျွန်တော်တို့အား ပရိုကိုးစက်ဝင်း ကြီးဘက်သို့ ပြန်ပို့ရန် လက်ကုပ်လှေကလေးထဲသို့ အဆင်းတွင် အရွယ် နှင့်မမျှ သွက်လက်ဖျတ်လတ်စွာ လှုပ်ရှားနေသော မလေးသီထံမှ မထင် မှတ်ထားသော ထူးခြားမှုတစ်ခုကို ဖျတ်ခနဲ တွေ့လိုက်ရသည်။ အလို… မလေးသီမှာ ကိုယ်လေးလက်ဝန်နှင့်ပါလား။

သားသမီးမရနိုင်အောင် ပြုလုပ်ထားသော ဦးမင်းထင်၏ အရိပ် အောက်တွင် ဆယ်နှစ်ဆယ်မိုး အိမ်ထောင်ရေး လောင်းရိပ်မိပြီးမှ ဘဝ သစ်မှာ အစွမ်းကုန်လန်းစွင့်တော့မည့် မိန်းမသားတစ်ယောက်၏ အလှကို မိုးတိတ်စ နေခြည်ဝင်းပအောက်တွင် မြင်ဖြစ်အောင် မြင်လိုက်ရလေသည်။

မလေးသီရဲ့အလှက အခုမှ နုဖတ်သန့်စင်သည့်အလှ။ လန်းလှ ကြူလွင်သည့်အလှ၊ ပြစ်မျိုးလွတ်ကင်းသည့်အလှ၊ အုံ့ဆိုင်းညှိုးမှောင် တိမ်မှောင်ဝေကင်းသည့်အလှ။ ထိုအလှကို ကျွန်တော် သဘောကျစွာ ငေးကြည့်နေမိသည်။

တစ်ခါက စိမ်းမြရိပ်ငြိမ်အိမ်ကြီးရှင်ရဲ့ စည်းစိမ်ရှင်သခင်မ။ ခုတော့

www.burmeseclassic.com

www.burmeseclassic.com



တစ်ရာ၊ နှစ်ရာမကသော ဘဲအုပ်ကြီးပိုင်ရှင်သခင်။ အဆိုတော် လေးသ... အမည်ခံ မလေးသီ၏ လက်ထဲတွင် ခတ်တက်သည် မြောက်၍ မြောက်... ပါနေသည်။

လှေဦးသည် ရေပြင်ကို အားနှင့် မာန်နှင့် တိုးခွဲနေလေသည်။

(ရှုက်နစေ၊ ၂၀၀၂၊ ဇွန်လ...)

# တစ်ဆယ်ကျော် ငါးနှစ်ပတ်လည်

တိတ်ဆိတ်နေတဲ့ အရုဏ်ဦးလင်းလုလုအချိန်ကလေးမှာ အိမ်ရှေ့က စီခနဲအော်လိုက်တဲ့ အသံကြောင့် အငယ်မ ဖျတ်ခနဲလန့်နိုးသွားပါတော့တယ်။ အဲဒီလို တစ်ပါးသူပယောဂကြောင့် နိုးရရင် အငယ်မ သိပ်စိတ်တိုတယ်။ ခပ်ငယ်ငယ်ကဆို ဒီလိုနည်းနဲ့ အိပ်ရာကနိုးရရင် စိတ်ကောက်ပြီး ငိုလို့မဆုံးတော့ဘူး။ အခုတော့ အငယ်မကြီးပြီ။ စိတ်မကောက်တော့ဘူး။ ပြီးတော့ အခုကြားရတဲ့အသံက နည်းနည်းကလေး အလန့်တကြား ဖြစ်သွားတာကလွဲရင် စိတ်ကောက်ချင်စရာ မကောင်းတဲ့အပြင် ပျော်စရာတောင် ကောင်းသေးတာ...။

"မမေရေ...သီတာအောင်ပြီ... အောင်ပြီ...တဲ့"

ခေါင်းရင်းအိမ်က မမသီတာ ဆယ်တန်းအောင်စာရင်းကြည့်ပြီး ပြန်အလာ အော်လိုက်တဲ့ အသံ။ အဲတော့...ဆိုပြီး အငယ်မအိပ်ရာထဲမှ ကုန်းရုန်းပြီးထလို့ အိမ်ရှေ့သံဇကာပေါက်က ချောင်းကြည့်တော့ ခေါင်းရင်းအိမ်ရှေ့မှာ မမသီတာသူငယ်ချင်းတွေ လေးငါးခြောက်ယောက်မိုးရေတွေ စိုရွှဲလို့ အမယ်...ယောကျ်ားလေး သူငယ်ချင်းတွေတောင်ပါသေး။ ဒီညမှာပဲ မိုးတွေကောင်းနေလိုက်တာ။ ခဏကြာတော့ မမသီတာတို့

www.burmeseclassic.com



တစ်အိမ်လုံး နိုးပြီး အိမ်ရှေ့လှေကားမီးဖွင့်သံ၊ အပြန်အလှန်စကားပြောသံတွေ စီညံသွားပါတော့တယ်။

စာမေးပွဲအောင်တယ်ဆိုတာ ပျော်စရာကြီးပါရောလား။ အခု အဲဒီအပျော်တွေ အငယ်မကို ကူးစက်လာပြီ...အဟိ...ပျော်လိုက်တာ။ မနှစ်တုန်းကဆို မမသီတာ စာမေးပွဲရှုံးလို့ အော်ငိုလိုက်တဲ့အသံ ဒီဘက်အိမ်ကတောင် ကြားလိုက်ရတယ်။ အငယ်မတို့ကလည်း တိတ်တိတ်ကလေး စိတ်မကောင်းဖြစ်ပြီး သတင်းတောင်မမေးရဲကြဘူး။ အင်း...မနှစ်တုန်းက မမသီတာကလည်း ရှုံး၊ ဒီဘက်အိမ်က အငယ်မအထက်က အကြီးမလည်း ရှုံး၊ အကြီးမဆို သုံးနှစ်ရှိပြီ ဖြေနေတာ။ ဒီနှစ်ရော အောင်ပါ့မလား။ သူများအောင်တာ ပျော်နေတာနဲ့ ကိုယ့်အစ်မကိစ္စ အခုမှ သတိရတယ်။

"ဟဲ့...အစ်မကြီး ထ ထ။ အောင်စာရင်းတွေ ထွက်နေပြီ။ မမသီတာတောင် အောင်သွားပြီ၊ သွားကြည့်တော့လေ"

ကြည့်စမ်း...အကြီးမတို့များ ဒီက ပွပွပင်ပင် နှိုးနေတာတောင် နိုးဖော့်မရဘူး။ အင်း...အဘယ်နဲ့ဟိုဘက်လှည့်ပြီး ပြန်အိပ်သွားရော...ပါးစပ်ကလည်း ပလုံးပထွေး ပြောသေးတာ။

'အောင်စာရင်းလား...ထွက်ထွက်ပေါ့ဟ။ ငါက ဘာလုပ်ရမှာလဲ၊ မောင်ကြီးမည်းထဲ'တဲ့။

ပြောပုံက၊ မမသီတာတို့ ဘယ်အချိန် သွားကြည့်ကြမှန်းမသိ။ စောစောကြည့်၊ စောစောသိရတာပေါ့။ အကြီးမက အဲဒီလို အပွအပင်ကင်းတဲ့အမျိုး။ မအောင်လည်း အေးဆေး၊ အောင်လည်း အေးဆေးဆိုတဲ့ အစားထဲက။

"မေမေရဲ့...သိလား...အောင်စာရင်းတွေက အခြားကျောင်းတွေ ကပ်နေတာကြာပြီ ဒီကျောင်းက ကြာနေလိုက်တာ သမီးတို့ မိုးရေထဲမှာ



စောင့်ရတာ စိတ်မရှည်လို့ မြို့ထဲမှာ ပတ်နေကြသေးတာ။ မေမေရယ် တကယ်လည်းကပ်ရော တိုးလိုက်ရတာ။ အောင်ကျော်ဦးက အုတ်နံရံကို ဖက်တွယ်ပြီး ကြည့်ပေးတာ အားမရလို့ သီတာလေ ကိုယ့်နာမည်ကို ကိုယ်တိုင် တွယ်ကပ်ပြီး ကြည့်ခဲ့တယ်"

မမသီတာရဲ့ ပီတိသံရွှင်ရွှင်ကလေးကို အိပ်ရာထဲက ဆက်ကြားနေရင်း ဒီဘက်အိမ်က အငယ်မလည်း အိပ်မပျော်တော့ပါဘူး။ ပီတိတွေ၊ အပျော်တွေ ကူးစက်ကုန်တာပါ၊ အားကျတာလည်း ပါတာပေါ့။ ဆယ်တန်းစာမေးပွဲက နတ်ကြီးတယ်။ တချို့လည်း နှစ်ချင်းပေါက် ရောရှာရှုံးပါ။ တချို့လည်း ပထမနှစ်က ခြေချော်လက်ချော်၊ နောက်နှစ်တော့ အောင်ရော၊ မမသီတာလိုပေါ့။ တချို့ကတော့ ခြေချော်လက်ချော်၊ နောက်နှစ် ခေါင်းချော်ကိုယ်ချော် အဟတ်...ဒီအိမ်က အကြီးမလိုလေ။ အကြီးမကတော့ မအောင်လို့ ငိုမယ့်ပုံမဟုတ်ဘူး။ ဟိုအရင်နှစ်က ခပ်လေလေ။ မနှစ်က ခပ်ပေပေ။ ဒီနှစ် ခပ်တေတေ။

အင်း...ရပ်ကွက်ထဲက ဘယ်သူတွေများ အောင်ကြသေးလဲ မသိဘူး။ ဒီရပ်ကွက်ထဲမှာ ဒီလမ်းကလမ်းတိုလေးဆိုတော့ ဆယ်တန်းဖြေထားတဲ့ ကျောင်းသား လေးငါးယောက်ထက် မပိုဘူး။ ခြေရင်းအိမ်က မိုးဖြူသဲတစ်ယောက်၊ အိမ်ရှေ့အိမ်က ရွှေသမီးလေးကတစ်ယောက်၊ လမ်းထိပ်နားက ကွမ်းယာဆိုင်ရောင်းတဲ့ အဒေါ်ကြီးသမီးက တစ်ယောက်။ အင်း...နောက် ဘယ်သူများ ရှိဦးမလဲ။

မိုးဖြူသဲကိုတော့ ပဲများလို့ ကြည့်မရပါဘူး။ သူ့ရုပ်ရည်ကလည်း မနာလိုစရာကောင်းလောက်အောင် ချောနေတာ ခက်တယ်။ အသားလေးက ဝင်းပဖြူအိလို့ နှာတံချွန်ချွန် နှုတ်ခမ်းဖူးဖူးထူထူလေးက လေးချင်စရာ။ စကားပြောတိုင်း လှုပ်ခတ်သွားတဲ့ နားသံသီးလေးနဲ့ အပြိုင် မျက်ဝန်းနက်

www.burmeseclassic.com



နက်လေးတစ်စုံကြောင့် အိမ်ရှေ့ကို ယောကျ်ားလေးတွေ ချောင်းပေါက်အောင် ရောက်နေတာလည်း ပါတာပေါ့။ အဝတ်အစားကလည်း ဘာဝတ်ဝတ် လိုက်တယ်။ အနက်ရောင်ဝတ်မလား။ ခရေစီစိမ်းဝတ်မလား။ ထွက်လာလိုက်ရင် ဂါဝန်ဖားဖားကြီးနဲ့တစ်မျိုး၊ စကပ်တိုတိုကလေးနဲ့တစ်ဖုံ၊ တစ်မိုက်သာသာဖိနပ်မြင့်မြင့် တုံးထူထူကြီးစီးလို့ ဆံပင်ကလေးခါပြီး ကားပေါ်တက်သွားရင် အသက်ရှူဖို့တောင် ငေးကြည့်နေရတယ်။

ညနေစောင်းဆို ပါပလစ်ကာ ကားကလေး အိမ်ရှေ့မှာ အချိန်မှန်ဆိုက်လို့ ကားထဲက မိုးဖြူသဲတို့အရွယ် ကောင်မလေးတွေ လေးငါးယောက် အဝတ်အစားအပျံစား၊ မျက်နှာမှာလည်း မိတ်ကပ်နှုတ်ခမ်းနီ ကာလာစုံခြယ်လို့ လက်ပံပင်ဇရက်ကျပြီး ပါလာတယ်။ မိုးဖြူသဲ တက်ပြီးရင်တော့ ကားကလေးက ဝူးခနဲ ထွက်သွားရော။ အဲဒါ စားသောက်ဆိုင်တစ်ခုခုမှာလား၊ ရက်စတော့ရင့်တစ်ခုမှာလား သီချင်းသွားဆိုတာတဲ့။ မိုးဖြူသဲကို ကြည့်မရပေမဲ့ အငယ်မလေ အဲဒီလို ကားကလေးနဲ့ လာခေါ်ပြီး သီချင်းသွားဆိုရတာ သဘောကျတယ်။ ဒီလို သီချင်းဆိုနိုင်ဖို့ဆိုတာ အသံလည်းကောင်း၊ ဆိုလည်းဆိုတတ်ဦးမှ၊ ပြီးတော့ ရုပ်ရည်ချောမောလှပဖို့လည်း လိုသေးတယ်။ အငယ်မတို့လိုပုံမျိုး စားသောက်ဆိုင်က လက်ခံမှာ မဟုတ်ဘူး။ လာနေကျဖောက်သည်တွေ ပြေးကုန်မှာ သေချာတယ်။

အမယ်...အခု ရပ်ကွက်ထဲမှာ အဲဒီလို မိန်းကလေးတွေ များများလာတယ်။ တစ်ခါတုန်းက အနောက်လမ်းမှာ အကျီသွားချေးရင်း ကြည့်လိုက်တော့ အဲဒီအိမ်က မမချောချောတစ်ယောက်လည်း အဲဒီလိုပဲ ညနေစောင်းလာကြိုတဲ့ ကားပေါ်တက်သွားတာ တွေ့ရတယ်။ အဲဒီမမကတော့ မိုးဖြူသဲလို တစ်နေ့တစ်မျိုး မဝတ်ဘူး။ သူတို့ စားသောက်ဆိုင်က တူညီဝတ်စုံနဲ့။ ဝတ်စုံကတော့ မမိုက်ပါဘူး။ ပြောင်ပြောင်လက်လက်အစ



ကို ချုပ်ထားတာဆိုတော့ မျက်စိကိုကျိန်းရော။ အကျီပုံက မြင်လိုက်ရင် နှစ်ခါပြန် ပြန်ကြည့်ချင်တဲ့ပုံစံမျိုး၊ အငယ်မလည်း ဒီလိုအကျီပုံမျိုးဝတ်ပြီး ကားကလေးစီးသွားချင်လိုက်တာ။

အိမ်ရှေ့အိမ်က ရွှေသမီးလေးကတော့ မိုးဖြူသဲလို မဟုတ်။ ကာရာအိုကေဆိုဖို့နေနေသာသာ ရပ်ကွက်ထဲတောင် အညောင်းအညာ ပြေ ဆင်းမလျှောက်ဘူး။ ဒီရပ်ကွက်နဲ့ သူနဲ့ မတန်သလိုလို၊ အရပ်ထဲက ကလေးတွေနဲ့လည်း တစ်ခါမှ အပေါင်းအသင်း မလုပ်ဘူး။ အငယ်မတို့ ဒီရပ်ကွက်ထဲကို ပြောင်းလာတာကြာပြီ။ နွေဆိုရင် အိမ်ရှေ့မြေကွက်လပ်မှာ ထုပ်ဆီးတိုးမလား၊ ရွှေစွန်ညိုဝဲမလား၊ စုံ,မ ဝှက်မလား၊ ကစားဝိုင်းကြီး ဟီးဟီးထလို့။ ရွှေသမီးလေးတို့က အိမ်ပေါ်က ယောင်လို့တောင် ဆင်းမလာဘူး။ ရွှေအဖေကြီးနဲ့ ရွှေအမေကြီးက သူတို့ရဲ့ ရွှေသားလေးနဲ့ ရွှေသမီးလေးကို တို့ကြ ထိကြ ကြိုက်ကြမှာ စိုးလို့ထင်တယ်။ အငယ်မတို့ကလည်း ဒါမျိုးဆို ဝါသနာမပါရေးချမပါထဲက။ ရွှေသားလေးကလည်း ဖူးဖူးမှုတ်ရကျိုးနပ်ပါတယ်။ တစ်မြန်နှစ်က ဆယ်တန်းအောင်တာ သရီးဒီတဲ့။ အခုတော့ ဆေးကျောင်းသားကြီးပေါ့။

ရွှေသမီးလေး ကျူရှင်သွား၊ ကျူရှင်ပြန်ဝတ်တဲ့ အကျီအဝတ်အစားတွေကတော့ ရင်ခုန်စရာ မကောင်းပါဘူး။ ဝတ်လိုက်ရင် မိုးဖြူသဲနဲ့ ပြောင်းပြန် တကယ့်အန်းတစ်ခ်တွေ။ မျက်နှာကိုလည်း မြေကြီးစိုက်လို့၊ ဘယ်သူနဲ့မှ မတူသလို မတန်သလို ခြေလှမ်းမျိုးနဲ့ပေါ့၊ နေပေါ့၊ အဲဒီအိမ်ထဲမှာ စာပဲရှု၊ ကိုယ့်ကိုကိုယ် အပြစ်ဒဏ်ချထားတဲ့ ပုံစံနဲ့၊ အရုပ်နဲ့ မရော့ဘဲ တသီးတသန့် နေနိုင်လိုက်ကြတာ။ ဒီလိုပုံနဲ့ဆို ရွှေသမီးလေးလည်းအောင်မှာ။ သူ့အစ်ကို ရွှေသားလေးနဲ့ တူရင် ဒီခေတ္တ တသီးကြီး ထွက်ဦးမှာ။ ထွက်မယ်ဆိုလည်း ထွက်လောက်တယ်။ ဒီလောက်တောင် ပွတ်

www.burmeseclassic.com

www.burmeseclassic.com



တိုက်နေမှတော့ ဖြစ်ရောပေါ့။

"အကြီးမရေ…အောင်စာရင်း သွားကြည့်ရအောင်ဟေ့"

ဟော… သူများတွေအကြောင်း တောင်စဉ်ရေမရ လျှောက်တွေးနေရတာနဲ့ မျက်စိကြောင်ပြီး အိပ်မပျော်တော့ဘူး။ မိုးစင်စင်လင်းပါရော။ အကြီးမ သူငယ်ချင်းတွေတောင် လာနေပါရောလား။ အဲဒီအကြီးမဟာလေ ဝီရိယကိုမရှိဘူး။ သူ့သူငယ်ချင်းတွေက မနှစ်ကအောင်ပြီးပြီလေ၊ သူ့အတွက် ပူပန်ပြီး အခုလာခေါ်ကြတာ။ သူက အိပ်ပုတ်ကြီးလို့ကောင်းတုန်း။ 'ဟဲ့…အကြီးမ…အကြီးမ…'ဆိုပြီး ကြီးမေက နှစ်ချက်လောက်လာကန်မှ နိုးပြီး ထလိုက်သွားတော့တယ်။ ဒီအိမ်မှာက အဖေနဲ့ အမေကို မကြောက်ကြဘူး။ ကြီးမေကြီးကိုပဲ ကြောက်ကြတာ။ ကြီးမေက ပစိပစပ်များမှများ၊ ရှေးအဘွားကြီးဟာကိုး။ အဖေနဲ့အမေကတော့ ရောင်းရေး၊ ဝယ်ရေး သူတို့စီးပွားရေးပဲ အာရုံထားကြတယ်။ ကြီးမေပဲ အငယ်မတို့မောင်နှမကို အုပ်ထိန်းရတာလေ။ ဒါကြောင့် ဒီအိမ်မှာ ကြီးမေ တစ်ဩဇာပြီးနေတာပေါ့။

ထူးပါဘူး…။ အိပ်မပျော်ပေမဲ့ အတူတူတော့ ဆက်နှပ်မနေတော့ပါဘူး။ အိပ်ရာထ မျက်နှာသစ်။ သနပ်ခါးလေးဘာလေးလိမ်းပြီး ရှူးစမိုးထုတ်ထားဦးမှ။ ပြီးရင် ကြီးမေ့အလစ်မှာ ရပ်ကွက်ထဲဆင်းပြီး စပ်စုရေးလုပ်ရမယ်။ ဘယ်သူအောင်မအောင်ဆိုတာလေ…။

"ဝေး…ဟေး…ဟေး"

ခပ်ဝေးဝေးက အော်ပြီး ပြေးလာသံ ကြားတာနဲ့ သဘောပေါက်လိုက်ပြီ။ အကြီးမ အောင်တယ်ဟေ့…အောင်တယ်။ တော်လိုက်တဲ့ ငါ့အစ်မ၊

"ဂုဏ်ထူးမပါဘူး မဟုတ်လား"



အရေးထဲ ကြီးမေက ဗလစ်ဗလစ် လုပ်နေသေးတယ်။ ဂုဏ်ထူးမပါလည်း ဘာအရေးလဲ၊ အောင်ဖို့က အဓိက။ အကြီးမခင်မျာ သုံးနှစ်တောင် ရှန်းရှရှာတာ။ ကြည့်စမ်း မျက်နှာကြီး ပြုံးနေလိုက်တာ။ ပါးစပ်နားရွက်တက်ချိတ်မတတ်ပဲ။ ပျော်စရာကောင်းလိုက်တာ၊ မမသီတာလည်းအောင်၊ အကြီးမလည်းအောင်။

အပျော်တွေကူးစက်နေတဲ့ အငယ်မဟာ ကြိုးဆွဲနှုတ်ခမ်းနီအရောင် ဖျော့ဖျော့လေးကို ခပ်သွက်သွက်လေးဆိုး၊ အဝတ်တစ်စုံ ကောက်လဲပြီး အိမ်ပြင်ထွက်လာတော့ လမ်းထဲမှာ ဟိုနားဒီနား စုရုံးစုရုံးဖြစ်နေကြပြီ။ မိုးလည်း စင်စင်လင်းနေပြီကိုး။ လမ်းထိပ်ဘက်ထွက်လာတော့ ကွမ်းယာဆိုင်ဖွင့်နေတဲ့ မိန်းမကြီးကို မြင်တာနဲ့ လှမ်းပြီး စပ်စုလိုက်တယ်။

"ဘယ်လိုလဲ…အဒေါ်သမီးအောင်လား"

"အောင်တယ်၊ အောင်တယ်"

ဟင်…ဘယ်လိုလဲ၊ အောင်တယ်ဖြေသံကြီးကလည်း ဆောင့်ကြီးအောင့်ကြီး၊ မျက်နှာကြီးကလည်း သုန်မှုန်လို့။ ခါတိုင်းလို သူ့သမီးအကြောင်း အကြွားထုတုန်းက မျက်နှာမျိုး မဟုတ်တော့ပါလား။ သူ့သမီးတို့ မြို့ထဲက ဘယ်လိုကျူရှင်မျိုးမှာထားတာ။ တစ်ရက်မုန့်ဖိုး ဘယ်လောက်ကုန်တာ။ သူ့သမီးဝတ်တဲ့ အဝတ်အစားက ဘယ်လိုဘယ်ပုံဆိုတာမျိုး ရှန်းရှန်းဝေအောင် မပြောတော့ပါလား။ အောင်တဲ့မျက်နှာတလည်း လဒရုတ်ဖမ်းသလို သုန်မှုန်လို့။ သိပ်မယုံရဘူး။ ဖွဟဲ့ လွဲပါစေ၊ ဝယ်ပါရေ။ သူ့သမီး ရှုံးများရှုံးနေလားမသိဘူး။ လမ်းမကြီးပေါ်မှာတော့ ကားတွေ ကားတွေ။ အောင်လို့ ပျော်တာလား၊ ရှုံးလို့ပျော်တာလားမသိတဲ့ ကားတွေ ဝီးခနဲ ဝီးခနဲ ဖြတ်သွားနေကြတယ်။ ဝေးခနဲ၊ ဝေးခနဲ အော်သံတွေကလည်း ညံလို့။

www.burmeseclassic.com



လူတွေကို အငယ်မ နားမလည်နိုင်ဘူး။ စာမေးပွဲဆိုတာ အောင်တာနဲ့ ရှုံးတာ နှစ်မျိုးပဲရှိတယ်။ မအောင်ရင် ရှုံး၊ မရှုံးရင် အောင်ပေါ့။ ဘာရှက်စရာရှိလဲ။ မအောင်ပြန်ဖြေရုံပေါ့။ မနှစ်က ဒီလမ်းထဲကပြောင်းသွားတဲ့ နှစ်အိမ်ကျော်က အန်တီကြီးတစ်ယောက်ဆိုလဲ ဒီလိုပဲ။ သူ့သမီးက ရည်းစားတွေ ဟောတစ်ယောက်၊ ဟောတစ်ယောက်နဲ့ တစ်ရပ်ကွက်လုံး လမ်းလျှောက်ရင် ရှိတဲ့ပစ္စည်း လှုပ်ခါပြီးလျှောက်လို့ အငယ်မက စိန်ဆလူးဆပ်လို့ နာမည်ပေးထားတယ်။ သိတယ်မဟုတ်လား။ စိန်ဆလူးဆပ်ဆိုတာ ဆပ်ဆလူးစိန်လို့ ပြောတာ။ လမ်းမှာတွေ့လို့ အန်တီ့သမီး အောင်လား မေးတာ ပြုံးပြုံးရွှင်ရွှင်နဲ့ အောင့်တယ်ဖြေသွားတာ အဟုတ်မှတ်လို့။ နောက်မှ သူတို့ပြောင်းသွားတဲ့ ရပ်ကွက်အသစ်က သူငယ်ချင်းပြောမှ၊ အလကား ပြောတာ။ သူ့သမီးရှုံးတယ်၊ အခု ငါနဲ့အတူ ကျူရှင်ပြန်တက်နေတယ်တဲ့။ အဲဒါပဲကြည့်တော့ ဒါဟာ လိမ်စရာလား။ ကြွားစရာမရှိ၊ ကြဲဖန်ကြွားနေတဲ့ဟာတွေ။ စာမေးပွဲဆိုတာ လူတိုင်းအောင်ချင်တဲ့ အရာမျိုးပဲနော့။ အနကြည့် အိမ်ကအကြီးမတို့ အောင်သွားပြီ။ အောင်သွားတော့ လူတွေက ရှုံးခဲ့တာကို မေ့ရော။ အကြီးမအောင်တယ်လို့သာ ပြောကြတာ။ အရင်နှစ်က ရှုံးခဲ့တာတွေကို ရေးကြီးခွင်ကျယ် ထည့်မပြောတော့ဘူး။

နောက်လမ်းက မျိုးအောင်တို့၊ ကတုံးတို့၊ ဖိုးတာတီးတို့လည်း အောင်ကြတယ်တဲ့။ ဘောလုံးကွင်းက မတက်တဲ့ကောင်တွေတောင် အောင်ကြတယ်တဲ့ အံ့ရော။ ဟိုအိမ်ဆိုင်လေးဖွင့်ထားတဲ့ ဘဲဥရောင်းတဲ့အိမ်က တရုတ်မလေးကတော့ မအောင်ရှာဘူး၊ သနားပါတယ်။ ရီးရီးကုပ်ကုပ် လေးကြီးစားတာတောင် မအောင်ဘူး။ ကံပေါ့လေ...ကံ,က စကားပြောတာပေါ့။

အင်း...အရပ်ထဲလည်း တစ်ပတ်,ပတ်ပြီးပြီ။ သူများတွေက နှ



အစ်မ အောင်လား မေးရင် အောင်တယ်၊ အောင်တယ်နဲ့ အရသာရှိရှိလည်း ဖြေပြီးပြီ။ အခုမှ သတိရတယ် မနက်စာ မစားရသေးဘူး။ ဗိုက်ထဲက တကြုတ်ကြုတ်နဲ့ အိမ်ပြန်ဦးမှ။

အငယ်မ လမ်းထဲပြန်ဝင်လာတော့ တစ်လမ်းလုံး ပုံမှန်အတိုင်း ငြိမ်သက်နေပြီ။ ရပ်ကျော်ရွာကျော် သူများတွေအကြောင်း သွားစပ်စုနေတာ ကိုယ့်လမ်းထဲက ဘယ်သူတွေအောင်၊ မအောင်တောင် အစုံမသိသေးဘူး။ ခြေရင်းအိမ်က မိုးဖြူသဲ အောင်ရဲ့လား မသိ။ ဟော...ပြောရင်းဆိုရင်း မိုးဖြူသဲအမေ အန်တီဘောဘီ ထွက်လာပြီ။ အားမနာ၊ ပါးမနာ မေးလိုက်ဦးမယ်။

"အန်တီဘောဘီ မိုးဖြူသဲ အောင်လား"

"မသိသေးဘူးကွဲ့၊ အခုမန္တလေးကို ဖုန်းသွားဆက်မလို့"

ဟုတ်သားပဲ၊ မိုးဖြူသဲက မန္တလေးတိုင်းက ဘယ်နေရာဆိုလား သွားဖြေတာတဲ့။ စာမေးပွဲဖြေခါနီးတုန်းက သဲ့ခနဲကြားလိုက်ရတယ်။ ကြိုကြဲဖန်ဖန် ရန်ကုန်ကများ နယ်ဆင်းဖြေရတယ်လို့။

ဟော...တစ်ခေါက်ပြန်ထွက်သွားတဲ့ အကြီးမနဲ့ သူ့သူငယ်ချင်း အုပ်စုကြီး လမ်းထဲပြန်ရောက်လာလို့ ဆူညံသွားပါရော။ ကျောင်းက သူငယ်ချင်းတွေ ဘယ်သူအောင်တယ် မအောင်ဘူး ငြင်းနေကြတာလဲ ကျော်စရာကြီး။ တော်ကြာနေတော့ အဖေက အကြီးမကို မုန့်ဖိုးတွေပေးနေပြီ တစ်အုပ်စုလုံးပျော်ပြီး ပြန်ထွက်သွားကြတယ်။ အားကျစရာကောင်းလိုက်တာ။ အငယ်မတို့များ ထုံးစံအတိုင်း အိမ်က ထမင်းကြမ်းနဲ့ ငြိမ်းလိုက်ရတာပေါ့။

ဟော...ပြောရင်းဆိုရင်း မိုးဖြူသဲအမေ အန်တီဘောဘီကောင် ပြန်လာပြီ။ မန္တလေးဖုန်းဆက်တာလည်း မြန်လိုက်တာ။ မျက်နှာကတော့

www.burmeseclassic.com



ခပ်ပြုံးပြုံး။ သူ့အပြုံးက စိန်ဆလူးဆပ်တို့အမေအပြုံးမျိုး ဖြစ်နေဦးမယ်။ ဘာပဲဖြစ်ဖြစ် မေးဦးမှ…။

"အန့်တီ ဘယ်လိုလဲ"

"အောင်တယ်၊ အောင်တယ်။ ဂုဏ်ထူးနှစ်ခုနဲ့ ဖစ်စစ်နဲ့ အင်္ဂလိပ်စာ"

အငယ်မ နည်းနည်းတော့ အီလည်လည်ကြီး ဖြစ်သွားတယ်။ ဟုတ်ရဲ့လား သိပ်မယုံဘူး။ မိုးဖြူသဲက ကိုးတန်းကို အပြင်ဖြေနဲ့အောင်ခဲ့တာတဲ့။ အရင်ရပ်ကွက်က သတင်းတွေ အငယ်မတို့က ရပြီးသား။ ကိုးတန်းကို အပြင်ဖြေနဲ့ အောင်တဲ့သူက ဆယ်တန်းကို နှစ်ချင်းပေါက် ဂုဏ်ထူးနှစ်ခုနဲ့ဆိုတော့ ဖြစ်နိုင်ပါ့မလား။ ဧကန္တတော့ စိန်စလူးဆပ်တို့အမေလို လုပ်နေပြီထင်တယ်။ လူတွေဟာ အမှန်တရားကို ဘာဖြစ်လို့ရင်မဆိုင်ချင်ကြတာလဲမသိဘူး။ ရှုံးရင်ရှုံးတယ်၊ အောင်ရင် အောင်တယ်ပေါ့။ ရိုးရိုးအောင်တော့ ဘာဖြစ်လဲ။ အလကားဂုဏ်တု ဂုဏ်ပြိုင်တွေဟော…မိုးဖြူသဲ အခုမှ အိပ်ရာကထလို့ ခြံထောင့်ကို ရေတိုင်ကီမှာ မျက်နှာလာသစ်တယ်။

"ဟော့…မိုးဖြူသဲ ဂုဏ်ထူးနှစ်ခုတောင်ပါတာ၊ ဘာကျွေးမလဲပြော"

"ဘယ်သူပြောလဲဟ…ဂုဏ်ထူးနှစ်ခု၊ ရိုးရိုးအောင်တာပါဟာ"

မိုးဖြူသဲမျက်နှာက ပကတိ ရိုးရိုးစင်းစင်း သန့်သန့်စင်စင်ကလေး။ ဒါဆိုဘာလဲ၊ ကျွတ်…လူတွေများ စိတ်ကုန်ဖို့ကောင်းလိုက်တာ။ ဟော အခုမှ သိရတယ်။ အိမ်ရှေ့က ရွှေသမီးလေးတို့အိမ် တိတ်ဆိတ်နေပါလား။ တစ်မြန်နှစ်ရွှေသားလေး ဂုဏ်ထူးသုံးခုနဲ့ အောင်တုန်းက ဆူလို့ညံလို့၊ အခု အသံတိတ်လှပါလား။ ဒါမျိုးဆို အငယ်မတို့က ပိုသိချင်တယ်။ သူတို့က ကိန်းကြီးခန်းကြီးနဲ့မို့ တဲ့တိုးကြီးတော့ မမေးရဲဘူး။ အင်း…ဒါပေမဲ့ သိရမှုကို ဖြစ်မယ်။ ဘယ်လိုလုပ်ရပါ့။ ထွက်စမ်း အကြံဉာဏ်။ ဟော…



…ပြာရင်းဆိုရင်း အိမ်ရှေ့တံခါးဖွင့်ပြီး အိမ်ဖော်ကောင်မလေး ပဲပြုတ်ဝယ် … ထွက်လာပါရောလား။

"ဟော့…ဟော့ ဒီမှာ အဲဒီအိမ်က ဟို ခင်သော်တာစုပုံချစ် အောင်…ားဟင်"

"ရှူး…တိုးတိုး၊ အောင်တော့ အောင်တယ်။ ဂုဏ်ထူးတစ်ခုပဲပါလို့…မေငို သမီးငို ငိုနေကြတာ၊ မျက်လုံးကြီးတွေ ဒီလောက်ဖူးရောင်နေ…ယ်။"

အိမ်ဖော်ကောင်မလေး စကားကြောင့် အငယ်မ အတော်စိတ်…ကောင်း ဖြစ်သွားတယ်။ ဟင်…ဖြစ်မှ ဖြစ်ရလေ။ အသေအကြေ…ည်းကြီးမည်းကြီး အကောင်းစားကျူရှင်တွေ တက်ထားရတာ ဂုဏ်ထူး…စ်ခုတည်း ပါတယ်ဆိုတော့ ဝမ်းနည်းနေကြမှာပေါ့။ မိဘကလည်း…င်းရကျိုး မနပ်တော့ ခံစားရပေမပေါ့။ အိုလေ…ကာယကံရှင် ရွှေ…မီးက ပိုတောင်ရချင်ဦးမှာ ကံပေါ့။ အင်း…ဖြစ်ပုံများ ရတာမလို၊ …ိုတာမရ လောကကြီးနှယ်…

"ဟဲ့ အငယ်မ တစ်မနက်လုံး လမ်းသလားနေတာ မပြီးသေးဘူး…ား။ သူများအောင်တာကို နုတ်ကရာ ကြည့်မောနေလိုက်တာ။ ဒီအချိန်ထိ…အုပ်မကိုင်ရသေးဘူးလား။ အကြီးမ သုံးနှစ်ဆို နင့်အလှည့်ကျ ခြောက်…်ဖြေရမှာ စာဖတ်ခုံ ထိုင်တော့…"

ကြီးမေအော်လိုက်တဲ့ အသံကျယ်ကြီးကြောင့် အငယ်မ နှုတ်ခမ်း…ည်းနည်းစူသွားပြီး စာဖတ်ခုံ ထိုင်လိုက်ရပေမဲ့ စာဖတ်ဖို့ စိတ်မပါဘူး။ …ိုးမချွတ် ကြီးမေ ပါးစပ်ပုပ်ကြီးနဲ့ ပြောလိုက်ပုံက။ ကြီးမေပြော…ပြာစရာ အငယ်မက စာမေးပွဲသာ အောင်ချင်တာ၊ စာဖတ်ရမှာ ပျင်း…ယ်။ ဖတ်ပြီးရင်လဲ ခဏလေးနဲ့ မေ့သွားရော။ အင်း…ဆယ်တန်းစာ

www.burmeseclassic.com



တွေက များလည်းများ၊ ခက်လည်းခက်၊ အင်္ဂလိပ်စာက သိပ်နားမလည်၊ သင်္ချာကလည်း သိပ်မပိုင်၊ ဘောဂကလည်း အချက်အလက် ရှုပ်ထွေး ဖစ်စစ်က . . .

စာအကြောင်းတွေးရင် အငယ်မ စိတ်ရှုပ်ထွေးပြီး မျက်ရိုးတွေ ကိုက်လာတယ်။ စာကျက်ဖို့သာ အဆင်မပြေတာ။ ကျူရှင်ကျတော့ သိပ် မှန်တယ်။ ကျူရှင်ကို မြို့ထဲဆိပ်ကမ်းသာလမ်းမှာ သွားတက်ရတာလေ။ မြို့ထဲသွား၊ ကျူရှင်တက်၊ မုန့်စား၊ ကားပတ်စီးပြီးမှ အိမ်ပြန်တာ ဟန် ကိုကျလို့၊ ဒီလောက် ကျူရှင်သွားနေတာ မြို့ထဲမှာ သူငယ်ချင်း ဟုတ်တိ ပတ်တိ မတွေ့သေးဘူး။ ရည်းစားမဟုတ်ဘူးနော်၊ ဘော်ဒါပေါင်းယောက်ျား လေး သူငယ်ချင်းတွေ ပြောတာ။ မမသီတာတို့ အုပ်စုထဲက ကောင်လေး တွေလိုပေါ့။ ဂျော်ဒန်နိုး ဘောင်းဘီဝတ်၊ ဝေါကာဖိနပ်စီးပြီး လက်တစ်ဝါး သာသာ ပစ္စည်းလေးတွေကိုင်တဲ့ စတိုင်လ်မိုက်မိုက်ကောင်လေးတွေ၊ ဒါမျိုး တွေနဲ့ အပေါင်းအသင်း ဖြစ်ချင်တာ။ အငယ်မက သူ့ဆန္ဒကို ပြောပြတော့ အကြီးမက ရယ်တယ်။

"ဟာ...ဟာ နင်က မမသီတာကို အားကျနေ၊ နင့်ရှုပါတ မမသီတာလောက် 'စား'လို့လား"

"အမယ် . . . ဘာလို့မစားရမှာလဲ"

"နင့်ဆံပင်ပုံကြီးက . . ."

"ဒါလား...ဒီတစ်ခါမုန့်ဖိုးစုထားပြီး ဖြူတီပါလာမှာ ဖြောင့်စက်နဲ့ သွားဆွဲလိုက်ရင် ကိုရီးယားမင်းသမီးပုံစံလေး ဖြစ်သွားရော"

"အငယ်မရေ . . ."

ဟော . . . ကြီးမေအသံ

"အေ . . . အငယ်မ"



"ရှန် . . ."

"ဘယ်မှာလဲစာဖတ်သံ"

"ဟုတ်"

အငယ်မ စိတ်မပါပေမဲ့ ကြီးမေကို ကြောက်ပြီး စာအုပ်ကောက်ကိုင် လိုက်ရပါတော့တယ်။

ပါးစပ်က ရပြီးသားစာတွေ အသံထွက် အော်ဆိုနေပေမဲ့ သူကိုင် ထားတဲ့ ရေသည်ပြဇာတ်စာအုပ် ဇောက်ထိုးဖြစ်နေတာ သတိမထားမိ သေးဘူး။

(စိမ်းရောင်လွင်မဂ္ဂဇင်း၊ ၂၀၀၂၊ ဇန်ဝါရီ)

www.burmeseclassic.com

www.burmeseclassic.com

# ဝံပုလွေညာတွေမလိုချင်ဘူး

ထိုနေ့သည် တိမ်ပြာသောနေ့တစ်နေ့ ဖြစ်သည်။

အပြာရောင်မိုးသားများရဲ့ အောက်တွင် အကန့်လိုက်၊ အတန်းလို
စနစ်တကျ စိုက်ပျိုးထားသော စိုက်ခင်းပြင်ကျယ်ကြီးက စိမ်းညို့စိုလ

ခပ်ဝေးဝေးမှ နိမ့်မြင့်မညီ ခဲသားနှစ်တောင်တန်းများက အပြ
အစိမ်းကို ကန့်သတ်ပိုင်းခြား။

ရွက်ဖား စိမ်းဝေများကြား တွဲရရွဲ ခိုသီနေသည့် ရွက်ပုန်းသီးတ
ခေါင်းပြူချောင်းကြည့်။

ပဲတောင့်ရှည်၊ ပဲလင်းမြွေတို့က စင်ပေါ်က ဆင်းချမည် တကဲ
အတွယ်အငင်ဖြင့် ခရီးပြင်နေသော ဗူးညွန့်၊ ဖရုံညွန့်တို့က ခေါင်းညိ
ခေါ်ငင်။

တိုးဖွဖွ ဝေ့ဝဲဝဲလေပြည်ကလေးက ရွက်သစ်ညွန့်တို့ လှုပ်ရှားလှုပ်

အနားသတ် စီးဆင်းနေသည့် ချောင်းရေယာဉ်ဂီတက ပီသ
ကြည်မြမြ။

ထီးကလေးတစ်ချောင်း နှစ်ယောက်တည်းဆောင်းကာ လေ
လှေကလေးပေါ် နှစ်ယောက်တစ်ကမ္ဘာ ထုထောင်နေသည့် အချစ်



ကလေးနှစ်ကောင်က တစ်ကိုင်းကူးနိုး၊ တစ်ခက်နားနိုးနှင့်။

နေခြည်အတောက်မှာ ရွှေရည်သောတွဲ့ မနက်ခင်း ပန်းချီကား၏ တပ်မက် တိမ်းမူးစေသော ထိုအလှသည် ကျွန်မကို နှစ်ပေါင်းများစွာ ဓမ်းစားခဲ့သည်။ ကျွန်မ ထိုနေရာသို့ တစ်ခေါက်တစ်ကြိမ်သာ ရောက်ဖူးသည်။ ကျွန်မ ထိုနေရာသို့ အိပ်မက်ထဲမှာ အခေါက်ခေါက်အလီလီ ပြန်ရောက်သည်။ ပျော်တစ်ဝက် နိုးထနေသော စိတ်ဝိညာဉ်သည် ပေါ့ပါးလျင်မြန်သောအဟုန်ဖြင့် ထိုနေရာဆီသို့ အကြိမ်ကြိမ် ပျံသန်းခဲ့သည်။

နှလုံးသားပုံရိပ်တွင် အမှတ်မထင် စွန်းထင်သွားသော ထိုအရည်ရွှမ်းသစ်သီးများရဲ့ ယာခင်းကို 'နတ်သမီးခံတွင်း'လို့ အမည်ပေးထားသည်။

တကယ်လည်း ကျွန်မတို့မှာ ရိတ်သိမ်းဆွတ်ခူးရန် အသင့်ရှိသော ရင့်မှည့်မှည့် ယာခင်းတစ်ခင်းစီ ရှိသင့်သည် မဟုတ်ပါလား။

*

သည်တစ်ခေါက် ဇာတိမြေကို ရောက်တော့ 'မိုး'နှင့် ပြန်လည်ဆုံတွေ့ရခြင်းအပေါ် သာမန်မျှ သဘောထားမည်ဆိုလျှင် ရလောက်အောင် ကျွန်မရဲ့ အမှတ်မထင် တွေးခေါ်ပြောဆိုခဲ့မှုတွေအတွက် မိုးအပေါ် ကျွန်မ မတရားရာ ကျသွားပြီလားဟု ရက်ရှဲ့အားနာစွာ တွေးနေမိသည်။ ကျွန်မရဲ့ အမှတ်မထင် လုပ်ရပ်က မိုးအတွက် အမှတ်ထင်ထင် ဖြစ်သွားပြီလား။ ရောမမြို့ကြီး မီးလောင်နေစဉ် တယောထိုးနေနိုင်သော နီရိုးဘုရင်ကြီး တော့ ကျွန်မ မဖြစ်ချင်ပါ။

ကျွန်မရဲ့ စိတ်ကူးလွန်မှုတွေက မိုးရဲ့စိတ်ကို အဆွေးအလွမ်းကြီး ဖြစ်စေတယ်ဆိုရင်တော့ အနုအညွတ်တောင်းပန်ပါတယ် မိုးရေ။ ကိုယ်ရဲ့ အလိုက်မသိ အားမနာတတ်မှုတွေအတွက် ဖြေတောင်းပန်မယ် ဆို

www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း ခံယူဖို့အသင့်ပါပဲ။ တစ်ပြိုင်နက်တည်းမှာပဲ မိုးအတွက် စာ စိတ်တွေနဲ့အတူ ကြင်နာစွာ အားပေးသမှုကိုလည်း ပြုလိုက်ချင်ပါရဲ့။

ဘဝဆိုတာ ပျော်ရွှင်မှုနဲ့ ကြေကွဲမှုတွေကို လှပကောင်းမွန်စွာ ယက်ဖောက်ယှက်နွယ်ထားတဲ့ အံရာတစ်ခု ဖြစ်သလို ဝမ်းနည်းကြေကွဲ ပြီးတိုင်း ဝမ်းမြောက်မှု ပိုးချည်မျှင်ကလေးတွေ ရောက်လာလေ့ရှိတဲ့ အကြောင်းကို မိုးတစ်ယောက် သိစေချင်တာပါ။

ကျွန်မနှင့်မိုးက ငယ်ပေါင်းတွေ ဖြစ်သေမဲ့ စရိုက်လက္ခဏာချင်း မတူညီခဲ့။ ကျွန်မက ငယ်စဉ်ကတည်းက စိတ်ကူးစိတ်သန်း ဆန်းဆန်း ကျယ်ကျယ်တွေ စိတ်ကူးလေ့ရှိသူ၊ စိတ်ကူးယဉ်အတွေးလှလှမှာ နစ်မျောလေ့ ရှိသူ။ မိုးက ရိုးရိုးရှင်းရှင်းတွေးကာ တွေးသမျှ လက်တွေ့ကျကျ ကျင့် သုံးချင်သူ။ စရိုက်လက္ခဏာ မတူသော်လည်း ကျွန်မတို့နှစ်ယောက် နှ ရှည်လများ တွဲဖြစ်ခဲ့ကြသည်။

အလယ်တန်းအောင်တော့ ဝိဇ္ဇာ၊ သိပ္ပံ ခွဲလိုက်သည့်အခါ ကျွန်မ ဝိဇ္ဇာဘက် ရောက်သွားသော်လည်း ပဲ့ထွက်မသွားဘဲ အတွဲမပျက် တွဲ ကြသည်။ ဘာသာရပ်မတူသော်လည်း တွဲဖြစ်သည့်အထဲတွင် စိတ်ကူးစိတ် သန်း ဆန်းဆန်းကျယ်ကျယ်လည်း မကွန့်မြူး၊ လက်တွေ့ဆန်ဆန် လှုပ် ရှားမှုလည်း မပြ၊ ဘဝကို သမားရိုးကျ ပုံမှန်ချီတက်လာသူတစ်ဦး တော့ 'မိနိုင်'ပင် ဖြစ်သည်။

မိုးနှင့် မိနိုင်က သချာတော်၍ ကျွန်မက ထိုဘာသာရပ်များတွင် ခပ်ညံ့ညံ့။ ကျွန်မရဲ့ စာစီစာကုံးများကိုတော့ သူတို့နှစ်ယောက် တစ်ပြ တစ်လှည့်စီ ဖတ်ကြရသည်။ ကျွန်မရင်ထဲမှ ထွက်အံကျလာသော က ပုလဲများနှင့် အတွေးစာတမ်းများက သူတို့အတွက် ဆန်းကျယ်နေပြန်သည် နေ့လယ်နေ့ခင်း မုန့်စားကျောင်းလွှတ်ချိန် ထမင်းဘူးကိုယ်စီဖြင့် ကျွန်မတို့



မိုးတို့အိမ်သို့ လိုက်သွားနေကျ။ ကျောင်းတော်ကြီး၏ အနောက်ပေါက်မှ ထွက်လျှက် တောင်ဗူးရူးသို့ လျှောက်လျှင် မကြာခင် ရောက်သွားသော မိုးတို့အိမ်ကလေးမှာတော့ မိုးရဲ့မေမေ အမေငြိမ်းရဲ့ ပျူငှာဖော်ရွေသော အပြုံးတွေကို မမေ့နိုင်သေး။ ကြက်သွန်၊ ဆီ၊ ဆား၊ အိုးခွက်တင်းတောင်း က အစ၊ ကွမ်း၊ ဆေး၊ ထုံးပါမကျန် ရနိုင်သော အိမ်ဆိုင်ကလေး ရောင်း ရင်း ကျွန်မတို့အတွက် ရှောက်သီးသုပ်၊ သင်္ဘောသီးသုပ်တွေ သုပ်ကျွေး လေ့ရှိသည့် မိုးရဲ့ မေမေကိုတော့ မိုးခေါ်သလို ကျွန်မတို့ အမေငြိမ်းဟု ပင် ခေါ်ခဲ့ကြသည်။

ကျွန်မတို့သုံးယောက်ထဲမှာတော့ မိုးက ဆွဲဆောင်မှုအရှိဆုံးဟု ထင်သည်။ နက်မှောင်သန်စွမ်းသော ဆံပင်ရှည်ကြီးများကို အစဉ်အမြဲ ကျစ်ဆံမြီးထိုးထားလေ့ရှိပြီး ရှည်သွယ်ကော့ရော့နေသော မျက်တောင် တို့၏ ကူပံ့မှုကြောင့် ရွှန်းစိုနေသောမျက်ဝန်း၊ မျက်အိမ်ကျယ်ကျယ်ပေါ်က ထင်းနေသော မျက်ခုံးနက်နက်၊ နှုတ်ခမ်းပါးကလေးမှာ ရယ်လိုက်တိုင်း ပေါ်လာသော သွားဖွေးဖွေးကလေးတွေရဲ့ ဆွဲဆောင်မှုကြောင့် ကျွန်မတို့ သုံးယောက်ထဲမှာ မိုးအလှက ထင်းနေသည်။

လှသွေးကြွယ်စ ကိုယ်လုံးကိုယ်ဖန် အလှတွေ ထင်ရှားဝင်းပလာ ချိန်၊ မိုးအလှတွေ ထင်ပေါ်လာချိန်၌ အကျီပွပွကြီးတွေကိုသာ နှစ်သက်ပြီး အချိန်စောစီးစွာ မျက်မှန်အကူကို ယူနေရသော ကျွန်မပုံစံက တောင်လေး တွေ မျက်စိထဲ ဘယ်လိုမှထင်းမနေ။ ငါးပေသာသာအရပ်နှင့် ချောင်နှောင် တင်းကြပ်သော မေမေ့စည်းကမ်းအောက်တွင် ခေါက်ရိုးကြေ ကြီးပြင်းခဲ့ရ သည့် ကျွန်မရဲ့ သမားရိုးကျ အဆင်အပြင်တွေကလည်း ကျွန်မရဲ့ ရုပ် ကြမ်းရေကျိုအဆင့်မှာတင် ကျေနပ်စေလေသည်။ တရုတ်သွေးပါသဖြင့် အသားဖြူသော်လည်း ကိုယ်နေဟန်ထား လှပသေသွယ်ခြင်းမရှိ၊ ဝဖိုင့်ဖိုင့်

www.burmeseclassic.com

www.burmeseclassic.com



ဆူပြီးစပြုနေသော မိနိုင်ကလည်း သာမန်ထဲက သာမန်မျှသာ။

တဖျတ်ဖျတ် ခတ်နေသော မျက်တောင်ကော့ကော့ကြီးများအောက်မှ မိုးရဲ့ မျက်လုံးရွဲကြီးများက ယောကျာ်းလေးတွေကို မည်သို့ဆွဲဆောင်မှုရှိသည် မသိ၊ ကျွန်မတို့သုံးယောက်ထဲမှာ မိုးတစ်ယောက် အရင်ဆုံး ရည်းစားထား ဈေးဦးဖောက်တော့သည်။ ထိုသတင်းကို ယူဆောင်လာသူက မိနိုင်ပင်။

"အဝါရေ၊ မိုးမှာလေ…မိုးမှာ အခု ရည်းစားရှိနေပြီ"

ထိုနေ့က ကျောင်းပိတ်ရက်မို့ အချိန်ပိုခေါ်သဖြင့် ကျွန်မနှင့် မိနိုင် ကျောင်းသို့ စောစီးစွာ ရောက်နေကြသည်။ ဆရာမတွေ ရောက်မလာကြသေး။ ကျောင်းခန်းတွေ အတော်များများ ပိတ်ထားသဖြင့် ကျောင်းမှာ ခြောက်ကပ်တိတ်ဆိတ်နေသည်။

"ဟယ်…ဟုတ်လို့လား၊ မိနိုင်ရ"

"ဟုတ်လို့ ခက်နေတာပေါ့ဟယ်၊ ဒီမှာ ငါ အစောကြီးကတည်းက ရောက်နေတာ သိလား၊ ကျောင်းအနောက်ဘက်က လမ်းကြားကလေးထဲမှာ အတွဲတစ်တွဲချိန်းနေတယ်ဆိုလို့ ငါ စပ်စပ်စုစုသွားချောင်းကြည့်တာ ဘယ်သူထင်သလဲ မိုးလေ၊ မိုးဖြစ်နေတာပေါ့"

"ဘုရားရေ၊ ဒါဆို တကယ်ပဲပေါ့၊ ဒီကောင် ဘယ်တုန်းက တို့ မသိဘဲ ခြေပုန်းခုတ်သွားပါလိမ့်"

"အေးလေ ငါတို့ကလည်း အ,ပါ့၊ အဝါရေ၊ နင်ကလည်း မိုး ရည်းစား ဘယ်သူလဲ မေးပါဦးတော့"

"ဟုတ်သားပဲ၊ ပြောစမ်းပါဦး၊ မိုးက ဘယ်လိုကောင်မျိုးကိုများ ရည်းစားအရာ မြှောက်လိုက်ပါလိမ့်"

"မျက်နှာမှာ ဝက်ခြံဗရပျစ်နဲ့ ထင်ကျော်လွင်ဆိုတဲ့ ကောင်ပေါ့၊



ဘယ်တုန်းကများ မိုးကို ရအောင် လိုက်လိုက်သလဲ မသိ"

"ထင်ကျော်လွင်က မိုးနဲ့ တစ်ရပ်တည်းနေတာကိုး၊ ကျောင်းချိန်ပြင်ပကိစ္စ တို့မသိလိုက်တာ နာတယ်၊ အသာနေ၊ ဒီကိစ္စ၊ သူ့ကိုမမေးနဲ့၊ မသိချင်ယောင်ဆောင်နေရအောင်၊ ဘယ်လောက်အထိအတင့်ရဲမလဲ သိရအောင် လွှတ်ထားမယ်"

ကျွန်မက လူတတ်ကြီးလုပ်ကာ စိတ်ဆိုးမာန်ဆိုး ဖြစ်နေသော်လည်း မိုးကိစ္စ ဘယ်လို ကိုင်တွယ်ရမှန်းပင် မသိ။ မိုးကို ပြောင်ဖွင့်မေးပြီး အဆက်ဖြတ်ခိုင်းရင် ကောင်းမလား၊ ဒါမှမဟုတ် ဟိုကောင် ထင်ကျော်လွင်ကို ရန်သွားတွေ့ရင် ကောင်းမလား။

ကျွန်မတို့ မဖြစ်ညစ်ကျယ် ဦးနှောက်ကလေးထဲမှာ အကြံကောင်းဉာဏ်ကောင်းတွေ မထွက်ခင်ပင် မိုးတို့သတင်းက ပျံ့သည်ထက် ပျံ့လာ၏။ မိုးတို့စုံတွဲကို မြို့ပြင် ဂျူးဂျူးကျ ရေတံခွန်သွားရာလမ်းမှာ တွေ့လာသတဲ့။ နေမိန္ဒရတောင်ခြေမှာ တွေ့လာသတဲ့။ အင်း၊ မိတ်ဆွေကောင်းတို့ရဲ့ ဝတ္တရားအရ တစ်ခုခုလုပ်မှ ဖြစ်တော့မည်။

မိုးရဲ့ မေမေရှင့်…အစချီကာ မိုးတို့ လှုပ်ရှားမှု ပုံရိပ်တွေ စီကာစဉ်ကာ ရေးထားသော တိုင်စာတစ်စောင်ကို ကောင်းစေလိုသူတစ်ဦး အမည်ဖြင့် ရေးကာ မိုးမေမေဆီ စာတိုက်မှ ပို့လိုက်တော့သည်။ တစ်ပတ်အတွင်း မိုးအိမ်မှာ မိုးမေမေနှင့် အဒေါ်တွေ ခေါင်းမီးတောက်ကြတော့ ကျွန်မနဲ့ မိနိုင်က မျက်လုံးကလေး ပေကလပ် ပေကလပ်နှင့် လုပ်နေကြရသည်။

မုန့်စားလွှတ်ချိန် ထမင်းဘူး ကိုယ်စီကိုင်ကာ မိုးအိမ်ရှေ့သွားတော့ အမေငြိမ်းက မိုးအကြောင်းတွေ ကျွန်မတို့ကို တိုင်တော့သည်။ ကျွန်မတို့လည်း ကိုယ်ဆင်သည့် ဇာတ်မှာ အပီကပြသည်။ ယခုမှ

www.burmeseclassic.com

www.burmeseclassic.com



သိသည့်ပုံစံဖြင့် တအံ့တသြ နားထောင်ကြသည်။

"ပညာသင်ချိန်မှာ ဒါမျိုးတွေ လုပ်နေရင် ဒီနှစ် ကျောင်းဆက်မထားတော့ဘူး၊ ကျောင်းနှုတ်ပစ်မယ်"

အမေငြိမ်းရဲ့ ဒေါသမပြေ ကြိမ်းမောင်းသံတွေ ကြားတော့ ကျွန်မနှင့် မိနိုင် ခေါင်းချင်းဆိုင်ရပြန်သည်။

"ငါတို့ အိမ်ကို တိုင်စာပို့တာ လွန်သွားပြီလား မသိဘူးဟယ်၊ တကယ် ကျောင်းထုတ်လိုက်ရင် ဒုက္ခဟ၊ ဒီလောက်အထိ အပြစ်ပေးပြင်းထန်ဖို့ မကောင်းပါဘူး၊ အခုမှတော့ ဘယ်လိုလုပ်ကြမလဲကွယ်ရို့"

နောက်ဆုံးတော့ ကျွန်မရော မိနိုင်ပါ မိုးရဲ့ အမေငြိမ်းရှေ့မှာ မိုးအတွက် အာမခံရတော့သည်။ မိုးကို ဝိုင်းထိန်းပါမည်၊ ထင်ကျော်လွင်နှင့်လည်း အဆက်မပြတ် ပြတ်အောင် ဝိုင်းဝန်း နားချပေးပါမည်၊ စာမေးပွဲကိုလည်း အောင်အောင် ဖြေပါမည်ဟူသော အာမခံချက်များဖြင့် မိုးကို ကျောင်းပြန်တက်စေသည်။

ထိုအချိန်မှစ၍ ကျွန်မတို့နှစ်ယောက်မှာ မိုးရဲ့ ဆော်ဒီဂတ်တွေ အလိုလို ဖြစ်သွားတော့သည်။ နံနက်စောစော ကျောင်းချိန် မတိုင်မီ မိုးဆီသို့ ကြိုသွား၊ ကျောင်းသို့ အတူလာ၊ နေ့ခင်း ထမင်းအတူတူပြန်စား၊ ညနေ သူ့အိမ်ကို ပြန်ပို့ပြီးမှ ကိုယ့်အိမ်ကိုယ်ပြန်၊ နေရင်းထိုင်ရင်း ရာထူးတွေ တိုးနေတော့သည်။

အိမ်ကလည်း မျက်လုံးဒေါက်ထောက်ကြည့်၊ ကျောင်းမှ ကျွန်မတို့ကလည်း အနီးကပ် ကြီးကြပ်၊ သည်လိုနှင့် မိုးနှင့် ထင်ကျော်လွင်ဇာတ်လမ်းပြတ်တော့၏။ မိုးအတွက် ပြတ်လက်စနှင့် ပြတ်သထက်ပြတ်ကာ ကံကောင်းစေသည်က ထင်ကျော်လွင်တို့ မိဘတွေ တစ်မြို့တစ်ရွာအပြောင်းမှာ ထင်ကျော်လွင် ပါသွားခြင်းပင်။ ထိုနှစ်က ကျွန်မတို့သုံးယောက်စလုံး စာမေးပွဲကို ရှောရှောရှူရှူ အောင်ကြသည်။



မိုးရဲ့ အမေငြိမ်းနှင့် အဒေါ်များကလည်း မိုးကိစ္စအပြီးမှာ ကျွန်မတို့အပေါ် ယုံကြည်မှုပိုလာ၏။ ကျွန်မတို့ကပဲ သူတို့သမီး၊ သူတို့တူမကို ကယ်တင်ရှင်ကြီးတွေလိုလို၊ လမ်းညွှန်မှူးကြီးတွေလိုလို ကျွန်မတို့ ရောက်သွားလျှင် စားချင်ရာစား၊ နေချင်သလိုနေ၊ အရင်ကထက် ခင်မင်ဖော်ရွေမှုတွေ နှစ်ဆတိုးကာ တစ်ဦးတည်းသော သမီးမိုးအတွက် အဖော်ကောင်းဆွေမွန်တွေအဖြစ် ကျွန်မတို့မှာ ထိုအိမ်က သမီးတွေ ဖြစ်ခဲ့ရ၏။

သည်လိုနှင့် ကျွန်မတို့ စိမ်းညို့သစ်လွင်သော နတ်သမီးခံတွင်းနှင့် ပတ်သက်ခဲ့ကြရသည်။ တစ်ခုသော ကျောင်းပိတ်ရက် ကျွန်မနှင့် မိနိုင် မိုးရဲ့အိမ်မှာ ရောက်နေချိန် မိုးရဲ့ ဒေါ်ဒေါ်ငယ်က ဆွမ်းဟင်းအိုး အလှည့်ကျသဖြင့် ပဲကုလား၊ သီးစုံဟင်းချက်ရန် ဟင်းရွက်ဝယ် လိုက်မလားဟု အဖော်ခေါ်သည်နှင့် ကျွန်မတို့သုံးယောက်စလုံး ဒေါ်ဒေါ်ငယ်နှင့်အတူ မြို့ပြင်သို့ ပါလာကြ၏။

မြို့အရှေ့ဘက်သို့ ခရီးဆက်လက် ထွက်ခွာသွားသော ပေတစ်ရာ လမ်းမကြီးအတိုင်း လျှောက်လာပြီး ဘင်လှိုင်သချိုင်းလွန်တော့ မြို့ပြင်ဘက် တဖြည်းဖြည်း ရောက်လာသည်။ မြို့ပြင်ရောက်သည်နှင့်အမျှ အဆောက်အဦးကြီးငယ်တို့ ကျန်ရစ်သဖြင့် အဆီးအတားမရှိ လေပြည်သန့်သန့်၏ လှမ်းကြိုနှုတ်ဆက်ခြင်းကို ခံလိုက်ရသည်။ ကျွန်မတို့ စိတ်တွေ လွတ်လပ်ပေါ့ပါးသွား၏။ ပေါင်းကူးတံတားလေးလွန်သည်နှင့် ပြန့်ပြူးညီလွင်သော စိမ်းစိမ်းစိုစို စိုက်ခင်းပြင်ကျယ်ကြီးက ဆီးကြိုတော့၏။

ကျွန်မ တစ်သက်နှင့်တစ်ကိုယ် သည်လို စိုက်ခင်းပြင်ကျယ်ကြီး တစ်ခါမှ မမြင်စဖူး။ အနီးကပ်တော့ အသီးအနှံတွေက အပင်တွေမှာ ပဒေသာပင်လို တွဲရရွဲ ခိုသီးနေကြသည်။ ခရမ်းသေးစိုစို ညိုညိုတွား

www.burmeseclassic.com

www.burmeseclassic.com



ထွား ခရမ်းသီးများ၊ လတ်လတ်စိုစို ပဲတောင့်ရှည်များ၊ နုထွားထွား ရုံးပတီသီးများက ကျွန်မတို့ကို လက်ယပ်ခေါ်နေသည်။

မိုးရဲ့ဒေါ်ဒေါ်ငယ်က ဟင်းသီးဟင်းရွက်တွေ ဝယ်ဖို့ ယာခင်းရှင်နှင့် စကားဆိုနေခိုက် ကျွန်မတို့သုံးယောက်မှာ ယာခင်းပြင်တွေကြား ပျော်ရွှင်မြူးတူးစွာ ပြေးလွှားနေမိကြသည်။ နေခြည်ကလည်း ပြည့်ပြည့်ဖြန်းဖြန်း လေပြည်ကလည်း ဝေ့ဝေ့ရမ်းရမ်း၊ စိမ်းစိမ်းစိုစို အပင်ပျိုကလေးတွေရဲ့ ထိန်မ်းချင်စရာ အသီးအနှံတွေကိုတော့ ကိုယ်တိုင် ဆွတ်ခူးနိုင်ပါသတဲ့။

တစ်သက်နှင့်တစ်ကိုယ် မဖြစ်ပေါ်ဖူးသေးသော ခံစားမှုအသစ်အဆန်းတို့ ခန္ဓာကိုယ်ထဲ ဖြတ်စီးသွားကြသည်။ အာရုံတွေ နိုးကြား၊ လက်တွေသွက်ထားလိုက်သည်မှာ ကိုယ့်ယာခင်းမှာ ကိုယ်ခူးဆွတ်နေသလို စီးစီးပိုင်ပိုင် ရှိလှသည်။ ဒါတောင် ကျွန်မတို့ကိုယ်တိုင် မစိုက်မပျိုးခဲ့ရသည့် ယာခင်းပေမို့။ အကယ်၍ ကျွန်မတို့ ကိုယ်တိုင်စိုက်ပျိုးခဲ့ပါက ခူးဆွတ်ချိန်၌ သည်မျှမက ကြည်နူးကျေနပ်မိမှာ အသေအချာပင်။

ကျွန်မတို့ ပျော်ရွှင်စွာ ခူးဆွတ်နေကြသည်မှာ ဘယ်လောက်ကြာသွားသည် မသိ၊ ဒေါ်ဒေါ်ငယ် လိုချင်သည့် ဆွမ်းဟင်းတစ်အိုးစာချက်ထက် သီးနှံတွေ များနေတော့၏။ ယာခင်းရှင်က စိတ်သဘောထား ပြည့်ဝစွာ ယနေ့အဖို့ အထူးဧည့်သည်ကလေးတွေကို ပိုနေသမျှ အညီအမျှခွဲပြီး လက်ဆောင်ပေးလိုက်သေး၏။

အပြန်ခရီးမှာ သီးနှံတွေ အလကားရလာသဖြင့် ပျော်ရွှင်ကြည်နူးလာရသည့်အထဲ ယာခင်းကို အနားသတ် စီးဆင်းနေသော နက်မှောင်မှောင် ချောင်းငယ်ကလေးရဲ့ ပန်းရမှုကို မိန်းမောနေမိပြန်သည်။

"ဒီချောင်းကလေးရဲ့ နာမည်က ဓါးချောင်းတဲ့၊ တွေ့လား၊ ရေကစိမ်းညို့နက်မှောင်နေတာ၊ ချောင်းက မကျယ်ပေမဲ့ အတော်နက်မယ့်ပုံ"



သည်နေရာသို့ အကြိမ်ကြိမ် ရောက်ဖူးဟန်တူသော ဒေါ်ဒေါ်ငယ် စကားကြောင့် ဓါးချောင်းရေပြင်ထက် လှေကလေးတစ်စင်းပေါ်မှာ ထီးကလေးတစ်ချောင်း နှစ်ယောက်တည်း ဆောင်းကာ လှေအပျော်စီးနေသော ချစ်သူမောင်နှံ စုံတွဲတစ်တွဲကြောင့်ပါ ယာခင်းကလေးဟာ ကျွန်မတို့အတွက် ပန်းချီကားတစ်ချပ်နှယ် ပြီးပြည့်စုံခြင်းသို့ ရောက်သွားတော့၏။ မျက်ဝန်းမှတစ်ဆင့် နှလုံးသည်းအိမ်တွင်းတွင် ထိုမြင်ကွင်းသည် ခြေဖျက် မရအောင် ရွှံ့ထင် စွန်းထင်းသွားတော့သည်။

သည်ကတည်းက ကျွန်မက သည်နေရာကလေးကို နတ်သမီးခံတွင်းလို့ အမည်ပေးကာ နောင်အခါမှာ တဖွဖွ တသသ ပြောလေ့ရှိသော်လည်း ထိုနေရာသို့ နောက်ထပ်တစ်ခေါက် ရောက်ခွင့်မကြုံတော့ပါ။ နောက်ထပ်တစ်ကြိမ် ထိုအရည်ရွှမ်းအသီးတွေရဲ့ ယာခင်းမှာ မိန်းမောကြည်နူးနိုင်ခွင့် မရကြတော့ပါ။

ကျွန်မတို့ဘဝတွေ စိမ်းဖို့စိုဖို့ ရွှမ်းစိုရင့်မှည့်ဖို့ ကျွန်မတို့ကိုယ်တိုင် စိုက်ပျိုးနေရခြင်းကြောင့်လည်း ဖြစ်တန်ရာ၏။

*

တစ်ခါက ကင်းဘတ်စ ဖြူဖြူပေါ်တွင် ရေးဆွဲထားသော မှုန်နှစ်အရွယ်ကလေးတစ်ယောက် ပန်းချီကားကို ကျွန်မ ငေးကြည့်ခဲ့ဖူးသည်။

ပန်းချီကားထဲမှ ကလေးမှာ မိန်းကလေးဖြစ်ပြီး အရောင်စွေးစွေး ဆောက်ဂါဝန်ကို ဝတ်ထားသည်။ မိန်းကလေး၏လက်ထဲမှ ချိုင့်ကလေး တစ်ကောင် အဝေးသို့ ပျံသန်းထွက်ခွာသွားသည်ကို ကလေးက ကျေနပ်ပြုံးရွှင်စွာ ကြည့်နေသောပုံပင် ဖြစ်သည်။ ထိုပန်းချီကားကို ပန်းချီဆရာက 'ကောင်းသောနံနက်ခင်း' ဟု အမည်ပေးထား၏။

www.burmeseclassic.com



ကျွန်မသည် ထိုအရွယ် ကလေးဘဝက ကောင်းသောနံနက်ခင်းများနှင့် လွဲချော်ခဲ့ရဖူးသည်ကို မည်သည့်အခါမှ မေ့ပျောက်နိုင်မည် မဟုတ်ချေ။ ရန်ကုန်–မုတ္တမသွား ကားလမ်းပေါ်မှာ ရှိသော ကျွန်မတို့ခြံ၏ သစ်ပင်မြက်ဖုတ်တို့ ရှုပ်ထွေး ထူထပ်နေသော အနေအထားကို ကျွန်မ မနှစ်မြို့ပါ။ မျက်နှာစာ ပေခြောက်ဆယ်ရှိ၍ အနောက်သို့ ပေနှစ်ရာရှည်သော ခြံကြီးသည် ကျွန်မအတွက် ဂမ္ဘီရဆန်လွန်းလှသည်။ လေငင်တိုင်း ယိမ်းထိုး လှုပ်ရှားနေသည့် သရက်ပင်၊ အုန်းပင်၊ ဒညင်းပင်၊ မင်းဂွတ်ပင်၊ ရှုးရှဲယှက်တင် အော်ငင်မြည်တမ်းသံက ကျွန်မကို တချွေအော်သံလို ချောက်ချားစေသည်။ ဖေဖေ စိုက်ထားသော ငှက်ပျောတော ထူထပ်ထပ်ကလည်း သူယောင်မယ်တွေ လက်ယပ်ခေါ်နေသယောင်၊ အနောက်ဘက် ခြံအဆုံးနှင့် ဆက်စပ်နေသော နန်းတော်ဦး ဘုန်းကြီးကျောင်းဝင်းအတွင်းမှ ထုံးဖြူဖြူဘုရားစေတီဝန်းကျင်သည် ပရလောက အရိပ်အငွေ့တွေ ယှက်သန်းနေသည် ထင်ရ၏။ အနီးဆုံးကပ်လျက် တဂျုန်းဂျုန်း မြည်ဟီးနေသော လျှပ်စစ်ဓာတ်အားပေး စက်ရုံဝင်းအတွင်းမှ မီးစက်ခုတ်မောင်းသံကလည်း ကျွန်မ၏စိတ်အာရုံကို အကြီးအကျယ် အနှောင့်အယှက် ပေးလေ့ရှိသည်။

ထို့ထက် အဓိကကျသောအကြောင်းအချက်မှာ ဖေဖေနှင့် မေမေတို့ရဲ့ ချိန်သားမကိုက်သော အိမ်ထောင်ရေးလွဲချော်မှုသည် သားသမီးတွေအပေါ် အရိပ်မိုး ထိုးကျနေခြင်းပင်။ အိမ်ထောင်ရေးမှာ လင်နှင့်မယား၊ သူ့ဆွေမျိုး ကိုယ့်ဆွေမျိုး၊ သူ့ဘက်ကိုယ့်ဘက် ဘက်ဆွဲမှုသည် တော်ရုံခလုတ်ကန်သင်းမဟုတ်၊ ထိုမျှသာမက ထိုအချိန်က ကျွန်မတို့ နားမလည်နိုင်သော၊ ကျွန်မတို့ လက်လှမ်းမမီသော ဖြေဖျောက်ခြေဖျက်၍ မရသော ဆာတ်သုံးများ ဖေဖေနှင့် မေမေ့ကြား အများအပြား ရှိပေဦးမည်။ ကျွန်မ



...မောင်နှမတွေမှာ နှစ်ကာလများစွာပင် အယက်အကော်ခံ မြေစာပင်...အဖြစ် ကြီးပြင်းလာရသည်။

...စွဲချက်တင် စကားလုံးများ၏ ပစ်ပေါက် ခွဲချေမှုများ၊ ညှိနှိုင်းမှု...သော စကားစစ်ထိုးပွဲများ၊ အစွန်းရောက် အတွေးကိုယ်စီတို့ဖြင့် ဖြန်...သူမဲ့ ရန်ပွဲများကြားတွင် ကျွန်မတို့မှာ စီရင်ချက်ချပြီးသား အကျဉ်း...းတွေလို နုငယ်ငယ် နှလုံးသားတွေ ထိခိုက်နာကျင်ခဲ့ရသည်။ ရန်ပွဲ...ပြီး ခြိမ့်သဲ့ကျင်းပနေချိန်တွင် ထောင့်ကပ်ထဲမှ ပိုးဟပ်ဖြူကလေးတစ်...ကောင်၏တဆတ်ဆတ်တုန်ယင်နေသော နှလုံးခုန်သံကို မည်သူမျှ သတိ...မိမည် မဟုတ်ပါ။ စေးထန်းအေးစက်နေသော လက်သေးသေးကလေး...ဖက်ကို ဘယ်သူဆုပ်နယ်ပေးမှာလဲဟင်။ မှောင်ရိပ်စွန်းထင်းအောက်...၌ အစွမ်းကုန် ပြူးကျယ်နေမည်ဖြစ်သည့် ကလေးငယ်တစ်ယောက်ရဲ့...တ်ဝန်းအစုံထဲမှာတော့ ချိုးငှက်ကလေး၏ လွတ်မြောက် ပျော်ရွှင်မှုမျိုးကို...လားတောင့်တနေမှာပင်။

တစ်ခုသော ရန်ပွဲအပြီး မေမေ အိမ်ပေါ်မှအဆင်းတွင် ဆိုက်ကား...ပေါ်မှာ အဝတ်အစားသေတ္တာတစ်လုံး၊ မေမေ ချုပ်နေကျ လက်လှည့်စက်...ကလေးတစ်လုံးတင်ကာ ကျွန်မတို့ ဘုရားကြီးတောင်ဘက်ရပ်ကွက်ကလေး...ထဲ သွားနေကြသည်။ ကျွန်မမှာ မေမေနှင့် အိပ်လေ့အိပ်ထရှိသူမဟုတ်။ ...ခါနီး ဖေဖေ့ကိုတပြီး ငိုတော့၏။ ကျွန်မ တဂျီဂျီ လုပ်နေ၍ ထိုအိမ်မှ...တွေက ဖေဖေ့ဆီပြန်ပို့၊ သုံးလေးရက်နေ၊ မေမေ့ဆီသွားမယ် ပူဆာတော့...ဘုရားကြီးတောင်ဘက်အိမ်ပြန်ပို့၊ သည်လိုနှင့် အဖေနှင့် အမေကြား လွန်း...သွား ရက်ကန်းချည်မျှင် ရှည်နေရာ မြင်မကောင်း၍ ရပ်ကွက်လူကြီး...မိရပ်ဖတွေ အတင်းပြန်စေ့စပ်မှ ပြန်ပေါင်းတဲ့ဆီ ရောက်တော့၏။

ပြန်သာပေါင်းကြသော်လည်း ဦးပုံ့မနိုင် အိမ်ထောင်ရေးက လိုရာ

www.burmeseclassic.com



ခရီး မရောက်ဘဲ ရေလယ်မှာ ဝေ့လည်ဝေ့လည်၊ ဦးက ထောင်သွားလိုက် ပဲ့က စိုက်ကျလိုက်၊ နံဘေးသို့ စောင်းလည်လိုက်နှင့် ကျွန်မတို့ မောင်နှမ သော စိတ်ဒဏ်ရာ အနာဖေးတက်သည်ထက် တက်လာတော့၏။ ကျွန် အပျိုပေါက်ကလေး ဖြစ်လာတော့ မေမေ့စည်းမျဉ်းစည်းကမ်းဘောင် ထဲတွင် မွန်းကျပ်သည်ထက် မွန်းကျပ်လာသည်။ ထိုသို့ စိတ်ဓာတ် ပြိုလဲချင်ချင်ဖြစ်သည့်အခါတိုင်း ဘုတာရုံလမ်းမှ အိမ်ရှေ့တွင် ရေတွင်း သည့် အိမ်ကလေးဆီသို့ ရောက်သွားလေ့ရှိသည်။ အိမ်ကလေးရှိရာ ခြံဝင်း အတွင်းမှာတော့ ရေတွင်းကြောင့်လား၊ နံဘေးက သစ်ရိပ်ကြောင့်လား မသိ၊ ဘယ်တော့ကြည့်ကြည့် အေးချမ်းလှ၏။ ထိုအိမ်ကလေးထဲမှာတော့ ပါပါး၊ မာမားနှင့် မိနိုင်တို့ မောင်နှမတတွေ ရှိကြသည်။ မိနိုင်မေ မာမားသည် ဆူဖြိုးသောဗိုက်ကြီးကို အရှေ့သို့ပစ်ကာ ကျွန်မကို နွေးထွေး သောရင်ကို ဖွင့်လျက်ကြိုဆို၏။

"မိဘနဲ့သားသမီး အာဃာတ မထားရဘူးနော်၊ မိဘများတယ် ဆိုရင်တောင် အဲဒီအမှားဟာ စေတနာအမှားပဲ ဖြစ်လိမ့်မယ်၊ သမီးမေမေ က အပြောအဆို မချိုသာပေမဲ့ သူ့သမီးကလေးကိုတော့ မချစ်ဘဲ နေမှာ မဟုတ်ပါဘူး၊ မိဘအပေါ် အထင်မမှားရဘူး၊ အိမ်မှာမပျော်ရင် မာမား တို့ဆီ လာနေ၊ တခြား ဘယ်မှ လျှောက်မသွားရဘူးနော်"

ဤနည်းဖြင့် ကျွန်မ မာမားတို့အိမ်သို့ မကြာခဏ ကူးလူးရောက် ရှိလာတော့၏။ သည်အိမ်မှာ ပါပါးက မျက်စိမမြင်သဖြင့် ငြိမ်ငြိမ် သက်သက် အငြိမ်းစား၊ အဝတ်အစားသပ်သပ်ရပ်ရပ်နှင့် အစဉ်အမြဲ ရှိ ကောင်းကာ အကြောင်းမသိလျှင် မျက်မမြင်ဟု မထင်ရ။ မျက်စိမမြင် သဖြင့် အကြားအာရုံ၊ အတွေ့အထိအာရုံတို့ နိုးကြားအားကောင်းလှ၏။

"အဝါ ရောက်လာပြန်ပြီလား၊ အေးအေး၊ ပါပါးတို့အိမ်မှာ ကြိုက်



သလောက်နေ၊ မိနိုင်ရေ အဝါ့ကို အီကြေးချကျွေးပါကွယ်"

မာမားက မိရိုးဖလာ စက်ချုပ်ပညာဖြင့် တစ်အိမ်လုံး၏ စရိတ်ကို ဆိန်းထားသည်။ အင်္ကျီလာအပ်လျှင် စက္ကူပေါ် အင်္ကျီပုံကြမ်းရေး၍ ဘေးမှ ဗောမှတ်ထားသော ဗူးသီးငါးပေါင်းကျော်စာလုံးများက ကျွန်မ အတွက် စိတ်ဝင်စားဖွယ် ကောင်းနေတတ်သည်။ နှစ်သစ်ကူးနီးလျှင် မီးဖိုချောင်၌ မုန့်တီကြွေးဖုတ်သော ကီစွက ဤအိမ်၏ စီးပွားရေးတစ်ခု ဖြစ်သော်လည်း ကျွန်မတို့ကို ကျွေးသည်နှင့် မာမားမှာ မြတ်ရန်လမ်း ဆိပ်မမြင်ပေ။ ကိုကြီးနှင့် ကိုလတ်တို့က တက္ကသိုလ်ကျောင်းသားကြီး တွေ၊ မိနိုင်အောက် မိဖြူနှင့် မောင်ငယ်လေးတို့က ကလေးသာသာ။ မိနိုင် က ကျွန်မကို ယောင်းမ၊ ယောင်းမနှင့် အတော်ခင်ရှာသည်။ ကိုကြီးနှင့် ကိုလတ်တို့ကတော့ ကျွန်မကို ရှိတယ်လို့ပင် မထင်။

ကျွန်မ မေမေ့ထံမှ မရနိုင်သော ရင်းနှီးနွေးထွေးမှုတွေကို မိနိုင်ရဲ့ မာမား၊ မိုးရဲ့မေမေတို့ဆီမှ ရရှိခဲ့သည်။ ထိုမိသားစုနှစ်စုသည် ပုံစံတစ်မျိုး ဖြင့် ကျွန်မအတွက် ချစ်ခင်တွယ်တာဖွယ်၊ လေးစားမြတ်နိုးဖွယ် ကောင်း နေတော့သည်။

သည်လိုနှင့် မရပ်မနား လည်ပတ်နေသော အချိန်ရာသီ စက်ဝန်း သည် ကျွန်မတို့ကို မဟားတရား သယ်ဆောင်သွားသည်။ ကျွန်မတို့ ဆယ်တန်းအောင်တော့ မထင်မှတ်သော အလှည့်အပြောင်းတွေနှင့် ရင် ဆိုင်တိုးကာ တစ်ယောက်တစ်နေရာစီ ကျဲပြန့်သွားတော့သည်။ ကျွန်မတော့ စိတ်ကူးယဉ်သမားပီပီ လောကကြီးရဲ့ အပြင်ဘက်ကို ချော်ကဲကြည့်ရန် အဝေးဆုံးသို့ ကျောင်းဆရာမအလုပ်ကို လျှောက်သည်။ မေမေ့အကြည့် နှုတ်စူးအောက်မှ လွတ်ရာလွတ်ကြောင်း ရှာကြံသည်လည်းပါသည်။ ယော သည် မီးစက်သံ ဂျုန်းဂျုန်းကလွတ်ရင် ငြိမ်းချော၊ တောသည် အုံ့ဆိုင်း

www.burmeseclassic.com



မှိုင်းရီ ဂမ္ဘီရအရိပ်တွေ ဝေ့သီနေသည့်အရပ်မှ လွတ်လျှင် ပြီးရော။

မိုးကတော့ သူ့အိမ်က စီမံသလို မော်လမြိုင်တက္ကသိုလ်တက်ဖြစ်သည်။ မိနိုင်ကတော့ သူ့အစ်ကိုတွေ ပညာရေးကို ဦးစားပေးကာ အထေသင်ဖြေရင်း မာမားကို ကူသည့်အနေနှင့် စက်ပေါ်ရောက်တော့သည်။ ကျွန်မ မြို့သို့ နှစ်နှစ်တစ်ခေါက်၊ သုံးနှစ်တစ်ခေါက် ရောက်သော်လည်း သူတို့နှင့် အေးအေးဆေးဆေး မတွေ့ရ။ ကျွန်မက လာလိုက်လျှင် ပြေးပြေးလွှားလွှား၊ ဘဝဇာတ်ဆရာအလိုကျ ရောက်သည့်နေရာတွင် ကျရာဇာတ်ရုပ် က,နေရသည်။ အလုပ်တာဝန်နှင့် နယ်စပ်မြို့ကလေးမှာ နှစ်အတန်ကြာတော့ ထိုအရပ်မှာပင် အိမ်ထောင်ကျသည်။

ကျွန်မနှင့် မရှေးမနှောင်းပင် မိုး လက်ထပ်သည့် သတင်းကိုကြားရသည်။ သူ့အိမ်ထောင်ဖက်က ရည်းစားဟောင်း ထင်ကျော်လွင် မဟုတ်တာ သေချာသည်။ ကျွန်မတို့ ပညာသင်ကြားရာ အထက်တန်းကျောင်းကြီးတွင်ပင် မိုးတစ်ယောက် အလယ်တန်းပြဆရာမ ဖြစ်လာသည်။ ယောကျ်ားကလည်း အစိုးရဝန်ထမ်း အေးအေးဆေးဆေးသမားဆိုတော့ အမေငြိမ်းရဲ့ အိမ်ဆိုင်ကလေးမှာ ဘဝကို တည်တည်ငြိမ်ငြိမ် ဖြတ်သန်းနေသည်။

ကျွန်မနှင့် မိုး အိမ်ထောင်ကျသော်လည်း မိနိုင်က အပျိုကြီးဘဝနှင့် အရိုးထုတ်နေသည်။ အစ်ကိုတွေ၊ အရာရှိကြီးတွေ ဖြစ်တော့ နှမထမ်းပိုချောင်၊ မိနိုင် စက်ပေါ်က မဆင်းရတော့။ လူကလည်း ကြာလေဝလေ၊ အပ်ချုပ်စက်လုပ်ငန်း စီးပွားဖြစ်သလောက် မိနိုင်မှာ အိမ်ထဲကအိမ်ပြင် မထွက်ဖြစ်။ မိဘတွေ အသက်ကြီးလာတာနှင့်အမျှ အိမ်မှာအငယ်တွေကို သူပင် ပြန်ဦးစီးနေသည်။

ကျွန်မ တိုင်းစွန်နယ်ဖျားမှာ နှစ်ပေါင်းများစွာ တာဝန်ထမ်းပြီးခါသနားအတွက် စွန့်စားဖို့ ရန်ကုန်တက်လာကာ စာပေလောကမှာနေရာကလေးတစ်နေရာ ခြေကုပ်ရဖို့ ကြိုးစားနေချိန် အနှစ်နှစ်ဆယ် ဖြတ်သန်းမှုကို သမင်လည်ပြန် ကြည့်တော့ ကြောက်ခမန်းလိလိ ဒဏ်ရာအနာတရ ကြေကွဲနာကျင်မှုတွေနှင့် ဘဝမှာ ထုသားပေသား ကျခဲ့ပြီ။

ကျွန်မ ရန်ကုန်ရောက်သော်လည်း ဇာတိမြို့သို့ တော်ရုံဖြင့် ပြန်ရောက်နိုင်ခဲ့။ ဇာတိမြေသည် ကျွန်မကို မျက်လုံးစိမ်းနှင့် ကြည့်နေလေပြီ။ ကျွန်မရဲ့ စိတ်အာရုံတွင်လည်း ဇာတိမြေသည် တဖြည်းဖြည်း မှုန်ဝါးလာသည်။ ငယ်ဘဝပုံရိပ်သည် အရောင်ဖျော့မှုန်ရီလာသည်။ အတိတ်သည် ဟောင်းနွမ်းသော ဖလင်ပြားပေါ်မှ ရုပ်ရှင်ကားတစ်ကားလို မကြည်မလင် တုန်ခါဝေဝါးနေသည်။

မြို့သူမြို့သားတွေနှင့် ဆက်ဆံရေး စိမ်းကားပြတ်တောက်လာသည်။ အသံနှင့် လေယူလေသိမ်းကြောင့်သာ ကျွန်မတို့ မြို့သားတွေဟု သိနိုင်လောက်ပေမဲ့ တော်ရုံလူကို မမှတ်မိချင်တော့။ လူကို သိလျှင်လည်း နာမည်နှင့်လူ မတွဲမိတော့။

သည်တစ်ခေါက် ကျွန်မ မြို့ကလေးဆီ ပြန်ရောက်တော့ အိမ်မှာ ဗစ္စည်းတွေ ချပြီးသည်နှင့် ဘုတာရုံလမ်းရှိ မိနိုင်တို့ အိမ်ဘက်ဆီ ခြေဦးလှည့်မိတော့သည်။ အိမ်ရှေ့မှာ ရေတွင်းရှိသည့် သစ်ရိပ်အုပ်အုပ်အိမ်ကလေးသည် ယခင်အတိုင်းပင် အေးမြမှုဖြင့် ဆီးကြိုနေသည်။ အိမ်တံစက်မြိတ်အောက်သို့ ဝင်မိသည်အထိ လေးနှစ်အရွယ် ကလေးတစ်ယောက်မှအပ ဧည့်ခန်းတွင် မည်သူ့ကိုမှ မမြင်မိ။ လူကြီးတွေ ဘယ်သူမှ မရှိကြဘူးလား။ ကျွန်မ ဧည့်ခန်းမှာ ရပ်လျက် အပ်ချုပ်စက်တွေကို ငေးကြည့်နေမိသည်။ စက်တွေက လွန်ခဲ့သည့် နှစ်တွေက စက်အိုစက်ဟောင်းတွေ မဟုတ်တော့။ အသစ်တွေ၊ အသစ်တွေ။ အမျိုးအစားကို မပြောနိုင်

www.burmeseclassic.com



ပေမဲ့ နောက်ဆုံးပေါ် အပ်ချုပ်စက်၊ အနားလုံးစက်၊ ဓားစက်၊ မှန်ဘီ
ထဲမှ အပ်ထည်ပုံကြီးကို ကြည့်ရင်း ယခင်ကထက် နှစ်ဆ အလုပ်တွင်
မည် ခန့်မှန်းနိုင်သည်။

ဧည့်ခန်းအဆင်အပြင်ကလည်း ယခင် ကြိမ်ကုလားထိုင်ဟောင်
များ နေရာတွင် သစ်လွင်လှပ ခေတ်မီသော ဆက်တီများဖြင့် အစားထိ
ထားသည်။ တီဗီ၊ ကက်ဆက်တို့ သူ့နေရာနှင့် သူ လူလတ်တန်း
အိမ်တစ်ဆောင်၏ အဆင်အပြင်များဖြင့် အိမ်၏ သင့်တင့်မျှတသော
စီးပွားဝင်ငွေကို ခန့်မှန်းနိုင်သည်။

ခန်းဆီးကို ဖယ်၍ အတွင်းမှ ခပ်ဝဝ မိန်းမတစ်ယောက် ထွ
လာသည်။ မာမားများလား။

"ဟယ် ... အဝါ၊ ဘယ်တုန်းကရောက်လဲ"

မြတ်စွာဘုရား၊ ဒါဟာ... ဒါဟာ မိနိုင်ပါလား။ ဘယ်အချိန်
များ မိနိုင်တစ်ယောက် မာမားပေါက်စကလေး ဖြစ်သွားရပါလိမ့်။

"ဟဲ့၊ ဘာကြည့်နေတာလဲ၊ ဘာလဲ၊ အရင်ကထက် ပိုလှလာ
လား၊ လူကို ဒီလောက်တောင် ကြည့်နေရတာ"

"ဘယ်လိုလေပွေရိုင်းတွေကများ မိနိုင်ရဲ့ နုပျိုမှုတွေကို ကော
င်သိမ်းဆည်းသွားပါလိမ့်လို့ တွေးနေတာပါ"

"ပြောတော့မယ် စာရေးဆရာမကြီးက"

"နင့်ဆံပင်တွေ ငွေရောင်ဆိုးထားတာတော့ မဟုတ်ပါဘူးနော်"

"အပူတွေလေ၊ အပူတွေ၊ ပူပင်မှု သောကတွေက ဆံပင်တွေ
အရောင်ပြောင်းလဲစေတာပေါ့"

"နေပါဦး အပျိုကြီးမမရယ်၊ နင့်မှာ လင်ပူသားပူ မရှိဘဲ ဘ
ဘာ အပူတွေ ဗွားပူနေရတာလဲ"





"ဟိုမှာလေ မောင်လေးအငယ်ကောင်က မွေးတဲ့ သမီး ပုစုကွေး
လေး၊ အဲဒီကောင် ဒုက္ခပေးတာ မနည်းဘူး၊ အိမ်ထောင်ကျတာ မဟန်တော့
ကွဲလိုက်ပေါင်းလိုက်၊ ကလေးကိုတော့ ဒီအိမ်မှာ လာထိုးတင်ထားလေရဲ့"

"စီးပွားရေးတော့ ကောင်းရဲ့ မဟုတ်လား၊ စက်တွေတောင်
အရင်စက်တွေ မဟုတ်တော့ဘူး"

"ဒါက ကိုလတ် နိုင်ငံခြားက ပို့တာတွေပါ။ ကိုကြီးလည်း အိမ်
ထောင်ကျပြီး ဘားအံမှာ၊ ကိုလတ်က မန္တလေးမှာ၊ သူတို့ဆီက အရင်က
လို မျှော်နေလို့ မရတော့ဘူး၊ အခု မာမားလည်း အရင်လို စက်ပေါ်
တက်နိုင်တော့ဘူး၊ ငါနဲ့ မိဖြူနဲ့ ပင်တိုင်ပေါ့"

"မာမားဆိုလို့ မတွေ့ပါလား၊ ပါပါးရောဟင်၊ နေကောင်းရဲ့
လား"

"ပါပါးက အရင်လို မဟုတ်တော့ဘူး၊ အသက်ကြီးတာရော၊
နှလုံးရောဂါ အခံရှိတာရော၊ ဒူလာနိုပ်စက်တာရော အိပ်ရာထဲ လဲနေပြီ။
ရှေ့ကြောင်းနောက်ကြောင်းတွေလည်း မသိတော့ဘူး။ အိမ်မှာရှိတဲ့ လူတွေ
လည်း မသိတော့ဘူး၊ အိမ်မှာရှိတဲ့ လူတွေလည်း သူ့ဝေယျာဝစ္စနဲ့ အချိန်
ကုန်နေတော့တာ၊ မာမားကတော့ သူ့အနားမှာ အချိန်ပြည့်ပေါ့။ လာလာ
ပြမယ်"

အနောက်ခန်းထဲမှာတော့ ပါပါးကို ဆီးဝမ်းသွားပြီး၍ သုတ်သင်
သန့်ရှင်းပေးနေသည့် မာမားကို တွေ့ရသည်။ ပါပါးကတော့ ခါတိုင်းလို
'အဝါ'လားဟူ၍ပင် မမေးနိုင်တော့။ စိတ်တိုင်းမကျတိုင်း ဆူနေအော်နေ
တော့သည်။ မာမားက ကျွဲကော်ကိုင်း မျက်မှန်ကြီး တောတ်တစ်ကာ
ညွှန်မ မျက်နှာကို အနီးကပ် ကြည့်သည်။

"ငါ့သမီးက ချောတုန်းပဲဟဲ့၊ နင့်သူငယ်ချင်း မိနိုင်တော့ မြင်တဲ့

www.burmeseclassic.com



အတိုင်း အပျိုကြီးဖြစ်လေ၊ အပူများလေပေါ့၊ ခုတော့ ဖအေအိုကြီး အချိန်ကုန်တော့တာ၊ ပါပါးက သူငယ်ပြန်တယ်ခေါ်မလား၊ ဘာခေါ်မ တော့ မသိဘူး၊ သားသမီးတွေလည်း မသိတော့ဘူး၊ ခေါ်ရင်လည်း ငယ်ငယ်က အတူနေ တူမတွေနာမည်ပဲ ခေါ်တယ်။ ပြီးတော့ သူ့ရည်း ဟောင်းနာမည်တွေ တဖွဖွရွတ်တယ်။ မာမားကိုတော့ ဒီနားမှာ ထိုင် တာ ဘယ်က အဘွားကြီးလဲတဲ့ အဟက်... ဟက်"

မာမားရဲ့ ရယ်သံက တင်းကျပ်မှုတွေကို ထွက်ပေါက်ပေးလို သလို ဖြစ်သွားပြီး ကျွန်မတို့အားလုံး စိတ်လက်ပေါ့ပါးသွားကြသည် ပါပါးက မျက်စိမမြင်သည့်အထဲ သိမှုအာရုံပါ ချုတ်ယွင်းလာတော့ နော ဆုံးအချိန်သည် အချိန်းနှီးရှည်ကြာနေတော့၏။

သည်လိုပဲ လူတွေ တဖြည်းဖြည်း အိုမင်းဟောင်းနွမ်းသွားကြမည် လူဟောင်းတွေ ထွက်ခွာ၊ လူသစ်တွေ အစားထိုး ရောက်ရှိ၊ အဟောင်း အသစ်ကြားမှာ သင်္ခါရတရား၏ လွှမ်းမိုးယှက်တင်မှုကို တွေးရင်း ပစ္စည်း အသစ်တွေနဲ့ လူဟောင်းတွေရှိသော အိမ်ကလေးထဲမှ ထွက်လာခဲ့ သည်။

ကျွန်မ ဒုတိယတွေ့ဆုံလိုသူမှာ မိုးဖြစ်သည်ကို အထူးပြော မလိုတော့ပေ။ ကျွန်မသွားရမယ့်ခရီးက အတန်ငယ်လှမ်းသဖြင့် ခြေလျင် ရောက်နိုင်တော့ မည်မဟုတ်။ ဆိုက်ကားတစ်စီးကို လှမ်းခေါ်လိုက်သည်

"နတ်စင်ကုန်းကို ဘယ်လောက်လဲ"

"၇၀ ပဲ ပေးပါ"

"ဘုရားရေ၊ နတ်စင်ကုန်းကို ဆိုက်ကားခ ၇၀ ဟုတ်လား၊ အ က တစ်ကျပ်၊ ငါးမူး ခရီးကိုများ"

"ဘယ်တုန်းကလဲ အစ်မ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကလား"



"ငါးဆယ်ပဲ ထားပါကွာ"

"မရဘူး အစ်မရဲ့၊ ငါးဆယ်ဆိုတာ ရွှေစာရံဘုရားကြီးပဲ ရောက် မယ်"

"ကဲ...ကဲ၊ ဒါဆိုလည်း မြသပိတ် ဘုရားလမ်းအတိုင်း သွားပေး နော်"

ကျွန်မ ဆိုက်ကားပေါ်တက်တော့ ဆိုက်ကားက ကျန်ခဲ့သော မြသပိတ်ဘုရားလမ်းဆီသို့ ဦးတည်မောင်းနှင်လာသည်။ ဘူတာရုံလမ်း အတိုင်း တက်လျှင် ခရီးနီးပါလျက် မြသပိတ်ဘုရားလမ်းမှ ပတ်ခိုင်းသည် ကို ဆိုက်ကားဆရာ ဘဝင်မကျ ဖြစ်လျှင်လည်း ဖြစ်စေတော့။ ကျွန်မကတော့ မြသပိတ်တောင်ပေါ် မတက်နိုင်မည့် အတူတူတော့ အဝေးမှပင် ဖူးပါရ စေတော့ စိတ်ကူးနှင့်။ ဆိုက်ကားသည် မြသပိတ်ဘုရားလမ်းအတွင်း ချိုးကွေ့ဝင်လိုက်သည့်အခါ မှိုင်းပျပျ မြသပိတ်တောင်တော်ကို အဝေးမှ ဖူးမြော်ရလေသည်။ ဆောင်းအခါတွင် နှင်းခမောက်ကို ဆောင်းလေ့ ရှိ သော်လည်း မိုးလေကင်းစင်သော မိုးအကုန်ဆောင်းအကူးကလေးတွင် ကြည်လင်သော ကောင်းကင်ပြာနောက်ခံတွင် စေတီတော်ကို သပ္ပာယ်စွာ ဖူးတွေ့ရလေသည်။

ကျွန်မမှာသာ အဆစ်ရောင်ရောဂါ ရှိမနေဘူးဆိုလျှင် တောင်ပေါ် သို့ ယခုပင် အပြေးအလွှားတက်လှမ်းလိုက်ချင်သည်။ တောပန်းတွေခူးရင်း တောလမ်းမှ တောင်ပေါ်တက်ခဲ့ရသည့် ငယ်ဘဝသည် အရှိန်အဟုန် ကောင်းကောင်းနှင့် ပြေးလွှားကပ်ပါလာသည်။ အတက်ဆိုလျှင် တော လမ်းမှတက်၊ အဆင်းကျတော့ စောင်းတန်းမှဆင်း။ အဆင်းခက်သော်၊ အတက်ကြမ်းကြမ်း ဘဝတောင်တန်းတွေအပေါ် မတက်ဆင်းမီအချိန်က နုပျိုလန်းဆန်းမှုမျိုး ကျွန်မ ခဏလောက် ပိုင်ဆိုင်လိုက်ရသည်။

www.burmeseclassic.com



တပို့တွဲလ တောင်ခြေမှာ ထမနဲပွဲကြီးတွေ ဟီးနေအောင် ထိုးလေ့ရှိသော မြသပိတ်စေတီဘုရားပွဲကို အလွမ်းကြီး လွမ်းနေသေးတော့၏။ ဆိုင်းသံချိန်းချိန်းကြားတွင် မီးတောက်နေသော ဒယ်အိုးပြဲကြီးထဲ အားကောင်းမောင်းသန် ယောကျ်ားကြီးနှစ်ယောက် သစ်သားယောက်မဖြင့် ကောက်ညှင်းဆန်များ၊ မြေပဲ၊ အုန်း၊ နှမ်းများကို ရောမွှေနေသည့် မြင်ကွင်းသည် မွှေးပျံ့ပျံ့ ထမနဲနံ့နှင့်အတူ နှာဝဆီသို့ သင်းပျံ့ဝေ့ဝဲလာသည်။

သည်အချိန်တွင် ကျွန်မနှင့် မွေးရပ်မြေသည် တစ်သွေးတည်း တစ်သားတည်း ကျနေတော့၏။ အို၊ မွေးရပ်မြေနဲ့ ကျွန်မ ဘယ်မှာ စိမ်းဆတ်ကွာဝေးတော့လို့လဲ။ သည်အချိန်မှာ ကျွန်မကို မျက်လုံးစိမ်းနဲ့ ကြည့်နေသည်ဆိုသည့် ခံစားမှုမျိုးလည်း မရှိတော့။ စိမ်းစိုလန်းဆန်းမှု အရောင်အသွေး၊ ရနံ့၊ ဒါတွေအားလုံး ကျွန်မ နှစ်ပေါင်းများစွာ ရင်းနှီးလွှမ်းခဲ့သည့်အရာတွေ။

ဆိုက်ကားသည် မြသပိတ်လမ်းအတိုင်း မောင်းနှင်ပြီး ဆေးရုံရှေ့မှ ချိုးကွေ့လိုက်သောအခါ ယခင်က ဟောင်းနွမ်းနေသော်လည်း ယခု ကြွေပြားတွေဖြင့် ဖိတ်ဖိတ်စင်နေသည့် အဆောက်အအုံကြီးက ကျွန်မစိတ်ကို ညှို့ငင်လိုက်တော့၏။

"တိမ်ပြာတည်းခိုခန်း ဆိုပါလား၊ နောက် တိုးချဲ့ပေါ်လာတာ ထင်တယ်၊ တစ်ညတည်းခိုခ ဘယ်လောက်ပါလိမ့်"

"တစ်ည တည်းခိုခ ခုနစ်ရာ့ငါးဆယ်လောက်တော့ရှိတယ် အစ်မရဲ့၊ 'တိမ်ပြာ'နဲ့ 'ခရမ်းပြာ'က တည်းခိုခ ဈေးအကြီးဆုံး"

"ဒီမြို့ကလေးမှာ အဲဒီလောက် တည်းခိုခပေးပြီး တည်းမဲ့လူ ရှိရဲ့လား"

"ရှိတာပေါ့ အစ်မရဲ့၊ ကျွန်တော်တို့မြို့ကို အထင်မသေးပါနဲ့။ အခြားမြို့တွေနဲ့အပြိုင် ကျွန်တော်တို့မြို့ဟာလည်း ခေတ်မီတိုးတက်နေပါပြီ။ အခုဆို ဒီလို တည်းခိုခန်းတွေ ဆယ်ခုထက်မနည်း ရှိနေပြီ"



ဆိုက်ကားဆရာ၏ မြို့ကလေးအပေါ် ဂုဏ်ယူလေးမြတ်မှုအပေါ် ကျွန်မ ကျေနပ်သွားမိသည်။ ရုပ်ဝတ္ထုတွေ ခေတ်မီတိုးတက်လာသလို အခြားအရာတွေလည်း တိုးတက်ဖို့ လိုကြောင်းကိုတော့ ဆက်မပြောမိတော့ပါ။ ဆိုက်ကားသည် ရွှေစာရံဘုရားမုခ်ဦးကို ဦးတိုက်ပြီးမှ ကျွန်မတို့ရဲ့ ကျောင်းတော်ကြီး အထက (၂) ဆီ ချိုးကွေ့လိုက်၏။

"တော်ပြီ၊ ဒီအနားမှာပဲရပ်တော့"

"ဟင် အစ်မ နတ်စင်ကုန်းဆို လိုသေးတယ်"

"ရပြီ ရပြီ၊ ဒီကနေပဲလမ်းလျှောက်သွားချင်လို့"

ရွှေစာရံဘုရားမုခ်ဦးမြင်တော့ ကျွန်မ စိတ်ပြောင်းသွားသည်။ ဆိုက်ကားပေါ်မှ ဆင်းကာ ဘုရားဝင်းကြီးအတွင်း ဝင်၍ ဘုရားဝတ်ပြုလျက် ဘုရားစေတီကြီးကို လက်ယာရစ် တစ်ပတ်ပတ်သည်။ ဂေါတမမြတ်စွာဘုရား ကိုယ်တော်တိုင် ကြွရောက်တည်ထားသည်ဆိုသော စိရံဌာတုစေတီ၊ ကကုသန်မြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူ၊ ကောဏဂုံမြတ်စွာဘုရား၏ သပိတ်တော်၊ ကဿပမြတ်စွာဘုရား၏ တောင်ဝှေးတော်၊ ဂေါတမမြတ်စွာဘုရား၏ သွားတော်တို့ကို ဌာပနာ၍ တည်ထားသော စေတီတော်ကြီးမှာ မြို့ရဲ့ ကျက်သရေဆောင် ကြီးမြင့်ထည်ဝါမှုကို ပြနေသည်။

သုဝဏ္ဏဘူမိမြို့ သဘော်ဆိပ်ကမ်း၊ မဇ္ဈိမတိုင်းသားတို့၏ ရွက်လှေကြီးများ၊ အာရေဗျကုန်သည်များ၊ ဩရိသနယ်သား သင်္ဘောသားများ ရှင်အရဟံ၊ အသောကမင်းကြီး၏ ဆရာတော်များဖြစ်ကြသော သောဏမထေရ်နှင့် ဥတ္တရမထေရ်တို့၏ သုဝဏ္ဏဘူမိ သာသနာပြုခရီး ကူလား ခြေလျင်သူရဲ ဖျတ်ဝီနှင့် သူ့ချစ်သူ မအိုစာ၊ ရာဇဝင်ဘောင်ကြောင့် ပုဂံသို့

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်ခဲ့ရသည့် ညီငယ်ဗုဒ္ဓ၊ ထေရဝါဒ ဗုဒ္ဓဘာသာခေတ်ဦး၊ မင်းကျောင်းဆရာတော်၊ ပိဋကတ်အစုံသုံးဆယ်၊ အနော်ရထာ စစ်ပွဲများ၊ စစ်သုံ့ပန်းမနုဟာ၊ သုဓမ္မဝတီခေါ် သုဝဏ္ဏဘူမိ။

မွန်တို့က သူတို့ရဲ့ ရှေးဦးမြို့တော်ကို သုဝဏ္ဏမံ့ (အဆင်းလှသောမြို့)ဟု ခေါ်ခဲ့ကြသည်။ နောက်တော့ ဝဏ္ဏကိုချေ၍ သုမံ့(ကောင်းသောမြို့)၊ ထိုမှ သထုံရယ်လို့ ဖြစ်လာရသည့်မြို့။

"ကိုယ့်ဇာတိမြေရဲ့ ကောင်းမြတ်တဲ့အစဉ်အလာတွေကို ဖော်ထုတ်ရေးသားကြရမယ်၊ ဒါမှသာ ဇာတိမြေအပေါ်မှာ တာဝန်ကျေပွန်ရာရောက်လိမ့်မယ်"

သည်မြို့သား စာဆိုရှင် ဆရာကြီး ရာမညကိုကိုနိုင်ရဲ့ တွန်းအားပေးစကားသံတို့ အဝေးဆီမှ လွင့်ပျံလာသည်။ ကျွန်မက ဇာတိမြေထက်အလုပ် စတင် ဝင်ရောက်ရာ မိခင်ဌာနရင်း ကမ်းရိုးတန်း မြို့ကလေးပေါ်ပိုမိုအာရုံစူးစိုက် သက်ဝင်သဖြင့် ရေးသမျှစာတို့မှာ 'ကမ်းရိုးတန်းနေလူမှုအခင်းအကျင်းတွေသာ ဖြစ်လေ့ရှိသည်။ ဖြတ်သန်းစီးဆင်းမှု အတိတ်သမိုင်း အစဉ်အလာ ခံ့ထည်ခိုင်မာမှု ရှိလျက်နှင့် ကျွန်မ၏ အနုရသပိညာဉ်လိပ်ပြာကို လှုပ်လာပျံသန်းစေရန် မနှိုးဆွနိုင်သေး။ ကျွန်မ ဇာတိမြေအပေါ်တာဝန်မကျေသေးဟုပင် ဆိုရတော့မည်။

ရွှေစာရံဘုရားဝင်းအတွင်းမှာတော့ ကျွန်မ စိတ်ကို အဆွဲဆောင်ဆုံးအရာမှာ စေတီတော်၏ အရှေ့ဘက် ကျောက်စာတိုင်နှင့် လိပ်ကန်ပင်ဖြစ်သည်။ လိပ်ကန်သည် မြတ်စွာဘုရား၏ သွားတော်လေးဆူကို ရေသွန်းလောင်းရန် တူးသောကန်ဟု ဆိုကြသည်။ နွေအခါမှာ ရေခန်းလုလုဖြစ်တတ်ပေမဲ့ မိုးအခါမှာတော့ ကန်ရေသည် အတက်အဆင်း လှေကားရင်းအထိ ပြည့်နေတတ်သည်။ ပတ်ပတ်လည် အုပ်မိုးနေသော ကုက္ကိုပင်



တို့၏ အေးရိပ်ကြောင့် အနီးဝန်းကျင်သည် အစဉ်အမြဲ အေးစိမ့်စိမ့်အနေအထားမှာ ရှိနေသည်။ ကန်မှာ နှစ်ပေါင်းများစွာ မဖော်ဘဲထားသဖြင့်ရေညှိရေမှော်တို့ဖြင့် စိမ်းညို့ နက်မှောင်နေတော့၏။

ကျွန်မတို့ ကျောင်းသွားကျောင်းပြန် ဘုရားဝင်းအတွင်းမှ ဖြတ်သွားတိုင်း လိပ်ကန်သို့ ဝင်လေ့ရှိသည်။ ရေထိစပ်နေသော လှေကားစွန်းအထိဆုံမရဲတိုးကပ်သွားကာ ကူးခတ်သွားလာနေသော လိပ်ကြီးများကို အစာကျွေးကြသည်။ လိပ်ကန်နှင့်မျက်နှာချင်းဆိုင်တွင် တွေ့ရသော ရှေးဟောင်းကျောက်စာတိုင်များ ကြားကိုတော့ ကလေးပီပီ သွားရောက်လေ့မရှိ၊ လူကြီးများကလည်း ထိုကိစ္စကို တားဆီး ပိတ်ပင်လေ့ရှိသည်။

"ကိုယ့်အရေးကိုယ့်အရာ မဟုတ်ဘဲ ကျောက်စာတိုင်တွေကြားသွားကြနဲ့နော်၊ မသမာသူတွေနဲ့ တိုးနေဦးမယ်"

ကျွန်မတို့ ကျောက်စာတိုင်တွေကြား မသွားပေမဲ့ ဘုရားကြီး၏အရှေ့ဘက် စောင်းတန်း တစ်လျှောက်(ထိုစဉ်က) မော်လမြိုင်၊ ဘားအံဘက်မှဝင်လာသော မှောင်ခို အထည်အလိပ် အသုံးအဆောင်ပစ္စည်းတွေကိုတော့စိတ်ဝင်တစား ငေးမောကြရသည်မှာ အရသာ တစ်မျိုးပင်။ ကျွန်မတို့ဝန်ထမ်းမိဘအင်အားနှင့် မဝတ်မဆင်ပေးနိုင်သော ထိုမှောင်ခိုအထည်စများကို ကျွန်မ စိတ်ကူးနှင့် ဝတ်စုံပေါင်းများစွာ ချုပ်ဖူးလှ၏။

ရွှေစာရံဘုရားကြီး အရှေ့ဘက်မုခ်မှထွက်ကာ ကျောင်းတော်ကြီးကို ပတ်လျက် တောင်ဘက်စူးစူးကို လျှောက်တော့ မိုးတို့အိမ်ဆီသို့ သွားရာ လမ်းကလေးဆီ ရောက်တော့၏။ တစ်ချိန်က ကျွန်မ၊ မိုးနှင့် မိနိုင်တို့သည်လမ်းပေါ်မှာ အကြိမ်များစွာ လျှောက်ခဲ့ကြသည်။ ယခုတော့ ကျွန်မနှင့်မိနိုင်အဖို့ သည်လမ်းကလေးနှင့် ဘာမှမဆိုင်တော့။ မိုး တစ်ယောက်သာ ယခင်ကအတိုင်း လမ်းကလေးပေါ်မှာ လျှောက်လျှက် ကျောင်းတော်ကြီးဆီ

www.burmeseclassic.com



အရောက်လာဆဲ။ ယခုနောက်ပိုင်း မိုးတစ်ယောက်တည်းသာ မဟုတ်။ မိုးရဲ့ မျိုးဆက်သစ် ကလေးတွေပါ သည်လမ်းကလေးပေါ် ဖြတ်လျှောက် လျှောက်နေကြသည်။ ကြည့်စမ်း၊ နည်းသည့်နှစ်တွေ မဟုတ်။ မိနိုင်က အနှစ်နှစ်ဆယ်ကျော် စက်ပေါ်က မဆင်း၊ မိုးကလည်း အနှစ် နှစ်ဆယ်ကျော် လမ်းကလေးပေါ်မှာလျှောက်။ ကျွန်မတစ်ယောက်သာ ဟိုရောက်သည် ရောက်၊ ဟိုရွှေ့သည်ပြောင်း၊ စိတ်ကူးပူဖောင်းတွေကို အကောင်အထည် ဖော်ရင်း ကိုယ့်ပန်းပု ကိုယ်ထုရင်း ထွင်းရင်း လိုချင်တဲ့ အလင်းတစ်စကို မရနိုင်သေး။ ဟိုတုန်းက သူငယ်ချင်းသုံးယောက် တတွဲတွဲလျှောက်ခဲ့ရ သည့် နှစ်ကာလတွေကို မြင်ယောင်ရင်း နှစ်ကာလတွေ ဘယ်လောက် ပြောင်းပြောင်း၊ မပြောင်းလဲသော ပတ်ဝန်းကျင် မြင်ကွင်းကတော့ သည် အတိုင်း။ မိုးတို့အိမ်ရှေ့က ဘားအံ-မြိုင်ကလေး ကားလမ်းသည် သာမည ဆရာတော်ကြီး ဘုန်းတန်ခိုးကျော်စောမှုကြောင့် ဘုရားဖူးကားတွေနှင့် ပိုမိုစည်ကားလာသည်ပဲ ရှိသည်။

ကားလမ်းနံဘေး မိုးတို့အိမ်ကလေးရှေ့ရောက်တော့ အိမ်ဆိုင် ကလေးလည်း မရှိ၊ မိုးကိုလည်း မမြင်၊ အမေငြိမ်းများ ဆိုင်မရောင်းနိုင် တော့လို့ ဆိုင်သိမ်းထားလေသလား။ စိတ်နှလုံးလှလှ၊ အပြုံးချိုချိုနှင့် နွေးထွေး ကြင်နာသော မျက်ဝန်းတစ်စုံ ပျောက်ဆုံးနေသဖြင့် ကျွန်မရင် ထဲ ဟာတာတာကြီး ဖြစ်သွားသည်။

"ဒီမှာ...ဒီမှာ၊ ဒီအိမ်က ဆရာမ ဒေါ်မိုးသက်ဇင်တို့ အိမ်ပဲလားရှင့်"

"ဆရာမတို့လား၊ ဒီအိမ်မှာ မနေတော့ဘူး၊ ဟိုဘက်မျက်စောင်း ထိုးခြံကြီးထဲက သူ့အဒေါ်များအိမ်ကို ပြောင်းကုန်ကြပြီ"

ကွမ်းယာဆိုင်မှ ညွှန်ပြရာကို ကြည့်လိုက်တော့ ဒေါ်ဒေါ်ကြီး ဒေါ်ဒေါ်ငယ်တို့ ခြံကြီးဖြစ်နေသည်။ ထိုခြံသည်လည်း မိုးနှင့် ပတ်သက်၍



ကျွန်မတို့နှင့် မစိမ်းလှ။ ကျွန်မ ခြံဝင်းထဲ မဝင်သေးဘဲ အထဲသို့ မသိ မသာ စောင်းငဲ့ကြည့်မိသည်။

"ဟော့ အဝါ မဟုတ်လား"

ခြံထဲမှာ ပန်းပင်ရေလောင်းနေသော တစ်ပတ်လျှိုဆံထုံးနှင့် အသက် ခပ်ကြီးကြီး မိန်းမတစ်ယောက် လှမ်းနှုတ်ဆက်လိုက်မှ သေသေချာချာ ကြည့်လိုက်တော့ မိုး၊ ကျွန်မရဲ့ မိုး။ ဟင့်အင်း၊ မဟုတ်ဘူး၊ မဟုတ်ဘူး။ ဌာနခွဲစာရေးကြီး ဦးဝင်းလွင်ရဲ့ မိုး၊ သားတို့သမီးတို့ရဲ့ မေမေမိုး၊ ဘယ် မှာ ကျွန်မရဲ့ မိုး ဟုတ်တော့လို့လဲ။ ကျွန်မ အရင်က ငေးမောအားကျခဲ့ရတဲ့ မိုးရဲ့အလှတွေ၊ ယောကျ်ားတွေရဲ့ စိတ်ဝင်စားမှုကို ချူယူခဲ့သည့် ကိုယ်နေ ဟန်ထားတွေ ဘယ်ရောက်ကုန်ပြီလဲ။ အချိန်ကာလ ရေအလျဉ်၏ တွန်း တိုက်ဝါးမြိုမှုက ကြမ်းရှခက်ထန်လှပါလား။

ဘယ်တုန်းက ကျွတ်ကုန်မှန်း မသိသော ဆံပင်တွေကြောင့် တစ် ပတ်လျှို ဆံထုံးကလေးမှာ ခေါင်းနှင့်စာလျှင် မတန်တဆ သေးငယ်လှ၏။ အရင်ကထက် အလုံးအဖန် သေးသွယ်သွားပြီး ဖျော့တော့သော အသားအရေ က ကျန်းမာရေးအခြေကို ပြနေသည်။ အကြီးအကျယ် ပြောင်းလဲသွား သည်က မိုး၏ တောက်ပရွှန်းစိုသော မျက်လုံးများပင်။ မကော့ရွှေနိုင် တော့သော မျက်တောင်ရှည်ကြီးများ၏ စင်းကျမှုကြောင့် မျက်လုံး၏ ငြိမ်သေမှုများက စိတ်ဓာတ် အားငယ်မှုကို ပြနေသည်။

"မိုးရယ်၊ ပိန်သွားလိုက်တာဟယ်၊ အသားအရေတွေလည်း ဖြူ ဖျော့လိုက်တာ၊ နေမကောင်းဘူးလား၊ အမေငြိမ်းရောဟင်၊ အမေငြိမ်း..."

"အမေငြိမ်းဆုံးတာ နှစ်တစ်ပတ်တောင်လည်နေပြီလေ၊ အမေငြိမ်း ဆုံးပြီး ကိုယ်လည်း ကျန်းမာရေးမကောင်းဘူး၊ ဒါကြောင့် ဟိုအိမ်ကလေးကို ရောင်းပြီး ဒီမှာပဲ လာပေါင်းနေကြတာ၊ အခုတော့ အရင်ထက်စာရင်

www.burmeseclassic.com

www.burmeseclassic.com



ထူထောင်လာပါပြီဟာ၊ စောစောစီးစီး သွေးဆုံးမီးယပ်ကိုင်ချင်တာ ထင်ပါရဲ့”

အမေငြိမ်းတောင် ဆုံးသွားပြီကိုး။ အင်းလေ၊ ရှိရင်လည်း ခုနစ်ဆယ်ကျော်ရောပေါ့။ အမေငြိမ်း ပုံရိပ်တွေက ကျွန်မ အတွေးစက်ဝန်းထဲ မှုန်ရီသေမဲ့ လှုပ်ရှားရှင်သန်နေသည်။

“သားတို့ သမီးတို့ရေ၊ လာဟေ့၊ ဒီမှာ ရန်ကုန်က မေမေ့သူငယ်ချင်း ရောက်နေတယ်”

မိုးရဲ့ ကိုယ်ပွားကလေးတွေက သားတစ်ယောက် သမီးနှစ်ယောက်။ သမီးလေးတွေက မိုးရဲ့ ငယ်အလှကိုမမီဟု ကျွန်မ မှတ်ချက်ချနေမိသည်။

“သားအကြီးက ဝိုင်အိုင်တီ တက်ဆဲ၊ အငယ်နှစ်ယောက်က ဆယ်တန်းနဲ့ ရှစ်တန်း၊ ကလေးတွေအဖေတော့ ခရီးထွက်နေလို့ အဝါနဲ့ မတွေ့ရတော့ဘူး၊ ဆိုပါဦး၊ အခု ရန်ကုန်မှာ အခြေကျနေရောပေါ့။ မင်းရဲ့ အောင်မြင်မှုတွေကိုလည်း ကြားပါတယ်၊ အဝါက အစကတည်းက စိတ်ကူး စိတ်သန်းကောင်းတယ်။ စိတ်ကူးနဲ့ လက်တွေ့ တစ်ထပ်တည်းကျတော့ အောင်မြင်တာပေါ့၊ ကိုယ့်မှာတော့...”

မိုးရဲ့ အသံကလေးတိမ်ဝင်သွားသလို စကားဝိုင်းဟာလည်း ခြောက်သွေ့သွေ့နိုင်လှစွာ တိုးတိတ်သွားတော့၏။ မိုးမှာ မထွေးနိုင် မအန်နိုင် ခံစားချက်တွေများ ရှိနေပြီလား။

ခဏကြာတော့ ကလေးတွေရှေ့မှာ မပြောလိုဟန်ဖြင့် စကားလမ်းကြောင်း ပြောင်းတော့၏။

“အဝါ မပြန်သေးဘူး မဟုတ်လား၊ သမီးတို့အဖေ ပြန်လာရင် အဝါ့ကို ထမင်းစား ဖိတ်ဦးမယ်”

“ဒါတွေ ထားစမ်းပါကွယ်၊ ထမင်းက အရေးမကြီးပါဘူး။



အရေးကြီးတာက...”

“ပြောလေ၊ ဘာအရေးကြီးနေလဲ၊ ကိုယ် ဘာကူညီရမလဲ၊ ကိုယ်ကူညီနိုင်တာဆိုရင်...”

“ဟုတ်တယ်၊ ဒီကိစ္စက မိုး တစ်ယောက်တည်း တတ်နိုင်တာလေ၊ အေး၊ မင်း မှတ်မိသေးလား၊ ‘နတ်သမီးခံတွင်း’ ယာခင်းကလေးကိုလေ”

“နတ်သမီးခံတွင်း ဟုတ်လား”

“ဟုတ်တယ်၊ ဟိုးမြို့ပြင်က တို့တစ်တွေ တစ်ခါတုန်းက သွားခဲ့ဖူးတဲ့ မြည့်သစ်လွင် ယာခင်းကလေးဟာလေ၊ နံဘေးမှာလည်း ဂေါ်ချောင်းယာဥ်က စီးလို့၊ အဲဒီကို ကိုယ် သွားချင်တယ်ကွာ၊ အဲဒီနေရာလေးကို ကိုယ် စွဲလမ်းနေတယ်၊ မကြာခဏ အိပ်မက်မက်တယ်၊ ဒီနေရာကို ပြန်ရောက်ရင် ကိုယ့်အတွက် စိတ်ကူးစိတ်သန်းအဆန်းတွေ၊ ခံစားမှုအသစ်တွေ ရရှိမယ်လို့ ယုံကြည်နေတယ်”

မိုးက ဘာမှမပြောဘဲ ကျွန်မ မျက်နှာကို ခပ်ငိုင်ငိုင် ငေးကြည့်သည်။ သူ့ရင်ထဲ ကျွန်မ၏ အာရုံညွတ်နူးမှုအပေါ် စာနာနားလည်နိုင်မလား။

“ဟင်...မိုး၊ အဲဒီယာခင်းကလေး အခု ရှိသေးလားလို့ မေးနေတာလေ”

“ရှိ...ရှိပါတယ်၊ အခုထက်ထိ ရှိနေပါသေးတယ်”

“ဒီတစ်ခေါက်တော့ အချိန်မရလို့ မသွားသေးဘူး၊ ကိုယ် နောင်ခေါက်တော့ တစ်ခေါက် ပြန်လာရဦးမှာ၊ အဲဒီအခါကျမှ သွားရအောင်”

မိုး ခေါင်းညိတ်လိုက်သည် ထင်ရ၏။

*

www.burmeseclassic.com

www.burmeseclassic.com



ရွှေခြသေ့်သည် သထုံမှ ရန်ကုန်သို့ ည ရှစ်နာရီတိတိတွင် ဆွ
ချာပေတော့မည်။ ဒေသထွက် မြေပဲလိပ်၊ သံပရာပေါင်း၊ ရှောက်
ထုပ်တွေနှင့်အတူ လိုက်ပါပို့ဆောင်သော မိနိုင်ကို ကျွန်မ လက်ပြနှုတ်
လိုက်မိသည်။ ညသည် အတန်ငယ် အေးစိမ့်နေသည်။ ကျွန်မ ရင်ထဲမှာ
စောစောက မိနိုင်ပြောသွားသော စကားတွေကြောင့် မအေးနိုင် မစိမ့်
ဖြစ်နေသည်။

"မနေ့က အဝါလာတော့ အိမ်မှာ မာမားတို့ရှိနေတာနဲ့ မိုးအကြော
မပြောလိုက်ရဘူး"

"မိုးအကြောင်း ဟုတ်လား၊ မိုး ဘာဖြစ်လို့လဲ"

"အင်း ပြောရရင်တော့ အရှည်ကြီး၊ အတိုချုပ်ပြောရရင်
အလုပ်ထွက်လိုက်တာက စရမယ်ထင်တယ်"

"အို လုပ်သက်တွေ ဒီလောက်ရပြီးခါမှ သူက ဘာကိစ္စ အလုပ်
ထွက်ရတာလဲ"

"အပြင်စီးပွားရေးကောင်းလို့ပဲ ဆိုပါတော့၊ သူက စပါးကအ
ပဲကလေး လှောင်တယ်၊ စောစောပိုင်းက မြက်မြက်ကလေး စားရတ
ထင်ပါရဲ့၊ သူ့အမျိုးသား တားနေတဲ့ကြားထဲကပဲ နှုတ်ထွက်လိုက်
မကြာဘူး၊ ငွေအမှုနဲ့ ရင်ဆိုင်ရပါရော၊ အမှုက သူတစ်ပါး ငွေပေးငွေယူ
မှာ သူက ကြားထဲက အာမခံထားတဲ့ကိစ္စ၊ တစ်ဖက်က ငွေပြန်မပေး
တော့ ပြေးပါလေရော၊ အာမခံသူအပေါ် အပြစ်ပုံကျပြီး ရုံးပြင်က
ရောက်ရောဆိုပါတော့၊ ငွေကလည်း မနည်းဘူး၊ ဆယ်သိန်းကျော်
များတောင်၊ ကိုယ့်ဆီမှာ အကူအညီလာတောင်းသေးရဲ့ကွယ်၊ ကိုယ့်
အခြေအနေကလည်း ကိုယ့်ဝမ်းနာ ကိုယ်သာသိပါပဲ၊ ရရစားစားပဲ
တုံးဘက် နိုင်ငံခြားကပြန်လာတော့ အခုလက်ရှိ အိမ်ကလေးကို အ



ယ်လိုက်နိုင်တယ်၊ ဒီနေရာကလေးက ပါပါးတို့ မာမားတို့ ဘဝကို
နှံးကန် အခြေချခဲ့တဲ့ နေရာကလေးမို့ စွန့်ခွာမသွားချင်ဘဲငှားနေရာကနေ
အပိုင်ဝယ်လိုက်တာပါ၊ စုမိဆောင်းမိတာဆိုလို့ ဒါလောက်ပါပဲ၊ သူမျှော်
ဆင့်သလို ငွေပိုငွေလျှံ မရှိလှဘူး၊ ဒါကြောင့် မိုးတောင်းတဲ့ အကူအညီ
ကို အားနာစွာနဲ့ ငြင်းပယ်ခဲ့ရတယ်"

"သူ့ခမျာ ရုံးပြင်ကနေ့သားရောက်ပြီး အပြစ်ဒဏ်ကျခံရဖို့ နီးနီး
ဖြစ်သွားသေးရဲ့၊ နောက်ဆုံး စားစရာမရှိ လျော်စရာရှိ၊ ဆိုတဲ့ စကားလို
ဒါကြီးတို့ ဒေါ်ဒေါ်ငယ်တို့ ပိုင်သမျှ ပစ္စည်းတွေ ရောင်းချပြီး ထိုးဆပ်
ဆးလိုက်ရတယ်၊ အဘွားကြီး နှစ်ယောက်လည်း အနှစ်နှစ်အလလ ခြိုးခြံ
ချွေတာ စုဆောင်းခဲ့သမျှ အတွင်းဥစ္စာပစ္စည်းတွေအပေါ် စွဲလမ်းစိတ်နဲ့
ရှူ့ဆင့်နောက်ဆင့် ဆိုသလို ဆုံးသွားကြတော့ ပတ်ဝန်းကျင်က မိုးကို
ဆက်ညှိုးထိုးစရာ ဖြစ်လာတော့တာပေါ့၊ မိုးကြောင့် ဖြစ်ပေါ်လာတဲ့
ကောင်းမှု ဆက်ထုံးတွေက အများကြီး၊ မိုးခမျာ ဒီအပြစ်တွေအတွက်
ဆွေမျိုးတွေရဲ့ မခေါ်မပြော စွန့်ပစ်ရှောင်ကြဉ်ခြင်းကို ခံရရှာတယ်၊ အခု
ကလေးတွေက ကြီးလာ၊ ပညာသင်စရိတ်တွေက ထောင်းနဲ့ အတော်ကလေး
ကသိရှာတယ်၊ မိုးကိုယ်တိုင်လည်း စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး ဆေးရုံ
တက်လိုက်၊ ဆင်းလိုက်နဲ့ အခု ဆင်းလာတာ မကြာသေးဘူး"

အို၊ ကျွန်မ ဒါတွေ မသိရပါလား။ သနားစရာကောင်းလှပါဘိ
သူငယ်ချင်းကလေးရယ်။ မိုးရဲ့ နွမ်းလျလျ ညှိုးငယ်ငယ်မျက်နှာကလေး
ဆဲ့ဝဲ မြင်ယောင်လာပြီး ကျွန်မ နှလုံးအိမ်ကို ဆုပ်ညှစ်လိုက်သလို စူးနစ်
နာကျင်မှုတွေ ဆင့်ကဲရောက်ချလာတော့သည်။ ရွှေခြသေ့်ကားက ကျွန်မ
ကို ရန်ကုန်ဘက် သယ်ဆောင်လာပေမဲ့ ကျွန်မစိတ်တွေက မိုးရှိရာ ဇာတိ
မြို့ကလေးဆီ နောက်ပြန်ပြေးလွှားနေတော့သည်။

www.burmeseclassic.com



ကျွန်မကို တွေ့တော့ မိုး ဒါတွေ ဘာလို့ ဖွင့်မပြောပါလိမ့်၊ သူ... အမှုထုပ်ကို လှစ်ပြဖို့ ဝန်လေးနေခဲ့တာလား၊ ကလေးတွေရှေ့မှာမို့ သို... ထိန်းပြနေခဲ့တာလား။ ကျွန်မမှာတော့ အရိပ်အကဲမမြင်၊ ကိုယ့်လို... အတွက် တောင်းဆိုခဲ့မိတာတွေ၊ ရင်ထဲမှာ လောင်မီးစွဲနေတဲ့ မိန်း... ယောက်ကိုမှ ကျွန်မရဲ့ နတ်သမီးခံတွင်း ယာခင်းကလေးကိစ္စကို အလိုက်... အားမနာ ရေးကြီးခွင်ကျယ် ရှေ့တန်းတင် ပြောကြားခဲ့မိသည်။ လောက... ကြမ်းရှသည့် ရိုက်ခတ်မှုကြားမှ အနိုင်နိုင် အားယူ ရုန်းထနေတဲ့ မိုး... ကျွန်မရဲ့ စိတ်ကူးအနုအလှ လိပ်ပြာတောင်ပံ တဖျပ်ဖျပ် ယမ်းခါပျံသ... စေမှု တစ်ခုတည်းကို အတ္တဆန်စွာ ပြောကြားခဲ့မှုအတွက် မိုးအပေါ်တွ... ရက်စက်ရာများ ကျသွားပြီလား၊ ခွင့်လွှတ်ပေဦးတော့ သူငယ်ချင်း... လေးရယ်။

တစ်ပါးသူရဲ့ တာဝန်မဲ့မှုအပေါ် မိုးက အစားထိုး ပေးဆပ်လိုက်... သတဲ့လား။

မိုးဆိုတဲ့ မိန်းကလေးဟာ ငယ်စဉ်ကတည်းက ရိုးရှင်းစွာ ပြ... ပြင်းခဲ့ရတော့ လောကမာယာလှည့်ဖြားမှုကို မရိပ်စားမိဘဲ အဝိုက်မိသွာ... ရှာတာပါ။ ကောင်းကင်နဲ့ ရေပြင် ထိစပ်နေတဲ့ အရာဟာ မိုးကုတ်စက်ဝိုင်း... ရယ်လို့ သိရှိပေမဲ့ ဘယ်ဟာ ကောင်းကင်၊ ဘယ်ဟာရေသား ခွဲခြားရခက်... တယ်။ တစ်ခါတစ်ရံမှာ ရပ်နေတဲ့ ကားဘီးရဲ့ လည်ပတ်မှုတန်ဖိုး ခ... မိုင်ကို တွက်ချက်လို့မရသလို မိမိနဲ့ အလှမ်းမမီတဲ့ မရိုးသားမှုတွေဟာ... တစ်နေရာရာမှာ အုံကျင်းဖွဲ့ပြီး ရှိနေတတ်လေရဲ့။

မိုးရေ၊ ကိုယ်တို့ ဘာတွေ စိုက်ပျိုးကြမလဲ။ စိုက်ပျိုးခဲ့သမျှ ကို... တို့ ဆွတ်ခူးရိတ်သိမ်းကြရမယ်လေ။ ကိုယ်တို့တစ်တွေ ခူးဆွတ်ဖို့ ရ... မှည့်မည့် အရည်ရွှမ်း သစ်သီးတွေရဲ့ ယာခင်းတစ်ခင်းစီတော့ ရှိသင့်... တောင်း မျိုးစေ့မှန်မှလည်း အပင်သန်သတဲ့။ စိုက်ပျိုးရှင်သန်မှုတော့...

...ကောန် ရိတ်သိမ်းကြရမှာပါ။

တို့တစ်တွေ ငယ်စဉ်က မြွေလှေကားကစားသလို အတက်လှေကား ...အကြိမ်ကြိမ်ကြုံ၊ အဆင်းမြွေတွင်းထဲအခါခါကျ၊ ဘဝဆိုတဲ့ အကျဉ်း ...ကောင်မှာ အဖန်တလဲလဲ ရုန်းထ ရှင်သန်ရမှာက ခရီးမဆုံးမချင်းပေါ့။ ...ရဲ့ မျက်တောင်တွေ မငိုက်စင်းပါစေနှင့်ဦး၊ မိုးရဲ့မျက်လုံးတွေမငေးရီ ...စေနဲ့ဦး၊ မိုးရဲ့စိတ်ဓာတ်တွေ မပြိုကွဲပါစေနှင့်ဦး။

ရောင်နီမျှော် လင်းယုန်ငှက်တစ်ကောင်ရဲ့ အားမာန်နဲ့ ပျံသန်းလေ့ ...ဖန်တီးရှင်တစ်ဦးရဲ့ ကဗျာကလေးတစ်ပုဒ်ကိုတော့ မိုးထံ ဆင့်ကမ်း ...ဝေချင်ပါသေးတယ်။ ဘဝအတွက် အားဆေးတစ်ခွက်အဖြစ်နဲ့ပေါ့။

"Enduring tortures and sorrows,
The Prisoner of life secures
his life and sow
A 'hope' called Tomorrow.

ဖိနှိပ်ညှင်းဆဲမှုနဲ့ ကြေကွဲမှုဒဏ် ကြုံကြုံခံ၊ ဘဝအကျဉ်းသား သူ့ ...သက်ကို ပျိုးရပြန် မျှော်လင့်ချက် မနက်ဖြန်...တဲ့။

လောကရဲ့ ခက်ခဲကျဉ်းကျပ်မှုတွေ ကြားထဲကပဲ ကိုယ်တို့ မနက် ...ဖြန်များစွာဆီ ရင်ဆိုင် ပျံသန်း အရောက်သွားကြရမှာ မဟုတ်လား။

ကိုယ်တို့အားလုံး လင်းယုန်တောင်ပံတွေ ဖွားရမ်း ဝတ်ဆင်ကြပါ ...ဦး...။ ။

(ကလျာမဂ္ဂဇင်း၊ ၂၀၀၂၊ ဒီဇင်ဘာ)

www.burmeseclassic.com

www.burmeseclassic.com

# ယဉ်သူနှင့် ပထမသတ်စေ့ကလေး

ကျွန်မ ယဉ်သူတို့ရွာ သွားရတော့မည်ဆိုတော့ အထူးပင်တက်ကြွ
နေလေသည်။ ထိုသည်ပင်လျှင် ကျွန်မနှင့် ယဉ်သူကြားမှ ကြီးမားသော
သံယောဇဉ်ကြိုးတစ်ချောင်း ဖြစ်တန်ရာသည်။ ထိုသံယောဇဉ်ကြိုးသည်
မမြင်သာသော်ငြားလည်း ခိုင်မာသန်စွမ်းလှ၏။ နှလုံးဘဝင်တွင် ကြီးစွာသော
ပန္နက်စွဲလျက် ခိုင်မြဲသော နှောင်ငင်မှုသည် နှစ်ကာလ ရှည်လျားသည့်တိုင်
ခိုင်မတ်စွဲမြဲလှ၏။

တကယ်ဆိုလျှင် ယဉ်သူသည် ကျွန်မစာသင်ပေးခဲ့ရသည့် တပည့်
တစ်ယောက် မဟုတ်ခဲ့ပါ။ ကမ်းစောင့်မြို့ကလေးမှာ ကျွန်မတာဝန်ကျသည့်
ကျောင်းဆရာမ ဝန်ထမ်းကာလတစ်လျှောက်လုံး ကြုံတွေ့ခဲ့ရသည့် များပြား
လှစွာသော တပည့်တပန်းများထဲတွင် ယဉ်သူတစ်ယောက် မပါဝင်ခဲ့
ထို့ကြောင့် ယဉ်သူနှင့် ကျွန်မ ဆက်ဆံရေးသည် ဆရာတပည့်ဆက်ဆံ
ရေး မဟုတ်သည်ကိုတော့ အထူးပြောစရာမလိုတော့ပါ၊ ဆရာတပည့်
မဟုတ်သဖြင့် ဆရာတပည့်သံယောဇဉ်မျိုးလည်း မဟုတ်နိုင်ဟု ကျွန်မ
ထင်မြင်နေမိသည်။



အစ ပထမမှာတော့ ယဉ်သူသည် ကျွန်မ၏ အိမ်နီးချင်းတစ်
ယောက်မျှသာ ဖြစ်သည်။ ကျွန်မ ငှားရမ်းနေထိုင်သော အိမ်ရှင်၏ တူမ
ဖြစ်သူ ယဉ်သူသည် ညရေးညတာအဖော်လိုသော ကျွန်မအတွက် 'အိပ်ဖော်'
လိုက်လာရသည်။ ဟိုဘက်အိမ်မှ အဒေါ်ဖြစ်သူက နေဝင်မိုးချုပ်သည်နှင့်
'ယဉ်သူရေ ဆရာမဆီ အိပ်ဖော်သွားရမှာ မဟုတ်လား အလုပ်တွေ လက်
စသတ်တော့ဟေ့...'ဆိုသည့် နှိုးဆော်သံကို အစဉ်အမြဲကြားရသည်။

အဒေါ်အိမ်မှာ အောက်ခြေသိမ်းအလုပ်များလုပ်သော ယဉ်သူမှာ
ကျွန်မအိမ်ရောက်လျှင်လည်း အငြိမ်မနေ မြင်မြင်သမျှ အစီအစဉ် မကျန
အရာတွေ ကောက်လုပ်တော့သည်။ အိုးခွက်ဆေးစရာရှိ ဝင်ဆေး၊ မီးပူ
တိုက်စရာရှိ ဝင်တိုက်၊ ကောက်ငင်သိမ်းဆည်း အိမ်ဗာဟီရများကို ဝင်
ရှင်းလင်းရှိသည်။ ပြီးလျှင်တော့ ယဉ်သူသည် ရသည့်အခွင့်အရေးကို
လက်မလွှတ်စတမ်း ရသည့်အချိန်ကလေးမှာ ကျွန်မဆီမှ လက်မှုပညာကို
သင်ယူတော့သည်။ အရင်းပြည့်ပြည့် အဖျားသွယ်သွယ် လက်ချောင်း
ကလေးများကို တဖြတ်ဖြတ်လှုပ်ခတ်ကာ တစ်ချောင်းထိုး ထိုးလေတော့
သည်။ သိုးမွေးချည်မျှင်ရှည်သည်လက်ချောင်းကလေးများကြားထဲ ရွှေ့လျား
သွားနေသည်မှာ မြန်ဆန်လှပါဘိ။

"ဖြည်းဖြည်းပေါ့ယဉ်သူရယ် နေ့လယ်ကလည်း တစ်နေ့လုံးအဝ်ချွတ်
လက်ပေါ်က မဆင်းရဘူး မဟုတ်လား၊ အခု သိုးမွေးထိုးနေပြန်ပြီ အညောင်း
အညာမိပြီး မျှ ၁စိဒုက္ခဖြစ်နေပါဦးမယ်။"

"ရပါတယ် ဆရာမရဲ့ ယဉ်သူမညောင်းပါဘူး၊ ဒီပညာက ဆရာမ
နှိုးနှိုးကပ်ကပ် နေရတုန်းမှာသာရမှာလေ။ တော်ကြာ ဆေးသွားတဲ့အခါ
အခွင့်အရေးမျိုး ဘယ်မှာသွားရှာရပါ့မလဲ၊ သူများတွေက အဝေးကြီးက
လာင်မှ ဆရာမဆီ တကူးတက လာသင်ရသေးတာ ယဉ်သူက အနီး

www.burmeseclassic.com



ကပ်နေပြီး မပင်မပန်းဘဲ ရတာလေ၊ ရတုန်းယူမှ”

သည်လို ပညာလောဘကြီးရာမှာတော့ ယဉ်သူချစ်စရာကော
နေပြန်သည်။ မြို့ကလေးမှာ သိုးမွေးတွေ စီလွန်တွေ ခေတ်စားလာတော့
ကျွန်မမှာ တတ်သည့်ပညာမနေသာဆိုသလို အိမ်မှာ ကျောင်းအားရ
အလကားပဲတင်း သင်တန်းကြီး ဖွင့်ဖြစ်တော့၏။ တက္ကသိုလ်ပိတ်ရ
နှင့်လည်း ဆုံနေရာ အိမ်မှာ ပညာသင်ကလေးတွေ စည်ကားလှ
တချို့လည်း အခြေခံတတ်ပြီးသား၊ တချို့လည်း အခုမှ အပ်ကိုင်စသ
တချို့လည်း အကွက်ဆန်းထွင်ချင်သူနှင့် တပည့်တွေ အမျိုးမျိုးအစားစာ
ပြားခြားနားလှသည်။ သည်အထဲတွင် ယဉ်သူက တစ်ဦးတည်းသော
ကျောင်းသူဖြစ်နေသည်။ ညဆိုလျှင် ကျွန်မက ကလေးတွေ လေ့ကျင့်
စာအုပ်တွေ ကော်ရှရှင်လုပ်– သင်နည်းမှတ်စုရေး ကြိုတင်လျာထားချက်
ပြုစုချိန်၊ ယဉ်သူသည် အနားမှ မနေမနား သိုးမွေးထိုးလေ့ရှိ၏။

ဒီပညာက ဆရာမနဲ့ နီးနီးကပ်ကပ် နေတုန်းမှာသာ ရမှာပဲ
ယဉ်သူ့စကားက ‘တာ’သွားလှသည်။ ယဉ်သူ မကြာခဏ ကျွန်မ
ဝေးဝေးသွားတတ်သည်မှာတော့ အခါပေါင်းမရေမတွက်နိုင်တော့။ ထို
ကြောင်းတရားသည် ယဉ်သူလူလွတ်ဖြစ်နေခြင်းနှင့်လည်း ဆိုင်မည်
ထင်သည်။ ဟိုအစ်မ ကလေးမွေးလို့၊ မီးနေလာစောင့်ပါဦးဆိုလည်း
ယဉ်သူ၊ ဟို အဒေါ်ဆေးရုံတက်လို့ ထမင်းပို့ စောင့်အိပ်ပါဦးဆိုလည်း
ယဉ်သူ၊ များသောအားဖြင့်တော့ အိမ်ထောင်ကျသွားသော အစ်မအကြီး
နှင့် ယဉ်သူမကြာခဏလိုက်သွားနေရသည်။ ထိုအစ်မ ခင်ပွန်းပြောင်းရွှေ့
ရာ ဘုတ်ပြင်း ကော့သောင်းမြို့များသို့ ယဉ်သူတကောက်ကောက်လိုက်
ရတတ်သည်။

ဆွေမျိုးသားချင်းတွေထဲ ကိစ္စဝိစ္စမပေါ်လျှင်တော့ မြို့က အဒေါ်



အိမ်မှာ ယဉ်သူမြဲနေတတ်သည်။ အဒေါ်က သူ့ကို နေ့ခင်းပိုင်း စက်ချုပ်သင်တန်းတစ်ခုသို့ ပို့ပေး၏။ သည်လိုအခါမျိုး ယဉ်သူသည် ကျွန်မ၏ ညရေးညတာ အဖော်ဖြစ်လာရပြန်သည်။ နေ့ဆို စက်ချုပ် ညရောက်တော့ သိုးမွေးထိုး၊ စင်စစ် ယဉ်သူသည် အတန်းပညာ လေးငါးတန်းမျှနှင့် ကိစ္စပြီးခဲ့ရသူ ဖြစ်သည်။ သို့ပေမဲ့ ယဉ်သူစာဖတ်သွားလှ၏။ စဉ်းစားတွေးခေါ်ဉာဏ်လည်း ရှိသည်။ စာဖတ် ဝါသနာလည်း ပါလေရာ ကျွန်မ အိမ်မှ စာအုပ်များ လက်လှမ်းတမီ ဆွဲယူဖတ်ရှုလေ့ ရှိသည်။

တစ်ခါတစ်ရံတော့ သူရော ကျွန်မပါ စိတ်လွတ်ကိုယ်လွတ် အနားယူကာ ဝရံတာကလေးမှာ ထွက်ထိုင်လျက် စကားစမြည်ပြောကြလေ့ရှိသည်။ လေချိုသွေးပြီး လရောင်ဖိတ်စဉ်သည့် ညများသည် ကျွန်မတို့၏ ငိုက်မြည်းမှုများကို လုယူသိမ်းဆည်းသွားလေ့ ရှိသည်။

“ယဉ်သူ ဘယ်တော့မှများ ရွာမှာပြန်နေရမလဲ မသိဘူး ဆရာမရယ်၊ ယဉ်သူ ဒီမြို့မှာလည်း မပျော်ဘူး၊ ဘုတ်ပြင်းတို့ ကော့သောင်းတို့မှာလည်း မပျော်ဘူး။ ရွာမှာပဲ ပျော်တယ်။ ယဉ်သူတို့ရွာက စိမ်းရိုင်းညို့တဲ့ ကျွန်းရွာကလေးပါပဲ။ အဓိက,က ဒွေးဖောင်ချတာနဲ့ အသတ်မွေးတာပါ၊ ရွာက ရေပတ်လည် ဝိုင်းနေတော့ လယ်မရှိဘူး။ ဒွေးဖောင်တွေတော့ ရာချီရှိတာပေါ့၊ အခုတော့လည်း ဒွေးဖောင် တစ်ခုတည်း မဟုတ်တော့ဘူး ထင်တယ်၊ ပုစွန်ပိုက်ချတွေ ငါးလှေဆင်းလိုက်တာတွေလည်း လုပ်ကုန်ကြရောပေါ့၊ မိန်းကလေးတွေတော့ အကုန်လုံး ပုစွန်ခြောက် ငါးခြောက်တဲ့အလုပ်တွေ လုပ်ကြတယ်။ ယဉ်သူလည်း ဒီအလုပ်တွေ လုပ်ရင်းကြီးပြင်းလာခဲ့တာပေါ့။ အခုတော့ အစ်မသောင်းကြည်တို့ အစ်မ ရှောင်းရီတို့ ဆက်လုပ်နေကြတာပေါ့။ အမေကတော့... အသက်ကြီးပြီလေ... ခုနေများ ယဉ်သူ အမေနဲ့ပြန်နေချင်လိုက်တာ။ ယဉ်သူ စက်ချုပ်တတ်ရင်

www.burmeseclassic.com



လေ အမေ့ကို ဘာမှ မလုပ်နိုင်းတော့ပဲ အငြိမ်းစားထားလိုက်မှာ…အဲဒီ အခါကျ အမေက ငြိမ်းငြိမ်းနေပါ့မလား မသိ…”

ထိုစဉ်က လရောင်တစ်ဝက်တစ်ပျက် စွန်းထင်းနေသည့် ယဉ်သူ့ မျက်နှာ ဖူးဖူးကလေးကို ကျွန်မငေးကြည့်နေခဲ့သည်။ ယဉ်သူက မျက်လုံး ကလေးမှေးယောင်ယောင် ရှိပေမဲ့ နှာတံလုံးလုံး နှုတ်ခမ်းပြည့်ပြည့်ကလေး တွေနှင့် ကြည့်ပျော်ရှုပျော်ရှိသည်မှာ ကျေးလက်တောရွာ အသွေးအမွေး မျိုးမဟုတ်ဟု ကျွန်မ မှတ်ချက်ချနေမိသည်။

“ဆရာမကိုလေ ရွာကို အလည်ခေါ်ချင်လိုက်တာ။ မြို့က တွေ့နေ ကျမြင်ကွင်းမျိုးတော့ မဟုတ်ဘူးပေါ့ ဆရာမရယ်။ ဒါပေမဲ့ ဆရာမ ပျော် မယ်လို့ ယဉ်သူပြောရဲတယ်။ ဆရာမကို ပိုက်ထဲပါလာတဲ့ ပုစွန်တွေ တဝကြီးကျွေးချင်တယ်။ ပုစွန်တွေ လတ်လတ်ဆတ်ဆတ် စင်းကောထိုး စားရတဲ့အရသာ စားစေချင်လို့ပါ။ ပြီးတော့ ဘုရားတောင် တက်ကြမယ်လေ၊ ဘုရားတောင်ပေါ်က ကြည့်ရင် ပင်လယ်ပြင်ကြီးကို အပေါ်စီးကနေ မြင် ရတာပေါ့။ ကျွန်းရွာတွေ…ကျွန်းရွာတွေဆိုတာ ပုလဲလုံးကလေးတွေ ကြဲ ထားသလို… တချို့ကျွန်းတွေများ လူတောင်မနေဘူး… ဒီအတိုင်း…

“ပြောပါဦး ယဉ်သူရဲ့ အဲဒီကျွန်းတွေမှာ ဘာလို့ လူမနေလဲဆိုတာ”

“အင်း… ဒါတော့ ယဉ်သူ သိပ်မသိဘူး။ ဟိုလေ… မြေက မြေမာမဟုတ် ရွှံ့မြေ၊ ပေါက်တဲ့ အပင်တွေကလည်း ဇရပ်တောချည်း ဆိုတော့”

“ဘာလဲ ! ဇရပ်တောဆိုတာ”

“ဟိုဒင်း…ကပြိုင်တို့ ကျူးဘုတ်တို့လို အပင်မျိုး သိပ်အသုံးမဝင်တဲ့ အပင်တွေသာပေါက်လို့ လူလည်းနေလို့မရ အရိပ်လည်း ခိုလို့မရ၊ လှေ တွေ အနေးကိစ္စပေါ်မှ ခဏတဖြုတ် ကမ်းကပ်ထွက်ဝင်လေ့ရှိတဲ့ တောမို့



ဇရပ်တော ခေါ်တယ်ထင်တာပဲ။ အဲဒီလို ဇရပ်တောကျွန်းတွေလည်း လက်ညှိုးထိုးမလွဲ…။ လူသာ မနေတာ ဆရာမရဲ့၊ မြုံးထောင်တဲ့လူ ပိုက် တန်းချတဲ့လူ ပြီးတော့ ဂဏန်းကောက်သမားတွေ ကင်းနင်းသမားတွေ တော့ ဇရပ်တောကို အမှီပြုကြတယ်”

ထိုသို့ ဇာတိရပ်ရွာကို ဂုဏ်ယူလေးမြတ်လေ့ရှိသည့် ယဉ်သူနှင့် ကျွန်မ အဆေးကြီး ဝေးကြပြီဆိုတော့လည်း လွှင့်လွှင့်စဉ်စဉ်။ ကံဇာတ်ဆရာ ၏ အလှည့်အပြောင်းကလည်း မြန်ဆန်လှပါဘိ၊ ကျွန်မ အလုပ်ပြောင်း အော်ဒါထွက်ပြီး မြို့ကလေးကို နှုတ်ဆက်တော့ ယဉ်သူ့မှာ မျက်ရည်စက် လက်…

“သိုးမွေးစောင်လေးတွေ စီလွှန်အင်္ကျီလေးတွေမြင်တိုင်း ဆရာမကို ယဉ်သူ သတိရနေမယ်။ ပိုက်ဆံစုပြီး ရန်ကုန်ကို ဘုရားဖူးလာမယ်နော်။ မြို့ကြီးပြကြီး ရောက်လို့ ယဉ်သူကို မခေါ်ပဲမနေပါနဲ့၊ ပြီးတော့ ဆရာမ နာရေးဖျားရေး ကိုယ်ခွဲလက်ခွဲ မရှိတဲ့အခါ လိုအပ်ရင် ယဉ်သူ့ကို မှာ ဖြစ်အောင် မှာလိုက်သိလား ယဉ်သူ အမြန်ဆုံး ပြေးလာခဲ့မယ်”

သူ့မျက်လုံးအစ်အစ်ကလေးတွေထဲက မျက်ရည်တွေ ပိုးပိုးပေါက် ပေါက် ကျလာတော့ ကျွန်မလည်း လည်ချောင်းထဲဆို့နင်နင်ကြီး ဖြစ်လာ သည်။ လူတိုင်းလူတိုင်းဟာ မနက်ဖြန်တွေကို မပိုင်ဆိုင်ကြတဲ့အတွက် ရှေ့ခရီးကို မမှန်းဆမတွက်ချက်နိုင်သည့် ကာလမှာ ကျွန်မနှင့် ယဉ်သူ ပြန်လည်ဆုံတွေ့ဖို့ဆိုတာ အလွန်တရာ မရေရာ မသေချာသောကိစ္စပင် ဖြစ်သည်၊ ခွဲခွာခါနီးကြေကွဲနာကျင်နေသူလေး ထပ်ဆင့်ဆို့နင်စေမည့် ထိုမရေရာမှု မသေချာမှု ဝေဒနာတွေကို ခင်းကျင်းမပြချင်တော့။ သည်တစ်ခါ ဝေးတာက ခဏတဖြုတ် ယဉ်သူထွက်သွားသလို ဝေးတာမျိုးမဟုတ်၊ ကျွန်မ အပြီးအပိုင်ပြောင်းရွှေ့အော်ဒါကြောင့် ဝေးရတာဖြစ်လို့ ပြန်ဆုံဖို့

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်မှာ ရာနှုန်းနည်းလှ၏။ ကျွန်မတို့သည် ခရီးသွားများပီပီ နောက်ကြောင်းပြန်လှည့်ဖို့ထက် ရှေ့သို့တစိုက် မတ်မတ်တိုးသွားဖို့ အာရုံများလေ့ရှိသည်ဖြစ်ရာ ပတ်ဝန်းကျင်အသစ်တွင် ဝင်ဆန့်အောင် တိုးဝင်နေရသည်နှင့် ယဉ်သူသည် ကျွန်မနှင့် ဝေးကွာမှုံဝါးသွားတော့သည်။

*

ကျွန်မ၏ ရှေ့ခရီးသည် တောင်တက်ခရီး နှင်နေသော မီးရထားတစ်စင်းနှင့် တူလှ၏။ ရှေ့ကို တိုးတော့မည်ဆိုသည်နှင့် နောက်ဆုတ်ကာ အားယူလေ့ရှိပြန်သည်။ ကမ်းစောင့်မြို့ကလေးမှ ထွက်ခွာလာပြီး လေးနှစ်အကြာ အလုပ်မှအနားယူပြီး ပင်လယ်တံငါလုပ်ငန်းတွေအကြောင်း ရေးတော့မည်ဆိုတော့ ကျွန်မ ပထမဦးဆုံး ယဉ်သူတို့ စိမ်းရိပ်ညိုရွာကလေးကို ပြေးပြီး မြင်ယောင်လိုက်မိသည်။ ကျွန်မ ထိုဒေသမှာ အနေကြာခဲ့သော်လည်း ပင်လယ်တံငါအလုပ်နှင့် စိမ်းဆက်ကွာလှမ်းလှ၏။ လရောင်ဆမ်းသောညများတွင် ယဉ်သူ ပြောပြလေ့ရှိသော စိမ်းရိပ်ညိုကျွန်းရွာကလေးဆီမှ ငွေးဖောင်ချလုပ်ငန်း–ငွေးထောင်ငါးပိလုပ်ငန်း ရွှေပုစွန်ခြောက်–ဒုံးခြောက်လုပ်ငန်းများ နားထဲကြားယောင်လာသည်။ ရွာနီးချုပ်စပ်မြင်ကွင်းများ မျက်စိထဲမြင်ယောင်လာသည်။ ပြီးတော့…ယဉ်သူ…ကျွန်မရဲ့ယဉ်သူ။ ဝေးကွာနေသည့် လေးနှစ်တာကာလအတွင်း ပြောင်းလဲနေမည့် ယဉ်သူ့အနေအထား။

ရှေ့တိုးမည့်တောင်တက်ရထားတစ်စင်း၏ အားယူပုံမျိုးနှင့် ကျွန်မ မြို့ကလေးသို့ ပြန်လည်ရောက်ရှိခဲ့သည်။ ညိုစိုစိုပင်လယ်ရေ၏ ချောမြနှမ်းငိုက်မှုအောက်တွင် ငြိမ်သက်နှစ်သိမ့်နေသော မြို့ကလေးကတော့ ကျွန်မကို ယခင်ကအတိုင်း အခင်မင် အဖော်ရွေမပျက် လက်ကမ်းကြို



ဆိုနေသည်။ မြို့ကလေး၏ အနားသတ်မျဉ်းပေါ်တွင် မေးတင်ထားသော ဝါးလတ်ဝါးတန်း ကမ်းဝေးကမ်းနီး ငါးဖမ်းလှေ၊ မီးသီးရောင်စုံခြယ် လိပ်ပြာတောင်ပံတပ် ကင်းမွန်ဖမ်းလှေတွေက ကျွန်မ၏ အနုရသ ဖန်တီးမှုစွမ်းအင်ကို လှုပ်နှိုးနေသည်။ သည်တောသည်တောင် သည်မြေသည်ရေရဲ့ ဘဝသရုပ်ကို ဖော်ထုတ်မြင့်တင်ရင်းနှင့် လေးမြတ်ဂုဏ်ယူဖွယ် ကျေးဇူးတရားကို ဦးညွှတ်လိုစိတ် နိုးကြွရှင်သန်လာသည်။

"ယဉ်သူတစ်ယောက် အိမ်ထောင်ကျသွားပြီ ဆရာမရေ– အခုတော့ ရွာမှာပါပဲ။ အစ်မတွေနဲ့ မပေါင်းဘဲ တစ်အိုးတစ်အိမ် ထူပြီးနေလေရဲ့။ ဆရာမကိုမြင်ရင် သိပ်ကို ဝမ်းသာရှာမှာ။ စိမ်းရိပ်ညိုကို ဆင်းတဲ့လှေတွေ ဆေါပါတယ်။ နေ့စဉ် တက်ဆင်းနေတဲ့ ပါစင်ဂျာလှေတွေရှိတယ်။ လှေထဲ အရောက်ပို့ပေးလိုက်ပါ့မယ်"

ယဉ်သူရဲ့အခေါ် စီစဉ်ပေးမှုနဲ့ ကျွန်မရဲ့ ပင်လယ်ရွာ ခရီးစဉ်ကတော့ ချောချောမောမောပါပဲ။ ရာသီကလည်း ပွင့်လင်းရာသီ၊ လှိုင်းငြိမ် လေငြိမ်၊ မိုးလေကင်းစင်ကောင်းကင်ကြီးကလည်း ကြည်ရွှင်ပြုံးပြုံး လမ်းပြခေါ်ဆောင်လို့၊ ဂျုံးဂျုံးစက်သံပေးပြီး ကျွန်းကြိုကျွန်းကြား ခိုပြေးနေသည့် ဝမ်းတိုင်လှေကလေးထဲမှာတော့ ကျွန်မတစ်ယောက်တည်း ညှို့ချက်မိသူလို ငြိမ်သက်လို့။ လှေနံကို တင်းတင်းဆုပ်ထားသည့် ကျွန်မရဲ့လက်တွေ ချွေးစေးပြန်နေမှာ အသေအချာပါပဲ။ ကျွန်းကလေးတွေက ရှည်မျောမျော တချို့၊ ပုဝိုင်းဝိုင်းတစ်သွယ် ဟိုအကွယ် သည်အကွေ့မှာ ဘွားခနဲ… ဘွားခနဲပေါ်လာတော့ ကျွန်မ ယဉ်သူပြောသည့် ဓရပ်တောကို သတိရမိပြန်သည်။

ရွာနားနီးသည့်အခါ စိမ်းညိုရောင်ခြင်ထောင်တွေ ထောင်ထားသည့်နှယ် ငွေးဖောင်တွေ မြင်တော့ ကျွန်မအတွက် ဆန်းကြယ်လှပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားစေတီရှိရာ တောင်ကုန်းကလေး၊ တောင်ကုန်းကို ကျောမှီနေသည့် ပင်လယ်ရွာ၊ ရွာမှ အားထားရသည့် လှေးဖောင်များ၊ သည်မြင်ကွင်းကို မြို့မှ ပန်းချီဆရာများအား လက်တို့ပြီး ပြလိုက်ချင်သည်။ ပန်းချီဆရာ စုတ်ချက်ကပဲရဲမည်လား၊ ပင်လယ်ရွာ အလှကပဲကဲမည်လား။

ပါစင်ဂျာလှေ ကမ်းမှာကပ်မိတော့ ညှော်သည်ပါ.လာသည့်ကိစ္စ ရွာမှာ တစ်မဟုတ်ချင်းပြန့်သွားတော့၏။ များများမမေးလိုက်ရ၊ ကျေးလက်ထုံးစံ ဧည့်သည်ကို သူပို့ချင် ငါပို့ချင်၊ ကပ်လုံးစီတံတားပေါ်မှာ အသည်းအေးအောင် လျှောက်ရတာကလွဲရင်ပေါ့။ ယဉ်သူ့အစ်မ–မသောင်းရီ အိမ်ရှေ့ ဒုတ်ဒုတ်ထိရောက်တော့ အိမ်ထဲမှ စီခနဲ အသံထွက်လာသည်။

“ဟယ်…ဆရာမ ရောက်လာပြီဟေ့…ကျွန်မတို့ အခုပဲဆိပ်ကိုဆင်းကြိုတော့မလို့၊ အဒေါ်က တစ်ရက်ကြို အကြောင်းကြားထားလို့ ဆရာမလာမယ်ဆိုတာ သိနေကြတာ။ ယဉ်သူတော့ မသိရှာသေးဘူး။ သူက ဒီမှာမနေဘူး ဆရာမရဲ့ ဟိုး…ဂလက်ထဲမှာ၊ ညနေမှ ကလေးတွေလိုက်ပို့ခိုင်းလိုက်မယ်၊ အေးအေးဆေးဆေးနားပါဦး”

အေးအေးဆေးဆေး နားပါဦးဆိုသည့် အိမ်မှာတော့ အေးအေးဆေးဆေး နားနေရမည့်နေရာ တစ်ကွက်မှမတွေ့။ သံမရိုက်ဘဲ ခင်းထားသည့် ပျဉ်ချပ်တွေက ဦးကနင်း ပဲ့ကထောင်၊ ကလေးနှစ်ယောက် အမေမသောင်းရီက အတွင်းခံအင်္ကျီမပါ ထဘီရင်လျားနှင့် ပင်လယ်ဒီဇိုင်းပြနေသည်။ အိမ်နီးနားချင်း ကလေးလူကြီး ချောင်းပြူစပ်စုနေကြသည်မှာလည်း ခိတ်အိုက်စရာ။ တံခါးပေါက်များတွင် တံခါးချပ်များ တပ်ဆင်ထားခြင်းမရှိ၊ ဥဒဟိုလင်းပွင့်လျက် သူခိုးသူဝှက်ကိစ္စ ဤနေရာနှင့် လားလားမျှ ပတ်သက်ဟန်မရှိ၊ ကျွန်မ တောင်မြောက်လေးပါး ကြည့်ရင်း တစ်စုံတစ်ရာ ထို ရှာနေတော့ မသောင်းရီက ရိပ်မိဟန်တူသည်။



“အဟက်…ဟက်…အားတော့နာပါရဲ့ ဆရာမရယ်–အိမ်သာတော့ မရှိဘူး၊ ကျွန်မတို့လည်း ဟောဟို…ကျပ်စင်စွန်းတင် ကိစ္စပြီးတာ”

သူပြောလိုက်သည့် ပေါ့ပေါ့ပါးပါးစကားကလေးက ကျွန်မ နားထဲကျယ်ကျယ်လောင်လောင် မြည်ဟီးသွားသည်။ ဘယ့်နှယ် အိမ်တစ်ဆောင်မှာ အိမ်သာမရှိဖြစ်ရတယ်လို့…ဒါဆို တခြား အိမ်တွေမှာရော…

ကျွန်မ ထိုကိစ္စ ရှည်ရှည်ဝေးဝေး မစဉ်းစားတော့ဘဲ ယဉ်သူနှင့်သာ တွေ့ချင်လှတော့သည်။ ကျွန်မဆန္ဒကိုလည်း မဆုတ်ဆိုင်းဘဲ ထုတ်ဖော်ပြောမိ၏။

“ဒါဆိုလည်း ဆရာမကို ယဉ်သူ့ဆီ ပို့ပေးကြပါဟေ့”

ပြောပြောဆိုဆို မသောင်းရီ၏ အစီအစဉ်ဖြင့် လမ်းပြကလေးနောက်က လိုက်လာသော ကျွန်မ ခြေလှမ်းတွေ သွက်လက်ပေါ့ပါးနေသည်။ ဆုံးနိုင်မည်မထင်သော ကျပ်လုံးစီတံတားအဆုံး ကုန်းရောက်ပြီဆိုကာမှ ရွှံ့နွံ့မြေပျော့ပျော့မှာ ရုန်းရပြန်သည်။ လမ်းသည် ကမ်းစပ်ဘက်ထိုးဆင်းသွားပြီး ‘ဂလက်’ဟုခေါ်သော ကမ်းခြေကွေ့ ရပ်ကွက်ကလေးထဲမှာတော့ ဓနိမိုးအိမ်ကလေးတွေ စီစီရီရီ။ အတန်အသင့် သပ်ရပ်သော အိမ်ကလေးရှေ့ ရပ်မိသောအခါ…ဘေးတိုက်အနေအထားဖြင့် စက်ခုံပေါ်မှာ ယဉ်သူ့ကို အဆင်သင့် တွေ့ရ၏။ အနီးက ပုခက်ထဲမှာတော့ အိပ်ပျော်နေသည့် ကလေးတစ်ယောက်။ ယဉ်သူ ကလေးတစ်ယောက်တောင် ရနေမင့်ကိုး။

ကျွန်မ အသံမပေးဘဲ တိတ်ဆိတ်စွာ အိမ်ရှေ့ဖိနပ်ချွတ်မှာရပ်လျက် ကျွန်မကိုမြင်လျှင် ဖြစ်ပျက်ပြောင်းလဲသွားမည့် ယဉ်သူ့အမူအရာတွေကို စောင့်ကြည့်အကဲခတ်နေမိသည်။

“ဟင်…ဆရာမ…”

လှေကားထစ်တွေကို ဖြတ်ကျော်ခုန်နင်းတာ ယဉ်သူ ကျွန်မရှေ့

www.burmeseclassic.com

www.burmeseclassic.com



ရောက်ချလာတော့ ပုခက်ထဲကကလေး လန့်သွားသည်ထင့်၊ ဝါးခနဲအော်ငိုတော့သည်။

"ဆရာမ…ယဉ်သူတို့ရွာ လိုက်လာတယ်…ဒါ တကယ်လား။ အိပ်မက်မဟုတ်ပါဘူးနော်၊ ကြိုတင်လည်း အကြောင်းမကြားဘူး၊ မြို့ကို ဘယ်တုန်းကရောက်လဲ…ဝမ်းသာလိုက်တာ ဆရာမရယ်…ပေး…ပေး ဆရာမလက်ထဲက လက်ဆွဲအိတ်။ ရွာမှာ အကြာကြီးနေရမှာနော်…"

သူစကား ရေပက်မဝင်အောင် ပြောပြီး စကားတွေ ရှုန်းရှုန်းဆေ နေတာကို ကျွန်မမှာ ကျေနပ်ကြည်နူးနေမိကာ ပြန်ပြောမိသည်ကတော့

" ကဲ…မယဉ်သူ ပုခက်ထဲက ကလေးကို အရင်ချော့ပါဦး"

ယဉ်သူ ကလေးချော့ပြီး ပြန်လွဲသိပ်နေစဉ် အိမ်အနေအထားကို လေ့လာအကဲခတ်ပြီး သပ်ရပ်သန့်ရှင်းမှုအတွက် အမှတ်တွေပေးနေမိသည်။ ခေတ်မီသစ်လွင်သော ပရိဘောဂ အဆင်တန်ဆာတွေ မရှိကြားလည်း ယဉ်သူ့အိမ်ဧည့်ခန်းသည် ကြည့်ပျော် ရှုပျော်နေပျော်လှ၏။ နံရံပေါ်တွင် သူ တို့လင်မယား ဓာတ်ပုံ၊ ကလေးဓာတ်ပုံတို့ အစီအရီ ချိတ်ဆွဲထားသည်။ ဧည့်ခန်း၊ အိပ်ခန်းတစ်ခန်း…မီးဖို…ဟော…ကျွန်မအတွက် အလိုအပ်ဆုံး အိမ်သာ…

"ကြည့်စမ်း–ဆရာမလာမှာကို အစ်မသောင်းရီတို့က သိရဲ့သားနဲ့ ယဉ်သူ့ကို အကြောင်းမကြားဘူး။ အင်းလေ…သူတို့က ကိုအောင်ကို မကြည်ဘူးဆိုတော့ ဆက်ဆံရေးကြဲနေတော့တာပေါ့"

"ယဉ်သူ့ အမျိုးသားရော…"

"လာပါလိမ့်မယ်…ဂဏန်းလှေ့နဲ့ရောက်တော့မှာပါ"

"ယဉ်သူ့ကို ဆရာမ ချီးကျူးပါတယ်–ပြီးတော့ ကျေးဇူးလည်း တင်တယ်"



"ဘာအတွက်လဲ ဆရာမရယ်…"

"ပင်လယ်ရွာနေပြီး ပင်လယ်ဒီဓိုင်း မဖမ်းလို့ပါ"

"ဟား ဟား…ဆရာမကတော့ အစ်မသောင်းရီနဲ့ တွေ့လာပြီ ထင်တယ်။ အစ်မသောင်းရီတင် မဟုတ်ပါဘူးလေ။ ပင်လယ်ရွာသူတိုင်း လေးတစ်ယောက်နှစ်ယောက်ရပြီးရင် နို့ဘုန်းလင်းတွဲနဲ့ ဖြစ်ကုန်ရော"

"ယဉ်သူ့ကို ဒီလို သပ်သပ်ရပ်ရပ် ချပ်ချပ်ရပ်ရပ်ကလေးမြင်ရတော့ ဆုံးစိတ်ဝမ်း–အေးချမ်းလိုက်တာ–လူတင်မဟုတ်–အိမ်ရဲ့ အပြင်အဆင် ဆားအသိုပါလေ"

"ဒါကတော့ ယဉ်သူက ဆရာမကို ကျေးဇူးပြန်တင်ရမှာပါ။ ရာမအနားနေလာတော့၊ ဘာက ဘယ်လိုဆိုတာ အတုယူမိတာပေါ့။ ဒေ ယဉ်သူက စက်ချုပ်၊ ကိုအောင်က လောလောဆယ်တော့ ဂဏန်း သဆင်းလိုက်နေတယ်။ အလုပ်ကတော့ အတည်မဟုတ်ဘူး၊ အဝယ်လိုက် ငွေအရာ ပြောင်းကိုင်တယ်။ ဟော…ပြောရင်းဆိုရင်း…"

*

ကျုပ်စင်ခြေရင်းသို့ ထိုးဆိုက်လာသည့် စက်တပ်လှေကလေးဆီမှ ငြည်စလယ်တွေနှင့် လူငယ်တစ်ယောက် တက်လာသည်။ အသားဖြူဖြူ ကိုခုံးနက်နက်၊ ကျစ်လစ်တောင့်တင်းသော ခန္ဓာကိုယ်နှင့်၊ ပင်လယ်မှာ မ်းစာရှာသူနှင့်မတူ မြို့သားတစ်ယောက်နှင့်ပင် တူနေသေးတော့၏။ ည်သူက ကျွန်မနှင့် မိတ်ဆက်ပေးတော့ လေးစားရိုကျိုးဟန် ပြသည်။ ျွန်မကတော့ တောင်းထဲမှ ခြေသုံးချောင်းနှင့် လက်မကို သိုင်းပြီး တုပ် ားသည့် ကဏန်းတွေကို စိတ်ဝင်စားနေသည်။

"ဒါက သံမြှုးနှင့် ထောင်ရတဲ့ ကဏန်းမဲတွေပါ။ ဟော မြှုးထဲမှာ

www.burmeseclassic.com



ငါးလိပ်ကျောက်၊ ဘောင်းကြေး၊ ငါးမန်းခေါင်းတွေထည့်ပြီး မျှားရတာပါပဲ။

မစမ်းပါး– ပန်းခင်– မဆိုင်ဖိနပ်ကျွန်းတွေဘက်မှာ အရများတယ်။ ရေ

တက်ဦးချ ရေပြည့်ပြန်ဆွဲ။ ရောင်းတော့ ကျွန်တော်တို့ FOB စနစ်နဲ့

အခွန်ဆောင်ပြီးသား လိုင်းအဖြူသုတ် သင်္ဘောတွေမှာသာ ရောင်းပါတယ်။

အကြမ်းဖျဉ်းတော့ တစ်ပိဿာတစ်ထောင့်ငါးရာဈေး ရှိပါတယ်။ ဆရာ

စိတ်ဝင်စားရင် မနက်ဖြန်ကျ ကင်းပုစွန်တွေပြချင်ပါသေးတယ်။ ပင်လယ်

ပုစွန်တစ်မျိုးပေါ့။ ပုစွန်တစ်ကောင်နဲ့ မတူဘဲ ကင်းတစ်ကောင်နဲ့ တူနေလို့

ကင်းပုစွန်လို့ ခေါ်တာပါ။ အမှန်က မကန်း(မကားရ်)လို့ခေါ်မှ မှန်မယ်

ထင်တယ်။ အရင်က ငါးဖမ်းပိုက်တွေမှာ တစ်ကောင်စနှစ်ကောင်စ ပါလာ

လေ့ရှိတယ်။ သူ့ကို ပြုတ်စားရင် ဗိုက်နာတယ်လို့ အယူရှိပြီး စားလေ့

မရှိကြဘူး။ အခုတော့ ပြည်ပဈေးကွက်မှာ နေရာရလာလို့ ကျယ်ကျယ်

ပြန့်ပြန့် ဖမ်းဆီးနေကြပြီ။ သူ့ကို ဦးခေါင်းကနေ အမြီးအထိ လက်မနဲ့

တိုင်းပြီး ဈေးခေါ်လေ့ရှိတယ်။ တစ်ခုတော့ ရှိတယ်။ သူက ကျောက်ပက်လို

အအေးချိန် ချလို့မရဘူး။ ဒါကြောင့် လှေဝမ်းထဲ ပင်လယ်ရေနဲ့လှောင်ပြီး

အမြန်ဆုံး ဈေးကွက်ကို ပို့ရတယ်၊ အဲဒီကရိကထတော့ ရှိတာပေါ့”

အောင်အောင်က ပြောပြောဆိုဆို ကကာန်းတွေနေရာချပြီး အပြင်

ပြန်ထွက်သွားပြန်သည်။ ကျွန်မလည်း တစ်နေ့လုံးခရီးပန်း အညောင်းအညာ

ပြေစေဖို့ ရေစင်ဘက်ထွက်လာတော့ သစ်သားစည်သေးသေးကလေးတွေ

နှင့် ရေတစ်စည်ခြောက်ဆယ်တဲ့။ ကျွန်မ ပခုံးနည်းနည်းတွန့်သွားသည်။

ပင်လယ်ရွာတွေမှာ သောက်သုံးရေ ရှားပါးလှပါလား။

ထိုညနေက ယဉ်သူ့လက်ရာ ပုစွန်စိမ်းကော၊ ငါးအူမျှင်ခြောက်

မ်းသုတ်ဆီဆမ်း၊ ငါးလိပ်ကျောက်ကျပ်တင် ဟင်းချိုတို့နှင့် ထမင်းမြိန်

လှသည်။ ဟင်းရွက်ဟင်းသီး ရှားပါးပြီး ငါးပုစွန်သာ အားထားစားရဟန်

သည်။

ညရောက်တော့ အိမ်နောက်ကျပ်စင်ပေါ်တွင် လရောင်သည် ဖွေး

ထနေသည်။ ယဉ်သူ့သမီးလေးက နှစ်ခါလည်နီးပါးရှိနေပြီ ဖြစ်ရာ

နေအေးသဖြင့် အိမ်နီးနားချင်း လက်တွင်ပင် ပျော်မွေ့နေသည်။ ကလေး

နားမှာ မရှိလျှင်တော့ ယဉ်သူ့အသွင်အပြင်က နဂိုနေ အပျိုစင်ကလေး

ဆိုင်းပါပဲ။ လရောင်စွန်းထင်းနေသော ယဉ်သူ့ဆံပင်များကို ကျွန်မ

းနေမိသည်။ ကျပ်စင်စွန်း [မဓမ] တိုင်ကို မှီထိုင်ရင်း ပင်လယ်၏

ယ်လပ်လွင့်မျော အေးမြမှုအရသာကို ကျွန်မတို့ နှစ်ယောက်စလုံး ခံ

းနေကြသည်။

“အောင်အောင် ထမင်းပြန်မစားဘူးနော် ယဉ်သူ”

“ဟုတ်တယ် ဆရာမရယ် သူဘီးဇင်းပိုက်ချဖို့ လှလိုက်စုနေလေရဲ့၊

နေလို တန်ဆောင်မုန်းလဆန်းတာနဲ့ ရေပေါ်မှာ အုပ်စုဖွဲ့ပျော်မြူးနေ

ငါးတွေကို ဝိုင်းချုပ်ဖမ်းတဲ့အလုပ်ပါ။ ဘီးဇင်းတစ်မျိုးတည်းတော့

ဟုတ်ဘူး။ ဇလုံး၊ ကျဲရင်၊ ကုလားဂုတ်၊ ဓာဗျက်၊ ဓာခြမ်းတွေလည်း

နိုင်သေးတယ်။ အားသာချက်ကတော့ ဇလုံးခေါင်းကို ချက်ချင်းရောင်း၊

သားကို အခြောက်လှမ်း၊ အတွင်းက ငါးဖောင်းဆံက ဈေးကောင်း

နိုင်တယ်။ ပင်လယ်အလုပ်တွေက ဒီလိုပါပဲ ဆရာမရယ် အချိန်အခါ

ယီအလိုက် ပြောင်းလဲလုပ်ကိုင်ရတယ်။ ဈေးကွက်အနေအထားအရ

ပ်ရတာတွေလည်း ရှိတယ်။ စွန့်စားလိုက်ရပေမဲ့ အကျိုးအမြတ် မခံ

းရတာတွေနဲ့လည်း တွေ့ရတယ်။ မလုပ်ဘဲလည်း နေလို့မဖြစ်ဘူး။

ရာမ တစ်ခါတုန်းက ယဉ်သူ့ကို ပြောပြဖူးတဲ့ “စွန့်စားမှုကို ကြောက်သူ

ား ဘဝရဲ့ ဝါးမြိုမှုကို ခံရတတ်တယ်”ဆိုတဲ့ ပုံပြင်ကလေးလိုပေါ့”

ကျွန်မ ယဉ်သူကို သဘောကျပြီး ခပ်ပြုံးပြုံး ကြည့်နေမိသည်။

www.burmeseclassic.com



ဘယ်ဆိုလို့တုံး၊ ယဉ်သူအတော်တိုးတက်နေပြီပဲ။ လရိပ်စွန်းသော တ
က ဝရန်တာကလေးကို သတိရသွားသည်။

"ဆရာမ မှတ်မိသေးလား၊ မြေမွမွကလေးအောက်က သစ်
ကလေးနှစ်စေ့အကြောင်းလေ။ ပထမသစ်စေ့ကလေးက သူ့အဖော်ကို ဒီ
ပြောသတဲ့...။ ဟောကောင် ငြိမ်လှချည်လား၊ အိပ်ပျော်နေတာလား
နွေဦးရောက်တော့မယ်၊ ငါတော့ အပင်လေးဖြစ်ချင်ပြီ၊ ငါ့ရဲ့အမြစ်တွေ
ဟိုးမြေထဲထိုးဖောက်ပြီး ရောက်သွားရင် ဘယ်လောက်ကောင်းမလဲ။
ခေါင်းပေါ်က ထွက်လာမယ့် အညွှန့်အငေါက်ကလေးတွေလည်း မြေထဲ
တိုးထွက်ပြီး အပေါ်ရောက်တော့ လိပ်နေတာလေးတွေ ဖွင့်လို့ နွေဦးရော
ပြီလို့ တံခွန်ထူပြလိုက်မယ်... အရုဏ်နှင်းစက်တွေရဲ့ အေးမြမှုခံယူ
နေရင့်လာတဲ့အခါ နေခြည်ရဲ့ နွေးထွေးမှုကို ခံစားရမှာ စိတ်လှုပ်ရှား
မကောင်းဘူးလား၊ အိုး...ရှင်သန်တိုးတက်မှုကို လိုလားတဲ့ သစ်စေ့က
ဟာ မြေလွှာကို ထိုးဖောက်ပြီး အပင်လေးဖြစ်လာပါတော့တယ်။

ဒုတိယသစ်စေ့လေးကတော့... ဟင့်အင်း... ငါကြောက်တ
ကွာ... ငါ့ရဲ့အမြစ်တွေ ဟိုးအဝေးမြေကြီးထဲထိုးဖောက်ရင် အမှောင်
ဘာဖြစ်မလဲမှ မသိနိုင်တာ... နောက်ပြီး မြေလွှာမွမွထဲ ငါ့ရဲ့အညွှ
အငေါက်တွေ တိုးထွက်လိုက်လို့ ကျိုးပဲ့သွားရင် ဘယ်လိုလုပ်ရပါ
အဖူးလေးဖြစ်လာတော့ရော ခရုတွေစားသွားမှာစိုးရတယ်။ အပွင့်လေး
လာရင်တောင် စိတ်ချရတာ မဟုတ်ဘူး။ ကလေးတွေ ခြေဆော့လက်ဆေ
နဲ့ အပွင့်လည်းချိုး အပင်ပါ နုတ်သွားရင် ပြီးပါရော၊ မြေလွှာအောက်
ပဲ လုံလုံခြုံခြုံရှိပါတယ်။ ဒီကပဲ စောင့်နေတော့မယ်...ပြောပြီး အစိုးရိမ်
စွာနဲ့ မြေအောက်မှာ ပုန်းနေရှာတယ်။

မကြာဘူး နွေဦးရောက်လာတော့ မြေကိုယက်ရင်း အစာရှာ



ကြက်မကလေး မြေအောက်မှာ ပုန်းနေတဲ့ သစ်စေ့ကလေးကို တွေ့သွား
စားပစ်လိုက်ရောတဲ့။ ယဉ်သူ ပထမသစ်စေ့ကလေးပဲ ဖြစ်ချင်တယ်
ရာမရယ်"

"ယဉ်သူက မှတ်ဉာဏ်ကောင်းလှပါလား။ ဆရာမ ပြောပြဖူးတဲ့
ပုံကလေး နှစ်တွေကြာမြင့်တာတောင် လုံးစေ့ပတ်စေ့ သတိရနေသေး
ယ်။ မိမိသိမှတ်ဖူးတဲ့ အကြောင်းအရာနဲ့ လက်တွေ့ဘဝကို ထင်ဟပ်
ဘွေးခေါ်နိုင်တာ တော်ရုံအရည်အချင်း မဟုတ်ဘူး။ ပထမသစ်စေ့ကလေးလို
ခမ်းလိုစိတ်၊ စွန့်စားလိုစိတ်၊ အောင်မြင်လိုစိတ်ရှိမှ အောင်မြင်မှုရဲ့
ရသာ၊ နှင်းစက်တွေရဲ့ အောင်မြင်မှု၊ နေခြည်နုရဲ့ နွေးထွေးမှုတွေကို
သုရရှိနိုင်မှာပေါ့။ ယဉ်သူတို့ ဇနီးမောင်နှံအတွက် ဆရာမ အားတက်
ဆယ်ယူမိပါရဲ့"

ကျွန်မရဲ့ အားပေးထောက်ခံမှုတွေကြောင့် လရောင်အောက်မှာ
ဉ်သူရဲ့ မျက်လုံးတွေ အရောင်တောက်နေသည်။ လေနုအေးကလေး
ပြေတိုက်နေတာမို့ နဖူးထက်က ဆံယဉ်နုတွေ တဖွဖွလွင့်နေတာ
နှမျက်စိထဲမှာ ကဗျာဆန်လိုက်တာ၊ ကျွန်မသာ ကဗျာစပ်သူတစ်ဦး
ခဲ့မယ်ဆိုရင် လရိပ်နဲ့ ယဉ်သူ ဘယ်သူက အယဉ်ဆင့်မလဲလို့ ကဗျာ
မိမယ်ထင်ပါရဲ့။ ဒီရေတက်လာပြီဖြစ်လို့ ကျပ်စင်အောက်ကို ဝင်လာတဲ့
န်းရိုက်လှိုင်းသံသဲ့သဲ့ကလွဲရင် ပတ်ဝန်းကျင်တစ်ခုလုံး အငြိမ်သက်ကြီး
သက်နေတယ်။ ယဉ်သူက ဟိုး ခပ်ဝေးဝေး ကျွန်းရိပ်မည်းမည်းတွေဆီ
ငေးစူးစိုက်ကြည့်ပြီး...

"အခု လက်ရှိ အနေအထားကတော့ သိပ်ပြီးအားရစရာ မရှိလှ
သေးပါဘူး ဆရာမရယ်။ တကယ်တမ်း ယဉ်သူ အိမ်ထောင်ကျတော့
မေက ယဉ်သူနဲ့ လာမနေနိုင်ပါဘူး။ အခု အစ်မကြီးပြောင်းသွားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပုလောမှာ သွားလိုက်နေတယ်။ အစ်မသောင်းရီနဲ့ အစ်မသောင်း ကတော့ ကိုအောင့်အပေါ် သိပ်မကြည်လင်လို့ ယဉ်သူ့ကို သားဖ နေကြတယ်။ ဒီလိုပါ ဆရာမရယ်၊ ကိုအောင်က အတန်းပညာ ဆယ်တန်းအထိ နေဖူးတော့ အတွေးအခေါ်အရာမှာ ဒီရွာက လူတွေ သာတယ်ဆိုပါတော့။ သူ့ဇာတိက ဟိုး…စခန်းသစ်ရွာကပါ။ စခန်း ဆိုတာ အနောက်မြို့နယ်မှာ တိုးတက်တဲ့ ရွာကြီးတစ်ရွာမဟုတ် တောရန်ကုန်လို့တောင် ခေါ်ကြတာ ဆရာမအသိပါပဲ။ မြို့မှာရှိတာ သစ်မှာ အကုန်ရှိတယ်။ ဒီလိုရွာမျိုးက လာသူဆိုတော့ ဘယ်ညဲ့လိမ့် အစ်မသောင်းရီတို့က သူတို့ယောက်ျားတွေလို ရွာမှာ ဒွေးဖောင်ချစေချင် သူတို့နဲ့ ပူးပေါင်းနေ၊ သူတို့နဲ့ တစ်အိုးတည်းစားပေါ့။ အတွေး မတူတော့ ဘယ်မှာ ပူးပေါင်းလို့ ရပါ့မလဲ။ အိမ်ထောင်ပြုတယ်ဆို တစ်အိုးတစ်အိမ် ထူထောင်တာလေ၊ ယဉ်သူ ကိုယ့်အိမ်ထောင်ကို ကို ရှိတဲ့အင်အား ကိုယ့်မှာရှိတဲ့ အရည်အချင်းနဲ့ပဲ ထူထောင်ချင်တယ်

ပြီးတော့…ယဉ်သူ့သမီးလေး ကျန်းမာရေး၊ ပညာရေး၊ ယ ဆရာမတို့အနား (မြို့ကြီးပြကြီး)မှာ နေလာခဲ့ပြီး သူတို့လို မျက်စိ နားကန်း မနေနိုင်ဘူး။ အရင်က ရွာမှာ သိပ်ပြန်နေချင်တယ်။ အခု လေးရှေ့ရေးအတွက် မြို့မှာနေနိုင်ဖို့ စုဆောင်းနေရပြန်ပါပြီ။ ဒါ ယဉ်သူစက်ပေါ်က မဆင်းရသလို ကိုအောင်လည်း ထမင်းလွတ် ဟင်း ကြိုးစားနေရတာပါ”

ယဉ်သူ့စကားတွေက ကျွန်မအတွက် စဉ်းစားစရာတွေ အ ပေးနေသည်။ ကမ္ဘာကြီးရဲ့ အချို့နေရာတွေမှာ မြို့ပြနှင့် ကျေးလက် ဟတော့ပေမဲ့ မြန်မာပြည့်တောင်ဘက်စွန်းက ပင်လယ်ကျွန်းရွာ တွေကတော့ မြို့ပြနှင့် အဟန့်ကွာနေပါသေးသည်။



ထိုကွာခြားမှုတွေရဲ့ အရင်းအမြစ်သည် လမ်းပန်းဆက်သွယ်ရေးလား၊ စီးပွားကုန်စည်ဖောက်ကားရောင်းဝယ်မှုလား၊ ကျွန်မကတော့ တွဲဖက်အလယ်တန်းကျောင်းရှိလျက်နှင့် စာကြည့်တိုက်ကလေးတစ်တိုက် (သို့မဟုတ်) စာကြည့်အသင်းကလေးတစ်သင်း (သို့မဟုတ်) စာအုပ်အငှားဆိုင်ကလေးတစ်ဆိုင်မျှပင် မရှိခြင်းက ‘စိမ်းရိပ်ညို’ အတွက် အကြီးမားဆုံးလိုအပ်ချက်ဟု ထင်မြင်နေမိသည်။

စာအုပ်များမှပေးသော ရသ၊ ပုံပြင်များမှပေးသော အသိများဖြင့် ယဉ်သူလို ပထမသစ်စေ့ကလေးတွေ အများကြီး စိမ်းရိပ်ညိုမှာ ပေါ်ပေါက်လာဖို့ လိုသည်။

ထိုသစ်စေ့မျိုး တစ်စေ့ပျိုး တစ်ပင်ရှင် ရှင်သန်ခြင်းမှသည် တစ်ကျွန်းလုံး တစ်တောင်လုံး ပြီးတော့ နိုင်ငံတစ်ဝန်းလုံး…။ ။

(မြူတီမဂ္ဂဇင်း၊ ၂၀၀၃၊ မတ်လ)

www.burmeseclassic.com

www.burmeseclassic.com

# မြရည်စိမ်းရွက် မိုးစက်လင့်ကြို

ဆင်တောင်ဘက်ဆီမှာ မိုးတွေ ညို့နေပြီ လှိုင်ဇံ။

တစ်နွေလုံး ညင်သာပျော့ပြောင်း သဘောကောင်းခဲ့တဲ့ ပနီချောင် ဟာ အမျက်ချောင်းချောင်းထွက်ပြီး ဒေါသတွေ သွန်ထိုးလို့ အတ အနားမဲ့ ဒလဟောစီးဆင်းပြီပေါ့။ ပနီရေသောက်ရွာတွေ အားလုံးလယ်တွ ပြင်ဆီ တွင်းရေငင်နေကြပြီလေ။ ထွန်ယက်သူမဲ့ လယ်မြေဟာ သူ့သ ကို တမ်းတမျှော်လင့်နေလိမ့်မယ်။ လယ်မြေကို မြတ်နိုးတွယ်တာလွန်း လှိုင်ဇံတစ်ယောက် ဘယ်ဆီကိုများ ရောက်ရှိနေပါလိမ့်။ နှင်းပုလဲအ နာကျည်းစိတ်နဲ့ ရွာလွန်ပြီး ရွက်တိုက်နေတာတော့ မဟုတ်တန်ကောင်း ဘူးနော်။

လျှို့ဝှက်သိမ်းဆည်းအပ်တဲ့ မိန်းမသားတစ်ယောက်ရဲ့ နှလုံးသ စာမျက်နှာကို လိမ္မာပါးနပ်စွာ ဖတ်ရှုနိုင်ခြင်း မရှိတဲ့အတွက် ကိုယ်လှိုင် ကို အပြစ်မဖွဲ့လိုတော့ပါဘူး။ ရိုးစင်းစွာ ကြီးပြင်းလာရခြင်းနဲ့ ပရိယာ မာယာတွေရဲ့ လျှို့ဝှက်ချက်နှင့် အလှမ်းဝေးကွာလွန်းခဲ့တဲ့ အရိုးခံသက်သ ကျေးလက်လူသားတစ်ယောက်အပေါ် အားမလိုအားမရစိတ်တွေ ကြီးထွ နဲ့ကလေးမျှသာပါ။ ရိုးသားဖြူစင်ခြင်းကို အစကတည်းက ကိုး



တန်ဖိုးထား လေးစားပြီးသားပါ။ ဒါကြောင့်လည်း ကိုယ် ဒီရွာကလေးမှာ ရောက်ရှိတာဝန်ထမ်းနေတဲ့ ကာလတစ်လျှောက်လုံး လှိုင်ဇံ့အပေါ် လိုက် လျောခင်မင်ခဲ့တာပေါ့။

ဟောဒီကျောက်ထပ်ရွာဆိုတဲ့ မကွေးတိုင်း၊ မင်းလှမြို့နယ်အတွင်း က ရွာကလေးရဲ့ မှည့်တွင်ပုံ၊ အစွဲပြုပုံ အခေါ်အဝေါ်နဲ့ ပတ်သက်လို့ မေးမိတဲ့ မေးခွန်းအတွက် မင်း ပါးချိုင့်ကလေး ပေါ်အောင် ပြုံးလိုက်တာ ကိုယ် ကောင်းကောင်း မှတ်မိသေးပါသေးတယ်။ တစ်ရာမှာ တစ်ယောက် ရှားပါးလှစွာ ပါးချိုင့်ပါတဲ့ ယောကျ်ားတစ်ယောက်ရဲ့ မျက်နှာကို ကိုယ် အဲဒီအချိန်က သတိလက်လွတ် ငေးကြည့်နေမိတာ ဝန်ခံပါတယ်။ သည် တုန်းက စကားပြော်တော့မယ်ဆို မင်းရဲ့ နက်မှောင်မှောင် မျက်ခုံးတန်းတန်း တွေကို မျက်မှောင်ကြုတ် အားယူလိုက်ပြီး ခေါင်းကို ခပ်လေးလေး ရမ်း ခါလိုက်တယ်။

"ဟင့်အင်း...မသိပါဘူး နှင်းပုလဲရယ်၊ ရွာရဲ့ အောက်ခြေမှာ ကျောက်ပြားတွေ အထပ်ထပ်ရှိလို့ဆိုလား၊ တို့အဘိုးတွေ ပြောခဲ့တာပဲလေ။ ရွာမှာ ရေတွင်းနက်နက် မရတာတော့ အမှန်။ တစ်ရွာလုံး ပနီချောင်းရေ သုံးကြတာပဲ ကြည့်တော့"

မင်းပြောမှ ကိုယ်သတိထားမိတယ်။ ဒီအနီးအနားက ရွာတွေ အားလုံး ပနီချောင်းနဲ့ မကင်းရာ မကင်းကြောင်း ပတ်သက်ယှက်နွယ် နေတဲ့ကိစ္စကိုလေ။ မင်းနဲ့ ကိုယ်ရဲ့ ရင်းနှီးချစ်ခင်မှုတောင် ပနီချောင်းနဲ့ မကင်းဘူး မဟုတ်လား။ ဒါတွေ ပြန်တွေးရင် အဖြောင်းတွေ အသစ်ဖြစ် ပြီး အလွမ်းကြီးလွမ်းနေသေးတယ် လှိုင်ဇံ။ မင်းကိုလား၊ အဲဒီတုန်းက သဘောကောင်း ညင်သာခဲ့တဲ့ ပနီချောင်းကိုလား။

တစ်ကယ်တော့ ကိုယ်ဟာ ဇာတိမြေနဲ့ အလှမ်းကွာဝေးလွန်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



နိုးမတောင်ခြေက ကျောက်ထပ်ရွာကလေးမှာ လာရောက်တာဝန်ထမ်းဖို့ ဆိုတာ ယောင်မှားလို့တောင် အိပ်မက် မမက်ခဲ့မိရိုးအမှန်ပါ။ ကိုယ် ရှင်သန်ကြီးပြင်းခဲ့ရတဲ့ ပတ်ဝန်းကျင်ကလည်း ဒီရွာခလေ့စရိုက်နဲ့မတူ သီးခြားဆန်လွန်းလှပါတယ်။ ပြည့်ဝကုံလုံတဲ့ မိဘဝန်းကျင်ကို စွန့်ခွာထားရစ်ဖို့ဆိုတာ တော်ရုံတွန်းအားနဲ့ မဖြစ်နိုင်ပါဘူးကွယ်။ အတန်အသင့်ကြီးမားတဲ့ အင်အားတစ်ရပ်တော့ ဖြစ်ရမှာပေါ့။ အဲဒီအတန်အသင့် ကြီးမားတဲ့ အင်အားဟာ ကိုယ်ရဲ့မောင်ငယ် နှင်းရေခဲကြောင့်လား။ သူ့ရဲ့ချစ်သူ မိုးသက်မှုံကြောင့်လား။ ဒါမှမဟုတ် နှစ်ဦးစလုံးကြောင့်လား၊ ကိုယ်အခုအချိန်အထိ ဝေခွဲလို့ မရသေးဘူး။

ကိုယ်တို့မိဘတွေက မိရိုးဖလာ ရွှေဆိုင်လုပ်ငန်းနဲ့ ကြီးပွား ချမ်းသာကြတယ်။ ကိုယ်က အဲဒီလုပ်ငန်းကို စိတ်မဝင်စားဘူး။ အဝေးသင်တစ်ဖက်နဲ့ ဆရာအတတ်သင် တက်ဖြစ်ခဲ့တယ်။ ဘွဲ့ရပြီး အလုပ်လျှောက်ဖို့တာစူနေချိန် ဘယ်တုန်းကမှ ကျောင်းစာမကြိုးစားခဲ့တဲ့ မောင်ငယ်နှင်းရေခဲဟာ ဆယ်တန်းနှစ်ခါကျနေရာက ရုတ်တရက် မိန်းမခိုးလိုက်ပါရော။ ပထမတော့ ကိုယ့်မိဘတွေက သားမိုက်ရဲ့ အပြုအမူကို စိတ်ဆိုးကြတယ်။ ပေါ့ပေါ့နေပေါ့ပေါ့စား ကိုယ့်တစ်ဝမ်းတစ်ခါးကိုစွတောင် မဖြေရှင်းနိုင်ဘဲ မိန်းမယူရမလားပေါ့။ ဒါပေမဲ့ ကလေးမရဲ့ မိဘတွေက မြို့မှာ အရာရှိအရာခံတွေဆိုတော့ သားလည်းမျက်နှာမငယ်အောင် မင်္ဂလာပွဲကို ထိုက်ထိုက်တန်တန် လုပ်ပေးခဲ့ကြတယ်။ မင်္ဂလာဆောင်ပြီး နှင်းရေခဲနောက်ကို မိုးသက်မှုံဟာ ယောင်နောက်ဆံထုံးပါလေရော…။

မြို့ကလေးမှာတော့ ကိုယ်တို့အိမ်ဟာ ဆိတ်ငြိမ်ရပ်ကွက်မှာရှိတဲ့ ရွှေဟောင်းတိုက်အိမ်ကြီးတစ်အိမ်ပါ။ ခေတ်နောက်ကျနေတဲ့ စားပွဲကုလားထိုင်တွေ အညိုရောင်မှိုင်းမှိုင်းလိုက်ကာတွေ ကာရံထားတဲ့ ဧည့်ခန်းအဆောင်



အပြင်နဲ့ အိမ်သူအိမ်သားတွေဟာ အေးချမ်းငြိမ်သက်စွာနေထိုင်ကြတယ်။ အိမ်သူအိမ်သားနည်းပါးတာရယ် ပကာသနမဖက်ချင်တာရယ်ကြောင့် အိမ်ကြီးဟာ လူသူမရှိသလို သွေ့ခြောက်နေလေ့ရှိတယ်။

နှင်းရေခဲအိမ်ထောင်ကျပြီး အိမ်ကို မိုးသက်မှုံရောက်လာတဲ့နေ့ကစပြီး အိမ်ဧည့်ခန်းရဲ့ ဖွင့်လေ့မရှိတဲ့ ပြတင်းတံခါးတွေ ဟင်းလင်းပွင့်လာခဲ့တယ်။ ခေတ်မမီတော့တဲ့ ဧည့်ခန်းမှာလည်း ခေတ်မီအသုံးအဆောင်တွေ အစားထိုးရောက်လာလို့ တီဗီသံ၊ ကက်ဆက်သံ၊ ကာရာအိုကေဆိုသံတွေ တညံညံဖြစ်လာပါတော့တယ်။ ဒါတွေကို သဘောမကျသလိုလိုနဲ့ ဖေဖေနဲ့မေမေလည်း မိုးသက်မှုံရဲ့ ဒယ်ဒီ၊ မာမီခေါ်သံကြားမှာ ကျေနပ်မဆုံးတပြုံးပြုံး ဖြစ်နေကြတယ်။ ဒါတွေဟာ မိုးသက်မှုံရဲ့ အရည်အချင်းတွေပေါ့။ ကြည့်နေရင်းမှာပဲ သူ့ရဲ့ထက်မြက်စည်လောင်မှုတွေဟာ အိမ်တွင်းမှာသာမက မိဘဘိုးဘွားပိုင် 'ငွေရည်နှင်းစက်' ရွှေဆိုင်ဆီပါ နယ်ချဲ့လာတော့တယ်။

အိမ်ကို ပြင်ဆင်မွမ်းမံလည်း မိုးသက်မှုံ၊ စီစဉ်ချက်ပြုတ်လည်း မိုးသက်မှုံ၊ ဆိုင်အရောင်းအဝယ်လည်း မိုးသက်မှုံနှင့် ဖေဖေမေမေတို့ပါးစပ်ဖျားမှာ တစ်မှုံတည်း မှုံနေတာ ခပ်အေးအေး ကိုယ်ဟာ ပိုပြီး ငြိမ်သက်နေပါတော့တယ်။ မိုးသက်မှုံဟာ လိပ်ပြာလေးတစ်ကောင်လို သူ့ပတ်ဝန်းကျင်မဟုတ်တဲ့ နေရာမှာ ပေါ့ပေါ့ပါးပါးကလေး လူးလာပျံသန်းနေတာ တွေ့ရတော့ ကိုယ်ဟာ ကိုယ့်ရဲ့ လက်ရှိအနေအထားကို ပြန် သုံးသပ်ဖို့ ဖြစ်လာပြီ။ ဖေဖေမေမေတို့ လိုချင်တာ ကိုယ်မဟုတ်တဲ့ မိုးသက်မှုံလို သွက်လက်ချက်ခြာတဲ့ သမီးမျိုးပေလား။ ပိုထူးခြားတာက ဘယ်တော့မှ အိမ်မကပ်တဲ့ ဆိုးပေပေနှင်းရေခဲတောင် အံ့သြဖွယ် ငြိမ်ဝပ်ပိပြားစွာ အိမ်က ကားကို အလုပ်တစ်ခုလို မောင်းဖော်ရလာတယ်။ မေမေတို့သွားချင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆီ သူ့ခြံမှာ ချင်တဲ့ ဆိဒိုင်ခဲမောင်းပို့လို့ အိမ် အကပ်ကြီးကပ်ပြီး ပြောင်းလဲနေပါတော့တယ်။

လောကကြီးဟာ ညှံ့သူခံစတမ်းပါ လွိုင်ခံ။ ရွှေဆိုင်အလုပ်စီးပွားရေးတို စိတ်မဝင်စားခဲ့တဲ့ကိုယ်ဟာ မိုးသက်မှုရဲ့ နေရာယူ လက်ဦးမှုအတွက် မရှိသွားဖြစ်ဖြစ်ရုံကလွဲပြီး ဘာများတတ်နိုင်ပါဦးမလဲ။ တဖြည်းဖြည်းနဲ့ အိမ်မှာ ကိုယ့်ရဲ့ အခန်းကဏ္ဍဟာ မှုဝါးဖျော့တော့လာတယ်။ ဒီဝန်းကျင်မှာ ကိုယ်မရှိလည်း ဖြစ်တယ်လေ။ မိုးသက်မှုအိမ်ပေါ်ရောက်ပြီး တစ်နှစ်တင်းတင်းပြည့်တဲ့နေ့သူတို့ရဲ့ သမီးလေးမွေးဖွားတဲ့နေ့မှာ ကိုယ်ဟာ ဇာတိမြေနဲ့ အသိုင်းအဝိုင်းကို စွန့်ခွာဖို့ ဆုံးဖြတ်ခဲ့တော့တယ်။ သမီးလေး အိသည်းတုံကို စုပုံချစ်ကြ သည်းသည်းလှုပ်ကြဦးမှာကို ကိုယ် ဘယ်လိုမှ ခံနိုင်ရည်မရှိတော့ဘူး။ အတွေးအခေါ် ခေါင်းပါးရင့်ကျက်မှုနည်းပါးတယ်လို့ အပြစ်တင်ကြမယ် ဆိုရင်လည်း ခေါင်းတိုးခံဖို့ အသင့်ပါ လွိုင်ခံရယ်။ ကိုယ်ဆုံးဖြတ်ချက်ကို ခပ်သွက်သွက် အကောင်အထည်ဖော်ရင်း ဆရာအတတ်သင်တုန်းက ခင်မင်ရင်းစွဲရှိခဲ့တဲ့ သူငယ်ချင်းယဉ်လေးသီရှိရာ မင်းလှမြို့နယ်က ကျောက် ထပ်ရွာကလေးဆီသို့ ရောက်ခဲ့ရတယ်ဆိုပါတော့။

ကိုယ်ရောက်တော့ ယဉ်လေးသီက မကွေးမြို့ပေါ်မှာ တာဝန်ကျနေသတဲ့၊ ဒီရွာကလေးမှ ယဉ်လေးသီမိဘတွေက သမီးအစားရသလို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြတယ်။ ယဉ်လေးသီရဲ့ သူငယ်ချင်း လွိုင်ခံနဲ့ပါ ရင်းနှီးခင်မင်ခွင့်ရခဲ့တာက ကံကြမ္မာကပေးတဲ့ အပိုကြေးနှစ်သိမ့်ဆုဆိုရင် လည်း မမှားပါဘူး။

ကိုယ် ဒီရွာကလေးမှာ အရမ်းကို နေပျော်ခဲ့တယ်။ ကိုယ့်ရဲ့ပင်ကိုစရိုက်နဲ့ အပ်စပ်ကိုက်ညီတယ်လို့ ယူဆတယ်။ ဒီရွာရဲ့ အိမ်တွေမှာ လှပဆန့်ကျယ်တဲ့ဆက်တီတွေ အမွေးပွကောဇောကြီးတွေ ခေတ်မီတဲ့ အသုံး



အဆောင် အဆင်အယင်တွေ မရှိပေမဲ့ ဒီရွာက လူတွေဟာ ရိုးသားကြတယ်။ ကိုယ့်စပါးကိုယ်စိုက် ကိုယ့်ယာကိုယ်ဆွတ် ကိုယ့်အဝတ်ကိုယ်ရက်ဝတ်ကြတယ်။ ပဲ၊ ပြောင်း၊ နှမ်းထွက်ရာဒေသမို့ ဆီမရှား သီးနှံမရှားပေါ့။ ကိုယ်ကျောင်းအားတဲ့အခါ ရွာထဲက အေးအေးခိုင်တို့ မလှပုံတို့ရဲ့ လက်ရက်ကန်းတွေဆီ သွားပြီး လုံမပျိုတွေ စိတ်ညစ်အောင် သွားရှုတ်လေ့ရှိတယ်။ ယဉ်လေးသီအစ်မ မဒေါင်းစိန် ပဲဆွတ်ရာလည်း ပုဆိုးဟောင်းပေါင်းပြီး လိုက်လေ့ရှိတယ်။ ကိုယ်အနှစ်သက်ဆုံးက တစ်နေ့တာ ပင်ပန်းနွမ်းနယ်မှုတွေကို ပနီချောင်းရေအေးအေးနဲ့ ခဝါချ ဖွတ်လျှော်သန့်စင်ရခြင်းပါပဲ၊ ပနီချောင်းရေဟာ တောင့်တင်းနေတဲ့ အကြောအခြင်တွေ ပြေပျော်ရုံမက မမြင်စွမ်းနိုင်တဲ့ အားအင်သစ်တွေ ဖြည့်လောင်းပေးတယ်လို့ ကိုယ်ခံစားရတယ် လွိုင်ခံ။

ရွာရောက်ပြီး ကိုယ့်အသားရေတွေ အဖြူရောင်ကနေ အညိုရောင်ဘက်လုလာတာ ငှက်ဖျားလို့ သံသယရှိတဲ့ အဖျားတွေ မကြာခဏ ဖျားလေ့ရှိတာတွေက ကိုယ့်ရဲ့ စိတ်ဓာတ်တွေ ယိုင်နဲ့မသွားစေပါဘူး။ လယ်ထဲဆင်းကူ ယာဆွတ်ကူ ပနီချောင်းရေချိုးနဲ့ သဘာဝတရားကြီးနဲ့ ရင်းနှီးပွန်းတီးစွာ ပွင့်လင်းရိုးသားစွာ နေထိုင်ခဲ့တာ တစ်ရာသီပြီး တစ်ရာသီပေါ့။

ရက်မှ နှစ်ကူးလာတာနဲ့အမျှ တို့နှစ်ဦးရဲ့ သံယောဇဉ်ကလည်း ရက်ကန်းချည်မျှင်ရှည်ခဲ့ကြတယ်နော်။ တစ်ဦးရင်ထဲက ပုစ္ဆာကို တစ်ဦးအဖြေထုတ်နိုင်ဖို့ အခွင့်အရေးကတော့ "ပနီဆုံရွာ"သွားတဲ့ခရီးစဉ်တလေးက အစပြုတယ် ထင်ပါတယ်။ အဲဒီနေ့က ကိုယ်အရမ်းကို စိတ်လှုပ်ရှားခဲ့ရတယ် လွိုင်ခံ။

ပနီဆုံဆိုတဲ့ ချင်းရွာကလေးဆီ သွားရောက်လည်ပတ်ဝိုင်းက အဲဒီရွာနဲ့ မနီးမဝေးမှာရှိတဲ့ ယဉ်လေးသီအစ်မ မဒေါင်းစိန်ပေါက်ချိုးဘက်က

www.burmeseclassic.com



ချွေးမိုးတွေရဲ့ အလှူပွဲသွားမိရာက အစီအစဉ်ဖြစ်လာတာပါ။ လက်ပံတံခါးကို အလှူသွားမယ့်သူတွေဟာ ဂျစ်ကားနဲ့ရော ထွေလာဂျီနဲ့ပါ တပျော်တပါးကြီးပေါ့။

ပုသိမ်မုံရွာလမ်းကြီးကနေ အတွင်းကို ၈ မိုင်ခရီးဝင်လိုက်ရင် လက်ပံတံခါးရွာရောက်ပါရော။ ဒီရွာက အိမ်ခြေလေးရာကျော် ရှိပြီး တွဲဖက်အထက်တန်းကျောင်းပါရှိတာမို့ ကျောက်ထပ်ရွာထက် ပိုပြီး တိုးတက်တယ် ထင်ရပါတယ်။ ဒါပေမဲ့ ဒီရွာမှာ စာကြည့်တိုက်မရှိသေးဘူး။ ကျောက်ထပ်ရွာမှာက ရွာဦးကျောင်းဆရာတော်ရဲ့ အားသွန်မှုကြောင့် ဦးချစ်မောင် စာကြည့်တိုက်ဆိုတာ ပေါ်ထွန်းနေပြီ။ စာအုပ်တွေလည်း အတော်စုံတယ်။ လယ်ထဲ ယာထဲက အမြင်မွဲနေသူတွေကို အလင်းဖွင့်ပေးမယ့်နေရာဌာနရှိနေပြီ။ ရွာမှ တိုးတက်တဲ့ လူငယ်တွေကလည်း စာကြည့်တိုက်ကော်မတီဝင်တွေအဖြစ် တစ်တပ်တစ်အား ကူကြတယ်။

ကိုယ် ဒီရွာမှာ အပျော်ကြီးပျော်နေတာ အဲဒီစာကြည့်တိုက်ကလေးကြောင့် ဆိုရင် မမှားဘူး။ ကမ္ဘာကြီးရဲ့ တိုးတက်ပြောင်းလဲမှုကို စာပေပြတင်းကနေ ချောင်းကြည့်နိုင်တယ်။ ကမ္ဘာဟာ ရွာကြီးတစ်ရွာ ဖြစ်နေပြီ။ အရှေ့အနောက် ဆက်စပ်မှု သတင်းမီဒီယာ အားကောင်းရင် ကောင်းသလို အချိန်တိုအတွင်း ဆက်သွယ်သိမြင်နိုင်တယ်။ ကလေးတွေ စာများများဖတ်ဖို့နဲ့ ပညာရေးအလေးထားရေး အုတ်မြစ်အခြေခံက ဆရာ၊ ကျောင်းသား၊ မိဘ တြိဂံဆက်ဆံရေးပါပဲ။ ဒီအတွက် ပညာရေးဝန်ထမ်းတို့မှာ တာဝန်အများဆုံး ရှိပါတယ်။

အခု လက်ပံတံခါးကလည်း စာကြည့်တိုက်ဖြစ်မြောက်ဖို့ ကြိုးပမ်းနေပြီတဲ့။ မင်္ဂလာရှိသော သတင်းစကားပါပဲ။ အလှူပွဲပြီးတော့ နောက်တစ်နေ့ ဝမ်းခဲ့သွားမည့်ခရီးကို လှိုင်ခံ့က ဦးဆောင်စီစဉ်ပါရော။ သွားကြမယ်ဆို



တော့ အခြားရွာသူတွေနဲ့ ကျောင်းသားလေးတွေက လှည်းတစ်စီး၊ ကိုယ်နဲ့ လှိုင်ခံ့က လှည်းတစ်စီး။

ကိုယ်က မြို့ပြကလာသူဆိုတော့ လှည်းတစ်ခါမျှ မစီးဖူးဘူး။ ဓာတ်ပုံထဲမှာ မြင်ဖူးသလို လှည်းနောက်မြီးမှာ ခြေချထိုင်တော့ လှိုင်ခံ့က–

"နင်းပုလဲရေ ဒီလိုထိုင်ရင် လှည်းပေါ့ပြီး နွားရုန်းတာနဲ့ ပြုတ်ကျကျန်ခဲ့မှာဟ၊ ရှေ့ကိုတိုး ကျွန်တော့်နောက်ကျောနား တိုးထိုင်"

"ဟင် ဟုတ်လို့လား"

"မယုံဘူးလား၊ မယုံရင်ကြည့်"

"အိုး...ပလုတ်တုတ်...ဟုတ်ပါရဲ့ နွားရုန်းတာနဲ့ လှုပ်ခါယိမ်းယိုင်သွားလိုက်တာ နင်တံ တဟဲ့ဟဲ့ မြောက်နေသူရဲ့ နောက်ကျောကို တပ်လိုက်မှ ဟန်ကျသွားတော့တယ်။ ဒါတောင်..."

"လှည်းနံကို မြဲမြဲကိုင်နော် ရန်ကုန်မှာ ဘတ်စကားစီးသလိုပေါ့၊ လက်ကမြဲဖို့ အရေးကြီးတယ်"

ရွာက ထွက်တာနဲ့ ကွေ့ကောက်နေတဲ့ ပနီချောင်းဟာ အနေအထားအမျိုးမျိုးနဲ့ ကိုယ်တို့လှည်းတွေကို တို့ထိကျီစယ်နေတော့တယ်။ တချို့နေရာမှာ ရေစပ်စပ်၊ တချို့နေရာမှာ နွားဒူးမြုပ်ရုံ၊ တချို့နေရာမှာ လှည်းကိုယ်ထည်ကြမ်းခင်းပါ ရေမြုပ်လို့ အသည်းအေးရင်ဖို ဖြစ်ခဲ့ရသေးတယ်။ ချုံပင်နဲ့ ကျောက်စားပွဲရွာတွေကို ဖြတ်တော့ လှည်းပေါ်က လမ်းလှမ်းတာမီဆီးသီးတွေ ခူးဖြစ်တာများ ပျော်လိုက်တာလေ။

"သိပ်အတင့်မရဲနဲ့နော် ခွေးလယားသီးထိလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်"

"ဘယ်မှာလဲ ခွေးလယားသီးက"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာလေ အမွေးဖွားဖွားနဲ့ မြင်နေရတာ"

လှိုင်ခဲ့လက်ညှိုးညွှန်ရာမှာတော့ ဆီးသီးမက်တဲ့ကိုယ် လက်အတွန့်ကြီး တွန့်သွားပါတော့တယ်။ ဟုတ်ပါရဲ့ ထိလိုက်ရင်ရေမရှိ ဆပ်ပြာမရှိတဲ့နေရာမှာ ခံလိုက်ရမည့် ဖြစ်ခြင်း။

"အခု ကျွန်တော်တို့သွားမှာ ဆင်တောင်ဘက်ကိုလေ၊ မနက်က လက်ပံတံခါး၊ ဘုရားကုန်းပေါ်က မြင်လိုက်ရဲ့ မဟုတ်လား။ ဆင်ကြီးတစ်ကောင် ဝပ်နေတဲ့ပုံစံနဲ့ မှိုင်းမှိုင်းညိုညိုကြီးဟာ ဆင်တောင်ပဲပေါ့။ ဆင်တောင်က မြစ်ဖျားခံပြီး ပနီချောင်း၊ ထုံးချောင်း–မန်းချောင်းတို့ စီးဆင်းကြတာပါ။ အခု ကျွန်တော်တို့ ပနီချောင်းရိုးအတိုင်း ဆန်တက်နေကြပြီ။ ဟော...ပြောရင်းဆိုရင်း"

နယ်မြေအသိပညာတွေ ဖြန့်ဝေနေတဲ့ လှိုင်ခဲ့ဟာ ပြောလက်စစကားကို ရပ်တံ့ပြီး လှည်းကို ဂရုတစိုက် မောင်းနေတာ တွေ့ရတယ်။ မြက်ဦးထုပ်ကို ဆောင်း နှင်တံကို မြှောက်နေတဲ့ ကျေးတောသားလေးရဲ့ ဖုထစ်ကြွက်သားတွေမှာတော့ ချွေးစက်ကလေးတွေဟာ နေခြည်အလင်းနအောက်မှာ စိုလက်လို့ပါလား။ ကိုယ်ဟာ သူစိမ်းယောကျ်ားတစ်ယောက်နဲ့ နီးနီးကပ်ကပ် နေလေ့မရှိတဲ့အတွက် အမည်မဖော်နိုင်တဲ့ ဝေဒနာနဲ့အတူ နှလုံးသွေးသံတွေ ဒိတ်ဒိတ်ည်နေတော့တယ်။

သတိထားလိုက်မိတော့ ရှေ့ကပြေးနေတဲ့ အဖော်လှည်းကို မမြင်ရတော့ဘူး၊ လှည်းလမ်းကြောင်းဟာ တောင်နံရံကို ဖောက်ပြီး ဝင်သွားဆာမို့ ရုတ်ချည်းပဲ အလင်းအားနည်းပြီး အအေးဓာတ်ပိုလာပါတော့တယ်။ တောကလည်း တကယ့်ဝါးရုံတောကြီး၊ ဝါးရုံတွေ အစုလိုက်အပုံလိုက် ထူထူထဲထဲပေါက်နေတဲ့ တောကြီး။ ဝါးပင်တွေပေါ်မှာတော့ ရွှေဝါ ဝါတွေကြား မြစိမ်းရွက်သစ်တွေ ထွက်နေပုံက အမြင်ဆန်းလိုက်



တာ။ ဒါကြောင့် အနီးအနားက ရွာတွေမှာ ဝါးကပ်မိုး၊ ဝါးကပ်ကာသုံးပစ္စည်းတောင်းပလုံး၊ ခြင်းတွေ တွေ့နေရတာပေါ့။

လှည်းလမ်းဟာ ပိုကြမ်းလာပြီး ကမူချိုင့်ဝှမ်း ကုန်းဆင်းကုန်းတက်တွေများလာတယ်။ လှိုင်ခဲ့က လှည်းကို ဂရုစိုက်နေသလို ကိုယ်ကလည်းလှည်းဆောင့်လို့ မှူးမောရင်တုန်ပြီး အတိတ်ဆိတ်ကြီး တိတ်ဆိတ်နေသာတယ်။ တစ်နေရာရောက်တော့ လှိုင်ခဲ့က နွားတွေကို စုပ်သပ်ရင်းလိုက်ပြီး ကိုယ့်ကို လှည်းပေါ်က ဆင်းစေတယ်။

"ကိုယ်လက်တွေ နာကျင်ညောင်းညာနေပြီ မဟုတ်လား။ ကဲ...လှည်းပေါ်က ခဏဆင်းပြီး ပတ်ဝန်းကျင်လေ့လာကြဦးစို့ရဲ့"

လှိုင်ခဲ့ဟာ ပြောပြောဆိုဆို တောင်စောင်းကနေ လျှိုကြောအတိုင်းဆင်းသွားလိုက်တာ မြန်မှမြန်။ ကိုယ်ကတော့ သူ့လို မမြန်နိုင်ဘဲ ဟိုဆွဲညည်ရမ်းနဲ့ တောင်ခြေကို ရောက်သွားတဲ့အခါမှာတော့ ထူးခြားဆန်းကျယ်တွေဟာ ကိုယ်တို့ကို ဆီးကြိုနေတော့တယ်။

ထင်းလင်းတောက်ပတဲ့ နေရောင်အောက်မှာ ကြီးမားခန့်ထည်လှတဲ့ကျောက်တုံးကြီးတွေဟာ ဣန္ဒြေကြီးစွာနဲ့ နေစာလှုံနေကြတယ်။ လျှောင်းချို့ လဲတလီ ကျောက်တုံးကြီးတွေကို ရစ်ခွေ ပွတ်တိုက်စီးဆင်းနေတဲ့ချောင်းဟာ တိုးညင်းတဲ့ ဂီတသံသဲ့သဲ့ကို ဖွဲ့သီလို့ မြင်ရသူကို ဆွဲဆောင်ချော့မြှူနေပါတော့တယ်။

ကိုယ်ဟာ မမြင်ရတဲ့ သတ္တိဓာတ်တစ်မျိုးရဲ့ ညှို့ငင်မှုကို ခံလိုက်ရလို ပနီချောင်းရေယဉ်ထဲ ဝုန်းဆို ဆင်းချလိုက်တော့တယ်။ ကိုယ့်စိတ်ဘာရယ်မဟုတ်ဘူး။ ရေမြင်ရင် ခြေကလေးလက်ကလေး ဆော့ချင်စိတ်လည်းပါတယ်။ ဒါပေမဲ့ ကိုယ်ဆင်းချလိုက်တဲ့ နေရာဟာ ဒီမဟုတ်ဘူး။ ကိုယ်ဘာဖြစ်သွားသလဲ။ လေဟာနယ်ထဲရောက်သွား

www.burmeseclassic.com

www.burmeseclassic.com



သလို အသည်းနှလုံးတွေ အေးခဲလွင့်စင်သွားသလို ခံစားလိုက်ရတ
ကိုယ် သတိရလာတော့ လှိုင်ဇံရဲ့ ကြီးမားသန်မာတဲ့ ပခုံးပေါ်မှာ ရေ
အန့်နေပြီ။

"တော်တော်မိုက်တဲ့ မိန်းကလေးပါလားဟင် ... ခင်ဗျား
တစ်ခုဖြစ်ရင် ကျွန်တော် တစ်သက်လုံး နောင်တရအောင် လုပ်လို
တာလား။ တော်ပြီ နှစ်ယောက်စလုံး ရေတွေ ရွှဲနေပြီ။ ပနီဆုံသွား
အအေးမိရုံရှိမယ်။ လက်ပံတံခါးပဲ ပြန်ကြစို့"

ရေတံခွန်စမ်းကနေ အထက်လှည်းလမ်းကို ခဲရာခဲဆစ် ပြန်
ကြပြီး လှည်းပေါ်ရောက်သည်အထိ ကိုယ် အလန့်မပြယ်သေး
လှိုင်ဇံကတော့ ကိုယ့်ရဲ့ အပြုအမူကို အတော်စိတ်ဆိုးသွားဟန်တူ
သူ့ရဲ့ မျက်ခုံးထူထူနှစ်ဖက်ကို ကြုတ်ထားလိုက်တာများ။

"ဆောရီးပဲ လှိုင်ဇံရယ် ကိုယ် မရည်ရွယ်ဘဲ လုပ်လိုက်မိတာ
မင်းအတွက် အထိတ်တလန့်ဖြစ်စေတယ်ဆိုရင် တောင်းပန်ပါတယ်"

"မလိုပါဘူးဗျာ။ ခင်ဗျားကို အန္တရာယ်နှုတ်ခမ်းဆီ ခေါ်သွား
ကျွန်တော့်ကိုယ် ကျွန်တော်ပဲ အပြစ်တင်နေမိတာပါ။ ဒီနေရာဟာ
ကြီးတယ်။ စောစောက ခင်ဗျားဆင်းချလိုက်တဲ့ နေရာတည့်တည့်
ဟိုဘက်မှာ ပုစွန်လက်မလို ကျောက်စွန်းကြီးနှစ်ခု ရေထဲထွက်
တွေ့တယ်မဟုတ်လား။ အဲဒါကို ဒီနယ်က လူတွေက ပုစွန်လက်
လို့ ခေါ်တယ်။ အောက်မှာ ရတနာသိုက်ရှိတယ်လို့ အယူရှိကြ
ဒီနေရာမှာ အမှားမခံဘူး။ မှားယွင်းလို့ အသက်ဆုံးရှုံးရတာတွေ
တယ်။ ဒီတစ်ပိုက်မှာ ရေလည်းနက်တယ်။ ဟို ခပ်လှမ်းလှမ်း
တောင်နားက မင်းအိုင်ဆိုတဲ့ နေရာမှာလည်း ရေနက်တယ်။
မဟုတ်ရင် ရေဆင်းချိုးဖို့တောင် မလွယ်ဘူး။ ခင်ဗျားသာ တစ်



ပြီး ကျန်ရစ်ရင် ကျွန်တော်ကရော ဘယ်လိုခံနိုင်ရည်မျိုးနဲ့ ဆက်လက်
အသက်ရှင်ရဦးမှာလဲ"

စိတ်လှုပ်ရှားဖွယ် အဖြစ်အပျက်ထက် သူ့ရင်ထဲက ဖိတ်အံကျလာ
တဲ့ စကားလုံးမိုးပေါက်တွေကို ဘယ်အရာနဲ့ တားဆီးရမှန်းမသိ၊ အေးစိမ့်
နေတဲ့ မြိုင်ကြောထဲ ရင်ထဲမှာ ဇာချွေးတွေ ပြန်နေမိတယ် လှိုင်ဇံ။ အဲဒီ
နေ ရေတွေစိုရွှဲနေလို့ ပနီဆုံမရောက်ဘဲ လမ်းတစ်ဝက်က ပြန်လှည့်ခဲ့
သမှ တစ်ယောက်ရင်ထဲကို တစ်ယောက် အတော်အတန် ခရီးပေါက်
တယ်နော်။

ညနေဆိုရင် ရွာအရှေ့က ပနီချောင်းကို ဖြတ်သွယ်ထားတဲ့ ဝါး
တံတားလေးပေါ်မှာ ကိုယ်တို့နှစ်ယောက် ဆုံနေကျ။ လှိုင်ဇံက လယ်ထဲ
အပြန်၊ ကိုယ်ကလည်း ကလေးတွေနဲ့ သင်ကြားမှုအပြီး၊ ဒီချောင်းကလေး
တံတားပေါ်မှာ အတွေ့အကြုံတွေ ဖလှယ်လို့ မပြီး၊ အနာဂတ်ချစ်ခရီး
ပုဖော်ခဲ့ရတဲ့ ရက်တွေဟာ မုန်တိုင်းမလာမီကာလအထိပေါ့ လှိုင်ဇံ
ယ်။

*

စစ်မှန်တဲ့ ချစ်ခြင်းမှာ ဝန်တိုမှုမကင်းဘူးဆိုတဲ့ စကားဟာ ကိုယ်
လှိုင်ဇံကြားကို မတ့်မနား တိုးဝင်လာလိမ့်မယ်လို့ မထင်ခဲ့မိပါဘူး။
ချောင်းကလေးကို ချစ်တယ်။ လယ်ယာမြေကို ချစ်တယ်။ ဒီရွာက
ဆက်လုပ်တဲ့ လက်ရက်ထည်တွေကို ဆင်မြန်းရတာ ဂုဏ်ယူတယ်။ ဒီရွာ
လေးရဲ့ ပညာရေးပါရမီဖြည့်ဆည်းမှုမှာ မွေ့ပျော်တယ်။ ဒီရွာသူတွေနဲ့
သားတည်းဖြစ်နေတဲ့ ကိုယ်နဲ့ ဒီရွာသားလှိုင်ဇံတို့ရဲ့ ချစ်ခရီးဟာ
စ်ဆက်ထုံးတွေ ရှိလာမယ်လို့ တွေးထင်မထားမိရိုး အခါနှံပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီမပြေပြစ်မှုဟာ ဒီရွာကလေးရဲ့ ရှေးရိုးစွဲဓလေ့စရိုက် အစဉ်အလာ နဲ့ သက်ဆိုင်နေပြန်တာက ကိုယ့်အတွက် မထင်မှတ်ဖွယ် ကံကြမ္မာ လှည့်ကွက်ကလေးတစ်ခုပါ။ ကိုယ် ဒီရွာရောက်စက ယဉ်လေးသီရဲ့ မိ အိမ်မှာ ခေတ္တနေပေမည့် ရေရှည်ကျတော့ သူတစ်ပါးမိသားစုကြား အနေကျူ့လာတဲ့အတွက် သီးခြားနေနိုင်ဖို့ စီစဉ်ခဲ့ရတယ်။ ကျောင်း မနီးမဝေးအိမ်ကလေးထဲမှာ ညဆိုရင် စာလာသင်တဲ့ ကလေးတွေ အဖော် အဖြစ် အိပ်ပေးလေ့ ရှိတယ်။ လှိုင်ခံဟာ ကိုယ့်ဆီကို ညရေးည အလည်လာလေ့ မရှိဘူး။ သူ့အပေါ် အခွင့်အရေးယူသူတစ်ယောက်အဖြ အထင်မှားသွားမှာ အလွန်စိုးတဲ့သူပါ။

ဒါပေမဲ့ ဒီရွာမှာက ရှေးရိုးစဉ်အလာတစ်ခု ရှိနေနှင့်ခဲ့တာက ည နက်သန်းခေါင် လူပျိုကာလသားတွေ အိမ်အောက်ရောက်လာလေ့ ရှိတာ ရွာက မိန်းမပျိုတွေဟာ အချို့လည်း လက်ခံ၊ အချို့လည်း ငြင်းဆန် ကိုယ်ဟာ ကာမပိုင်မရှိသေးတဲ့ မိန်းမပျိုတစ်ယောက်အနေနဲ့ ဒီရွာ ထဲမှာ အကျုံးဝင်နေတယ်။ ကိုယ်လက်ခံတာ လက်မခံတာထား။ သူ လာပိုင်ခွင့်ရှိတယ်။ ပိုးပန်းပိုင်ခွင့်ရှိတယ်။ ကိုယ်မလိုလားရင် ခါး သီးသီး ငြင်းပယ်ရုံ။

ကြုံတွေ့စက ကိုယ် ညညဆို အိပ်မပျော်ခဲ့ဘူး။ အိမ်အောက် တစ်စုံတစ်ယောက် ရောက်လာမှာကို စိုးထိတ်နေခဲ့တယ်။ နောက် လည်း ရှောင်လွှဲမဖြစ်တဲ့ ဓလေ့စရိုက်တစ်ခုအဖြစ် ရှောင်ရှားနည်း ကို သိလာရတယ်။ ဒါပေမဲ့ လူဆိုတာက ခက်သားလား လှိုင်ခံ ယောကျ်ားတွေ အသားယူတတ်မှုဆိုတာလည်း မြို့ပြမှာမှမဟုတ်။ ကျေး ဘောရွာတွေမှာလည်း ရှိနှင့်နေပြီးသွားပါလား။ လူတချို့ရဲ့ အသား ခဲ့ ပြောဆိုမှု သားပုပ်လေလွင့်စကားတွေဟာ လှိုင်ခံရဲ့ ယုံကြည်မှု



ချခဲ့တယ်နော်။

မင်းနဲ့ကိုယ် ဟောဒီပနီချောင်းကို ဖြတ်သန်းထားတဲ့ ဝါးတံတား လေးပေါ်မှာ သဘောထားတွေ ကွဲလွဲခဲ့ရတယ်။ စစ်မှန်တဲ့ ချစ်ခြင်းမှာ န်တိုမှုမကင်းဆိုပေမဲ့ အဲဒီဝန်တိုမှုက ကိုယ်တို့ချစ်ခရီးမှာ ခလုတ်ကန်သင်း ဖြစ်သွားခဲ့ပြီလေ။ လိပ်ခဲတည်းလည်း ဖြေရှင်းမရတဲ့ သံသယတွေကြားမှာ ကိုယ့်ကိုထားရစ်ပြီး မင်းရွာက ထွက်သွားခဲ့တယ်နော်။ မင်းရဲ့ နှလုံးသား တွ ဒီလောက်တောင် အေးခဲမာတင်းလိမ့်မယ်လို့ မထင်ခဲ့မိဘူး။

ကိုယ်က ပြည့်စုံကုံလုံတဲ့ မိဘအသိုင်းအဝိုင်းကနေ ခွဲခွာပြီး ဒီရွာ လေးမှာ ဇာတ်မြှုပ်လို့ ဒီရွာသားတွေနဲ့အတူ သဘာဝတရားကြီးနဲ့ င်းနှီးပွန်းတီး နီးကပ်စွာ နေထိုင်တဲ့သူပါ။ မင်းထွက်သွားခါစက ကိုယ် ာ နှလုံးသားကို သောကတံကျင်အလှျိုခံရလို့ နာကျင်ခံခက်စိတ်နဲ့ ပနီ ချောင်းရေပြင်ဆီ ငေးရီကြည့်ခဲ့ရတဲ့ရက်တွေ လက်ချိုးရေတွက်မနိုင်အောင် ားပြားကြာမြင့်ခဲ့ပါပြီ။

မင်းမရှိတဲ့အရပ်ဟာ ကိုယ့်အတွက် နေအပ်ပါသေးရဲ့လား။ အစ ာမတော့ ကိုယ် နယ်ပြောင်းလျှောက်မလို့ပါပဲ။ မင်းရဲ့အငွေ့အသက် တွနဲ့ ဝေးရာ ဘယ်ပြည်နယ် ဘယ်တိုင်းရောက်ရောက်ပေါ့။ တကယ် မ်းကျတော့ ကိုယ်ဟာ လယ်ယာမြေကို မစွန့်နိုင်ဘူး။ ပနီချောင်းကို ွန့်နိုင်ဘူး။ ကလေးတွေကို မစွန့်နိုင်ဘူး။ အခြားသူတွေအတွက် အချစ် ာ ဘဝဖြစ်ချင်ဖြစ်မယ်။ ကိုယ့်အတွက်တော့ အချစ်ဟာ ဘဝထဲက ိတ်အပိုင်းတစ်ခုမျှသာပါ။

တိုးတက်ဖို့ အားယူနေတဲ့ ကျောက်ထပ်ရွာကလေးကို စွန့်ခွာ ားရစ်ဖို့ ကိုယ့်မှာ အင်အားမရှိပြန်ဘူး။ ကိုယ်ပျိုးခဲ့တဲ့ ပန်းကလေးတွေ န်းချင်လန်း နွမ်းချင်နွမ်း မျက်နှာလွှဲဖို့ ကိုယ် သတ္တိနည်းနေပြန်တယ်။

www.burmeseclassic.com

စိတ်ဒဏ်ရာတွေကို အလုပ်တွေနဲ့ အစားထိုးကုသခဲ့တယ်။ ကိုယ့်ရဲ့ အသ...ယ်။ ဆရာတော်ရဲ့ စွမ်းဆောင်မှုနဲ့ ရွာမှာ ရုပ်မြင်သံကြားရောက်နေပြီ။ လယ်ချိန်တွေ အတော်များများ ကလေးတွေရဲ့ ကာယဉာဏစွမ်းရည် ဖွံ့ဖြိုး...တ်တုသတင်း ကြည့်ခွင့်ရနေပြီ။ အဲဒီကမှတစ်ဆင့်တက်ပြီး နည်းပညာတို့ ဖို့အရေးမှာ မြှုပ်နှံခဲ့တယ်။ ...နယ်ပယ်ကို ခြေလှမ်းစတင်တဲ့ သဘောပါ။

ဒီအချိန်မှာပဲ ခဲခဲယဉ်းယဉ်း ရောက်လာတဲ့ စာကလေးတစ်စော... ဆင်တောင်ဘက်မှာ မိုးတွေ ညို့နေပြီ လို့ဒ်ဖ်။ ရိုးမတစ်ခုလုံး ပြို ကြောင့် ကိုယ့်ဇာတိမြေကို ခဏပြန်ခဲ့ရတယ်။ အိမ်ရောက်တော့ အိမ်မီး...သောင် မိုးရိပ်သန်းနေပေါ့။ တစ်နွေလုံး သဘောကောင်းခဲ့တဲ့ ပနီချောင်း တွေ ဝင်ပြီး မိဘရင်ခွင်မှာ အေးကွက်ရှာရပေမယ့် တကယ့်ဖြေဆေး...တလည်း အမျက်ချောင်းချောင်းထွက်ပြီး ဒေါသတွေ သွန်းထိုးလို့ အတန့် ဒါမဟုတ်ဘူးလေ။ မေမေတို့က မိသားစုနဲ့အတူ ပြန်လာနေပြီး ရွှေချို...အားမဲ့ ဒလဟောစီးဆင်းနေပြီ။ ပနီရေသောက် ရွာတွေအားလုံး လယ် ကို သမီးယောင်းမနှစ်ယောက်ဦးစီးစေချင်တယ်။ ကိုယ်ကလည်း ခေါင်း...င်းပြင်ဆီ ထွန်ရေးငင်နေကြပြီလေ။ လို့ဒ်ဖ်တစ်ယောက် ဘယ်ဆီကို မာတယ်လေ။ ဒါတွေကို အစကတည်းက မမက်မောလို့ ကိုယ့်ခြေထော...း ရောက်နေပါလိမ့်။ အခု လိုအပ်ချက်တွေ ပြင်းပြနေချိန်မှာ လို့ဒ်ဖ် ပေါ် ကိုယ်ရပ်ခဲ့ပြီးမှ အဲဒီမပျော်တောထဲ ပြန်ဝင်ဖို့ စိုးစဉ်းမျှ စိတ်မကူး...လူငယ်တစ်ယောက် ရွာက ထွက်သွားတာ ဘယ်လောက် နစ်နာတယ် ပါဘူး။ ကိုယ့်ဆုံးဖြတ်ချက်အတိုင်း ကျောက်ထပ်ကို ပြန်မယ်ဆိုတော့...ဘာသလဲဟင်။

မေမေတို့က ကိုယ့်အတွက် ရသင့်ရထိုက်တဲ့ အမွေကို ခွဲပေးလိုက်တယ်။ တကယ်တော့ ဒီနယ်က လူတွေက မဆင်းရဲကြဘူး။ လယ်မြေ ပထမတော့ ဒါတွေကို ငြင်းပယ်ဖို့ စိတ်ကူးပါသေးတယ်။ နောက်...ာယာမြေပါ ထွန်ယက်စိုက်ကြလို့ စားသောက်ဖွယ်ရာနဲ့ အဝတ်အထည် အတွေးတစ်မျိုးရတာနဲ့ အမွေတွေကိုပိုက်ပြီး ကျောက်ထပ်ရွာကလေး...ရှ လိုသလောက် ရကြတယ်။ လူတွေက ထွေရာလေးပါး မတပ်မက် ပြန်လာခဲ့တော့တယ်။ ရွာက ဦးချစ်မောင်စာကြည့်တိုက်ကို ဦးဆောင်...ဘူး။ ထူးထူးဆန်းဆန်းတွေ စိတ်မဝင်စားကြဘူး။ ရိုးရာမပျက် နေ လှစ်ထားတဲ့ ရွာဦးကျောင်းဆရာတော်ရဲ့ အကျိုးပြုလုပ်ငန်းမှာ ငွေအင်အား...တယ်။ ရိုးရာမပျက် ဝတ်စားဆင်ယင်ကြတယ်။ မိန်းမတွေက ယောကျာ်း တောင့်တင်းသည်ထက် တောင့်တင်းအောင် အားဖြည့်လိုက်တယ်။ ...တွေကို မြတ်နိုးတယ်။ ယောကျာ်းတွေက မိန်းမတွေကို ကျေနပ်တယ်။

နောက်ပြီး ကိုယ်သိပ်ဖြစ်ချင်တဲ့ ပညာရေးလုပ်ငန်း အစီအစ...င်းကျစ်လျစ်လျစ် သန့်သန့်မာမာ သိပ်သိပ်သည်းသည်းနဲ့ ပစ္စုပ္ပန်တည့် တစ်ရပ်လည်း ဆရာတော်နဲ့ တိုင်ပင်ပြီး စီစဉ်ဖြစ်ခဲ့တယ်။ အဲဒါက ...ည့်ကို ဖြတ်သန်းနေကြတယ်။ ဒေသခံမဟုတ်သူတစ်ယောက်တောင် မှာ ကွန်ပျူတာခန်းလေးဖွင့်ပြီး ဒီရွာနဲ့ အနီးအနား သီးကုန်းတို့ ...ယ်အပေါ် ကျေနပ်ဂုဏ်ယူနေမိတာ ဒီနယ်သားလို့ဒ်ဖ်အဖို့ ဘယ်လို ငယ်တို့ ရှမ်းတပ်တို့ဘက်က ကလေးတွေကို ကွန်ပျူတာနဲ့ နီးစပ်ဆေး...သာဂတွေကြောင့် ဒီလောက် စိမ်းကားပြတ်တောက်နေတယ်ဆိုတာ ဘဲ့ အစီအစဉ်ပေါ့။ ကုန်ကျစရိတ်ကို ကိုယ်ပိုင်ဆိုင်ထားတဲ့ အမွေထဲ...ထ် ဘယ်လောက်တွေးတွေး ဉာဏ်မမီတော့ပါဘူးကွယ်။ အကုန်အကျခံမယ်ဆိုတောင် ကျွမ်းကျင်သူတစ်ယောက်တော့ လိုပါ...

အဲဒီအချိန်ကစလို့ တို့တစ်တွေ ဆုံနေကျ ဝါးတဲတာလေးမှာ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မလပ် လာရပ်ပြီး ကိုယ့်ရဲ့ သစ္စာတောင်ထုကို သက်သေပြုနေ
တာ ပနီချောင်းအသိပါ လွှိုင်ဖဲ့ရယ်။

နွေနဲ့ဆောင်းမှာ ပနီချောင်းဟာ သဘောကောင်းလေ့ရှိလို့ ဝါး
တံတားကလေးဟာလည်း သာတောင့်သာယာပေါ့။ ကြည်စိမ်းနေတဲ့ ရေ
ပြင်အောက်က ကျောက်စရစ်ခဲကလေးတွေကြားမှာ မြူးတူးကူးခပ်နေ
ငါးကလေးတွေက လက်နဲ့ ထိတို့ချင်စရာ။ တစ်ခုသော ဆောင်းတွင်း
ချောင်းရေသဲ့သဲ့မှာ ငါးဆင်းဖမ်းနေတဲ့ ကိုယ့်ကို မင်း ဓာတ်ပုံမှတ်တမ်း
တင်ဖြစ်ခဲ့သေးတယ်နော်။ ဓာတ်ပုံထဲမှာ ကိုယ်တစ်ပိုင်းရေစိုနေပြီး အမော
တွေနဲ့ ပြည့်ဝနေတဲ့ အပြုံးဟာ နောင်ဖွဲ့မှုက ပေးအပ်တဲ့ နုတ်ဆိုးကိုက်ဆေး
ခါးသီးမှုကို မသိနိုင်ခင် နုပျိုလန်းဆန်းမှုတွေ ရှန်းပလက်စင်နေမှာ အမှ
ပါပဲ။

အခုအချိန်မှာတော့ ကိုယ်ဟာ အချိန်သမားတော်ရဲ့ ကုစား
အောက်မှာ အတန်အသင့် အသားကျတည်ငြိမ်ဟန် ထင်ရပေမဲ့ တကယ်
တမ်းမှာတော့ မင်းကို တမ်းတတဲ့စိတ်တွေ မိုးရိပ်တွေနဲ့အပြိုင် ဆင့်
ပြင်းထန်လာပြန်ပါပြီ။ ဒီနှစ်မိုးကျစောမယ် ထင်ပါရဲ့။ ဆင်တောင်သား
မှာ မိုးတွေညိုတာနဲ့ ပနီချောင်းရေတိုးသံ သည်းသည်းညံနေပါရောလား
ဟော...ရေတိုးသံကို ထိုးဖောက်ပြီး ရွာထဲကို တွေလာကျိုဝင်လာ
ချောင်းကလေးဆီ ပျံ့လွင့်လာတယ်။ ဒီနေ့ ကွန်ပျူတာပစ္စည်းတွေ ရော
မည့်နေ့။ စာကြည့်တိုက်မှာ ကော်မတီဝင်တွေအားလုံး မြို့ကပါလာ
ပစ္စည်းတွေကို စောင့်ကြိုနေကြပြီ။ ကိုယ်တစ်ယောက်တည်း ဒီမှာ အလ
လက်တို့ မျက်ရည်စို့နေလို့ မဖြစ်သေးဘူး။

အလို...မိုးသက်မှုန်တို့နဲ့အတူ ရေရှိန်တွေကလည်း တစ်ခဏအတ
ပိုပြင်းထန်လာလိုက်တာ။ ကိုယ်ဟာ ရေတိုးရှိန်ကြောင့် နာနာကျင်



အော်မြည်နေတဲ့ ပနီချောင်းဝါးတံတားကလေးကနေ ကမ်းဆီကို အမြန်
လျှောက်နေမိတယ်။ ကမ်းဦးထိပ်မှာတော့ ကိုယ်လာရာဘက်ဆီ မားမား
မတ်မတ်ရပ်ပြီး ကြည့်နေတဲ့အသွင်သဏ္ဌာန်တစ်ခု။

ကိုယ့်မျက်စိကို ကိုယ်မယုံဘူး။ စိတ်လှုပ်ရှားမှုတွေဟာ နှလုံးသွေး
အားရုံကြောတစ်လျှောက် အထွတ်အထိပ်ဆီ ပြေးဆောင့်ရုန်းကြွနေခိုက်
ခြေလှမ်းတွေ နှစ်ဆတိုးမြန်လိုက်တဲ့အချိန် အဲဒီအသွင်သဏ္ဌာန်ဟာ ကမ်း
ပါးထိပ်ကနေ ကိုယ်ရှိရာကို မြန်ဆန်ခြင်းအဟုန်နဲ့ ပြေးဆင်းလာပါပေ
ကော။

ဒီအချိန်မှာ ဝါးတံတားမှာ ခံနိုင်စွမ်းရည်မဲ့ ညှိုးညှိုးညည်းညည်း မြည်
ဟီးကျိုးပဲ့ ရေစီးထဲပါလုပါခင်။

သန်မာတဲ့ လက်နှစ်ဖက်ဟာ ကိုယ့်ရဲ့ ခန္ဓာကိုယ်ကို လေထဲမှာ
မြှောက်ယူပွေ့ချီလို့ တစ်ခါတုန်းက ပုစွန်လက်မအိုင်မှာ မြင်တွေ့ရတဲ့
ပူပန်မှု မျက်ဝန်းလက်လက်တစ်စုံနဲ့ အရာရာကို အလေးအနက်ထားလွန်း
တဲ့ မျက်ခုံးနက်နက်တစ်စုံ။

လွှိုင်ဖဲ့...။ ကိုယ့်ရဲ့လွှိုင်ဖဲ့...ဘုရားရေ။

"အရင်ကလိုပဲ မိုက်မဲတုန်းပါလား မိန်းကလေးရေ၊ ပနီချောင်း
ရဲ့ ဒေါမာန်ကို မသိလေရော့သလား။ ဒီအချိန် ဝါးတံတားမှာနေလို့
အသက်ပါသွားမယ်ဆိုရင်...မိုက်လှချည်လားဟင်"

"ကိုယ်က မိုက်မဲသူတစ်ယောက်ဆိုရင် ရှင်က အမိုက်တကာ့ထိပ်
ခေါင်တင်ပေါ့။ ကိုယ့်ရွာကိုယ်စွန့်ပစ်ပြေးသွားတဲ့သူ၊ တယုသန်လှ"

"ရွာကို စွန့်ပစ်ပြေးသွားတာ မဟုတ်ပါဘူးဗျာ။ ပညာသွားရှာ
တာပါ၊ အခု ရွာအတွက် လိုအပ်ချက်တွေ ဖြည့်ဆည်းဖို့ ပြန်လာပါပြီ။
ဆရာမဒေါ်နှင်းပုလဲရဲ့ ကွန်ပျူတာဖြန့်ဖြူးမှု အစီအစဉ်မှာ တစ်တပ်

www.burmeseclassic.com

www.burmeseclassic.com



တအားပေါဝင်မည့် လှိုင်ဇံအဖြစ်နဲ့ပါ”

ဓာဓာက အသက်သေားနဲ့ သီသီကလေးလွဲခဲ့ရတဲ့ စိတ်လှုပ်ရှားမှုမျိုးနဲ့ မတူတဲ့ လှုပ်ရှားရင်ဖိုမှုတွေနဲ့ ကိုယ် လှိုင်ဇံရဲ့ ပခုံးကျယ်ကြီးကို လှမ်းယူဆုပ်ကိုင်မိတယ်။

ဒီနှစ်တွေအတွင်း ငှက်ဖျားနှစ်ခါမိလို့ အားနည်းပိန်ခြိုးသွားပေမဲ့ စိတ်ဓာတ်အင်အားတွေ ရှေ့ဆောင်နေတဲ့ ကိုယ့်ရဲ့လက်တွေဟာ သန်မာတက်ကြွနေဆဲပါ။

အဲဒီနေ့က ပနီချောင်းမြည်ဟီးသံဟာ ရှေ့ဆက်ရမည့် ချစ်သူနှစ်ဦးအတွက် အားပေးလက်ခုပ်သံ ဖြစ်သွားခဲ့တယ်ဆိုရင်...။

(မြန်မာ့ဓနမဂ္ဂဇင်း၊ ၂၀၀၃၊ ဇွန်)

# အသည်းငယ်သူ

လူ့လောကထဲမှာ ကြုံကြုံဖန်ဖန် တွေးကြောက်သူတွေထဲမှာ နွဲ့နွဲ့ရည်တစ်ယောက် ထိပ်ဆုံးကပါတယ်။ စုန်း၊ ကဝေ၊ တစ္ဆေ၊ သရဲမမြင်ရတဲ့ ပရလောကကို တွေးပြီးကြောက်တယ်။ မြင်ရတဲ့ ရုပ်ပျက်ဆင်းပျက် လူနာနဲ့ သက်မဲ့ လူသေအလောင်းတွေကို ကြောက်တယ်။ သူ နယ်မြို့တစ်မြို့မှာ နေစဉ်က အိမ်ရှေ့မှာ အသုဘပြင်ထားတဲ့ လမ်းထဲချိုးဝင်ပြီးမှ အသုဘပြင်ထားမှန်းသိလို့ ချက်ချင်း နောက်ပြန်ပြေးဖူးတယ်။ သူငှားနေတဲ့ အိမ်ရဲ့အောက်ထပ်မှာ လူသေတော့ အိမ်ပြိုလုနီးပါး တစ်ဆွေတစ်မျိုးလုံး ဆွေ့ဆွေ့ခုန်အောင်ငိုကြတာ မခံနိုင်လို့ တခြားကို ခုနှစ်ရက်လုံးလုံး ရှောင်ပြေးဖူးတယ်။

အဲဒီအသုဘကြောက်ရောဂါကြောင့် နွဲ့နွဲ့ရည်ဟာ တော်ရုံခင်မင်မှုနဲ့ အသုဘပို့ လိုက်လေ့မရှိဘူး။ အတော်ကြီးမလွှဲမကင်းသာမှ လိုက်ပါပို့ဆောင်လေ့ရှိတယ်။ သချိုင်းရောက်ရင် သေသူမိသားစုနဲ့အတူ သူပါ ရောနှောပူဆွေးငိုကြွေးလေ့ရှိတာမို့ အသုဘပို့က ပြန်လာရင် သူ့မှာခေါင်းမူးခေါင်းကိုက်ဝေဒနာ ပါလာလေ့ရှိတယ်။ အထူးသဖြင့် သားလေးရေး..

www.burmeseclassic.com



သမီးလေးရေ...အမေရေ...ဆိုတဲ့ တမ်းတမြည်တမ်းသံကို သူ မခံနိုင်ဘူး။

တစ်ခါတော့ သူ့အစ်မဝမ်းကွဲရဲ့ယောကျ်ား ဆုံးပါရော၊ အဲသည်အစ်ကိုက စိတ်သဘောထား အတော်ပြည့်ဝပြီး သူ့အပေါ် အတော်ကောင်းခဲ့တာမို့ သူ အသုဘကို လိုက်ပါပို့ဆောင်ဖို့ ဆုံးဖြတ်လိုက်တယ်။ ရုတ်တရက် လေဖြတ်သေဆုံးတာမို့ ပူပင်သောကရောက်နေရှာတဲ့ အစ်မကို အားပေးဖို့ ဝတ္တရားလည်းရှိတယ်မဟုတ်လား။ အသုဘကို အရှေ့ပိုင်းဆေးရုံကြီးမှာ ပြင်ထားတာမို့ ကျေးဇူးရှိခဲ့ဖူးတဲ့ အစ်ကို့ကို မရဲတရဲကြည့်ပြီး မလှမ်းမကမ်းက ဦးချကန်တော့ခဲ့သေးရဲ့။ ဟိုအချိန်က ချတော့ ကြံတောသုသာန်ကို ချမှာဆိုတော့ နွဲ့နွဲ့ရည်လည်း ကားပေါ်မှာ သေခြင်းတရားကို ဆင်ခြင်ပြီး ပါလာတာပေါ့။ ကြံတောရောက်တော့ သင်္ဂြိုဟ်စက်ဆီသွားကြတဲ့အခါကျမှ နွဲ့နွဲ့ရည်ဟာ သူ့စိတ်ထဲ အတွေးတစ်မျိုးပေါက်ပြီး အဲဒီလူစုနဲ့ လိုက်မသွားချင်စိတ်တွေ ပေါ်လာတော့တယ်။ စိတ်ကသာ မသွားချင်တာ ခြေလှမ်းတွေက လူတွေနဲ့အတူ သင်္ဂြိုဟ်စက်ဘက် သွားနေပြီ။ ဟိုရောက်ရင် အခေါင်းကို ဖွင့်ပါဦး၊ အော်ငိုတာတို့ တက်ချက်တာတို့ ဖြစ်ကြဦးမှာလေ။ စိတ်အတွေးနဲ့တင် ရင်တလှပ်လှပ်ခုန်လာတယ်။

ဒါကြောင့် နွဲ့နွဲ့ရည် ချက်ချင်းဆုံးဖြတ်ပြီး ခြေလှမ်းကို လာရာလမ်းဆီ ပြန်လှည့်လိုက်တယ်။ ဝင်ပေါက်နားမှာပဲ သွားပြန်စောင့်နေတော့မယ်ဆိုတဲ့သဘော။ အဲဒီလို နောက်ကြောင်းပြန်လှည့်မှ အခြေအနေက ပိုဆိုးသွားတယ်။ လူတွေအားလုံး သင်္ဂြိုဟ်စက်ဘက်သွားကုန်ပြီ။ နွဲ့နွဲ့ရည်တစ်ယောက်တည်း နောက်ကြောင်းပြန်လျှောက်နေတယ်။ ဆန့်ကျင်ဘက် အနေအထားဆီ တစ်ယောက်တည်း ပြန်လာနေတာနော်။ လမ်းမှာတင် လူပြတ်သွားပြီ။ ဟိုဘက်ကို သွားနေတဲ့လူ ကုန်သွားပြီ။ သူတစ်ယောက်တည်း အခန်းတွေရှေ့ဖြတ်တော့ အခန်းတိုင်းမှာ ပြင်ထားတဲ့အလောင်းတွေ၊ အချိန်မကျသေးလို့ မထုတ်ရသေးတဲ့ အလောင်းတွေဆိုတာ...မကြည့်ချင် မြင်လျက်သားပါလား။ ခြေလက်တွေ အေးစက် ချွေးစေးတွေပြန် တဆတ်ဆတ်ခုန်နေတဲ့ ရင်ဘတ်အစုံနဲ့ ဝင်ပေါက် အလင်းရောင်နားရောက်မှ အသက်ကို ဝအောင်ရှူအားတော့တယ်။ ကိုယ့်ကိုယ်ကို သတိလစ်မသွားအောင် မနည်းဘဲ ထိန်းသိမ်းခဲ့ရတယ်။ ကိုယ်တိုင် တစ်နေ့သေရမယ်ဆိုတာ သိပေမဲ့ ဒါတွေကို မကြောက်အောင် ဆုံးမပေမဲ့ ဘယ်လိုမှမရဘူး။



နွဲ့နွဲ့ရည်ဟာ အဲဒါတွေအပြင် အကောင်ဘလောင်တွေကိုလည်း ကြောက်သေးတယ်။ အထူးသဖြင့် တွားသွားသတ္တဝါ မြွေ၊ ဖွတ်၊ ကင်းလိပ်ရော၊ ပုတ်သင်ညို၊ အိမ်မြှောင်၊ တောက်တဲ့ စတဲ့ အကောင်တွေပေါ့။ မြွေတို့ကင်းလိပ်ရောတို့ဆိုတာက အိမ်ထဲနေတဲ့ အကောင်တွေမဟုတ်လို့ ပြဿနာမရှိလှပေမဲ့ အိမ်ထဲနေတဲ့ အိမ်မြှောင်နဲ့ တောက်တဲ့က ပြဿနာပါ။ နွဲ့နွဲ့ရည် ငယ်ငယ်က နေခဲ့ဖူးတဲ့ သထုံအိမ်ကြီးက သွပ်မိုးပျဉ်ထောင် နှစ်ထပ်အိမ်ကြီး၊ မျက်နှာကြက်မရှိတော့ မည်းမှောင်နေတဲ့ အမိုးအောက်မှာ ခိုနေတဲ့ အကောင်တွေကို မမြင်ရဘူး။

နွဲ့နွဲ့ရည် ငါးနှစ်သမီးမှာ အိမ်မှာ မရမ်းယိုထိုးစားကြတယ်။ မရမ်းပြားအခြောက်ကို ပါးပါးလှီးပြီး ထန်းလျက်နဲ့ ညှောင်စေးကျအောင် ထိုးထားတော့ စားလို့ကောင်းမှာ သေချာတယ်။ လူကြီးတွေက အိုးထဲက ယိုကို ခပ်ထုတ်ပြီး သိမ်းဆည်းလိုက်ပေမဲ့ အိုးကိုမဆေးဘဲ မေ့ထားခဲ့ကြတယ်။ နွဲ့နွဲ့ရည်ဟာ လူကြီးအလစ်မှာ အဲဒီအိုးကို မီးဖိုထဲကနေပြီး မနိုင့်တနိုင် အိမ်ရှေ့ဧည့်ခန်းဆီ ယူထုတ်လာတယ်။ အိမ်လယ်ကောင် မီးချောင်းအောက်မှာ ကျကျနနထိုင်ပြီး အိုးမှာကပ်နေတဲ့ ထန်းလျက်ရည်တွေကို နှမ်းနဲ့ခြစ်ယူနေတုန်း... ဖြန်းဆို...အိုးထဲကို အကောင်တစ်ကောင် ဖုတ်ခနဲကျလာပါရော။ လန့်ပြီး ငယ်သံပါအောင် အော်လိုက်တဲ့ အသံကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေ ပြေးလာကြတော့ ဖွန်းတခြား၊ အိုးတခြား၊ နွဲ့နွဲ့ရည်တခြား ဖြစ်နေပြီ။ ဟိုအကောင်က ဘယ်ရောက်သွားမှန်းတောင် မသိတော့ဘူး။ အဲဒါဟာ နွဲ့နွဲ့ရည်ရဲ့ နံပါတ်တစ်ရန်သူဖြစ်တော့မယ့် အိမ်မြှောင်တဲ့။

သိပ်ပြီး နုနယ်ငယ်ရွယ်တဲ့အချိန်မှာ အလန့်တကြားမြင်တွေ့လိုက်ရတဲ့ အဲဒီအကောင်ကို အကြောက်ကြီးကြောက်တဲ့စိတ်ဟာ သေရာပါစွဲသွားရောဆိုပါစို့။ နွဲ့နွဲ့ရည်မှာ ချိုချိုရည်ဆိုတဲ့ ညီမတစ်ယောက် ရှိသေးတယ်။ သူလည်း နွဲ့နွဲ့ရည်လို အကောင်ဘလောင်တွေ ကြောက်တာပါပဲ။ ညီအစ်မနှစ်ယောက် ကြောက်ရာမှာတော့ ကောင်းကောင်းအဖော်ရတာပေါ့။ တစ်ယောက်ယောက်ရဲ့ နောက်ကျောမှာ သို့မဟုတ် ခေါင်းပေါ်မှာ အိမ်မြှောင်ရောက်နေရင်... ဟိုမှာ အိမ်မြှောင်လို့ မပြောကြဘူး။ 'မမရေ ...မြန်မြန်ထ...နောက်မှာ ရန်သူ' ဒီလောက်ဆို လုံလောက်ပြီ။ ဆိုလိုတာက သူတို့ညီအစ်မဟာ. အိမ်မြှောင်ဆိုတဲ့ ဝေါဟာရကို ပါးစပ်ကနေ ထုတ်ဖော်မပြောကြဘူး။

အဲဒီလောက် အိမ်မြှောင်ကို အကြောက်ကြီးကြောက်နေတဲ့အထဲမှာ အိမ်မြှောင်ထက် နှစ်ဆကြောက်စရာကောင်းတဲ့ တောက်တဲ့ဆိုတဲ့ သတ္တဝါတွေဟာ သူတို့ ရဲ့ ဘဝထဲကို တည့်တည့်မတ်မတ်ကြီး ဝင်လာကြတာဟာ အတိတ်ဘဝက ဝဋ်ကြွေး ဝဋ်ဟောင်းတွေနဲ့များ ဆိုင်မလားလို့ နွဲ့နွဲ့ရည် မကြာခဏ တွေးနေမိတယ်။

ပြောခဲ့ပါပကော၊ သူတို့အိမ်ကြီးရဲ့ အမိုးအောက်မှာ မျက်နှာကြက်မရှိတာမို့ သွပ်မိုးမည်းမည်းတွေရဲ့ ထုပ်တန်းတွေဆီမှာ လျှောက်သွားနေလေ့ရှိတဲ့ အဖြူအနက်ကျားကောင်တွေကို ဘယ်လိုမှမမြင်နိုင်ဘူး။ သူတို့လျှောက်သွားရင်း အခန့်မသင့်လို့ ဘုတ်ခနဲ ဘုတ်ခနဲ ပြုတ်ကျရင်သာ သေလူမကျက်မသာ အလန့်ကြီးလန့်ခဲ့တဲ့အကြိမ်တွေ မနည်းဘူး။



သူတို့ဟာ ပွားလည်းပွားမြန်တယ်။ အောက်ထပ်ထမင်းစားခန်းမှာ သုံးထပ်သားပြားကြီး လာထောင်မိတာက အစပြုပြီး အဲဒီနောက်မှာ အိမ်ထောင်သားမွေး ပြုကြတာ တစ်အိမ်လုံးမှာ ဆယ်ကောင်ထက်မနည်းပါပဲ။ သူတို့ဟာ သက်ရှိသတ္တဝါတွေမို့ တစ်နေရာတည်းမှာ ငြိမ်မနေ၊ ချောင်ကြိုချောင်ကြား အကာအကွယ်ရှိတဲ့နေရာ မှန်သမျှ လျှောက်သွားနေတော့တာပဲ။ အထူးသဖြင့် ရေချိုးခန်း၊ ထဘီတန်းနောက် တံခါးကြား၊ တစ်ခါတစ်ရံ လူထိုင်မည့် ကြွေခွက်နေရာကအစ အတင့်ရဲစွာ နေလေ့ရှိကြတယ်။

ဒီတော့ နွဲ့နွဲ့ရည်တို့ညီအစ်မ ရေချိုးခန်းဝင်တော့မယ်ဆိုရင် အဖေသို့မဟုတ် အစ်ကိုတွေက ဝါးလုံးရှည်နဲ့ ဟိုခြောက်သည်ခြောက်၊ မရှိဘူးဆိုတာ သေချာမှဝင်ရဲတာ။ ဒီအိမ်မှာ အကျင့်ဖြစ်နေပြီ။ ရေချိုးခန်းဝင်ရာမှာ တင်လားမဟုတ်ဘူး။ အပေါ်ထပ်တက်တဲ့ လှေကားရဲ့ ထုပ်တန်းတွေမှာ သူတို့ရဲ့ ကြောက်စရာကောင်းတဲ့ ခေါင်းကြီးတွေကို တွဲလောင်းချပြီး မလှုပ်မယှက်နေလေ့ရှိတာမို့ အပေါ်ထပ်တက်ရင်လည်း အပြေးအလွှားပါပဲ။ အိမ်ပေါ်ရောက်တော့ လွတ်ရောလား။ ညှော်ခန်းဗီရိုနဲ့ နံရံကြားမှာ ပင်တိုင်နေတဲ့တစ်ကောင်ရှိသေးတယ်။ အဲဒီအနား ကြာကြာမရပ်နဲ့ ဖြတ်ရင်မြန်မြန်ဖြတ်။

အင်း...မြန်မြန်ဖြတ်ဆိုလို့ ပြောရဦးမယ်။ တစ်ခါတုန်းက နွဲ့နွဲ့ရည်ကြုံရပုံများ ပြောရင် ယုံပါ့မလားတောင်မသိဘူး။ အဲဒီနံရံကပ်လျက် ဗီရိုပေါ်မှာ လျှပ်စစ်နဲ့ဖွင့်တဲ့ ရေဒီယိုကလေးရှိတယ်။ ဗီရိုနဲ့ နံရံကြားမှာ နေ့ဘက်ဆို ဘယ်မှမထွက်တဲ့ တစ်ကောင်ရှိတယ်။ အဲဒီနေ့က ဗီရိုနားက နံရံကပ်မီးခလုတ်ခုံပေါ်က မီးခလုတ်တစ်ခုကို နွဲ့နွဲ့ရည် မှားနှိပ်လိုက်မိတယ်။ တကယ်တော့ အောက်ထပ်ထမင်းစားခန်းမီးဖွင့်တာပါ။ သူမှတ်တမဲ့ဆို

www.burmeseclassic.com



တော့ ခလုတ်မှားနှိပ်လိုက်မိတာ။ ရေဒီယိုခလုတ်ကြီး ဖြစ်နေလို့ အသံလွှင့်ချိန်ကုန်နေတော့ ရေဒီယိုက ဂီး...ခနဲ ထအော်တာပေါ့။ အဲဒီအသံက တော်တော်ကျယ်တာမို့ ဗီရိုနောက်ကကောင် လန့်သွားတယ်တင်ပါရဲ့။ အလန့်တကြား ပြေးထွက်လာပြီး မီးခလုတ်ခုံမှာ ပြေးကပ်ပါရော။ နွဲ့နွဲ့ရည်ကလည်း ခလုတ်မှားသွားတာ ပြန်ပြင်နှိပ်ဖို့ လက်အလှမ်း၊ လက်ချောင်းကလေး လက်နဲ့ခေါင်း တစ်ပြိုင်တည်း လှုပ်မိလို့၊ မကြည့်ဘဲ ခလုတ်ခုံပေါ် လက်တင်လိုက်လို့ကတော့ နွဲ့နွဲ့ရည်ရဲ့ ကျန်းမာရေး စိုးရိမ်စရာပါ။

ဒီအကောင်တွေဟာ ကိုယ့်ကိုယ်ဖော်ကို မသူတော်ထဲမှာ အပါအဝင်ဖြစ်တယ်။ သူတို့အော်သံကို အစွဲပြုပြီး လူတွေက တောက်တဲ့လို့ ခေါ်ကြပေမဲ့ နွဲ့နွဲ့ရည်နားထဲမှာအွတ်အယ်လို့ကြားတယ်။ အွတ်အယ်လို့ မအော်ခင် ဂေါ...ဂေါ...ဂေါ...ဆိုတဲ့ ရှေ့ပြေးအသံကြီးကလည်း လူခြေတိတ် ညဥ့်ယံမှာ နွဲ့နွဲ့ရည်အတွက် အိပ်ပျက်ညတွေကို ဖန်ဆင်းပေးသေးတယ်။ သူတို့ဟာ အိမ်တွေရဲ့ တိုင်ထောင့်တွေက အသံပြုသလို အိမ်ခန်းအပြင် နံရံတွေမှာ လျှောက်သွားရင်း ဘာမှ အရာမရောက်တာတွေကို အော်ဟစ်ကြွေးကြော်တတ်သေးတယ်။ တချို့ အကောင်းမြင်သမားတွေက မိုးလေဝသတွက်ချက်တတ်သူရယ်လို့ တင်စားယုံကြည်ကြပေမဲ့ နွဲ့နွဲ့ရည်ကတော့ ဒီကောင်တွေ ဘာမှမသိဘဲ လိမ်ညာ ဖြီးဖြန်းနေတယ်လို့ပဲ ထင်တယ်။

အိမ်မှာ အဲဒီအကောင်တွေ ပွားများ ရှင်သန်တဲ့ကိစ္စကို တစ်နည်းတစ်ဖုံ အရေးယူဖို့ နွဲ့နွဲ့ရည် ဖေဖေ့ကို အရေးဆိုတော့—

"သမီးရယ် သူလည်း သတ္တဝါပဲ အသက်ရှိတာပဲ၊ ဘဝကို ခင်တွယ်ရှာပေမှာပေါ့။ ကိုယ့်ကို ဘာမှ လုပ်တာ မဟုတ်ရင် နေပါစေ။ မေတ္တာသာ များများပို့ပေးပါ"

ကြမ်းပိုးတွေ ခြင်တွေကိုတောင် မသတ်တဲ့ ဖေဖေက ဒီကောင်တွေ



ရှင်းလင်းရေးကို ဘယ်စိတ်ဝင်စားပါ့မလဲ။ နွဲ့နွဲ့ရည်ကလည်း ဖေဖေ့ချပြည်အေးတရားကို လက်မခံချင်ဘူး။ သူတို့ ဘာမှမလုပ်ပေမယ့် လုပ်ခဲ့ရင်ဆိုတဲ့ အတွေးက ကြောက်ရွံ့မှုကို နှစ်ဆတိုးစေတယ်။ သူတို့ကိုက်ရင် မြွေလိုပဲ အဆိပ်တက်တယ်။ သူ့တို့ကပ်ရင် မိုးခြိမ်းမှ ခွာတယ်။ သူတို့နဲ့ချေးက အစာထဲရောက်ရင် အဆိပ်ဖြစ်တယ်ဆိုတဲ့ ကြားဖူးနားဝတွေဟာ သူတို့အပေါ် လျှော့မတွက်ဖို့ တွန်းအားတွေပဲပေါ့။

ဒီကောင်တွေဟာ သူတို့ကို ကွပ်ညှပ်မယ့်သူ မရှိလေ၊ အကြောက်အရွံ့ကင်းကင်းနဲ့ တစ်အိမ်လုံးအနှံ့ သွားချင်သလို လျှောက်သွားလေဆိုတော့ တစ်ခါမှာတော့ သူတို့ရဲ့ထီမထင်ဟန် နယ်ချဲ့မှုတွေဟာ နွဲ့နွဲ့ရည်ရဲ့စိတ်ကို ဒဏ်ရာအနာတရ ဖြစ်သွားစေတော့တယ်။

တစ်နေ့တော့ ဖေဖေက နွဲ့နွဲ့ရည်ရဲ့ စာကြည့်စားပွဲမှာ မီးအုပ်ဆောင်းလေးတစ်ခု ဆင်ပေးတယ်။ စာကြည့်စားပွဲမှာ မီးအုပ်ဆောင်းအသစ်လေးနဲ့ဆိုတော့ နွဲ့နွဲ့ရည်လည်း ပျော်နေတာပေါ့။ အဲဒီညက စိတ်ပျော်လက်ပျော် စာကြည့်နေတုန်း အပြင်ဘက် ပြတင်းပေါက်ကနေ အရာဝတ္ထုတစ်ခု ဘုတ်ခနဲ ခုန်ဝင်လာပါတော့တယ်။ စာကြည့်စားပွဲပေါ် ကားကားကြီးရှုလာတဲ့အကောင်ကိုမြင်တော့ နွဲ့နွဲ့ရည်ရဲ့ ကြောက်ရွံ့ထိတ်လန့်မှုကို ငိုးစားသာကြည့်ပေတော့။ ဖေဖေ့ရင်ခွင်ထဲ ခေါင်းဝှက်ပြီး နွဲ့နွဲ့ရည်ကြာပေရှည်နေတာမှ အကြာကြီး။

"မီးအုပ်ဆောင်းအောက်က ပိုးကောင်ကို ခုန်ဖမ်းတာနေမှာပါ သမီးရဲ့။ မရှိတော့ပါဘူး သွားပါပြီ"

ဖေဖေဘယ်လိုပဲ ဖျောင်းဖျဖျောင်းဖျ၊ နွဲ့နွဲ့ရည်ရဲ့ ရင်ခုန်စိုးထိတ်မှုတွေ ပျောက်မသွားဘူး။ ဒီကောင်သွားပြီဆိုတာတောင် လာရာလမ်းကြောင်းပေါက်ကနေ အိမ်ပြင်ဘက် ထွက်မှာမဟုတ်ဘူး။ အခန်းထဲတွင်

www.burmeseclassic.com



လှည့်ပတ်ပြီး သွားနေမှာဆိုတဲ့ အစွဲနဲ့"ရှာပေး တွေ့အောင်ရှာပေး၊ အခန်း ထဲက မောင်းထုတ်ပေး" ဆိုတဲ့ တောင်းဆိုချက်နဲ့ အငိုမတိတ်ဘဲ ဖွဲ့ခ နေလိုက်တာ ဖေဖေသာမက အစ်ကိုနှစ်ယောက်ပါ ဝိုင်းရှာကြပေမဲ့ ဘ ကို သဝေချောင်ထိုးသွားမှန်း မသိတဲ့ကောင်ကို လုံးဝရှာမတွေ့တော့ဘူး

အဲဒီညက တစ်ညလုံး ခြင်ထောင်အောက်နားစတွေကို နာနာဖိ ထိတ်လန့်စိုးရွံ့မှုတွေရဲ့ နှိပ်စက်ကလူမှုကြောင့် မျက်လုံးကြောင်တောင် မိုးလင်းခဲ့ရတော့တယ်။ နောက်ညတွေ အိပ်ပျော်သွားရင်လည်း အိပ်မက် တွေထဲမှာ နွဲ့နွဲ့ရည်တစ်ယောက် အဲဒီအကောင်တွေကြားမှာ ပြေးပေါ ပိတ်နေရောတဲ့။ နိုးနေတဲ့အချိန်မှာပါမက အိပ်ပျော်နေချိန်မှာပါ အနှောင့် အယှက်ပေးနေပြီဆိုတာ သိလျှက်နဲ့ မောင်းနှင်တောထုတ်သုတ်သင် လက်နှေးနေတဲ့ ဖေဖေနဲ့ အစ်ကိုနှစ်ယောက်ကို နွဲ့နွဲ့ရည် အရမ်းစိ ဆိုးတယ်။

*

အဲဒီညကအဖြစ်ကတော့ မသိတဲ့လူဆို အိမ်မှာ တစ္ဆေခြောက်တ လို့ ယူဆရမှာအမှန်ပဲ။ ည ၁၁ နာရီ အိမ်သားတွေအားလုံး အိပ်ရာဝင် အိပ်မောကျစပြုနေချိန် အိမ်ရှေ့တံခါးမကြီးဆီက တံခါးခေါက်သံ အ မပြတ်ကြားလိုက်တယ်။ ညဉ့်အချိန်လည်း ဖြစ်တာမို့ နွဲ့နွဲ့ရည် ကြ မယ့် ထမဖွင့်ဝံ့ဘူး။ တော်ကြာတော့ မီးဖွင့်ပြီး၊ ဖေဖေ တံခါးဆီ လျှေ သွားတဲ့အသံ ကြားလိုက်ရတယ်။ ပြီးတော့ ချက်ချင်းပဲ တံခါး ပြန်ပိတ် အိပ်ခန်းထဲပြန်ဝင်သွားတယ်။ မေမေက–

"ညကြီးမင်းကြီး ဘယ်သူလဲ"

"ဘယ်သူမှမရှိပါဘူးကွာ"



"ဒါဆို စောစောကကြားတာ တံခါးခေါက်သံမဟုတ်လား"

"အင်းလေ ကြားလို့ သွားဖွင့်တာပဲ ဘယ်သူမှမရှိဘူး"

ဖေဖေနဲ့မေမေ အချီအချပြောနေတာကို နိုးနေတဲ့ နွဲ့နွဲ့ရည် အတိုင်းသားကြားပြီး စောင်ခြုံထဲခေါင်းပုနေတော့တယ်။ ဘယ်လိုပါလိမ့် ဒေါက်...ဒေါက်...ဘယ်သူလဲ။ တစ္ဆေဘယ်သူဖြစ်မလဲ။ ဖေဖေလည်း မီးပိတ် အိပ်ရာထဲ ပြန်ရောက်လာပြန်ပြီ။ ဒေါက်...ဒေါက်...ဖေဖေ မီး ပြန်ဖွင့် ဧည့်ခန်းထဲပြန်လာ တံခါးဖွင့်ကြည့် ဘာမှမရှိ ပြန်ပိတ်။ ဟော အမေ့အသံ...

"သိပြီ...သိပြီ တိုက်ဆိုင်လိုက်တာ ကြည့်စမ်း၊ နေ့ခင်းက မအေးရှင် တို့အိမ် ခဏသွားတာ ထိုင်နေရင်း ကြားရတဲ့အသံက ဒီအသံ အတိုင်းပဲ၊ မေးကြည့်တော့ တောက်တဲ့ အမြီးခတ်သံတဲ့။ သူတို့အိမ်မှာတော့ ရိုးနေပြီ။ လူတံခါးခေါက်တဲ့အတိုင်း ဧည့်ခန်းမှာရှာကြည့် တစ်ကောင်ကောင်ရှိရမယ်"

"ဟုတ်ပါ့ဗျာ တံခါးဘောင်ပေါ်မှာ ရှိနေတာကိုး။ ဒီအိမ်မှာတော့ တစ်ခါမှ မကြုံသေးဘူး။ တော်ပါသေးရဲ့၊ သမီးတွေအိပ်နေလို့ အကြီးမ ကြားလိုက်လို့ကတော့"

ကြားနေပြီ ဖေဖေရေ အသက်က ဘယ်နားကထွက်ရမှန်းတောင် သိဘူး ဖြစ်နေတယ်။ ဟော...ပြောရင်းဆိုရင်း နွဲ့နွဲ့ရည်အိပ်တဲ့ အခန်း ပြင်ဘက်နံ့ရံ ဧည့်ခန်းဘက်မှာ ဓာတ်ပုံတွေ နံရံပြည့်ထောင်ထားတာ တွေ့ရှိတယ်။ အဲဒီရဲ့နောက်မှာ လျှောက်သွားရင်း အမြီးခတ်နေတဲ့အသံက ချွေးတွေပြန်အောင် ကျယ်လောင်လွန်းလှတယ်။ တစ္ဆေမဟုတ်ဘူးဆိုတာ သိပေမဲ့ နံရံတစ်ချပ်သာခြားတဲ့ ရန်သူရဲ့ လှုပ်ရှားမှုကိုတော့ နွဲ့နွဲ့ရည် ကြောက်ဘဲ မနေနိုင်ပြန်ဘူး။

ဒီလိုနဲ့ တစ်နေ့မှာတော့ ဒီကောင်တွေနဲ့ပတ်သက်ပြီး အမှတ်တမဲ့

www.burmeseclassic.com

www.burmeseclassic.com



နေလေ့ရှိတဲ့ အစ်ကိုငယ်တောင် ပါဝင်လာရတဲ့ အဖြစ်အပျက်ဟာ မရှေး မနှောင်း ရောက်ချလာတော့တယ်။ ထမင်းစားပွဲပေါ်အထိ ဆင်းလာပြီး ထမင်းကြမ်းခဲကို လာဆွဲတဲ့ကောင်ကို ရိုက်မယ်လုပ်တော့ နွဲ့နွဲ့ရည့်ရှေ ချိုချိုရည်ပါ တစ်သံတည်းထွက်လာတော့တယ်။

"သေအောင်မလုပ်ပါနဲ့ အစ်ကိုငယ်ရဲ့ ... အရှင်ဖမ်းပါ၊ အရှင်ဖမ်းပြီး လွှတ်ပါ"

အစ်ကိုငယ်က အုန်းလက်ကို အရွက်သင်လိုက်ပြီး အရိုးရဲ့ထိပ်မှာ ကွင်းကလေး လုပ်လိုက်တယ်။ ပြီးတော့ ခပ်လှမ်းလှမ်းကနေ ကွင်းထဲခေါင်းဝင်အောင် ဖမ်းနေတာမှ အကြာကြီး။ ဝင်လည်းဝင်ရော လက်ကို ဆွဲလိုက်တာ ဘာရမလဲ ကိုယ်တော်က အားနဲ့ ပြန်ရုန်းလေတော့ ကွင်းထိပ်ပြတ်ပြီး သူကတော့ ပြတင်းပေါက်သံတိုင်မှာ ခေါသတကြီး ပြေးကပ်ကျန်ရစ်တယ်။ သူက ဖက်တွယ်ပြီး တော်ရုံနဲ့ လွှတ်တဲ့ကောင် မဟုတ်ဘူး။ အစ်ကိုငယ်လည်း ဟာ...ကွာ...ဆိုပြီး စိတ်တိုတိုနဲ့ ဝါးရှည်နဲ့ ရိုက်ချလိုက်တာ သေပါရော။

နွဲ့နွဲ့ရည်တို့ ညီအစ်မနှစ်ယောက်စလုံး စိတ်မကောင်းဘူး။ ခ ပယောဂကြောင့် သူတစ်ပါးအသက်သေမှာ မလိုလားဘူး၊ ရှေးအတိ ကံကြောင့် ဒီဘဝတောင် ရန်သူဖြစ်နေတာ မုန်းစကို မရှည်ချင်ဘူး။ ဒါ မဲ့ သေသွားပြီဆိုတော့ ဘာမှမတတ်နိုင်တော့ဘူးပေါ့။ မသေလည်း မ နဲ့၊ မရှိလည်း မရှိကြနဲ့၊ ဒါမျိုးကိုလိုတာ။ နေ့စဉ် မိုးသောက် မလုံ ရှုံ့ကြောက်သံသရာထဲက လွှတ်မြောက်ချင်လှပြီ။ ဒါပေမဲ့ ဖေဖေက စနေနေ့သားတွေများလို့ ဒီကောင်တွေများတာ နေပါစေတဲ့။ အိမ်မှာ မေမေ၊ မေမေ၊ အစ်ကိုငယ်၊ နွဲ့နွဲ့ရည် လေးဦး စနေလေ၊ ပြီးပါလေရော

*



နွဲ့နွဲ့ရည် မြိတ်အရှေ့မြို့နယ်က ရွာကလေးမှာ ပညာရေးဝန်ထမ်း အဖြစ်နဲ့ တာဝန်ကျတော့ အိမ်က ထွက်ရပြီ၊ လွတ်ပြီကျွတ်ပြီ ဆိုပြီး ဝမ်းအသာကြီး သာနေတယ်။ သင်တို့နဲ့ ဝေးပြီပေါ့။ အဲဒီ ဝမ်းသာမှုက ခဏဆိုမှ ခဏတာကလေးရယ်ပါ။ ရွာရောက်ပြီး မကြာခင် အကြီးအကျယ် စိတ်ညစ်စရာတွေနဲ့ ကြုံရတော့တယ်။

ဒီရွာက စကားပြော လေယူလေသိမ်းက ပြည်မနဲ့ မတူဘူး။ ကျေးလက်ဆိုတော့ မြိတ်မြို့ကအသံနဲ့တောင် တချို့တလေ ကွဲသေးတယ်။ ဒီရွာက အိမ်သာကို 'ချေးယောင်'တဲ့ အိမ်သာသွားမယ်ဆို ချေးယောင် သွားမယ်ပေါ့။ ရွာမှာတာဝန်ကျတာက သူငယ်ချင်း စိုးစိုးကြည်နဲ့ နှစ် ယောက်အတူဆိုတော့ အဖော်ရတာပေါ့။ အဲဒီ စိုးစိုးကြည်က ပစ္စည်းပစ္စယ တိုင်တွယ်ရင် သိပ်ကို စည်းကမ်းရှိတာ။ သူ့မှာ လက်နှိပ်ဓာတ်မီးကလေး တစ်ခုရှိတယ်။ ဓာတ်မီးကလေးရဲ့ လက်ကိုင်ခလုတ်တွန်းတဲ့နေရာမှာ အဝတ် ကလေးနဲ့ချုပ်ပြီး သပ်သပ်ရပ်ရပ်ကိုင်တတ်တဲ့ ကလေးမ။ ရွာက ချေး ယောင်တွေက တွင်းအိမ်သာတွေချည်းကို၊ တွင်းတွေက တိမ်တိမ် ကလေးတွေ။

တစ်ညသားမှာတော့ သူငယ်ချင်းနှစ်ယောက် အိမ်သာတက်ရင်း လက်နှိပ်ဓာတ်မီးကလေး အိမ်သာထဲ လွှတ်ကျသွားတော့တယ်။ စိုးစိုး ကြည်က ပစ္စည်းခင်တွယ်သူမို့ သူ့ပစ္စည်းကို ရအောင်ပြန်ယူမယ်ဆိုပြီး ဓါးလုံးနဲ့ ထိုးကလော်ရင်း အိမ်သာထဲမှာ မင်းမူနေတဲ့ အိမ်သာရှင်နဲ့ တက်ပင်းတိုးခဲ့ရတယ်။ ပေကျံနံစော်နေတဲ့ လက်နှိပ်ဓာတ်မီးကလေးကို ချောင်းကုန်းမှာ သွားဆေးကြတဲ့အခါ ကြောက်စိတ်တွေ ပြန်လည်နိုးထ လာတဲ့ ရင်ဘတ်အစုံဟာ တဆတ်ဆတ်တုန်လို့။

နောက်တစ်နေ့နံနက်တော့ သူတို့အခေါ် ဓာတ်ပြောင်း ချေးယောင်

www.burmeseclassic.com

www.burmeseclassic.com



ထဲကျတဲ့အမှု တစ်ရွာလုံးပျံ့သွားပြီး အသစ်ရောက်လာတဲ့ ဆရာမနှစ်ယောက် တောက်တဲ့အကြောက်သည်းပုံအကြောင်း ရွာထဲမှာ ပြောမဆုံးပေါင် ဖြစ်နေ တော့တယ်၊ မကြာခင်မှာပဲ အိမ်သာမှာပါမက အိမ်မကြီးပေါ်မှာပါ ရှိတဲ့ အကြောင်း သိတဲ့နေ့က နွဲ့နွဲ့ရည်တစ်ယောက် ထမင်းမစားနိုင်အောင် စိတ်ဓာတ်ကြီးအကျယ် ကျသွားတော့တယ်။ မရှိတော့ဘူးလား။ သင်းတို့နဲ့ လွတ်မြောက်ကွေကွင်းရာနေရာ မရှိတော့ဘူးလား။

အဲဒီအိမ်ရောက်မှ ရန်သူတော်တွေရဲ့ အမှုအကျင့်ဆန်းတွေနဲ့ ထပ်ပြီး ကြုံရတဲ့အခါ အနေအေးရာတဲ့ သထုံအိမ်ကကောင်တွေကိုပဲ လွမ်း ပြီး ချီးကျူးရတော့မလို ဖြစ်သွားတော့တယ်။ ဒီအိမ်ကကောင်တွေက တောကကောင်တွေမို့ထင်ရဲ့ ခပ်ရိုင်းရိုင်းပဲ။ တစ်ကောင့်တစ်ကောင်လည်း ရန်လိုကြတယ်။ တစ်ခါတော့ ထုပ်တန်းပေါ်မှာ ကိုက်ပြီး နှစ်ကောင်စလုံး ပြုတ်ကျလာတာ အောက်ရောက်တော့ မပြေးတဲ့အပြင် ဆက်ကိုက်နေလိုက် ကြတာမှ ကြောက်စရာကြီး။ အာခေါင်နီကြီးတွေ ဖြဲပြီး အမျိုးအမည် မဖော်ပြနိုင်တဲ့အသံတွေ ထွက်အောင် ကိုက်လိုက်ကြတာကိုကြည့်ပြီး နွဲ့နွဲ့ရည်တစ်ယောက် လိပ်ပြာစဉ်မတတ်ပါပဲ။ နှလုံးဒိတ်ဒိတ်ခုန်တာရော စိတ်ဓာတ်မလုံခြုံမှုတွေ၊ အိပ်မက်ဆိုးတွေ တစ်ကျော့ပြန် နှိပ်စက်နေတော့ တယ်။

တောမှာ နှစ်,နှစ်လုပ်ပြီး မြို့မှာတာဝန်ကျတဲ့နှစ်မှာ နွဲ့နွဲ့ရည် အိမ်ထောင်ကျတယ်။ တစ်အိုးတစ်အိမ်ထူထောင်ဖို့ အိမ်လိုက်ရှာတော့ အိမ်မကြီးရဲ့ အောက်ထပ်မှာ အခန်းကန့်ပြီး ငှားထားတဲ့ အခန်းကလေး ရစကိဆုံရတယ်။ ခုနစ်တောင်ခွင် အခန်းကလေးပေမဲ့ ချစ်တဲ့သူနဲ့ အ နေရတာ လောကနိဗ္ဗာန်ပါပဲ။ ပြီးတော့ ဒီအိမ်မှာ နွဲ့နွဲ့ရည်ရဲ့ ရန်သူမရှိ အေးအေးဆေးဆေးပါပဲ။ မကြာခင်မှာ သမီးလေးတစ်ယောက်ရတယ် နွဲ့နွဲ့ရည်ဘဝမှာ အတော်ပြည့်စုံသွားပြီ။ ကိုကိုရှိတယ်။ သမီးရှိ တယ်။

အဲဒီအချိန်ကျခါမှ မေ့လျော့နေတဲ့အရာတွေ နိုးထလာပြန်တယ်။ အပေါ်ထပ်နဲ့အောက်ထပ် တိုင်တစ်ကျော့တည်း ဆောက်ထားတဲ့ အိမ်ဆို တော့ တစ်နေ့မှာ တိုင်ကြောအတိုင်း မေ့လျော့နေတဲ့ ရန်သူဟာ ဘွား ဘွားကြီးဆင်းလာပါရော။ နွဲ့နွဲ့ရည်ရဲ့ ငယ်သံပါအောင် အော်လိုက်တဲ့ အသံကြောင့် ကိုကိုလည်း ပြာသွားတယ်။ သမီးလည်း လန့်ငိုတယ်။ ကိုကိုက မယားထိ စားကြည့်ပေါ့။ နွဲ့နွဲ့ရည် ကြောက်တယ်လည်းဆိုရော ါးလုံးရှည်ရာတော့တာပဲ။ ပထမတော့ လာရာလမ်းအတိုင်း ပြန်တက် အောင် ခြောက်လှန့်ရုံ သက်သက်ပါ။ ဒီကောင်တွေက ဦးနှောက်မှမရှိတာ ာရာလမ်းဘယ်သိမလဲ။ ဆင့်တန်းပေါ် လျှောက်ပြေးတာပေါ့။ ပြေးနေရင်း ဲ့ ပြေးပေါက်ကမှားနဲ့ ကိုကို တစ်ချက်တော့ ခပ်ဆတ်ဆတ်တွယ်လိုက်တယ် င်တယ်။ ပြတင်းပေါက်ကနေ အပြင်ရောက်သွားရော။

သူပြေးတဲ့ လမ်းကြောင်းအောက်က ကြိုးတန်းမှာ လှမ်းထားတဲ့ နွဲ့ရည်ရဲ့ ကျောင်းအင်္ကျီ အဖြူဆွတ်ဆွတ်ပေါ်မှာ စွန်းထင်းကျန်ရစ်တဲ့ ချေးကွက်တွေကိုကြည့်ပြီး စိတ်မကောင်းဘူး။ အတော်နာသွားဟန်တူရဲ့။ လာတော့ရင်ပြီးတာပါပဲလေ။ သုံးလေးငါးရက် မေ့မေ့ပျောက်ပျောက်၊ ားက ဖြတ်လျှောက်ရင် ပုပ်စော်ကန်နေတာ၊ ကြွက်ပုပ်လား၊ တစ်ခု,ခု ရာလို့လည်းမတွေ့။ တစ်နေ့တော့ သမီးကိုထိန်းတဲ့ အိမ်ဖော်ကောင် လေး ဈေးသွားတော့ နေပူတယ်ဆိုပြီး အဲဒီနားချိတ်ထားတဲ့ ထီးကို ယူ သွားပါရော။ ပြန်လာတော့...

"ဒီထီးကို ကျွန်မ ကိုင်မိတာ ကံကောင်းတယ်။ ဆရာမသာ ဆိုရင် ဒုက္ခပဲ ဘယ်။ ထီးဖွင့်လိုက်တော့ အထဲက ထွက်လာတာ ပုပ်နေတဲ့ ာက်တဲ့အမြီးပြတ်ကြီး"

www.burmeseclassic.com



"ဘုရား...ဘုရား"

ပြီးပါတော့...ပြီးဆုံးပါလေတော့၊ သင်နှင့် ကျွန်ုပ် အတုံ့အလှယ် ရန်ကြွင်းရန်စ ရှိခဲ့ရင် သည်မှာတင် ကျေပါတော့။

ဒီအခန်းကလေးမှာနေရတာ သထုံအိမ်မှာ နေရတာလောက် တောအိမ်မှာနေရတာလောက် မကြောက်တော့တာ အမှန်ပဲ။ သထုံအိမ် နဲ့ တောအိမ်က ကိုယ့်အိမ် ကိုယ့်သဘောမဟုတ်ဘူး။ ဒီအခန်းကလေး ကိုယ့်အခန်းကလေး။ နွဲ့နွဲ့ရည် အခန်းကလေးကို ပိုင်သလို ကိုကို့ လည်း ပိုင်တယ်။ နွဲ့နွဲ့ရည် ကြောက်သလောက် ကာကွယ်ပေးဖို့ ကိုကို မှာ အဆင်သင့်။ သည်လိုနှင့် အကောင်ဘလောင်ကိစ္စ အမေ့မေ့ အပျော် ပျောက်တောင် ဖြစ်သွားပြီ။ ဒီလိုပဲ ဖြစ်သင့်တယ် မဟုတ်လား။

*

အဲဒီနေ့က သမီးလေးပိုက်ပြီး ဖေဖေ မေမေတို့ဆီ နွဲ့နွဲ့ရည် ပြန် လာတယ်။ သထုံအိမ်ရောက်တော့ အငယ်မ ချိုချိုရည်လည်း ကိုယ်ဝန် ကြီးနဲ့။ နွဲ့နွဲ့ရည်က အဝေးမှာ ပျော်နေပေမဲ့ ချိုချိုရည်ကတော့ အိမ်ထောင် ကျပြီးလည်း အိမ်မှာ မြဲနေတယ်။

အိမ်ရောက်ပြီး မကြာဘူး စိတ်ထဲ ထူးသလိုလို ခံစားမှုအဟောင်း တွေ ပေါ်လာတယ်။ တစ်အိမ်လုံးမှာ သတိထားကြည့်မိတော့ အကြော် ကြားတွေ တစ်ကောင်မှ မမြင်ဘူး။ ဟိုတုန်းက ခေါင်းတို၊ မှိန်ပျ အမြီးပြတ်၊ ကွက်ထင်း...စသည်ဖြင့် တစ်ကောင်ချင်းစီအပေါ် နွဲ့နွဲ့ရည် အမည်လိုက်ပေးထားတဲ့အကောင်တွေ တစ်ကောင်မှ ရှာမတွေ့ဖြစ်နေတယ် ထူးဆန်းလှပါလား။

"ဟော့...ညီမရေ ဟိုကောင်တွေ ဘယ်ရောက်ကုန်ပြီလဲ"



"မမ အကောင်တွေလား ပြေးကုန်ပြီ"

"ဟယ်...တကယ်..ဘယ်ကိုပြေးကုန်တာလဲ"

"ဒီလိုလေ...ညီမမှာ ကိုယ်ဝန်လည်းရရော နေ့လယ်နေ့ခင်း အိပ် မယ်လို့ လှဲချလိုက်ရင် အပေါ်မှာ သူတို့ကရောက်နေရော။ အဲဒါမိန်းမက ကြောက်နေတော့ ယောကျ်ားက ဘယ်နေတော့မလဲ။ ကိုဝေမြင့်လေ ဒီ ကောင်တွေကို လေးခွနဲ့ချည်း ဆော်တာ။ တစ်ကောင် နှစ်ကောင်ဆော် ပေးလိုက်တာ အားလုံး အွတ်အယ်...အွတ်အယ်...အော်ပြီး ခေါင်းရင်းအိမ် ပြောင်းပြေးကုန်ကြပါရော။ တိရစ္ဆာန်ပေမဲ့ သိပ်သိတယ်။ ဟိုတုန်းက ဖေဖေ တို့က ညှာလွန်းလို့ ကဲနေကြတာ ခုတော့ ခပ်ကြမ်းကြမ်းလူနဲ့တွေ့တော့ ခံနိုင်သေးလား"

ညီမက ရန်သူတွေရဲ့ ပွဲသိမ်းကို မြိန်ရေရှက်ရေ ဆက်ပြောနေ တယ်။ နွဲ့နွဲ့ရည်ကတော့ အစကတည်းက အရှင်ဖမ်းပြီး လွှတ်ချင်နေ တဲ့လူ။ အခု သူတို့ဘာသာ ပြောင်းပြေးကုန်တယ်ဆိုတော့ သဘောတွေကျ နေတော့တာပေါ့။ အိမ်မှာနေရတာလည်း လွတ်လပ်ပျော်ရွှင်လိုက်တာ မပြောပါနဲ့တော့။ ဧည့်ခန်းမှာထိုင်လည်း စိတ်ချလက်ချ။ အိပ်ခန်းမှာ အိပ်လည်း စိတ်ချလက်ချ၊ ရေချိုးခန်းဝင်လည်း ဝါးလုံးရှည်မလိုတော့၊ အိုး...အခုမှ ကိုယ့်အိမ်ကိုယ်ပြန်ပိုင်ရသလို စိတ်ဓာတ်လုံခြုံမှုတွေအပြည့် နဲ့။ အိမ်အပေါ်မှာပါ ချစ်ခင်နှောင်တွယ်စိတ်တွေ ဖြစ်ပေါ်လာတော့တယ်။ အဲဒီနေ့က ရန်သူ့လက်က ပြန်လည်ရရှိခဲ့တဲ့ သထုံအိမ်ကြီးပေါ်မှာ နွဲ့နွဲ့ ရည်တို့သားအမိ နှေးနှစ်လဲတိတိ အပန်းဖြေ နားနေခဲ့တော့တယ်။

*

www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာရဲ့ အလှည့်အပြောင်းကြောင့် ကမ်းရိုးတန်းမြို့ကလေးကနေ ရန်ကုန်ကို အပြီးပြောင်းလာတဲ့အခါ နွဲ့နွဲ့ရည်တို့ မိသားစုဟာ ကန်ထရိုက်တိုက်ခန်းတစ်ခုနဲ့ ရေစက်ဆုံရပါတော့တယ်။ ကန်ထရိုက်တိုက်ခန်းက သထုံအိမ်ကြီးနဲ့လည်း မတူ၊ တောအိမ်နဲ့လည်းမတူ၊ ကမ်းရိုးတန်းမြို့ကလေးက ခုနစ်တောင်ခွင် အခန်းကလေးနဲ့လည်း မတူ၊ ထက်အောက်ဝဲယာ နံရံဖြူဖြူကြီးတွေ ထင်လင်းနေတော့ နေရထိုင်ရတာ စိတ်လက်ပေါ့ပါးပြီး လွတ်လပ်ပွင့်လင်းပါတယ်။ နေခဲ့ဖူးတဲ့အိမ်တွေ အထဲမှာ သဘောတွေ့ အနှစ်ခြိုက်ဆုံးပါပဲ။

အခန်းအနေအထားနဲ့ မိသားစုလေးယောက် အနေတော်ကလေးပါပဲ။ မြို့ကလေးမှာနေစဉ် ခုနစ်တောင်ခွင် အခန်းကလေးမှာပဲ နောက်ထပ် သမီးလေးတစ်ယောက် ထပ်တိုးတာမို့ မိသားစုလေးယောက်ဖြစ်သွားတာပါ။ ကလေးတွေရလာတော့ ကလေးတွေရဲ့ ပညာရေး၊ နေရေး၊ ထိုင်ရေးတွေ တွက်ချက်ပြီး ရန်ကုန်ပြောင်းလာကြတာပါ။

ရန်ကုန်တိုက်ခန်းမှာတော့ အကောင်ဘလောင်ကိစ္စ အတော်နားအေးပါတယ်။ ဒါတောင် အနေကြာလာတော့ "ကျွတ်...ကျွတ်၊ ကျွတ်...ကျွတ်" လို့ စုပ်ထိုးတတ်တဲ့ ကောင်ကလေးတွေ လေးငါးခြောက်ကောင်များ လာတာတွေ့ရတယ်။ အပေါင်းအသင်းမိတ်ဆွေတွေက ဒီကောင်လေးတွေရှိရင် လာဘ်ကောင်းတယ်လို့ ပြောကြပေမယ့် နွဲ့နွဲ့ရည်ကတော့ ငယ်ကြောက်ဆိုတော့ ဒီကောင်လေးတွေကိုလည်း အိမ်မှာ မထားချင်ဘူး။ မောင်းပစ်ချင်တာပါ။ ဘယ်လိုမောင်းရမှန်းမသိလို့ ကြန့်ကြာနေတယ်။

သူတို့က ကြွက်လို ရှူး...ရှူးလို့ ခြောက်ရင် ကြောက်ပြီး ထွက်ပြေးတဲ့ကောင်တွေ မဟုတ်ဘူး။ ဒီတော့ ယိုးဒယားကထုတ်တဲ့ ပိုးဟပ်သေဆေးခပရေးဘူးကြီး ဝယ်ထားရတယ်။ သူတို့မလာစေချင်တဲ့နေရာ



ကိုဖျန်းထား သူတို့ဆင်းမလာဘူး။ ဒီအနံ့က သူတို့ကို မွှန်စေတယ်။

ဒါပေမဲ့...တစ်နေ့တော့...

အဲဒီနေ့က နွဲ့နွဲ့ရည်တို့ လင်မယားနှစ်ယောက်စလုံး အိမ်မှာ မရှိဘူး။ ကလေးနှစ်ယောက်တည်း ကျန်ရစ်တယ်။ သူတို့က ကျောင်းချိန်ရောက်ရင် အိမ်တံခါးပိတ်ပြီး ကျောင်းသွားကြမှာပါ။ လူကြီးမရှိတဲ့အခါ သူတို့ဘာသာ တံခါးတွေ အသေအချာပိတ်၊ သော့ခတ်ပြီး ထွက်တတ်အောင် လေ့ကျင့်သင်ကြားပေးထားပါတယ်။ ကျောင်းသွားဖို့ ပြင်ဆင်ပြီး အိမ်ပြင်ထွက်မယ်လုပ်တော့ လေ့ကားအဝင်အထွက် တံခါးမကြီးရဲ့ ပေါင်ပေါ်မှာ ကျွတ်ကျွတ်မြည်သံပေး တစ်ကောင်၊ မလှုပ်မယှက်နဲ့...ကြည့်ရတာ တံခါးကြားညှပ်မိပြီး ပြုတ်ကျလာတယ် ထင်တယ်။

သမီးနှစ်ယောက် တော်တော် စိတ်ညစ်သွားတယ်။ ဒီအကောင်ကို ဘယ်သူဖယ်မလဲ မမကြီးလား၊ ညီမလေးလား။ ဟင့်အင်း...တစ်ယောက်မှ မဖယ်ရဲဘူး။ ကျောင်းချိန်ကလည်း နီးနေပြီ ဒုက္ခ။ ညီမလေးက ရွှေဘုံတော်စူးရောက်ပြီး တစ်လမ်းကျော်က သူ့အဒေါ်ဝမ်းကွဲဆီ ဖုန်းလှမ်းဆက်တယ်။

"ဟဲလို...ဟဲလို...အန်တီမာလာလား၊ အိမ်မှာ ဖေဖေမေမေတို့ မရှိဘူး၊ အခု သမီးတို့ဆီ အန်တီမာလာ အမြန်လာပါ အရေးကြီးလို့ပါ"

"ဟဲလို...သမီးငယ်လေးလား၊ ဘာအရေးကြီးလဲ ပြောပါဦး"

"မမေးနေပါနဲ့ အန်တီရယ်၊ မြန်မြန်သာ လာခဲ့ပါတော့၊ သမီးတို့ ကျောင်းချိန်လည်း နီးနေပြီ"

"ဟဲ့...နေဦးလေ၊ ဘာကိစ္စလဲ ပြောဦးမှပေါ့၊ ဒီကလေးတွေပဲ"

"ဟုတ်ကဲ့...ဟိုဒင်း...ကိစ္စက အလောင်း...အလောင်းကောက်ဖို့ပါ"

"ဘာ...အလောင်း...ဟုတ်လား ဘယ်သူလဲ၊ ဘာဖြစ်တာလဲ မြန်

www.burmeseclassic.com



မြန်ပြောစမ်း”

“အလောင်းပါဆိုမှ အန်တီမာလာကလည်း တံခါးဝမှာတင်နေလို့ တံခါးပိတ်လို့မရတဲ့ အလောင်း၊ အိမ်မြှောင်အလောင်း”

“ဘု…ရား…ရေ…”

ကဲ..အဲဒါဟာ နွဲ့နွဲ့ရည်ရဲ့ ဂျင်နရေးရှင်းအစစ်ပါပဲ။

(မြားနတ်မောင်မဂ္ဂဇင်း၊ ၂၀၀၃၊ ဩဂုတ်လ)

# ရွှက်ခြောက်ကြွေသံ

သတိထားလိုက်မိတော့ ကိုယ်ဟာ ရွှေ့လျားနေတဲ့ အလျဉ်နှုန်းတစ်ခုထဲက လေညင်းကလေး ဖြစ်နေတယ်။ လေညင်းကလေးက ဦးတည်ရာမဲ့ လွင့်မျောလို့။ တစ်ခါ …တစ်ခါ တိမ်မိကျောင်းရဲ့ ကျောပေါ်မှာ တစ်ခါတစ်ခါ အမြင့်ပျံငှက်ကလေးတွေရဲ့ တောင်ပံဖျားမှာ ခိုစီးလိုက်ပါရင်း စမ်းချောင်းကလေးပေါ်က ဖြတ်သွားတော့ ချိုလွင်တဲ့ နရီကိုက် စည်းဝါးသံစဉ်တွေနဲ့ လှမ်းအော်နှုတ်ဆက်သံကို ကြားလိုက်ရတယ်။ နောက်ကြောင်းကို ဘယ်တော့မှ ပြန်လှည့်မကြည့်တတ်တဲ့ အလျင်စလိုနိုင်မှုကလေးကလွဲရင် သူ့အားကိုးတကြီး ချစ်ခင်ရတဲ့ မြစ်မင်းရင်ခွင်ဆီ အလောတကြီး ပြေးဝင်နေတာကလွဲရင် စမ်းချောင်းကလေးဟာ အပြစ်ကင်းစင်လွန်းလှတယ်။

စမ်းချောင်းကလေးရဲ့အဖော် မြင့်မြင့်မားမား တောအုပ်တွေဟာ လက်တံရှည်ကိုင်းဖျားတွေနဲ့ ကောင်းကင်ကြီးကို လှမ်းယူတို့ထိလို့ သူ့ထက်ငါဦး အမြင့်ကျူးနေလိုက်ကြတာ၊ အစိမ်းရောင် မြသားကမ္ဘလာ လှုပ်လီလှုပ်လဲ့ မှုန့်မြူတဲ့အခိုက် ပတ်ကြားအက်ဖုန်းဆိုးတောတချို့ စောင်းဆစောင်းနဲ့ မလုံမလဲချောင်းကြည့်နေကြပြန်ရဲ့။ မြေနုကျွန်းပေါ်က ကိုင်း

www.burmeseclassic.com



သီးနှံတွေကလည်း ရွက်ပုန်းတွေကြား ဖွံ့ထွားဖို့ အားယူရင်း အရည်အသွေးမဲ့ သောင်ကတုံးတွေကို ခပ်ပြုံးပြုံး စိုက်ကြည့်နေကြတယ်။ အပြောကျယ်တဲ့ ပင်လယ်ကြီးကတော့ နေခြည်ဖြိုးဖျအောက်မှာ မာန်စွယ်ငုံ့လျှိုးစွာနဲ့ တောင်တန်းပြာတွေကို ရိုကျိုးနေလေရဲ့။

ကမ္ဘာမြေဟာ ကိုယ်မပါလည်း သာယာနေပြီးသားလေ၊ ကိုယ်မရှိတဲ့အခါ ကိုယ်ရှိသလိုပဲ သူ့ဘာသာသူ အသားကျ နေပျော်နေဦးမှာပါပဲ။ ဒါဆိုရင် ကိုယ်ဟာ ကမ္ဘာမြေအတွက် ဘာလို့များ အရေးပါ အရာရောက်ချင်တာပါလိမ့်။ အထူးအဖြင့် မောင့်အတွက် အရေးပါချင်လှတဲ့ ကိုယ်ဟာ အခု ကိုယ်မရှိရင်လည်း မောင့်ဘာသာ နေသားကျတာ မြင်မိတော့ ပါးပါးလေးကျန်အောင် မိမိကိုယ်ကို (မောင့်အတွက်) အသုံးချခဲ့မှု အပေါ် နောင်တထမ်းပိုးတို့ တရစ်ရစ်တိုးစေတာ အမှန်ပါပဲ။

ပါးပါးလျှပ်လျှပ်၊ လွှင့်လွှင့်မျောမျောကလေး တစ်စထက်တစ်စ ပျောက်ကွယ်သွားတော့မဲ့ မှုန်ရီရီအစက်အပျောက်ကလေးဟာ မှန်ကလေး တစ်ချပ် ဖျတ်ခနဲကွဲသလို ရုတ်ချည်း ကိစ္စပြီးမဲ့အချိန်ကို စောင့်ရင်းနဲ့ ထဲ လွင့်ချင်သလောက်သာလွင့်လိုက်စမ်း။

*

ကျွတ်…စိတ်ပျက်ဖို့ကောင်းလိုက်တာ စောစောက လွင့်မျောနေတဲ့ အသိအာရုံကလေး ဘယ်ကို ပြေးသွားပါလိမ့်။ ပေါ့ပါးလျှင်မြန်တဲ့ အဟုန်နဲ့ စကြာဝဠာကြီးထဲ ဝဲလှည့်နေရတာ အရသာရှိလိုက်တာ။ ကိုယ် ဒီနေရာကို ပြန်မလာချင်ဘူးကွယ်၊ အိမ်ဟောင်းကြီးနဲ့တူတဲ့ ပြိုပျက်လုလု ခန္ဓာကိုယ် ယိုင်ရွဲ့ရွဲ့ဆီ ကိုယ်ပြန်မလာချင်ဘူး၊ ဟောဒီမွေ့ယာထူထူပေါ်က ခြင်ထောင်ထူထူကြားမှာ မြှုပ်နေတဲ့ အရိုးပေါ်အရေတင်ကလေးဟာ ကိုယ်



တဲ့လား။ မြို့ကလေးရဲ့ အလှသရဖူကို ဆောင်းခဲ့ဖူးတဲ့ "မေဝင့်ဝါ"ဆိုတဲ့ မိန်းမတစ်ယောက်တဲ့လား၊ လောကရဲ့ ခါးသီးတဲ့ပဥ္စလက်ညှို့ကြိုးအောက်မှာ မမှတ်မိနိုင်လောက်အောင် ပြောင်းလဲဆုတ်ယုတ်သွားတဲ့ ရုပ်ခန္ဓာဆီ ကိုယ် ပြန်မလာပါရစေနဲ့တော့။

ဟင့်အင်း…ကျေးဇူးပြုပြီး ကိုယ့်အနားကိုကြည့်မှန်တစ်ချပ် မယူခဲ့ပါနဲ့ကွယ်။ ပျောက်ဆုံးသွားတဲ့ ဇင်ယော်တောင် မျက်ခုံးကလေးရယ်၊ ရွှေလက်လက်ညှို့မျက်ဝန်းအစုံရယ်၊ ပါးချိုင့်ကလေး အိပ်နေတဲ့ ပါးဖောင်းဖောင်းကလေးရယ်၊ ဆွဲငင်အားကောင်းတဲ့ ထူထွဲထွဲနှုတ်ခမ်းအစုံရယ်၊ ကိုယ် မရှာဖွေချင်တော့လို့ပါ။ အကောင်းစား မှန်ဘီလူးတစ်လက်ရဲ့ ထွင်းဖောက်မှုဟာ အနုဗ္ဗထုရှည်ကို မဖြတ်သန်းနိုင်တော့လို့ပါ။ ကျေးဇူးပြုပြီး။

ကိုယ့်မှာရှိတဲ့အရာတွေ ပျောက်ပျက်ကုန်မှာစိုးလို့ လိုက်လံသိမ်းထုပ်နေရင်းနဲ့ ဘာမှမရှိခြင်းတွေသာ ကောက်ယူရရှိနေတဲ့ ကိုယ်ဟာ အချိန်အတော်နှောင်းမှ နောက်ဆုံးလက်ကျန် အသက်မျှင်းမျှင်းကလေးကို အလုအယက်ရှုနေရတော့တယ်။ ခုနေခါမှာတော့ ကိုယ်ဟာ ရှင်ခြင်းနဲ့ သေခြင်းကြားမှာ ဘာမှ မကွာခြားတော့တဲ့ နှစ်ဖက်လှဗာအနားတစ်စလိုပါပဲ။

အလို…ခြေသံပါလား၊ ဘယ်သူလဲ။ မောင်လားဟင်၊ ဟင့်အင်း ကိုယ် မောင့်ကို မတွေ့ချင်ဘူး၊ မောင့်ရဲ့ အေးစက်စက်မျက်ဝန်းအစုံနဲ့ ဝတ္တရားကျေအနှစ်မဲ့စကားတွေကို ကိုယ်မကြားချင်တော့ပါဘူး။ ကိုယ်တွေ့ချင်နေတာက "ခင်အေးမှီ" ကိုပါ။ အေးခဲတောင့်တင်းနေတဲ့ နှလုံးသားနဲ့ မောင့်မေမေထားရာမှာ နေခဲ့တဲ့ မောင့်ရဲ့ ပွဲတက်ဇနီးမယား အေး…လေ။ ကိုယ့်ရဲ့ နောက်ဆုံးအချိန်ကလေးမှာ အေးကို တွေ့ချင်တယ်။ လွန်ခဲ့တာတွေအတွက် ဝန်ချတောင်းပန်သွားချင်တယ်။ ကိုယ်ဟာ အိပ်ရာထဲဘုံးဘုံးလဲမှ ခလုတ်တွေ ပရမ်းပတာနှိပ်မိလို့ အသံကြောင်သွားတဲ့ ပီယာနို တစ်

www.burmeseclassic.com

www.burmeseclassic.com



လုံးရဲ့ ကျဆုံးမှုမျိုးနဲ့ အေးရဲ့ရှေ့မှာ ဒူးထောက်ချင်တာပါ။

ဒီလိုနောင်တတွေးတွေ တွေးမိဖို့ ကိုယ့်ဘဝမှာ အချိန်မရခဲ့ဘူး။ တွေးခွင့်ရတော့လည်း အချိန်က သိပ်နည်းနေပြီ။ လောကကြီးဟာ ပြင်ဆင်ချိန်မရတော့တဲ့ အမှားတွေအတွက် ဝန်ချနိုင်ခွင့်ကလေးကိုတောင် မပေးနိုင်တော့ဘူးလား။ တကယ်တော့ ကိုယ်ဟာ တာထွက်မှာတင် ခြေလှမ်းမှားလို့ ပန်းဝင်နောက်ကျခဲ့တာပါလို့ဆိုရင် အဲဒီဆင်ခြေဟာ ကိုယ့်ကိုယ်ကို ကာကွယ်တဲ့ မလုံမလဲဆင်ခြေပဲ ဖြစ်မှာပါ။

အပျိုသင်စအရွယ်ကလေးမှာ အပျိုမတတ်ခင် မုန့်တိုင်းလေနှင်နဲ့ မိခဲ့လို့ လည်ဆံလည်းညှိုး တောင်ပံကျိုးခဲ့ရတဲ့အဖြစ်အတွက်တော့ ဘဝခတ်ကာ မငြင်းချင်တော့ပါဘူး။ တစ်မြို့တစ်ရွာကနေ ကိုယ်တို့ ဇာတိမြို့ကလေးမှာ ကျောင်းလာနေတဲ့ "မျိုးလွင်" နောက်ကို ပျော်ပျော်ကြီးလိုက်ခဲ့တုန်းက အချစ်ဆိုတာ သိပ်ပြီးမတွေးခဲ့မိဘူး။ ကိုယ်က အချစ်ကိုမတွေ့ရှိခင် အချစ်က ကိုယ့်ကို စတင်တွေ့ရှိသွားတဲ့ နောက်ဆက်တွဲရလာဘ်ကတော့ ခါးသက်သက် စိမ်းဆတ်ဆတ် အတွေ့အကြုံသစ်တွေပါပဲ။

နယ်မြို့တစ်မြို့ရဲ့ မြို့လယ်ခေါင်တိုက်ခန်းကျဉ်းကျဉ်းကလေးထဲမှာ အိမ်ထောင်ကျပြီးသူတွေ အပါအဝင် မိသားစုဆယ်ဦးခန့် တစ်စုတစ်ဝေးတည်း စုပြုံနေထိုင်တဲ့ နေရာမှာ ကိုယ်ဟာ ခေါင်းအလယ်က ကျိုးလား၊ ကျိုးအလယ်က ခေါင်းလားဆိုတာ ခွဲခြားမသိခဲ့ပါဘူး။ ကိုယ်နဲ့ မျိုးလွင်ဟာ လူတွေက ကွယ်ရာမှာ ကလေးလင်မယားလို့ စကားတင်ပြောစရာကောင်းလောက်အောင် ငယ်လွန်းနေတာမို့ စီးပွားရေးလည်းမသိ၊ ကြီးပွားရေးလည်း နားမလည်၊ လူမှုရေးတော့ ဝေလာဝေး၊ ထမင်းဆိုတာ မီးဖိုချောင်ထဲကလို့ တိမ်တိမ်ကလေးတွေးခဲ့ကြတယ်။

၂၀၉

မျိုးလွင်ရဲ့ မိဘတွေက သားလုပ်လာတဲ့ အလုပ်ကို မထောက်ခံ ...မဲ့ ကန့်လည်းမကန့်ကွက်ကြဘူး။ ကိုယ့်အစ်မတွေဆီပြန်ပြီး သမီး ...ပ်တာတို့ ဘာတို့လည်း မလုပ်ဘူး၊ ကိုယ့်အပေါ်လည်း ငြူစူစောင်း ...ြောင်းခြင်းမရှိဘူး။ မျိုးလွင်အမေက စာမတတ်ပေမတတ် ခပ်အေးအေး၊ ...းလွင်အဖေက စီးပွားရှာဖို့ထက် ရှိပြီးသား စီးပွားကို မကုန်,ကုန်အောင် ...သာင်းကစားနဲ့ဖြုန်းနေတဲ့ လူပျော်ကြီး။ သားမိန်းမခိုးလာတော့ သမီး ...စ်ယောက် တိုးတာပေါ့ကွာလို့ ပြုံးပြုံးကြီးပြောတဲ့ အငှဖမျိုး။ အိမ်ထောင် ...ကျပြီး သားသမီးတွေကိုလည်း အိမ်မခွဲစေဘဲ (ခွဲစရာ အိမ်မရှိတာလည်း ...မှာပါ) သူ့အနားမှာ တရုန်းရုန်းနေစေတာဆိုတော့ အခန်းကျဉ်းကလေး ...မှာ စုပြုံကျပ်ညှပ်နေတော့တာပေါ့။

အဲဒီမွန်းကျပ်မှုတွေဟာ ရက်ကြာလာတာနှင့်အမျှ ကိုယ့်ကို ဆတိုး ...ပတ်လာတော့တာပဲ။ အိမ်ကြီးဝင်းကျယ်နှင့် နေခဲ့ရတဲ့ ကိုယ်ဟာ အဲဒီ ...်သွေးပွေလီနေတဲ့ အခန်းကျဉ်းကလေးထဲမှာ ဘယ်လိုမှ နေသား မကျ ...ဘူး။ သီးခြားအိပ်ခန်းမရနိုင်တော့လို့ လူလွတ်တွေနဲ့ ဖြစ်သလို တိုးအိပ် ...ရတဲ့ အိမ်ထောင်သည်တွေရဲ့အခွင့်အရေးတွေ ဆုံးရှုံးမှုကလည်း ကိုယ်နဲ့ ...းလွင်ကြား သံယောဇဉ် ခြားစေခြင်း အကြောင်းတစ်ရပ်ပဲ ထင်ပါရဲ့။ ...ာများ၊ စားအိုးကကြီး၊ ဝင်ငွေက မမှန်တဲ့ မိသားစုမှာ အမြဲလိုလို ဆူဆူ ...ည်ဖြစ်နေတာ မဆန်းပါဘူး။ ဟင်းကို ဘယ်လောက်ပဲ ခွဲတမ်းနှင့် ...ာ်ချက် စားဦးသူက မြက်မြက်ကလေးစားရပြီး နောက်ကျတဲ့သူက ...လူးခွက်လူးဖြစ်သွားတာတွေ၊ အဝတ်အစားဆိုလည်း သူ့ပုဆိုးငါဆွဲ၊ ...အင်္ကျီသူယူဝတ်၊ စည်းလွတ်ဘောင်လွတ်နေကြတာတွေ။ တစ်ယောက်တစ်ယောက်ချေးပြီး ပြန်မဆပ်ရုံမက တစ်ယောက်အလစ် တစ်ယောက် ...်နေကြတာတွေကြောင့် ကြက်ခြင်းထဲက ကြက်တွေလို ...မြဲတမ်း

www.burmeseclassic.com



ခွပ်နေကြတဲ့ အတွေ့အကြုံတွေဟာ ကိုယ့်အတွက် အဆန်းတကျယ် ဖြ
နေတော့တယ်။

အဲဒီအထဲမှာ မျိုးလွင်ကတော့ အေးအေးဆေးဆေးပါပဲ။ ကိုယ့်
ခေါ်လာပြီး၊ ခပ်တည်တည်နဲ့ အမေ့အိမ် ဖင်ကျောက်ချပြီး နေနေလိုက်တ
စီပွားရှာဖို့ကျတော့လည်း ဘယ်မှာလဲ ငွေရင်းငွေနီး၊ အဲဒီစီးပွားကို
နိုင်လောက်တဲ့ အသက်အရွယ်နဲ့ ရင့်ကျက်မှု၊ ငယ်တာချင်းအတူ
မျိုးလွင် မတွေးတာကို ကိုယ်တွေးနေမိတယ်။ မကြာပါဘူး မျိုးလွင်လည်
ဇာတိပေါ်လာတယ်၊ ဘမျိုး ဘိုးတူ မျိုးလွင်က သူ့အဖေနဲ့ မာကျော
ဝိုင်းတွေဆီ လိုက်လိုက်သွားတယ်။ နေ့လယ်ဆို ခဲအိုတွေ ယောင်းမ
အလုပ်သွားလို့ ကျန်ခဲ့တဲ့ လူလွန်မသားလေးတွေက ကိုယ့်ရဲ့ ကျဉ်းကျပ်
တဲ့ စိတ်ကို ပိုပြီးညစ်ညူးအောင် ထိုးဆွနေတဲ့အရာတွေပါပဲ။ စနစ်တ
ကွပ်ကဲသွန်သင်မှုမရှိ ပရမ်းပတာ ကြီးပြင်းခဲ့တဲ့ ကလေးတွေဟာ ဘ
သူ့ အဆုံးအမကိုမှ ခံယူလေ့မရှိတာဟာလည်း (သူ့အရပ်နှင့် သူ့ဇာတ်ဆ
ကိုယ့်ရဲ့ ခံနိုင်ရည်ကို တွန်းဖြိုနေတဲ့အရာတွေပါပဲ။

ကိုယ် ဒီအိမ်မှာ မပျော်ဘူး။ တစ်နေ့ဝင် တစ်မိုးသောက်လို့ အ
တွေသာကုန်သွားတယ်၊ ဘာမှ အဓိပ္ပာယ်မရှိသလို ခံစားနေရတယ်။
တွေးနောက်ကျမှုတွေကို ပွေ့ပိုက်ပြီး မျိုးလွင် ရင့်ကျက်ကြီးပြင်းလာအေ
ကိုယ် ဘယ်လောက်ကြာကြာ စောင့်နေရမှာလဲ။ တစ်နေ့တော့ အိ
ဝိုင်းကောင်းနေတုန်း အဲဒီအိမ်ပေါ်က ကိုယ် တိတ်တဆိတ် ဆင်းလ
တယ်။ ဒါမျိုးဆို ထမင်းမေ့ ဟင်းမေ့ဖြစ်တတ်တာမို့ ဝိုင်းမှာ အာရုံ
တဲ့ မျိုးလွင်အဖို့ မယားမေ့ (အဲ...မေ့စရာ သားမရှိလို့ တော်သေး
သေး) ဖြစ်နေမှာ အသေအချာပါပဲ။

လိုချင်တာကတော့ ကြယ်တာရာတစ်သင်းနဲ့ လမင်းကြီးထို



ကယ်တမ်း ကိုယ် လက်ခံရရှိလိုက်တာကတော့ ကန္တာရဆူးပန်းတစ်
ပင်မျှသာ ဖြစ်ပါတယ်။

*

ဇာတိမြို့ကို ပြန်ရောက်လာတော့ မျိုးလွင် လိုက်လာခေါ်လိမ့်မယ်
င်နေတာ၊ အချိန်သာ ကြာလာတယ်။ ဘယ်သူမှလိုက်မလာကြဘူး။ ကိုယ်
ည်း မျိုးလွင်အပေါ် သံယောဇဉ်ရှိပေမဲ့ အဲဒီတွင်းဟောင်းမှာ ပြန်မအောင်း
င်တာနဲ့ ပြန်သွားဖို့ စိတ်မကူးတော့ဘူး။ ဒီလိုနဲ့ တာထွက်မှားခဲ့တဲ့
ယ်ဟာ လမ်းခုလပ်မှာတင် (အမေပေးတဲ့ နာမည်အပြင်) လူ့အဖွဲ့
ည်းက ဝိုင်းပေးတဲ့ တစ်ခုလပ်အမည်ကို ကင်ပွန်းမတပ်ဘဲရခဲ့တယ်
ါတော့။

ကိုယ်က အပြစ်ရှိသူပီပီ မိဘတွေမရှိစဉ်ကတည်းက အုပ်ထိန်းခဲ့တဲ့
ခေါ် အပျိုကြီးဆိမပြန်ဝံ့တော့ဘဲ အိမ်ထောင်ကျနေတဲ့ မမရဲ့အရိပ်မှာ
ခိုခဲ့ရတယ်။ မမက စိတ်လေနေမှာစိုးလို့ ဆိုပြီး ကိုယ့်ကို လုပ်ငန်းတစ်ခု
ထောင်ပေးတယ်။ အိမ်နဲ့မနီးမဝေးက ရပ်ကွက်ဈေးကလေးမှာ အဝတ်
ထည်နဲ့ အိမ်သုံးပစ္စည်းရောင်းတဲ့ ဆိုင်ကလေးဖွင့်ပေးတယ်။ အရောင်း
ယ်နဲ့ တွဲပြီး ဈေးကလေးမှာ ရက်ပြန်ပေးချေးတဲ့အလုပ်ပါ တွဲလုပ်လို့
လုပ်က လူကိုသင်ရင်း ဘောင်ဘင်ထနေတဲ့ စိတ်တွေ တည်ငြိမ်ခွင့်
တယ်။

“မင်းကို သိပ်ချစ်လို့ပါကွာ၊ စိတ်မပူပါနဲ့ မင်း မမ မရှိပါဘူး၊
ါ အချစ်ကလေးရဲ့”

ဟင်... သားကောင်ကို ချောင်းမြောင်းနေတဲ့ ဝံပုလွေတစ်ကောင်
သက်သည်းဟာ ကိုယ့်မျက်နှာပေါ် ဝဲလာတဲ့အခါမှာတော့ ဟင့်အင်း

www.burmeseclassic.com

ကိုယ် ဒီလို သေးနုပ်သိမ်ဖျင်းတဲ့ အလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူး[illegible] ဒီလို တန်ဖိုးမဲ့လုပ်ရပ်ဟာ တန်ဖိုးကျနေတဲ့ တစ်ခုလပ်ဆိုတဲ့ လူ[illegible] သတ်မှတ်မှုနဲ့များ ဆိုင်သလား။ အဲဒီ တစ်ခုလပ်ဆိုတဲ့ သတ်မှတ်မှု[illegible] က လူ့ရဲ့ အရောင်အသွေးကို ပြောင်းလဲစေတာလား၊ အရောင်အ[illegible] ကပဲ တစ်ခုလပ်ဆိုတာကြီးကို ရေးချယ်စွန်းထင်းစေတာလား၊ ကို[illegible] မှုးအောင် စဉ်းစားပေမဲ့ အဖြေမပေါ်ခဲ့ဘူး။ ကိုယ့် မမ မရှိတဲ့အချိန်[illegible] ကိုယ့်ရဲ့ အသွေးအသားကို ဝါးမြိုဖို့ ကြိုးစားခဲ့တဲ့ ခဲအိုလုပ်သူရဲ့ [illegible] ပြန်မျက်နှာကြီးကို မီးကျည်ခဲပေါ် တင်ပစ်လိုက်ချင်တယ်၊ ကဲကြမ္မာ [illegible] လို့ တစ်ကြိမ်လွှတ်နိုင်ပေမဲ့ အကြိမ်ကြိမ်လွှတ်ဖို့ မမျှော်မှန်းဝံ့တဲ့ ကို[illegible] ဟာ မျိုးလွင်ကို မတမ်းတစဖူး တမ်းတနေမိတော့တယ်။

တန်ဖိုးကျမိန်းမတစ်ယောက် နောက်ကျောမလုံမယ့် အတူ[illegible] တော့… ကိုယ့်ရဲ့ နောက်ပြန်စိတ်ကူးတွေဟာ မျိုးလွင်တစ်ယောက် [illegible] အလုပ်လုပ်ဖို့ ဖားကန့်ဘက် ထွက်သွားပြီဆိုတဲ့ သတင်းစကားအောင်[illegible] တစ်စစီလွင့်ပျယ်သွားရတော့တယ်။ ကိုယ်ရောက်နေတာ လမ်းဆုံမှာ[illegible] ဒါမှမဟုတ် လမ်းဆုံးမှာလား။ လမ်းပျောက်နေတဲ့ ကိုယ့်အနားမှာ [illegible] တာရာ တစ်လုံးတလေကလေးတောင် လင်းလက်မနေခဲ့ပါဘူး။

ကိုယ့်စိတ်တွေ တိမ်ရှူးလေပွေလို ကတိမ်းကပါးဖြစ်နေချိန်[illegible] ကိုယ့်ရဲ့ရုပ်ခန္ဓာဟာ အဲ့ဖွယ်ကောင်းလောက်အောင် အချိုးစားနား [illegible] ပြေပြစ်နေခဲ့တယ်။ အခုမှ အရွယ်ရောက်လာသလို အသားအ[illegible] စိုပြေဝင်းဝါနေလိုက်တာ နဂိုရှိပြီးသား မျက်နှာအလှနဲ့ ပေါင်းလိုက်[illegible] မြို့ကလေးမှာ ဈေးကလေးမှာ ကာလသားတွေရဲ့ ပါးစပ်ဖျားမှာ [illegible] ဟာ မားသွားပေါ်က ပျားရည်တစ်စက် ဖြစ်ခဲ့တယ်။

တကယ်ဆို မောင်ဟာ ကိုယ့်ဘဝထဲဝင်လာဖို့ အကြောင်း[illegible]



[illegible]ဆိုင်မှု များများစားစားမရှိလှပါဘူး။ ဈေးကြီးထဲက မောင့်ဆိုင်က ပစ္စည်းတွေ [illegible]ကျက်သည်ယူရောင်းရင်းနဲ့ လူချင်း ခင်မင်ရင်းနှီးတဲ့အဆင့်လောက်ပါပဲ။ [illegible]ကို အခွင့်ကောင်းယူပြီး မောင်တစ်ယောက် ဆိုင်မှာ မကြာမကြာ လာ[illegible]ထိုင်နေလေ့ ရှိတယ်။ ကိုယ့်ဆီက ရင်းနှီးခင်မင်မှုတွေကို စပါးကြီးမြွေ[illegible]တစ်ကောင်ရဲ့ ညှို့ယူမှုမျိုးနဲ့ ညှို့ယူနေလိုက်တာ အချိန်ကြာလာသည်နှင့်[illegible] ကိုယ်ဟာ မဆွတ်သေးလို့ မညွတ်ပေမဲ့ မဆွတ်ခင်က ညွတ်ချင်သူ [illegible]တစ်ယောက်အဖြစ် မသေချာချင်ဘဲ သေချာသွားပါတော့တယ်။

ဒီလိုနဲ့ "ဆိုင်မှာ ပစ္စည်းအသစ်တွေရောက်နေတယ် လိုက်ယူပါ" [illegible]ဆိုပြီး ဆိုင်ကယ်နောက်မှာ တင်ခေါ်လာတဲ့ နေ့ကလေးတစ်နေ့တာ မဖိတ်[illegible]ခေါ်ဘဲ ဖြူန်းစားကြီး ရောက်ချလာတော့တယ်၊ သူစိမ်းယောကျ်ားတစ်ယောက်[illegible] ကျောပြင်မှာ ပါးတင်ထိအပ်လို့ လေထုထဲ ထိုးခွဲမောင်းနှင်နေတဲ့ [illegible]ကျောက်စိမ်းဆိုင်ကယ်ပေါ်က ဆက်ရက်တောင်ပံကျိုးကလေးဟာ ဘယ်[illegible]အချိန်ကများ ပွင့်ရှိန်းမြတဲ့အချစ်ကို စတင်တွေ့ထိလိုက်မိပါလိမ့်။ မျက်နှာ[illegible]ကို စတင်လာရောက်ထိမှန်တဲ့ ဆန့်ကျင်ဘက်လေထုရဲ့ ကလူကျီစယ်မှု[illegible]အောက်မှာ ကိုယ့်ရဲ့ဆံပင်ရှည်တွေဟာ ကိုယ့်ရဲ့ စိတ်တွေလိုပဲ လွတ်လပ်[illegible]ရွှင်နေကြတယ်။ အို…ဒါဟာ တကယ်လား။ တကယ်ပဲ ဖြစ်လိုက်ပါ[illegible]တော့၊ ကိုယ့်ရင်ထဲမှာ ယောကျ်ားတစ်ယောက်ကို ပိုင်ဆိုင်ချင်တဲ့ ဆန္ဒ[illegible]ရိုင်းတွေ ဒုန်းစိုင်းနေပါရောလား။ ကိုယ် ဒီလိုပဲ သူ့အနောက်က [illegible]ကပ်တွယ်ပြီး မဆုံးနိုင်တဲ့ ခရီးရှည်ကြီးကို သွားချင်လိုက်တာ။

"ဟော့… လမ်းမှားနေပြီ၊ ဆိုင်ကယ် ဘယ်ကို မောင်းနေတာလဲ"

"စန္ဒဝတ်ရွာဘက်က "ပန်းများသခင်" ဆီကိုပါ။ ဟိုရောက်ရင် [illegible]နီးရောင်စုံတွေကြားမှာ မင်း ပျော်သွားလိမ့်မယ်"

မြို့ပြင်က ရော်ဘာတောအုပ်တွေကြား ကွေ့ကွေ့ကောက်ကောက်

www.burmeseclassic.com

www.burmeseclassic.com



လမ်းကလေးထဲ ခဲရာခဲဆစ်ဝင်ပြီးတဲ့အခါကျမှ တောင်ကုန်းကလေး... ကျော့ရှိပြီး ခင်းကျင်းပြသထားတဲ့ ပန်းရောင်စုံ ဟောဝန်မြိုင်ထဲရောက်သွား... ပါတော့တယ်။ နှင်းဆီ၊ စံပယ်၊ စိန်ချယ်၊ နေကြာနဲ့ အဖိုးတန်သစ်... ပန်းတွေ အစုလိုက် အထွေးလိုက် အကန့်လိုက် အဖြာလိုက် လှလိုက်... ပန်းတွေ၊ မွှေးလိုက်တဲ့ပန်းတွေ မျက်စိပသာဒ ကြည်မြအောင် လှ... သွေးလက်တံနဲ့ ရေးချယ်ထားတဲ့ သဘာဝပန်းချီကားတစ်ချပ်ဟာ အေး... ဆိတ်ငြိမ်တဲ့ နေရာကလေးမှာ လျှောင်းစက်နားနေလို့ပါလား။

"ပန်းသခင်" ဆိုတဲ့ ဆိုင်းဘုတ်လှလှကလေးက ဆီးကြိုနေ... တကယ်တမ်းကျတော့ ပန်းများရဲ့သခင်ဟာ ပန်းတွေရဲ့ အလယ်မှာ... မနေခဲ့ပါဘူး။ ပန်းချီလည်းဆွဲ ပန်းပုလည်းထုတဲ့ ပန်းများရဲ့သခင်... ရန်ကုန်ကို ခရီးယာယီ ထွက်သွားပါသတဲ့။ ခွာညိုပန်းတွေ လည်... ကူးလူးနေတဲ့ ပေါင်းကူးကလေးရဲ့အောက်ကို ခေါင်းဝင်ငုံ့လျှိုး... လိုက်တော့ တောင်ဂမူကလေးပေါ်က ရေတံခွန်ဖြာသွယ်ဆင်းနေတာ... ရတယ်။ တောင်ဂမူကလေးရဲ့ အခြေရောက်တော့ စမ်းရေလျှဉ်ဟာ ... ဂီတတစ်ပုဒ်ကို မပီမသငြီးတွားရွတ်ဆိုရင်း ကျောက်တုံးကျောက်စိုင်... ကို ဖြတ်သန်းစီးဆင်းသွားကြတယ်။

"အဝါရေ အဲဒါက ကိုယ့်သူငယ်ချင်းပန်းချီဆရာ "မိုးသ... ဖန်တီးထားတဲ့ ရေတံခွန်အတုကလေးပါ။ တကယ့်သဘာဝ ရေ... မဟုတ်ဘူး။

"ရေတံခွန်အတု ဟုတ်လား"

ကိုယ် အံ့ဩစိတ်နဲ့ ကလေးတစ်ယောက်လို စီးသွန်... ရေတံခွန်ကလေးဆီ ပြေးသွားပြီး စမ်းရေအေးကို ခပ်ယူကိုင်တွယ်... မှ အို... ဟုတ်ပါရဲ့။ ကျောက်တုံးတွေကြားက မှိုပွင့်တွေ၊ ပန်းခ...

...ဘဲကလေးတွေ၊ အတတ်ပညာနဲ့ လူရဲ့မျက်စိပသာဒအမြင်ကို လှည့်စားထား... ...တာကိုး။ တစ်ခါတစ်ရံမှာ အတုအယောင်တွေဟာ အစစ်အမှန်ထက် ...သဘာဝနဲ့ ပိုပြီး နီးစပ်မှုရှိတယ်ဆိုတာ ကိုယ် သိခွင့်ရလိုက်တယ်။

"BANBOO HOUSE" လို့ ရေးထားတဲ့ ဝါးအိမ်ကလေး... ...ထဲမှာတော့ ကိုယ်ထင်သလို ဆေးစက်ရာတွေ ဗရပွနဲ့ ညစ်ပတ်ပေရေနေတဲ့ ...အလုပ်ခန်းတစ်ခုမဟုတ်ဘဲ သပ်ရပ်သန့်ရှင်းမှုတွေနဲ့ ခင်းကျင်းထားတဲ့ ...ပန်းချီခန်းကလေးက ဆီးကြိုနေပါတော့တယ်။ သူက ဝါးကဲလားကလေးကို ...ဖွင့်ထုတ်လိုက်တော့ အလင်းနုနုကလေးတွေနဲ့အတူ လေပြည်တစ်သင်းပါ ...အခန်းတွင်း ဝင်ရောက်လာကြတယ်။ တောင်စောင်းကို အခြေပြု ကုတ် ...တွယ်ပေါက်နေတဲ့ ကနစိုပင်ပျိုကလေးပေါ်မှာ အမည်မသိငှက်ကလေး ...တွေ တေးသီလို့ပါလား၊ ကောင်းကင်မှာတော့ လေနှင်ရာရွေ့နေတဲ့ တိမ် ...ပါလီတွေဟာ မပီမပြင် ဇာတ်ထုပ်ကို ဟန်လုပ်ခင်းကျင်း ကပြနေကြတယ်။

လေညင်းသယ်ဆောင်လာတဲ့ ပန်းရနံ့သင်းသင်းကလေးတွေရယ်၊ ...စမ်းရေစီးကျ ဂီတသံချိုချိုကလေးတွေရယ်၊ တစ်ကိုင်းကူးယှက် တစ်ခက် ...ကူးလာ ငှက်ကလေးတွေရဲ့ ကျီကျာကျာ တေးအလင်္ကာကလေးတွေရယ်။ ...ကက်ဖွယ် နွေးထွေးရှိန်းမြတဲ့ မောင့်ရဲ့ အချစ်မူးမူးကလေးတွေရယ် ဒီ ...အချိန်မှာ ကိုယ့်အတွက် ပန်းသီးတစ်လုံး မလိုဘူး။ ပေါင်မုန့်တစ်ချပ် ...မလိုဘူး။ ဝိုင်တစ်ခွက်မလိုဘူး။ မောင့်ရှိဖို့ပဲ လိုတယ်။

ဒီအချိန်မှာ ကိုယ် မင်းကို မေ့ထားခဲ့တယ်။ ခင်အေးမို။

*

မစားကောင်းမစားအပ်တဲ့ အသီးကိုမှ တပ်မက်စွာ စားသုံးခဲ့မိတဲ့ ...ကိုယ်ဟာ အပြစ်မဲ့တဲ့ သိုးကလေးတွေအပေါ်လည်း ရက်စက်ခဲ့ပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သမီးနှစ်ယောက်အတွက် ဖခင်တစ်ယောက်ရဲ့ ပေးဆပ်ရမဲ့အချိန်၊ ချစ်ခြင်းမေတ္တာတွေကို လောဘတကြီး လှင်သိမ်းဆည်းပြီး ကိုယ့်အ ပင်ခြေမှာ တသွင်သွင်လောင်းစေခဲ့တယ်။

မျိုးလွင်ရှိရာနောက်ကြောင်း ပြန်လှည့်လို့ မရတာရော၊ အစွမ်းကု ကုတ်ခြစ်တော့မယ့် ခဲအိုရဲ့ ဝံပုလွေလက်သည်းကို ရှောင်တိမ်းချင်တာ တည်ငြိမ်တဲ့အိမ်ထောင်ရှင်မတစ်ယောက် ဖြစ်ချင်တာရော၊ ကိုယ့်ရင်ထဲ ဆန္ဒတွေ ပြည့်သိပ်လျှံကျနေပေမဲ့ တကယ်တမ်း ရရှိလိုက်တာက သေး သိမ်ဖျင်းပေမဲ့ အမှန်တရားတွေ တင်းကြမ်းပြည့်နေတဲ့ ဖတ်ဝန်းကျင် စကားတင်းတွေပါ။

လက်ညှိုးရာထောင်တို့ရဲ့အောက်မှာ မာနကျစ်စာခဲတွေက ဗို့အ မြင့်ဘက်ထရီတစ်လုံးလို သိပ်သည်းမာထန်လာကြတယ်။ မခံချင်စိတ် နှိုးဆွမှုကြောင့် တစ်ဘက်က စီးပွားရေးကို အားသွန်ခွန်စိုက် လုပ်သ တစ်ဘက်ကလည်း ကိုယ့်ရဲ့ ကာယအလှကို လူတကာ တသသ ရလောက်အောင် လေ့ကျင့်ပျိုးထောင်ခဲ့တယ်။ မြို့မှာ လာဖွင့်တဲ့ ကာ အလှသင်တန်းတွေ မှန်သမျှ ကိုယ်မတက်ဘူးတဲ့ သင်တန်း မရှိ ဒါကြောင့် ကိုယ့်ရဲ့ခန္ဓာကိုယ် အချိုးအစားဟာ အသားပိုမရှိ၊ အဆီပို ကွက်တိ။ ယောက္ခမရဲ့ပုံစံခွက်ထဲမှာ မှောက်လျက် လဲနေတဲ့ ခင်အေးမို လင့်ဝတ္တရား၊ သားဝတ္တရားတစ်အိမ်လုံးရဲ့ ဝတ္တရားတွေကြားမှာ ပုံ ပန်းပျက် ဝဖီးလေးလံလာချိန်မှာ ကိုယ်ဟာ ကျော့ရှင်းကော့ရော့တဲ့ မလေးတစ်ကောင်လို မောင့်အာရုံတွေကို ဖမ်းစားနိုင်ခဲ့တယ်။ သည်တုန်း ကိုယ်ဟာ ပြိုင်ဘက်မဲ့ တစ်ယောက်တည်းပြေး၊ တစ်ယောက်တည်း ဝင်ခဲ့တဲ့အဖြစ်ကို နည်းနည်းကလေးတောင်မှ ကိုယ့်ဘာသာကိုယ် ခဲ့ဘူး။



ခုနှစ်ရက်စာ ပါးစပ်လက်နက်တွေ အပစ်အခတ်စဲသွားတဲ့အခါ ရပ်ကွက်ကလေး၊ ဈေးကလေး ပတ်ဝန်းကျင်မှာ ကိုယ်တို့နှစ်ယောက်ဟာ အလွန်လိုက်ဖက်တင့်မောတဲ့ အိမ်ထောင်ဖက်တစ်စုံ ဖြစ်လာခဲ့တယ်။ မောင်ကတော့ လိပ်ပြာတစ်ကောင်ရဲ့ ကူးလူးယှက်နွယ်မှုမျိုးနဲ့ ကိုယ်နှင့် ခင်အေးမိုကြားမှာ တစ်လှည့်စီ နားနေတော့တယ်။

သည်တုန်းက ကိုယ်ဟာ ပျိုမြစ်နုနယ်မှုတွေနဲ့ တက်ကြွပျော်ရွှင် ဖွယ် နေ့ရက်တွေကို အတ္တလက်တံရှည်ရှည်နဲ့ သိမ်းပိုက်ထားမိတယ်။ မောင့်ရဲ့ အထောက်အကူနဲ့ ကိုယ့်ရဲ့ဖွဲ့မာန်တို့ ရင်းနှီးပေါင်းစပ်မှုရလာဒ်က လုပ်ငန်းတွေ တစ်ခုပြီးတစ်ခု တိုးချဲ့ရလောက်အောင် ငွေကြေးဥစ္စာ တိုးပွားစည်ပင်လာခြင်းပါပဲ။ ရပ်ကွက်ကလေးထဲမှာ လုပ်ငန်းရှင် သူဌေးပေါက်စ လင်မယားအဖြစ် လူတွေက အသိအမှတ် ပြုကုန်ကြပြီ။

မောင်က သမီးနှစ်ယောက်ကို ဆိုင်ကယ်ပေါ်တင်ပြီး အိမ်ကို ခေါ်လာတဲ့အခါ ကိုယ်ဟာ မောင့်သွေးတွေ ရောယှက်ရှင်သန်နေတဲ့ သမီးလေးတွေကို မငြူမစူ လက်ခံစပြုလာတယ်။ ကလေးတွေကလည်း လက်သာတဲ့ ကိုယ့်အိမ်မှာ ပျော်ကြတယ်။ ခင်အေးမိုကိုတော့ ကိုယ့်ရဲ့ ပြိုင်ဘက်တစ်ယောက်လို သဘောထားတုန်း။ အဝတ်ဆိုရင် ခင်အေးမို မဝတ်ခင်ကိုယ်က ကိုယ်ပေါ်အရင် တင်ပြီးသား။ မျက်နှာလိမ်း မိတ်ကပ် ခရင်မ်တွေကအစ ကိုယ်လိမ်းပေါင်ဒါ ရေမွှေးအဆုံး ခင်အေးမိုသုံးတာ ထက် တန်ဖိုးမြင့်တာမှ။ အရာရာမှာ ကိုယ်က ခင်အေးမိုထက် သာလိုစိတ် ဟာ ဘယ်တော့မှ အရှိန်မသေတဲ့မီးလင်းဖိုတစ်ခုလို ပုရှိန်းသောင် မြိုက်ရှ မျိုးနှင့်ပေါ့။

ကိုယ့်ရဲ့ အတ္တမီးခဲဟာ ဘယ်လောက်အထိ အရှိန်တရဲရဲတက်နေ သလဲ ဆိုရင် ခင်အေးမိုက သမီးချည်းမွေးလို့ သားယောကျာ်းလေးလို

www.burmeseclassic.com

www.burmeseclassic.com



ချင်နေတဲ့ မောင့်ရဲ့ ဆန္ဒတွေကိုတောင် မဖြည့်ဆည်းနိုင်လောက်အောင်ပါပဲ။ ကိုယ့်စိတ်ကူးအနုကမ္ဘာကလေးထဲမှာ ကလေးတစ်ယောက်ရဲ့ ငိုသံမပါဘူး။ ကလေးဂျီကျလို့ ထရတဲ့ အိပ်ပျက်ညတွေမပါဘူး။ ကလေးနေမကောင်းလို့ ဗျာပါရိုက်ပြီး ဆေးခန်းပြေးရတဲ့ မြှတ်စဖြင်းတောင်းနေ့ရက်တွေမပါဘူး။ အချိန်ကြာလာတာနှင့်အမျှ အစဉ်အမြဲ ရှင်းသန့်ပြေပြစ်တဲ့ လှပကျော့ရှင်းမှုတွေကို ပိုင်ဆိုင်ထားနိုင်ဖို့ ကိုယ်ဟာဆေးကဒ်တွေကို အားကိုးတကြီး သုံးစွဲနေရတော့တယ်။

အလုပ်တွေများလို့ အမေ့မေ့အလျော့လျော့ဖြစ်ပြီး ပုံမှန်မဟုတ်တော့တဲ့အခါ ကိုယ်ဟာ မြို့စွန်ရပ်ကွက်ကလေးက ဒေါ်ဘုတ်ရဲ့ အိမ်ကို အကြိမ်ကြိမ်ရောက်ခဲ့ရတယ်။ ဒေါ်ဘုတ်ဟာ ကိုယ်တို့မြို့ကလေးမှာ ဘာအလုပ်နဲ့ အသက်မွေးတယ်ဆိုတာ ပြောစရာမလိုလောက်အောင် လူတိုင်းသိပြီးသားပါ။ ဒါဟာ အန္တရာယ်ကို လက်ရပ်ဖိတ်ခေါ်နေတာမို့ ဒေါ်ဘုတ်အိမ်သွားတဲ့ကိစ္စကို မောင်ကလည်း သဘောမမျှခဲ့ဘူး။ ကိုယ်အစိုးရိမ်ဆုံးက ကိုယ့်အလှပန်းတွေ ညှိုးနွမ်းသွားမှာ ခန္ဓာကိုယ်အချိုးအဆက်တွေပျက်ယွင်းသွားမှာ၊ မောင့်ရဲ့ဆန္ဒမြားစင်းတွေ ကိုယ့်ပစ်မှတ်ထဲက လွဲချော်ထွက်သွားမှာ၊ ပြီးတော့ ခင်အေးမို့။ ကိုယ့်ရဲ့ အငုံ့စိတ်ထဲမှာ အမြဲတမ်းအားပြိုင်နေတဲ့ ခင်အေးမို့ အနိုင်ရသွားမှာ။

ကိုယ်ဟာ စပါးရိတ်သိမ်းပြီးစ လယ်ကွင်းတွေမှာ တစ်စေ့မကျန်ကောက်သင်းဝင်ကောက်ချင်နေတဲ့ လယ်ပိုင်ရှင်လို လောဘမျိုးနဲ့ စီးပွားတွေကို ကြုံးရှာ၊ အချိန်တွေကို ဆွဲလု၊ အချစ်တွေကို အပိုင်သိမ်း၊ မိုက်မလင်းနိုင်တဲ့ ချဉ်ခြင်းအာလျှတွေ အထပ်ထပ်ရစ်ပတ်ပြီး အမှောင်လမ်းထဲတိုးဝင်နေခဲ့တာ ဆယ်စုနှစ် တစ်ခုနီးပါးပါပဲ။

ရွှေမရှား၊ ငွေမရှား၊ လက်ညှိုးသွားရာ လိုရာပြည့်တဲ့အချိန်ကျ



ပြတင်းတံခါးကို တွန်းဖွင့်ပြီး ဝင်ချလာတဲ့ ထိတ်လန့်ဖွယ် အဖြစ်ဆိုးနဲ့ မြှန်းခနဲ ပက်ပင်းတိုးခဲ့ရတယ်။ အစိုးမရမှုတွေကို မေ့လျော့ထားမိတဲ့ ကိုယ်ဟာ ဒဏ်ရာအနာတရဖြစ်လို့ အသုံးမတည့်တော့တဲ့ ဝန်ချီစက်တစ်လုံးလို ပျက်စီးပြိုယွင်းမှုမျိုးနဲ့ ရင်ဆိုင်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးမိခဲ့ဘူး။

အခွင့်မသာလို့ ပုန်းလျှိုးကွယ်လျှိုး ချောင်းမြောင်းနေခဲ့တဲ့ ကြမ္မာမဆိုးဟာ မလန်းဆန်းတော့ဘဲ တစ်ပတ်နွမ်းအလှတွေကို အစွမ်းကုန် ပစ်ခတ် ချေပစ်တော့တာပါပဲ။ နောက်ဆုံးတော့ ကိုယ်ဟာ မြို့ကလေးရဲ့ ဆေးရုံကြီး အထူးခန်းတစ်နေရာမှာ လက်ကျန်အသက်ကလေးကို အလုအယက် ရှူနေရတဲ့ အရိုးပေါ် အရေတင်ကလေးအဖြစ်နဲ့။ ကိုယ် ပင်ပင်ပန်းပန်း ရှာဖွေထားတဲ့ စည်းစိမ်ဥစ္စာတွေ၊ လွတ်ထွက်သွားမှာစိုးလို့ အကြိမ်ကြိမ်ထုပ်သိမ်းခဲ့ရတဲ့ မောင့်ရဲ့အချစ်တွေ၊ ပင့်ကူတစ်ကောင်ရဲ့ အစေးမျှင်တွေလို ဖြန့်ကျက်ဆွဲငင်နိုင်စွမ်းတယ်လို့ ကိုယ်ထင်တဲ့ အသွေးအသား၊ ခန္ဓာအလှတရားတွေ ဘယ်ရောက်ကုန်ပြီလဲ။

ဟင့်အင်း…ကျေးဇူးပြုပြီး ကိုယ့်အနားကို ကြည့်မှန်တစ်ချပ် မယူခဲ့ပါနဲ့ကွယ်။ ပျောက်ဆုံးသွားတဲ့ ဇင်ယော်တောင်မျက်ခုံးကလေးရယ်၊ စူးလက်လက်ညှို့မျက်ဝန်းအစုံရယ်၊ ပါးချိုင့်ကလေးအိပ်နေတဲ့ ပါးဖောင်းဖောင်းကလေးရယ်၊ ဆွဲငင်အားကောင်းတဲ့ ထူတွဲတွဲနှုတ်ခမ်းအစုံရယ်၊ ကိုယ် မရှာဖွေချင်တော့လို့ပါ။ ကျေးဇူးပြုပြီး။

အကြိမ်ကြိမ် ထိခိုက်အနာတရဖြစ်ခဲ့လို့ ဖောက်ပြန်ဖိစီးလာတဲ့ ဝေဒနာကို "သားအိမ်ကင်ဆာ"လို့ အမည်တပ်လိုက်တဲ့နေ့က ကိုယ့်ရဲ့ စိတ်ဓာတ်တွေဟာ ချောက်ကမ်းပါးစွန်းအောက်ကို ပြိုကျလိမ့်ဆင်းသွားကြတယ်။ ခေတ္တခဏ အသက်ရှူရပ်သွားပြီး မျက်လုံးအပြည့်တွေ တစ်

www.burmeseclassic.com



နေရာတည်း မရွေ့မလျား ရပ်တံ့သွားကြတယ်။ မျက်လုံးသေတွေ၊ ကိုယ့်ရဲ့ မျက်လုံးသေတွေ။ ဟင်…ဒီမျက်လုံးမျိုး ကိုယ်မြင်ဖူးပါတယ်။ ဘယ်မှာပါလိမ့်။ အလို…ဒီမျက်လုံးဟာ ခင်အေးမိုရဲ့ မျက်လုံးတွေပါလား။ ဘဝမှာ အလိုဆန္ဒတွေ မပြည့်ဝ မရှင်သန်လာတဲ့အခါ တွေ့ရတတ်တဲ့ မျက်လုံးတွေ။

စာနာစိတ်တွေ ကိုယ့်ရင်ထဲ နက်နက်ရှိုင်းရှိုင်း တိုးဝင်လာချိန်မှာ နောက်ကျ နောင်တတွေဟာ ရင်ဘတ်ထဲအပြည့် လေးလံဖိစီးထားကြပါပြီ။ ဝန်တင်လားတစ်ကောင်ရဲ့ တွန်းထိုးရုန်းကန်မှုမျိုးနဲ့ ဝေဒနာမီးလျှံတွေကို ခက်ခက်ခဲခဲ ဖြတ်ကျော်နေရတာ ပင်ပန်းလွန်းလှတယ်။ ကြေကွဲဆို့နင့်မှုတွေကတော့ အေးခဲနေတဲ့ မျက်ရည်တွေကိုတောင် အရည်ဖျော်မပေးနိုင်တော့ပါဘူး။ ကိုယ်နေရမဲ့အချိန်တွေ သိပ်နည်းလာပြီ။ မကြာခင် ရော်ရင့်ရွက်ဝါကလေး ဖြုတ်ခနဲ့။

ဟော…ခြေသံကြားတယ်၊ ဘယ်သူလဲ… ခင်အေးမိုလားဟင်။

(ကလျာမဂ္ဂဇင်း၊ ၂၀၀၀၊ ဩဂုတ်လ)

# သက်ရောက်မှုဂုဏ်ရည်

ခြံဝတွင် ပြန့်ကျဲနေသော အိုးခြမ်းကွဲများကို မြင်သည်နှင့် နားလည်သဘောပေါက်စွာ နှမျောတသ ယူကြုံးမရစိတ်တို့ ငယ်ထိပ်ပြေးဆောင့်လာလေသည်။ တစ်လမ်းလုံး ဒွိဟတွေနှင့် နပန်းလုံးခဲ့သော ကျွန်မ၊ မဟုတ်ပါစေနဲ့ဟု အခါခါဆုတောင်းခဲ့ရသော ဆုတောင်းတို့၏ လွဲချော်မှု၊ ရောက်လာမည်မှန်းသိသော်လည်း ထိုသေခြင်းတရားအတွက် ကြိုတင်ပြင်ဆင်မှု အသင့်မရှိခဲ့သော အနေအထားက ခရီးဝေးမှလာခဲ့သူ ကျွန်မကို ရင်ဆို့သည်းနင့်စေခဲ့ပြီ။

"အမေ…လေဖြတ်…အမြန်လာ"

ကြေးနန်းစာရွက်ပေါ်မှ "အမေ လေဖြတ်" ဆိုသည့် စကားလုံးက ကျွန်မ မျက်နှာကို ကန့်လန့်ဖြတ်ရိုက်ချလိုက်သည်။

"အမေလေဖြတ်ပြီး အိပ်ရာထဲလဲနေမှာကို သိပ်စိုးတယ်။ နှစ်ရှည်လများ အိမ်ကလူတွေကို ဒုက္ခပေးရမှာမလိုလားဘူး။ သေမယ်ဆိုရင်တောင် အဲဒီလို အိပ်ရာပေါ်လဲနေတဲ့ နာတာရှည် ရောဂါမျိုးနဲ့ မသေပါစေနဲ့"

အမေ မကြာခဏ ပြောလေ့ရှိသော စိုးရွံ့မှုတို့ အမေ့သံ ဆိုက်ဆိုက်

www.burmeseclassic.com

www.burmeseclassic.com



မြိုက်မြိုက် ရောက်လာပြီကော။ အိပ်ရာထဲပက်လက်မနေရဘဲ လေဖြတ်ပြီး ရက်မကြာခင် အသက်ပါ ပါသွားသည်က အမေ့ဆန္ဒကို တစ်ဘက် တစ်လမ်းက ဖြည့်ဆည်းပေးနေခြင်းပင်လား။

အိမ်ပေါ်သို့ လှမ်းတက်လိုက်သည်နှင့် အမေ့ကိုတပြီး အော်ငိုလိုက်သော ညီမ၏ အသံက နားအိမ်မှ တဆင့် အသွေးအသားတစ်ကိုယ်လုံးသို့ တစ်မဟုတ်ချင်း ဖြတ်စီးသွားသည်။ အမေ့သက်မဲ့ ခန္ဓာကိုယ်သည် ယောဂီဝတ်ရုံလွှမ်းခြုံလျက် သက်ရှိလူတွေ၏ ပူပင်သောကကို ဥပေက္ခာပြုကာ ငြိမ်သက်အေးချမ်းနေသည်။ "အမေသေရင် ယောဂီအဝတ်နဲ့ပဲ သေချင်တယ်" အမေ့အသံသည် အဝေးတစ်နေရာမှ ပျံ့လွင့်လာပြန်သည်။

ကျွန်မ အလောင်းစင်အနီး ဒူးထောက်ထိုင်ချကာ အမေ့ကို ထိခြင်းငါးပါးဖြင့် နောက်ဆုံးကန်တော့လိုက်သည်။ ရင်ထဲသို့ တင်းကြပ်ဆို့နင့်မှုများ ပြည့်သိပ်လာသော်လည်း လှိုက်လှဲသည်းထန်ငိုကြွေးခြင်းမပြုမိ။ အမေနှင့် ကျွန်မကြား တံတိုင်းတစ်ခု ကာရံထားသလို ကျွန်မရင်သည် နာကျင်တင်းကြပ်နေသည်။

တကယ်တော့ ထိုတံတိုင်းသည် ကျွန်မ၏ ပညာရေးလမ်းကြောင်း အုတ်မြစ်မခိုင်မာမှုမှ စတင်မြစ်ဖျားခံခဲ့သည်ဟု ယူဆလျှင် ရနိုင်ကောင်းပါသည်။ သားသမီးတွေအထဲမှာ ကျွန်မက အရည်အသွေးအညံ့ဆုံးသမီး၊ အမေစိတ်တိုင်းမကျသောသမီး၊ အမေ့မျှော်လင့်ချက်တွေကို ဖွဲ့ချေခဲ့သော သမီး၊ အမည်ထိုးကမ္ပည်းတပ်ဖို့ မလုံလောက်နိုင်သော ကျွန်မ၏ ခပ်ညံ့ညံ့ အရည်အချင်းများကြောင့် ကျွန်မသည် အမေ့ချစ်ခင်ကြင်နာမှု၊ အမေ့ နွေးထွေးဖော်ရွေမှု၊ အမေ့ ပျော့ပြောင်းညင်သာမှုတို့နှင့် ဝေးကွာခဲ့ရသည်။

အမေက စာမတော်သောသမီးကို ချစ်ယောင်မပြ၊ သမီးဟုပင် မခေါ်၊ ကျွန်မ၏ ငယ်ဘဝသည် ရင်ခွင်နွေးနွေးတစ်ခု ပျောက်ဆုံးလျက်



ကျောင်းအုပ်ဆရာမကြီးတစ်ယောက်ရဲ့ အတ္တအကျဉ်းသားဖြစ်ခဲ့သည်။ မွေးဖွားစဉ်က ပေါင်မပြည့်ခဲ့သော၊ မွေးဖွားပြီးတော့လည်း ရောဂါဘယ ထူပြောစွာ မှတ်ဉာဏ်နည်းပါးခဲ့သော သမီးတစ်ယောက်၊ အရာရာတွင် စူးရှထက်မြက် ရှေ့တန်းရောက်လိုသော အမေ့ဝမ်းတွင်းသို့ ရောက်ရှိ ဝင်စားခြင်းသည် ရွှံ့စောင်းနေသော ချိန်ခွင်ညှာပေါ်မှ အရာဝတ္ထုပစ္စည်းတွေလို ဘက်မစုံ အံမကျ ကမောက်ကမနိုင်ခဲ့ရလေသည်။ ကျွန်မနှင့် ပတ်သက်လျှင် အမေ့အဖို့ စိတ်တိုင်းမကျ အလိုမပြည့်မှုများဖြင့် အစဉ် လုံးထွေးနေရပြီး ကျွန်မအဖို့မူ မလုံမလဲ သိမ်ငယ်စိတ်တို့ဖြင့် ကျဉ်းကြပ် ပင်ပန်းစွာ ကြီးပြင်းခဲ့ရသည်။

တကယ်တော့ အမေသည် စည်းစနစ်ကြီးသော၊ စာသင်လောဘကြီးသော၊ လက်ထောက်ဆရာတွေအပေါ် ခပ်ကြပ်ကြပ်ကိုင်တွယ်တတ်သော ကျောင်းသားတွေကို အကြမ်းပတမ်းရိုက်နှက်ဆုံးမတတ်သော ခပ်ဆိုးဆိုး ကျောင်းအုပ်ဆရာမကြီးတစ်ယောက်ပင် ဖြစ်သည်။ အမေ့ကျောင်းသည် သထုံမြို့ ဓမ္မမေဒနီမူလတန်းကျောင်းဖြစ်ပြီး ထိုခေတ်က စကောလားရှစ်ဆုတွေ နှစ်စဉ်နှစ်တိုင်း ဆွတ်ခူးရရှိသဖြင့် ပညာရေးလောကတွင် ဒိတ်ဒိတ်ပြေးနေသော ကျောင်းဖြစ်သည်။ အမေ့ကျောင်းက စကောလားရှစ် ခြောက်ယောက်သွင်း ခြောက်ယောက်အောင်၏။ ခုနစ်ယောက်သွင်း ခုနစ်ယောက်အောင်၏။ မြို့နယ်စုခေတ်ရောက် ပြန်တော့ ပထမ၊ ဒုတိယ၊ တတိယဆုတွေအပြင် ရိုးရိုးအမှတ်အလိုက် တန်းစီဆုများကိုလည်း သိမ်းကြုံးယူလိုက်သေး၏။ တစ်မြို့နယ်လုံး မြို့နယ်ဆု အယောက်နှစ်ဆယ်ပေးပါက အမေ့ကျောင်းမှ တစ်ဆယ့်သုံးယောက်ခန့် ပါစမြဲ။ သည်တော့ အမေ့ ကျောင်းနာမည်မကြီး မည်သည့်ကျောင်းနာမည်ကြီးမည်နည်း။

အမေစာသင်လျှင် စနစ်ကျန စီးစီးပိုင်ပိုင် ရှိလှသည်။ အထူးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သင်္ချာဘာသာသင်ကြားလျှင် သဘောတရားကို နှုတ်ဖြင့် အရင်ရှင်းသည်။ ပြီးလျှင် တပည့်တစ်ယောက်စီနှင့် အမေးအဖြေပြုလုပ်သည်။ ပြီးမှ ချတွက်စေသည်။ သင်္ချာတစ်ပုဒ်ကို သင်ပုန်းကြီးပေါ်မှာ ဘယ်တော့မှ တွက်မပြပေ။ နာရီပုစ္ဆာလို၊ တန်၊ ဟန္ဒြိတ် အလေးချိန်ပုစ္ဆာလို ခက်ခဲသော သင်္ချာသဘောတရားများကို ကလေးတွေ အလွယ်တကူ ရှင်းလင်းနားလည်အောင် သင်ကြားနိုင်သည်။ သင်္ချာမှာ နည်းပေါင်းများစွာ ရှိသည့်အနက် တွက်ချက်ရာ၌ လွယ်ကူပြီး အဖြေမှန်ရသောနည်းကို အသုံးပြုစေသည်။

သန့်ရှင်းသပ်ရပ်မှုအတွက် ကျောင်းသားတွေ၏ ဗလာစာအုပ်များကို ဆင်တူအဖုံးများ သူကိုယ်တိုင်ဖုံး၏။ လက်ရေးလက်သားကိုလည်း အထူးဂရုစိုက်လှ၏။ အဆွဲအငင်မမှန်ကန်မှုကိုလည်း အကြီးအကျယ် နှိပ်ကွပ်၏။ စာလုံးပေါင်း အကျအပေါက်များယွင်းမှုကို ဘယ်တော့မှ ခွင့်မလွှတ်။ စာပိုဒ်အစနေရာယူမှုကိုပင် တိကျသေချာစေချင်သည်။

တပည့်များသည် အမေက လက်ခေါက်များကို ပေတံစောင်းဖြင့် နာနာခုတ်ထားသဖြင့် လက်ရေးလက်သား ညီညာလှပကြ၏။ အခြားကျောင်းသားများ၏ အဖြေလွှာများထဲမှ သူ့ကျောင်းမှ ကျောင်းသားများ၏ အဖြေလွှာတို့ကို ခုံနံပါတ်မကြည့် လက်ရေးကိုသာကြည့်၍ လက်တန်းခွဲထုတ်ပြနိုင်သည်။ အဲသည်လောက် အမေက ဆန်ရင်းနာနာဖွတ်၊ အိုးကောင်း နာနာဖုတ်ခဲ့သည်။

ကျောင်းသားမိဘတွေ ကျောင်းလာအပ်စဉ်က "မကျိုးမကန်းရင်တော်ပါပြီ ရိုက်သာရိုက်ပါ" ဟု ပြောဆိုအပ်နှံကြသော်လည်း တကယ်တန်းရိုက်ပြီဆိုလျှင်တော့ ရုံးရောက်ဂတ်ရောက် ဖြစ်ကုန်တော့သည်။ အမေ ထာ သူ့"မှု"မှ တစ်ပြားမှမလျော့။ သွားလေ၊ ဘယ်ဂတ်သွားမလဲ...ကျောင်းချုပ်ခြင်းဆွဲလျက် လိုက်ရန်အသင့်။



အမေ့ကျောင်းသို့ ပြောင်းရွှေ့အော်ဒါရသော ဆရာမများမှာ ငိုကြီးချက်မဖြစ်သည်အထိ အမေ့အရှိန်အဝါကို ကြောက်လန့်ကြသည်။ စာသင်သလာဘကြီးသည်သာမဟုတ်။ အခြားစာရင်းဇယား၊ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာလည်း မလစ်ဟာစေရ။ ကျောင်းသို့ စစ်ဆေးရေး ဘယ်အချိန်ဝင်ဝင်အမေက အဆင်သင့်၊ အဲဒီလောက် သူ့လက်ထောက်တွေကို မောင်းထားသော့ ဆရာမအသစ်ကလေးတွေ အမေ့ကျောင်းရောက်ရမည်ကို ကျားမြီးဆွဲသည်ထက် ကြောက်ကြသည်မှာ မဆန်းပေ။ အတွင်းခံဘော်လီအင်္ကျီတို့ ၍ခါးပေါ်နေသော ဆရာမ၊ လစ်ရင်လစ်သလို အပါးခိုု၍ စကားတွတ်ထိုးသော ဆရာမတို့ အမေ့စကားလက်နက်ဖြင့် ပစ်ခတ်ခြင်း ခံရတော့သည်။

"အဲဒီလို ကလေးတွေရဲ့ အချိန်တွေကို ခိုးယူနေခြင်းဟာ ကလေးတွေရဲ့ ဦးခေါင်းကို နေ့စဉ် နင်းနေတာနဲ့ အတူတူပဲ"

စည်းကမ်းနှင့် ပတ်သက်လျှင် ထိုသို့ ညှာလေ့မရှိသလို ပညာရေးဆိုင်ရာ ဆွေးနွေးပွဲများတွင် အာပေါင်အာရင်းသန်သန်ဖြင့် အမေ ဆွေးနွေးလေ့ရှိသည်။ မှန်သည်ထင်လျှင် မည်သူ့ကိုမှ ထီမထင်ကတ်သော ကြက်ခေါင်းဆိတ်မခံ စိတ်မာတ်ကြောင့် ထိုခေတ်ပညာရေးလောကတွင် ဒေါ်သန်းစိန်ဟော့"ဆိုလျှင် နည်းနည်းတော့ ဖြုံသည်။

အမေသည် နံနက် (၈) နာရီ ဒေါင်ခနဲဆိုသည်နှင့် ကျောင်းသို့သွားတော့သည်။ ထမင်းချိုင့်ကနောက်က လိုက်ပေရော့။ အဖေက ယောက်ျားပြီး ဈေးသွား၊ ထမင်းချက်၊ သားသမီးတွေကို အုပ်ထိန်း၊ နေ့စဉ်မေ့ကျောင်းသို့ ထမင်းချိုင့်ပို့ပြီးမှ ရုံးတက်လေ့ရှိသည်။ အမေတို့ခေတ်င်းက ကျူရှင်တွေ ခေတ်မစားသေး။ သို့တိုင် အမေသည် နံနက် (၆)ရီ ကျောင်းတက်၍ ညနေ (၅) နာရီမှ ကျောင်းဆင်းသည်။ ည (၆)နာရီ(၉) နာရီအထိ လေးတန်းကျောင်းသားတွေကို အိမ်မှာ စာခေါ်ကျက်စေ

www.burmeseclassic.com



သည်။ စနေ၊ တနင်္ဂနွေဆိုလျှင်လည်း အိမ်မှာ ကျောင်းသားတွေ တရှန်းရှန်း[illegible]

တစ်ခါတော့ ကျွန်မတို့မြို့ကို သူပုန်က ဝင်စီးလေသည်။ ထိုည[illegible]
သည် ကျွန်မဘဝ၏ မမေ့နိုင်သော ညတစ်ညလည်းဖြစ်သေး၏။ သည[illegible]
လောက် ဆူပူမငြိမ်မသက်ဖြစ်နေသော ကာလတွင် အမေသည် သူ့ကျောင်း[illegible]
သားတွေကို ညအိပ် အိမ်ခေါ်စာသင်၏။ ထိုညက မြို့ကို ဝင်စီးလေရာ[illegible]
ကျွန်မတို့ခြံနှင့် ကပ်လျက် ဓာတ်မီးစက်ကြီးကို အဓိကပစ်၏။ မီးစက်ဝင်[illegible]
အတွင်းမှ ကတုတ်ကင်းမှလည်း ကာပစ်ပြန်၏။

ကျွန်မတို့မှာ အိမ်မကြီးပေါ်မှ ခြံထောင့်ရှိ ဗုံးခိုကျင်းထဲ ဆင်းပြေး[illegible]
ရ၏။ တကယ်တန်းကျတော့ အမေ့ကျောင်းသားတွေကို ဦးစားပေး[illegible]
စေသည်နှင့် ဗုံးခိုကျင်းပြည့်သွားလေရာ အမေ့သားသမီးတွေမှာ အပြင်တွ[illegible]
ငုတ်တုတ်။ တစ်စ...တစ်စ တိုက်ပွဲပြင်းထန်လာသည်နှင့် ကျည်မလွတ်[illegible]
ဘဲ ရှိရာ နောက်ဆုံးခြံအနောက်ဘက် ဘုန်းကြီးကျောင်းထဲ ပြေးပုန်းခိုခဲ့[illegible]
သည်။ မနက်လင်းသည်နှင့် သူပုန်တော့ ဘယ်လိုနေသည်မသိ။ ကျွန်မ[illegible]
အိမ်ရှေ့မှာ ကျောင်းသားမိဘတွေ ခြေချင်းလိမ်နေတော့သည်။ သူ့သားသ[illegible]
ကိုယ့်သားသမီး စဉ်းစားသာကြည့်ပေရော့။

အမေက အဲသည်လို စာသင်လောဘကြီးသည်။ စာသင်လောဘကြီး[illegible]
သည် သာမဟုတ်၊ ဒေါသလည်းကြီး၏။ ပြောစကား နားမထောင်လျှင် အ[illegible]
ထားသမျှ မှတ်မထားလျှင် အမေ ဒေါသတွေ အထွင့်အထိပ်ရောက်[illegible]
နှစ်လုံးပူးကြိမ်ကြေအောင် ရိုက်တတ်သည်။ အမေ့အသံသည် ကျယ်လော[illegible]
၏။ တိကျပြတ်သား၏။ အမေ့အကြည့်သည် ကြည်လင်စူးရှ၏။ အ[illegible]
သူသည် ပြစ်မှုတစ်ခုတစ်ရာ ကျူးလွန်ထားပါက ထိုသူသည် အမေ့အ[illegible]
စူးစူးအောက်တွင် ဖြောင့်ချက်ပေးပြီးသား ဖြစ်နေသည်။

အမေ့တပည့်များကား အမေ့ကို လွန်စွာ ကြောက်ကြကုန်[illegible]

[illegible]းတန်းအောင်သွားသော သူ့တပည့်ဟောင်းတစ်ယောက် အမေ့ကျောင်း
[illegible]ချိန် ညနေငါးနာရီတွင် လမ်းဘေး၌ ဂေါ်လီရိုက်နေတာကို တွေ့ရှိပါက
[illegible]အချိန် လမ်းပေါ်မှာ ရှိနေရသလား” ဆိုပြီး တွေ့သည့်နေရာတွင် နားရင်း
[illegible]ပ်တော့သည်။

ကလေးတွေက ဒီဆရာမကြီးလက်က ငါးတန်းလည်းမလွတ်
[illegible]ကျောက်တန်းလည်းမလွတ်ဟု ဆိုပြီး ငိုကြသည်။ တစ်ခါကလည်း ကျောင်း
[illegible]း မိဘတစ်ယောက် လမ်းမှာဆီးတိုင်၏။

“ဆရာမကြီးရယ်...လုပ်ပါဦး၊ ဆရာမကြီးတပည့်ကို၊ အပေါင်း
[illegible]သင်းမှားပြီး ခပ်ပျက်ပျက်မိန်းမတစ်ယောက်နဲ့ တွဲနေတယ်။ ကျွန်တော်
[illegible] မနိုင်တော့ဘူး။ ဆရာမကြီး ခေါ်ပြောပါဦး”

ထိုညက အတိုင်ခံရသော တပည့်သည် အိမ်ရောက်လာကာ
[illegible]ရှေ့မှာ ထိုင်နေသည်မှာ အသားတဆတ်ဆတ်တုန်နေတော့သည်။

“မင်း ငယ်ငယ်ကလိုပဲ ဆရာမကြီးကို ချစ်နေသေးတယ်။ ကြောက်
[illegible]သေးတယ်။ လေးစားနေသေးတယ် ယူဆလို့ ဆရာမကြီး အခုလိုခေါ်
[illegible]ရခြင်းဖြစ်တယ်”

အစချီပြီး အမေသည် သူ၏ အောင်မြင်ပြတ်သားသော အသံ၊
[illegible]င်မြောက်ထိရှသော စကားလုံးများဖြင့် ဆုံးမစကားရှည်ကြီးပြောလေ
[illegible]ည်။

သီတင်းကျွတ်၊ တန်ဆောင်တိုင်ဆိုလျှင် ကျွန်မတို့အိမ်မှာ ဖယောင်း
[illegible]မုန့်ပဲသရေစာများ ပုံနေတော့သည်။ မိသားစုချင်း၏ အမေ့လက်ထွက်
[illegible]ည့်များ အကြီးဆုံးမှ အငယ်ဆုံးအထိ တန်းစီပြီး ရောက်လာကြသည်။
[illegible]ဆက်အတိုင်း အလယ်တန်း၊ အထက်တန်းသို့ ရောက်သွားသော
[illegible]ကျောင်းသားများ၊ ထိုနှစ်အဖို့ စာမေးပွဲအောင်ထားသူက ခေါင်းမော့

www.burmeseclassic.com

www.burmeseclassic.com



ရင်ကော့၍ ဝင်လာ၏။ စာမေးပွဲရှုံးထားသူက ကုတ်ချောင်း၊ ကုတ်ချော နှင့် ထိုင်လျှင်လည်း ခပ်ကွယ်ကွယ်ကလေးထိုင်၏။

"ဘယ်မှာလဲ...။ မောင်...ဘယ်သူရောဟေ့"

ဆိုမှ မျက်နှာကို မငုံ့မရဲပြု၏။

အမေ့ဩဇာတွေက သူတို့ကလေးတွေဆုံးမခက်ခဲနေလျှင် ဆရာ ကြီးဆီကို အိပ်ယာလိပ်နဲ့ ပို့မယ်ဟု ခြိမ်းခြောက်လိုက်သည်နှင့် ကိစ္စပြီးေ ၏။ ဆရာမကြီးဆီကို နေ့မှာ သည်လောက်ကြောက်နေရလျှင် အိ ညပါလိုက်အိပ်ရမည်ဆိုပါက မည်သို့နေမည်နည်း။

အမေ့ကို တပည့်တွေ ကြောက်ရွံ့ရိုသေကြသည်မှာတော့ လ များခါလောက်သည်။ ကလေးတို့ထုံးစံ မူလတန်းလွန်၍ အလယ်တ အထက်တန်းရောက်သည်နှင့် ငယ်ဆရာကို မေ့လိုက်ကြသည်သာ မျ သည်။ အမေ့တပည့်များက ထိုသို့မဟုတ် အမေ့ကို ရာသက်ပန် ကြေ ရွံ့ ရိုသေကြလေသည်။

တစ်ခါက ရန်ကုန်မြို့သို့ ကျွန်မတို့မိသားစု အလည်သွား ရန်ကုန်ဘူတာကြီးအရောက်တွင် လူတစ်ယောက် လာနှုတ်ဆက်၏။

"ဆရာမကြီးခင်ဗျား၊ နေကောင်းပါရဲ့လား"

အမေသည် မျက်စချီလျှက် ထိုသူကို စူးစူးစိုက်စိုက်ကြည့် ထုံးစံအတိုင်း အသံမာဖြင့် မေး၏။

"မင်း...ဘယ်သူလဲ"

"ကျွန်တော် ဆရာမကြီးတပည့် အောင်ထွန်းပါ"

အမေသည် နာမည်ကြားသည်နှင့် လူနှင့်တွဲကာ မှတ်မိသွ ၏။ သို့နှင့် ဆရာတပည့်တွေ ရှေးဟောင်းနှောင်းဖြစ်ပြောကြ

"မခင်အေးလေ၊ ဆရာမကြီးမှတ်မိလား။ ဆရာမကြီးရဲ့တပ



ကျွန်တော်အခု သူနဲ့ အိမ်ထောင်ကျလို့ ကလေးနှစ်ယောက် ရနေပါပြီ။ မှာ ကျွန်တော်တို့ အိမ်လိပ်စာ၊ ဆရာမကြီး ရန်ကုန်မှာ ရှိနေခိုက် ကျွန်တော်တို့ ပြုစုပါရစေ"

အမေသည် ရန်ကုန်မှ မပြန်ခင် မြောက်ဥက္ကလာမှ ထိုတပည့်၏ အိမ်သို့ ရောက်အောင်သွားလည်သည်။ တပည့်နှင့်ရော တပည့်မနှင့်ပါ ညီညီတွေ့ကြရတော့ ပျော်စရာကြီးပင်။ သည်လိုဆိုတော့ အမေသည် တပည့်တွေနှင့် မိတ်ဆွေရင်းချာပမာ ရင်းနှီးစွာ ဆက်ဆံ၏။

"ဘူတာရုံမှာ ဆရာမကြီးကို နှုတ်ဆက်တော့ ဆရာမကြီးက မင်း...ဘယ်သူလဲ" လို့ မေးလိုက်တာ ကျွန်တော့်မှာ တုန်သွားတာပဲ"

အမေ့ကို အမေ့တပည့်တွေက ကလေးနှစ်ယောက်ရသည်အထိ ကြောက်ရွံ့နေသည်မှာ အံ့ဩစရာကောင်းလှတော့၏။ အမေပင်စင်ယူပြီး ငွေနည်းသွားတော့ အဝေးရောက်တပည့်များဆီမှ ကန်တော့ထောက်ပံ့ များ မကြာခဏ ရောက်လာတတ်သည်ကလည်း တစ်သောင်းမှာ တစ် ကြက် ကြုံတောင့်ကြုံခဲပေ။

"ဆရာမကြီးက သင်္ချာတစ်ပုဒ်အပေါ် စဉ်းစားပုံစဉ်းစားနည်းကို င်ပေးလိုက်တာ ကျွန်တော်တို့ဘဝမှာ အခက်အခဲတွေ ပြဿနာတွေ တဲ့အခါ တစ်ဆင့်ပြီးတစ်ဆင့် ဘယ်လို ကိုင်တွယ်ဖြေရှင်းရမယ် ဆို တွေအထိ အကြိုးဝင် အသုံးတည့်လှတယ်"

အမေ့လက်ထွက် ဆရာဝန်ခင်မောင်ဦး နယ်မှ ပြန်ရောက်တိုင်း မှထံ လာကန်တော့ရင်း ပြောသော စကားများပင်။ အမေပင်စင်ယူပြီး နှစ်အကြာ သားအိမ်မှာ အလုံးတည်တော့ ခွဲသင့်မခွဲသင့် ဒေါက်တာ မောင်ဦးနှင့် တိုင်ပင်တော့ "ဒီလို အလုံးမျိုးဟာ အသက်ကြီးသူတွေ့ မိန်းသမီးတွေမှာ ဖြစ်လေ့ဖြစ်ထ ရှိသည်။ ဆရာမကြီးတို့က အသက်

www.burmeseclassic.com



ရှည်မျိုးရိုးလား။ အသက်ရှည်မျိုးရိုးဆိုရင် အသက်ရှည်သလောက် အ ကြီးလာနိုင်ပြီး ကြာရင် အန္တရာယ်ပေးနိုင်တယ်။ ခွဲလိုက်တာကောင်း တယ်”

တကယ်တမ်းကျတော့ အမေ့မှာရှိသည့် ဆီးချိုနှင့် သွေးတိုး တို့က ဗိုက်ထဲမှ အလုံးကို ခွဲထုတ်ရန် နှောင့်နှေးစေလေသည်။ ရ ဆေးရုံကြီးမှာ အားမွေးနေရသည့်ရက်တွေအတွင်း ရန်ကုန်တက္က ရောက် အမေ့တပည့်များ တဖွဲဖွဲရောက်လာကာ နှုတ်ဆက်ကန်တေ သည်။ ထိုမြင်ကွင်းကို ကြည့်၍ ကျွန်မသည် မူလတန်းကျောင်း ဆရာမကြီးတစ်ယောက် သူ့တပည့်တွေအပေါ် နှစ်ကာလများစွာ ညြှာသက်ရောက်နိုင်မှုအတွက် ကြည်နူးပီတိဖြစ်မိရလေသည်။

အမေနှင့် ကျွန်မကတော့ ခပ်စိမ်းစိမ်းပင်။ အမေ့လက်မှ ဆရ အင်ဂျင်နီယာ စသည့် လူချွန်လူတော်များ ထွက်သွားသော်လည်း အ သမီးများမှာ သူတကာထက်ထူးပြီး မတော်ကြပါ။ အမေသည် ကျေ သာ အာရုံစိုက်၍ သူ့ဘဝ၏ အချိန်များစွာကို ကလေးတွေကြားမှာ ထားသဖြင့် တစ်ဘက်က မိသားစုအရေးကိစ္စများ လစ်ဟာလှ၏။ တို့မှာ နောက်ပိုင်း၌ အဖေနှင့် ဖြစ်သလို စခန်းသွားနေရ၏။

သည်ကြားထဲ ကျွန်မက အဖေအလိုလိုက်သဖြင့် နည်းနည်း သည်။ အစားအသောက်ချေးများ ဂျီကျောင်ကျလှ၏။ အမေမြို့ထဲ မရောက်မီ ဘူတာရပ်ကွက်ကျောင်းမှာတုန်းက ကလေးတွေမှာ နှ လောင်း ဝတ်စုံဟောင်းကလေးတွေနှင့်။ ကျွန်မကျောင်းနေသည့် ရောက်တော့ အမေ့ကျောင်းမှာ မနေချင်၊ အလွတ်ပညာသင်ကျေ သာ နေမည်ဖြစ်တော့၏။ သတ်မှတ်ထားသော ကျောင်းဝတ်စုံသာ ပြီး အင်္ဂလိပ်ကဗျာကလေးတွေ သီဆိုရသော အလွတ်ပညာသင်



သည် ကျွန်မအပေါ် ဆွဲဆောင်အား ကောင်းလှ၏။ ထိုကျောင်းက ကျွန်မ အတွက် သချ်ာအခြေခံ မပေးနိုင်မှန်း ကျွန်မ မသိပါ။

အမေမြို့ထဲကျောင်းသို့ ပြောင်းရွှေ့ပြီး ကျွန်မလေးတန်းရောက်သော နှစ်တွင် အမေနှင့် ကောင်းကောင်းတွေ့တော့၏။ နဂိုကတည်းက အမေသည် ကျောင်းမှာ သူ့တပည့်တွေကို ဆက်ဆံသလိုပင် အိမ်မှာ ကျွန်မကို ဆက်ဆံ ၏ ကျောကသား၊ ရင်ကသား မခွဲခြား၊ ကျွန်မကို မျက်နှာသာမပေး အလို မလိုက်၊ ရိုက်စရာရှိလျှင် မညှာပေ။

အမှတ်သညာနည်းလှသော ကျွန်မသည် အမေသင်္ချာသင်လျှင် ကြောက်နေသည်နှင့် သင်ထားသမျှ အကုန်မေ့ကုန်တော့သည်။ ထိုသို့ မမှတ်မိခြင်းကို အမေခွင့်လွှတ်လေ့မရှိ။ အမေသည် ကျွန်မကို သစ်သား ပေတံ၊ သုံးချောင်းပူးဖြင့် ရိုက်လေ့ရှိရာ သစ်သားပေတံအပိုင်းပိုင်းကျိုး အောင် ဒေါသမီးတောက်လောင်စွာ ရိုက်သောအခါ ကျွန်မမှာအသားနာတာ အပြင် အသည်းနှလုံးပါ ဒဏ်ရာအနာတရဖြစ်တော့သည်။

ထိုနှစ်က အမေရစေချင်သော စကောလားရှစ်ဆုကို ကျွန်မ မရ ခဲ့ပါ။ ကျွန်မသည် ဝိုင်းစက်လှပသော လက်ရေးကလေးများဖြင့် အတွေးစာစီ စာကုံးများကို ရေးဖွဲ့တတ်သော်လည်း အမေတော်စေချင်သော သချ်ာဘာသာ မှာချာလှသည်။ ကျွန်မက အတွေးစိတ်ကူးပုံရိပ်များကို ရေး၍ ဆေးရောင် ခြယ်ခြင်း၌ မွေ့လျော်လေ့ရှိသော်လည်း အမေက ဆေးရောင်ခဲတံများကို ချက်မုန်းကျိုးနေပြန်သည်။ အမေက စိတ်တိုင်းမကျလေ အမေ့ အကြည့် တွေ စိမ်းကားလေ။ အမေ အိမ်မှာမြဲသည့်ရက်တွေဆို ကျွန်မမှာ နေစရာ ရှိတော့။ အဖေဝယ်ပေးထားသော ကလေးဂျာနယ်စာအုပ်နှင့် ချော သစ်ချောင်းမှာ ကုပ်နေတော့၏။ ထိုသို့ စေတနာဒေါသ လွန်ကဲမှုကြောင့် ကျွန်မကို အကြောင်းပြုပြီး အဖေနှင့် အမေ မကြာခဏ စကားစစ်ပွဲ ဆင်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ကြ၏။ အမေကတင်းလေ အဖေက ကျွန်မကို ဂရုစိုက်ပိုလေပင်။

ကျွန်မ ရှစ်တန်းအောင်တော့ ပန်းချီသင်တန်းကျောင်း တက်ချင်တယ်ဆိုသည့် အဆိုကို ဗိတိုအာဏာနှင့် ပယ်ချလိုက်ပြီး ကျွန်မစိတ်ကူးပုံဖောင်းများကို ခွဲချေခြင်း ခံလိုက်ရသည်။

"အဲဒီအရည်မရ၊ အဖတ်မရ စိတ်ကူးတွေ ရပ်တန်းက ရပ်စမ်း"

အမေ့ကွပ်ညှပ်မှုက ကျွန်မကို ထုံပေဘာဝသို့ တွန်းပို့လေသည်။ ကလေးထုံးစံဖိလွန်းတော့ကြွ၊ ဆွဲလွန်းတော့ ကန်။ ဒါမလုပ်ရတော့ ဟိုဟာလုပ်တာပေါ့။ ကျွန်မဆောင်းပါးတို့ ကဗျာတို့ ရေး၍ တိုင်းရင်းသဂျာနယ်၊ အိုးဝေ၊ ရှုဒေါင့်ဂျာနယ်တို့ သို့ပို့လေ၏။ ကျွန်မ၏ပွဲဦးထွက် "ကျော်ဟိန်းအလိုရှိသည်" ဆောင်းပါး အိုးဝေဂျာနယ်မှာ ပါလာတော့ အိမ်မှာ အသံသဲ့သဲ့မှ မလှုပ်ရဲ။ ကျွန်မအောင်မြင်မှုကို ဩဘာပေးမည့်သူမျှ

သည်လိုနှင့် ဆယ်တန်းအောင်သည့်နှစ် အမေတက်စေချင်သော ဆရာအတတ်သင်သို့တက်ရန် ငြင်းဆိုပြီး ကိုယ့်သဘောနှင့်ကိုယ် အထေ ဆွဲခန့်ဆရာမလျှောက်ရာ အမေ့ကိုအရှုံ့တိုက်သလိုဖြစ်သွား၏။ ဝေ သလောက် ဝေ့စမ်း၊ မြစ်ကြီးနား၊ ပူတာအို၊ မြိတ်၊ ကော့သောင်း။ ပြည်နယ်တစ်ခွင် ရောက်ချင်တဲ့ ဆီရောက်၊ ဆရာနတ်နွယ်၏ မြန်မာ့ မြောက်ပိုင်း စာအုပ်ကြီး ပူပူနွေးနွေးဖတ်ထားရတော့ စွန့်စားသွားလာ စိတ်တွေ အပြည့်အသိပ်နှင့်ပေါ့။

"ဆရာတစ်ယောက်မှာ training ဆိုတာအလိုအပ်ဆုံးပဲ။ trai မရှိတဲ့ ဆရာကတော့ အလံမရှိတဲ့ ရထားလို အလကားပဲ"

မော်လမြိုင် ဆရာအတတ်သင် မော်တလိန်းကျောင်းထွက် အ သည် ဆွဲခန့်ဆရာမဆိုလျှင် အထင်မကြီး။ ကျွန်မကလည်း ထုံ အကျင့်က ပါလေရာ အမေမကြိုက်သော ထိုဆွဲခန့် အလုပ်ကိုပင် ရ



လုပ်ဖြစ်တော့သည်။

ကျွန်မဆရာဖြစ်လာတော့ အမေ့အရိပ်တွေ လွှမ်းမိုးလာသည်။ ကျွန်မသည် အမေ့နယ်ပင် စာသင်လေသာကြီးလှ၏။ စိတ်မှတ်သည်းခြေ နည်းသောကလေးတွေကို ဒေါသအလျှောက် ရိုက်နှက်သင်ကြား၏။ နားလည် နားခံမှုနက်သော ရွှေရင်ဆိုကလေးတွေနှင့် ကြုံတွေ့တိုင်း အမေ့ မျက်နှာကို မြေးမြင်၏။ ကျွန်မအမေ့နေရာရောက်မှ အမေ့အပေါ် စာနာ နားလည်လာသည်။ ကျွန်မတို့နှစ်ယောက် မည်သူ့ထံသို့ မည်သူက တိုး ဝင်လာသည်မသိ။ ယခင်ကထက် ပိုမိုနီးစပ်လာကြသည်။ ကျွန်မ စိတ်ပါ လက်ပါ စာသင်နေလျှင် အမေ့ဟန်အမေ့အသံအတိုင်းဟု အမေ့ကို သိမှီ လိုက်သောဆရာမများက ပြောကြ၏။

ကျွန်မရပ်ရည်ကလည်း အသက်ကြီးလေ အမေနှင့် တူလေပင်။ အမေနှင့် ဘယ်လောက်ပင်တူသည် ဆိုဦးတော့ အမေနှင့်မတူသော တစ် နေရာတော့ ကျွန်မမှာရှိနေကြောင်း အခြားသူတွေမသိပေမယ့် ကျွန်မကိုယ် ကျွန်မတော့ သိနေသည်။ ကျွန်မ၏သမီးများကို မိမိဖြစ်ချင်သလို အတင်း အကြပ်မဆွဲယူ၊ ပုံစံခွက်ထဲသို့ မသွင်း၊ သူတို့ဖြစ်ချင်သော ရည်မှန်းချက်ကို ပြည့်မြောက်အောင် တွန်းအားပေးသည်။ အိမ်တွင် ကလေးတွေမြင်နိုင် လောက်သောနေရာ၌ စာတမ်းတစ်ခု ချိတ်ဆွဲထား၏။

"သမီးများအား မေမေ့ထက်တော်သောသမီးများ ဖြစ်စေချင်သည်"

သမီးတို့မှာ လွတ်လပ်လင်းပွင့်စွာ တွေးခေါ်ကြံဖြင်းခဲ့ရသည့် အတွက် ဖူးငုံစို့စို့ ပွင့်ဖတ်များ အစွမ်းကုန် ပွင့်အာလန်းစွင့်တော့မည့်ပုံ သို့ ရှိလေသည်။ ဘဝနှင့်ရင်း၍ရခဲ့သော သင်ခန်းစာများပါပေ။

"ဒီအခေါင်းကို ဘယ်ကောင်လာလုပ်သွားတာလဲကွ။ ဒီဆရာမကြီး ဒီလောက်ဝတာ၊ ဒီအခေါင်းသေးသေးလေးနဲ့ ဆန့်မလား"

www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းလာတော့ အမေ့တပည့် ဆိုက်ကားဆရာ ကိုအောင်ကျော်ဦးက အရက်ကလေးထွေထွေဖြင့် ရောက်ချလာသည်။ သူ့ပြောမှ ကျွန်မတောင် စိတ်ပူသွားသည်။ အခေါင်းဆိုတာနှစ်ခါလုပ်ရိုးထုံးစံမရှိ။ တကယ်တန်း အခေါင်းထဲထည့်ချိန်ရောက်မှ မဆန့်လျှင် ဘယ်လိုလုပ်မည်လဲ။

ညရောက်တော့ ကြားကြားသမျှအမေ့တပည့်တွေ လာရောက်ဂါရဝပြုကြသည်မှာ တစ်သုတ်ပြီးတစ်သုတ် မစဲနိုင်အောင်ပင်။ မူလတန်းကျောင်းအုပ် အနှစ်သုံးဆယ်အတွင်း အမေ့ တပည့်များကား မြို့မှာ လက်ညှိုးညွှန်မလွဲ များပြားလှ၏။ တပည့်မရှား တစ်ပြားမရှိ ဘဝဖြင့် ရိုးစင်းစွာ နေထိုင်သွားသည့် အမေ။

နည်းနည်းညဥ့်နက်လာတော့ အမေ့လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းဟောင်းဆရာကြီး၊ ဆရာမကြီးများ နောက်ဆုံးလာရောက် နှုတ်ဆက်ရင်း မရဏာနုဿတိပွားများသည် သူတို့ကြုံတွေ့ဖူးသော အမေ့စိတ်ရင်းစေတနာနှင့် လုပ်ဆောင်ချက်တို့ကို ချီးကျူးပြောဆိုကြ၏။

နောက်တစ်နေ့ အမေ့ရုပ်ကလပ်ကို မြေချမည့်နေ့။

"မှတ်ကာစွဲယူ များဗိုလ်လူတို့၊ နိဗ္ဗာန်မရ ဆင်းရဲကြလိမ့်၊ လောကသုံးခွင် ဘုံအပြင်ဝယ် ဖြစ်လျှင်ပျက်မြဲ မှန်မလွဲတည်…"

သီလရှင်များ သံဝေဂလင်္ကာကို ရွတ်ဆိုကြခိုက် အမေ့အလောင်းကိုအခေါင်းထဲထည့်ရာ ကျွန်မတို့ စိတ်ပူသလိုမဖြစ်ဘဲ အလောင်းနှင့်အခေါင်းအနေအတော်ပင် ဖြစ်နေ၏။

"…ပုခက်နှင့် ပေဝေးလေလေတည့်၊ နီးလေပျဉ်ခေါင်း အမှန်ဆောင်လိမ့်၊ အကြောင်းမလျှော် သုံးရက်ကျော်က ပုပ်စော်ညှီနံ့ ရန်တွေပြန်သို့—"

အမေ လေရောဂါဖြင့်ဆုံးသော်လည်း အမေ့ရုပ်အလောင်းသည်



ဖောင်းပွလာခြင်းမရှိ။ ပင်စင်ယူပြီး အပတ်တကုတ်အားထုတ်သွားသော ဝိပဿနာအကျိုးကြောင့် ဖြစ်မည်ထင်သည်။ အမေ့ကို သုံးရက်ကြာအောင်ထားသော်လည်း မည်သည့် အရည်မျှမထွက်၊ မည်သည့်အနံ့ အသက်မှမရ။ သေ့ခြောက်တည်ငြိမ် ငြိမ်းချမ်းနေသည်။

အမေ့ကို မြို့နှင့် အတန်ငယ်လှမ်းသော ကျောက်တန်းရွာ သုသာန်သို့ ပို့ဆောင် သင်္ဂြိုလ်မည်ဖြစ်သည်။ အမေ့အခေါင်းသည် ကြေးစည်ဦးဆောင်သည့်နောက်သို့ လိုက်လေပြီ။ အလို…အမေ့အခေါင်းကို အမေ့တပည့်တွေထမ်းလာကြပါလား။ အိမ်ပြင်လမ်းမပေါ်ရောက်တော့ ကျွန်မမျက်စိပင် ကျွန်မမယုံချင်၊ နည်းသည့်လူထုပရိတ်သတ်ကြီးမဟုတ်၊ အမေ့လုပ်ဖော်ကိုင်ဖက်များ၊ ကျောင်းသားမိဘများ၊ တပည့်တပန်းများ ပြည့်ကြပ်စည်ကားလှသည်၊

"နောက်ဆုံးရောက်ခါ မြို့ပြည်ရွာနှင့်၊ သွားရာအပြီး လူမနီးသည့် တောကြီးမြိုင်ယံ မြေသုသာန်၌ ရောက်ပြန်မရှိ မြုပ်နှံဘိခြင်း ခြောက်ပေတွင်းဝယ်"

ဟင်…အမေ့အခေါင်းကို အမေ့တပည့်တွေက ရိုးရိုးထမ်းသွားနေတာ မဟုတ်၊ ဘုန်းကြီးပျံအလောင်းထမ်းသလို တစ်သုတ်ပြီး တစ်သုတ် ပခုံးပြောင်း ထမ်းသွားနေကြပါလား။ အမေ့ အဆုံးအမ၊ အမေ့အမာန်အမဲ၊ အမေ့အရိုက်အနှက်နှင့် မကင်းသော အမေ့တပည့်တွေ တစ်စုတစ်ဝေးစုစုရုံးရုံးစုံစုံညီညီ၊ ကျွန်မ သည်တစ်ခါပင်မြင်ဖူးသည်။ ဟိုအရင် ရန်ကုန်ဆေးရုံသို့လာရောက်တွေ့ဆုံစဉ်ကထက်ပင် လူပိုစုံနေသေး၏။ ကိုသောင်းတင်၊ ကိုစိုးသိမ်း၊ ကိုတင်ထွန်းနိုင်၊ ကိုလှဝင်း၊ ကိုအောင်ကျော်ဦး၊ ကိုမြင့်သိန်း၊ တချို့အစိုးရဝန်ထမ်း၊ တချို့ကုန်သည်လယ်လုပ်၊ တချို့လက်လုပ်လက်စား၊ လူတန်းစား အလွှာအသီးသီးမှ အမေ့တပည့်တွေ ရောက်လာကြပါလား။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးသည် သူတို့ ဆရာမကြီး၏ နောက်ဆုံးခရီးကို မတိုင်ပင်ပဲ ရောက်လာကြကာ မည်သူမှ မတိုက်တွန်းရဘဲ ကိုယ့်အသိစိတ်ဓာတ်နှင့် ကိုယ်လုပ်ဆောင်နေကြသည်။ ဆရာမကြီး၏ နောက်ဆုံးခရီးကို သူတို့ ကာယအားဖြင့် ပို့ဆောင်လျှက် ကျေးဇူးဆပ်နေကြသည်။ မူလတန်း ကျောင်းအုပ်ဆရာမကြီးတစ်ယောက်က တပည့်တွေအပေါ် နှစ်ပေါင်းများစွာ လွှမ်းမိုးထားနိုင်သော ထိုသြဇာဓာတ်နှင့် သက်ရောက်မှုဂုဏ်ရည်ကို ကျွန်မ ဦးမညွှတ်ဘဲမနေနိုင်တော့။

တကယ်တော့ အမေ့တပည့်တွေ အမေ့ကို ရှို့ကြောက် ရိုသေခဲ့ကြတာမဟုတ်။ ချစ်၊ ကြောက်၊ ရိုသေခဲ့ကြတာပါလား။ ကျွန်မကရော...ကျွန်မ အခုမှ အမေ့ကို ချစ်ရမှန်း သိလာသည်။ အမေ့တန်ဖိုးကို လေးစားရမှန်း သိလာသည်။ အမေ့ကျေးဇူးတရားကို ညွှတ်တွားရမှန်း သိလာသည်။ အချိန်မမီတော့သော နောင်တတရားတို့ဖြင့် စိုခြယ်လိမ်းကျံအပ်သော သောကလောင်မီးအပူတံကျင်သည် နှလုံးအိမ်သို့ ထုတ်ချင်းဖောက်လာသည်။ မျက်ရည်တာတို့ ကျိုးပေါက်လေပြီ။ တံတိုင်းရုံတားပြိုလေပြီ။

"အမေ..."

အမေ့ဝိညာဉ် အဝေးသို့ ပျံမသွားသေးဘူးဆိုလျှင်ဖြင့် ကျွန်မ၏ ဆို့နင့်အက်ကွဲသောခေါ်သံကို အမေကြားပေလိမ့်မည်။ ပြီးလျှင် ပြုံးရယ်ခဲ့သော အမေ့နှုတ်ခမ်း ပါးပါးကလေး ပြုံးနေလိမ့်မည်။

သည်တစ်ခါတော့ အမေသည် ကျွန်မကို သူ့ဘဝလမ်းစဉ်နှင့် ပြ၍ အလင်းတစ်စကို ဆွဲထုတ်ပြသွားခြင်းဖြစ်သည်။

(နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊ ၂၀၀၃၊ နိုဝင်ဘာ)

# ရယ်ဒီမိတ်

အရပ်ထဲမှာတော့ သူ့နာမည် ခက်ခက်ခိုင်ဆိုတာ သူသေမှပဲ သိရတော့တယ်။ မသိခံနိုင်ရိုးလား။ သူ့အိမ်တံခါးရှေ့က White Board ပေါ်မှာ ခက်ခက်ခိုင် အသက် (၃၀) နှစ် ဘယ်နေ့ဘယ်အချိန်မှာ အနိစ္စရောက်ပြီး ဘယ်နေ့ဘယ်အချိန် ဘယ်သုသာန်မှာ သဂြိုဟ်မယ်။ ဘယ်နေ့ ဘယ်အချိန် အိမ်မှကားများ စတင်ထွက်ခွာမယ်ဆိုတဲ့ အကြောင်းတွေ အပြည့်အစုံရေးထားတာကိုး။

အခါတိုင်း စေ့စေ့ပိတ်ထားလေ့ရှိတဲ့ အိမ်တံခါးတွေလည်း အခုမှ ခု...ဟို ဟင်းလင်းပွင့်လို့။ ရပ်ကွက်သူရပ်ကွက်သားတွေဟာ သင်ပုန်းပေါ်က နာရေးသတင်းကို ဖတ်သလိုလိုနဲ့ အိမ်ထဲကို မသိမသာ စောင်းငဲ့ကြည့်ရှုကြတယ်။ အရင်က မှောင်မှိန်မှိန် ဧည့်ခန်းဟာ တံခါးတွေအားလုံးဖွင့်လိုက်တဲ့ အလင်းအားအောက်မှာ ထင်လင်းဝင်းပလို့နေတယ်။ အခုမှ နေရောင်ခြည်နဲ့ ထိတွေ့ရသလို ဝါရွှေနုထွေးနေပေမဲ့ လန်းစင်ဝင့်ဝါမှု ဘင်းနေတော့တယ်။

အိမ်ရဲ့ ဧည့်ခန်းတစ်နေရာမှာတော့ သေသူခက်ခက်ခိုင်ရဲ့ ဓာတ်ပုံကို

www.burmeseclassic.com

www.burmeseclassic.com



စားပွဲတစ်ခုပေါ် ထောင်ထားပြီး အမွှေးတိုင်တွေ ထွန်းညှိထားတာတွေ့ရတယ်။ ပန်းသီး၊ လိမ္မော်သီးတွေ တင်ထားပြီး အောက်နားဆီမှာတော့ ရွှေစက္ကူငွေစက္ကူတွေ မီးရှို့နေလေရဲ့။ အသက်ရှင်စဉ်က ရုပ်ကွက်ထဲမှာ မြင်ရခဲ့တဲ့ ခက်ခက်ခိုင်ရဲ့အပြုံးကို ဓာတ်ပုံထဲမှာ မြင်နေရတာတော့ ရှားရှားပါးပါး မြင်ကွင်းပါပဲ။

ကြီးမားတဲ့ မှန်ချပ်ကြီးတွေ အဖိုးတန်ဆိုဖာဆက်တီကြီးတွေပေါ်မှာ အ,မင်္ဂလာအထိမ်းအမှတ် အဝတ်တွေ ဖုံးအုပ်ထားပေမယ့် လူကုံထံတွေရဲ့ ညှော်ခန်းအဆင်အပြင်ကိုတော့ ဖုံးကွယ်မထားနိုင်ဘူး။ ခက်ခက်ခိုင်တို့ဟာ မရှိမရှား စားနိုင်သောက်နိုင်ထဲကဆိုတာ အငြင်းပွားစရာမလိုပါဘူး။

ခက်တာက ခက်ခက်ခိုင်ရဲ့ စိတ်နေသဘောထားနဲ့ အမူအကျင့်ပါပဲ။ ကန်ထရိုက်တိုက်ရဲ့ အောက်ဆုံးအလွှာမှာ လေးငါးနှစ်ကြာအောင် လာရောက်နေထိုင်တဲ့ ခက်ခက်ခိုင်ဟာ တကယ်ဆို ဒီရပ်ကွက်နဲ့ ရင်းနှီးကျွမ်းဝင်သင့်လှပါပြီ။ ဒီလမ်းက လမ်းတိုကလေးလည်းဖြစ်တော့ နယ်မြို့တွေက ရပ်ကွက်တွေမှာလိုပဲ ရင်းနှီးကျွမ်းဝင်လွယ်ကြတယ်။ အတင်းပြောချင်ပြော၊ ရန်ဖြစ်ချင်ဖြစ် အရေးအကြောင်းဆို ရိုင်းပင်းကူညီစည်းရုံးမှု ရှိကြတယ်။

သာရေးနာရေးကိစ္စတွေမှာ တစ်ယောက်တစ်လက် ကူကြတယ်။ ရုတ်တရက် ဆေးရုံတက်ရမယ့် ကိစ္စမျိုး။ ဝမ်းသွား၊ သားပျက် သားလျှော၊ လေဖြတ်၊ အစာအိမ်အချဉ်ပေါက် စတဲ့ ရုတ်တရက် ရောဂါဝေဒနာဖိစီးလို့ ဆေးရုံတင်တော့မယ်ဆိုရင် အဖော်လိုက်တန်လိုက်၊ အိပ်စောင့်ပေးတန်ပေးနဲ့၊ နွေးထွေးမှုပေးကြတယ်။ ဒါကြောင့် တော်ရုံလူ လမ်းထဲရောက်လာလို့ကတော့ လမ်းသူလမ်းသားတွေနဲ့ တစ်သားတည်း ဖြစ်သွားတော့တာပါပဲ။

ကျွန်မတို့မိသားစုတောင် လမ်းကလေးကို တွယ်တာနေပြီ။ အိမ်ခန်း



ကလေး ကျဉ်းပေမဲ့ အိမ်ခန်းကျယ်ကျယ်ရပ်ကွက်ရှိရာ ပြောင်းမနေတော့ဘဲ ဒီရပ်ကွက်ကလေးရဲ့ နွေးထွေးမှုအောက်မှာ ကျေနပ်ကြည်နူးနေကြတယ်။ ကျွန်မသမီးတွေ ဒီလမ်းတိုကလေးပေါ်မှာ ကလေးအချင်းချင်းဆုပြီး ထုပ်ဆီးတိုးရင်း၊ လိုက်တမ်းပြေးတမ်း ကစားရင်း အရွယ်ရောက်ကြီးပြင်းလာကြပြီ။ သီတင်းကျွတ်၊ တန်ဆောင်တိုင်မှာ မီးပုံးတွေထွန်းကြ၊ မုန့်လုံးရေပေါ်တွေလုံးကြ၊ လွတ်လပ်ရေးပွဲတော်မှာ အားကစားပြိုင်ပွဲတွေ ကျင်းပကြ၊ သင်္ကြန်မှာ အုန်းလက်မဏ္ဍာပ်ထိုးပြီး ရေကစားကြ၊ ဒါတွေဟာ မြန်မာ့ဓလေ့နဲ့ ပတ်သက်နီးနွယ်နေတဲ့ လူမှုပေါင်းသင်းဆက်ဆံရေး နယ်ပယ်ကြီးပဲ မဟုတ်လား။

ဒီဘက် ဆယ်စုနှစ်တွေမှာ ကန်ထရိုက်တိုက်တွေ နင်းကန် ခေတ်စားလာတော့ ဒီရပ်ကွက်ကလေးရဲ့ ကိုယ်ပိုင်အိမ်ကလေးတွေဟာ နေ့ချင်းညချင်း ကန်ထရိုက်တိုက်တွေ ဖြစ်ကုန်ကြတယ်။ ကျွန်မတို့ နယ်ကနေ မန္တလေး ပြောင်းလာပြီး ကန်ထရိုက်တိုက်ခန်းဝယ်နေတော့ ခက်ခက်ခိုင်တို့အိမ်နေရာမှာ ကန်ထရိုက်တိုက် မဖြစ်သေးဘူး။ ရိုးရိုးကုတ်ကုတ် အိမ်ငယ်ကလေးတစ်ဆောင်အဖြစ်ပဲ ရှိသေးတယ်။ နောက် နှစ်တွေကြာ၊ မိဘတွေဆုံးကုန်မှ အိမ်ရှင်သမီးသုံးယောက်ဟာ ခြောက်ထပ်ဆောက်ပြီး ကန်ထရိုက်နဲ့ တစ်ဝက်စီ ခွဲဝေယူလိုက်ကြတယ်။

အဲဒီမှာ မြေညီထပ်က ကန်ထရိုက်ကတစ်ဆင့် ခက်ခက်ခိုင်တို့က ဝယ်ယူလိုက်တာလို့ သိရတယ်။ ထားပါတော့။ ခက်ခက်ခိုင်ဟာ နယ်မြို့တစ်မြို့ကနေ ငွေရှင်းငွေနှီးနဲ့ တက်လာပြီး မန္တလေးက ထင်ရှားတဲ့ ဈေးကြီးတစ်ခုဖြစ်တဲ့ ဈေးချိုမှာဖွင့်လို့ အထက်အောက် ကုန်ပို့တဲ့ အလုပ်ကို လုပ်သူဆိုတော့ ထက်ထက်မြက်မြက် သွက်သွက်လက်လက် စည်စည်လောင်လောင်ထဲက ဆိုပါတော့။ အခန်းဝယ်ထားပြီး လူလာမနေခင် မြေ

www.burmeseclassic.com

www.burmeseclassic.com



ညီထပ်အခန်းကို ကြေပြားတွေကပ်၊ ထပ်ခိုးတွေထည့်နဲ့ အသားကုန်သ,နေကတည်းက ရပ်ကွက်သဲ့ရပ်ကွက်သားတွေက အဲဒီအခန်းကို စိတ်ဝင်စားနေကြတယ်။ ဘယ်လိုလူမျိုးတွေများ လာနေမလဲပေါ့။

လာနေတော့ စွဲစွဲမြဲမြဲနေသူဆိုလို့ လူတစ်ယောက်တည်းပင်။ သူ့မိသားစုက ခဏလာပြီး နယ်မြို့ကလေးဆီ ပြန်ဆင်းသွားကြတယ်။ တစ်ယောက်တည်းဖြစ်တာရယ် နေ့ဝင်မိုးသောက် ဈေးမှာပဲ အချိန်ကုန်တာရယ်၊ သူ့အိမ်ရှေ့တံခါးဟာ တစ်ခါမှ ဟင်းလင်းဖွင့်ထားလေ့မရှိဘူး။ ရောက်လာရင် တစ်ယောက်စာဝင်ရုံ ဖြတ်ခနဲဖွင့်၊ ဝင်ပြီးတာနဲ့ပြန်ပိတ်၊ အတွင်းမှာလည်း အမေရိကန်စတိုင်လ်ဆိုလား မီးသီးကလေး မှိန်မှိန်ကလေးဖွင့်လို့ အရာရာဟာ ဝေဝေဝါးဝါး မှုံမှုံရီရီပါပဲ။ ပထမတော့ အဲဒါကို အိမ်ရှေ့မှာ ထုပ်ဆီးတိုးနေကျ ဘောလုံးကန်နေကျ ကလေးတွေက စပ်စုချင်ချင်ဖြစ်ပေမဲ့ နောက်တော့လည်း ရိုးသွားလို့လားမသိဘူး၊ သူ့အိမ်ထဲဘယ်သူမှ သတိမထားမိဘူး။

အဲဒီလို ရပ်ကွက်က အမေ့မေ့အလျော့လျော့ ဖြစ်နေချိန်၊ တစ်နေ့မှာ သူ့အိမ်ဆီမှာ စီကနဲ အသံထွက်လာပါတော့တယ်။ ကြည့်လိုက်တော့ သူနဲ့ အပေါ်သုံးလွှာမှာနေတဲ့ အိမ်ရှင်နဲ့ လှမ်းရန်ဖြစ်နေတာလေ။ ရပ်ကွက်ထဲက လူတွေဆိုတာ နားမျက်စိဖွင့်ထားကြတော့တာပေါ့။ ကျွန်မနေတဲ့ တိုက်ခန်းက သူ့အိမ်ရှေ့တည့်တည့်ဆိုတော့ တကူးတက စောင့်ကြည့်စရာမလိုဘူး။ မကြည့်ချင် မြင်လျက်သား ဖြစ်နေတော့တယ်။

ရန်ပွဲကို ချုပ်လိုက်ရင် ဖြစ်ကြတာက သူတို့က တိုက်ခန်းဝယ်ထားပြီး လာမနေသေးတဲ့ ကာလတွေမှာ ရောက်လာတဲ့ အခွန်အခတွေရှိတယ်။ ဒါကို သူတို့လာမနေသေးခိုက် အိမ်ရှင်က စိုက်ထားပေးတယ်။ တကယ်လာနေတော့ အိမ်ရှင်က ပြန်တောင်းတဲ့အခါ လာမနေတဲ့အတွက် မပေး



နိုင်ဘူး ဖြစ်ပါရော။ ဒါနဲ့ နောက်ဆုံး ရပ်ကွက်တရားရုံးဆီရောက်ရော ဆိုပါတော့။ ရုံးက ပေးရမယ်ဆုံးဖြတ်လိုက်တဲ့အခါ သူ ဒေါသရှိန်မပြယ်ဘဲ အပေါ်ဆုံးလွှာက အိမ်ရှင်ကို အသံကျယ်ကြီးနဲ့ ခေါ်ချနေလေရဲ့။

"လာယူ… ဆင်းလာယူ…ရှင်တို့ပိုက်ဆံလာယူ"

ရွှေလက်ကောက်တွေ ရှစ်ကွင်းဆယ်ကွင်းလားမသိအောင် ဝတ်ထားတဲ့ လက်ဖြူဖြူကလေးတွေကို ဟန်ပါပါ ခါးမှာထောက်ပြီး အသံစာစာနဲ့ အိမ်ရှင်ကို ခေါ်ချနေတယ်။ အိမ်ရှင်ကလည်း လူတင်မခံ၊ ဆင်းလာမယူဘူး။ လာတက်ပေးပါပေါ့။ ဒါနဲ့ ရုံးမှာပဲ အပေးအယူလုပ်ပြီး ကိစ္စပြီးလိုက်ရတယ်။

သည်ကတည်းက ရပ်ကွက်ထဲက လူတွေဟာ သူ့အရည်အသွေးကို သတိပြုမိသွားပြီး သူနဲ့ ကင်းနိုင်သလောက် ကင်းအောင်နေကြတော့တယ်။ သူ ဈေးသွားဈေးပြန် ရပ်ကွက်ထဲကို ဝင်လာရင် ခေါ်ပြောနှုတ်ဆက်မယ့်သူ မရှိဘူး။ သူကလည်း ဘယ်သူ့ကိုမှ တူတူတန်တန် ပြုံးပြလေ့မရှိဘူး။ သူပြန်လာလို့ အိမ်ရောက်ရင် အိမ်ရှေ့မှာ ကလေးတွေ ဆော့ကစားသွားတဲ့ ကျွတ်စတွေတွေ့ရင် စီးထားတဲ့ အဖိုးတန်လေးငါးထောင်တန်ဖိနပ်ကိုမှ အားမနာ ဒေါသတကြီး ကန်ထုတ်လေ့ ရှိတယ်။ သူ့အိမ်က လွတ်ရင်ပြီးရော တခြားဘယ်အိမ်ရောက်ရောက်၊ မကြာဘူး။ အိမ်ရှေ့မှာ ကွန်ဂရစ်ခင်းပြည့်ခင်းပြီး ညနေတိုင်း တံမြက်စည်းထွက်လှည်းနေတာတွေ့ရတယ်။ ဒါလည်း အမှိုက်တွေ ဘယ်အိမ်ရောက်ရောက်ပါပဲ။

အသားအရေက ဝင်းဝါဝါ၊ ဆံပင်က ကျောလယ်မှာ ဆော့ဝဲဝဲ၊ အဖိုးတန်အဝတ်အစား ပြုံးပြက်လင်းလက်နေတဲ့ စိန်ရွှေရတနာတွေနဲ့ အားဖြည့်မှုတွေကြောင့် လှပဝင့်ထည်နေပေမဲ့ အမြဲတန်း သုန်မှုန်နေသူဟာ ရပ်ကွက်ကလေးနဲ့တော့ ကြာလေ စိမ်းခတ်ဝေးကွာလေပါပဲ။

www.burmeseclassic.com



ဒေါင်းမလေးတစ်ကောင်လို ကော့ရော့ကျော့ရှင်းမှုမျိုးနဲ့ ဖြိုးဖြိုးဖြတ် ဖြတ် လှုပ်ရှားသွားလာတတ်တဲ့ သူ့ရဲ့ သွင်ပြင်ဟန်ပန်တွေဟာ မရ သေမင်းက ဒီလောက်အချိန်နီးနီး ခြိမ်းခြောက်ခေါ်ငင်မယ်ဆိုတာ မသိနိုင် သေးတဲ့ အချိန်ကာလအထိပေါ့။

ကျွန်မကတော့ အိမ်ရှေ့၊ တည့်တည့်နေသူဆိုတော့ သူ အဖိုးတ ကားကြီးပေါ်က ဆင်းလာတဲ့အခါ ဒါမှမဟုတ်။ တစ်နေ့တစ်မျိုး မရိုးနိုင်တဲ့ ဝတ်စားဆင်ယင်မှုတွေနဲ့ လမ်းထွက်တဲ့အခါ သူ့ရဲ့လှပကျော့ရှင်းမှုတွေကို မကြာခဏငေးကြည့်မိဖူးပါတယ်။ အရိုး၏ကောင်းခြင်း၊ အရေ၏ကောင်း ခြင်း၊ အရွယ်၏ ကောင်းခြင်းတွေနဲ့ ပြည့်စုံတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ပျော့ပြောင်းညင်သာတဲ့ ညှို့သက်မှုတွေ ပျောက်ဆုံးနေတာကိုတော့ နမျော မဆုံးဘူး။

*

နံနက်စောစော (၇) နာရီခန့်ဆို ကျွန်မ ပုံမှန်ဈေးသွားတဲ့အချိန် ချက်ပြုတ်စရာတွေ ဝယ်ခြမ်းရတဲ့ဈေးကလေးဟာ လမ်းတိုကလေးထိပ် ထွက်ပြီး ကားလမ်းကူးလိုက်တာနဲ့ ရောက်ပါရော။ ရပ်ကွက်ယာယီဈေး ကလေးပဲဆိုပါတော့။

တစ်နေ့ ကျွန်မဈေးဝယ်ထွက်ပြီး အပြန် လမ်းကလေးထဲကို ဝင်လာတဲ့ မိန်းကလေးနှစ်ယောက်ကို သတိပြုမိတယ်။ ပထမတော့ ယောက်အနက် လှလှပပ ကျော့ကျော့လွင်လွင်တစ်ယောက်ကို သူ ထင်လိုက်ပြီး အမှတ်တမဲ့ပါပဲ။ ကျွန်မ သူနဲ့ခေါ်စပြောစမရှိသလို ခေါ်ဖို့ ဖို့ အစီအစဉ်လည်းမရှိဘူးလေ။ အနီးရောက်လို့ သေသေချာချာ ကြည့် တော့ ကျွန်မ အတော်အံ့ဩသွားတယ်။ သူလို့ ထင်ရတဲ့ မိန်းကလေး



နီးကပ်ကြည့်လိုက်တော့ သူမဟုတ်ဘဲ သူနဲ့ ရုပ်ချင်းဆင်တူ လူတစ် ယောက်သာဖြစ်ပြီး အနားက ပိန်ညှော်ညှော်သွေ့ခြောက်ခြောက် မိန်းကလေး သူဖြစ်နေတာ အံ့ဩဖွယ်တွေ့လိုက်ရတော့တယ်။ ကျွန်မအံ့ဩမှုကို တ်စမသိမ်းနိုင်တဲ့ လေသံနဲ့ အရင်းအဖျားမရှိ နှုတ်ဆက်လိုက်မိတယ်။ အမည်လည်း မသိတော့ ဘယ်လိုခေါ်ရမှန်းမသိ၊ အစီစဉ်မကျစွာပဲ။

"ဟင်...ဘယ်လိုဖြစ်တာလဲ ပိန်သွားလိုက်တာ"

"ဟုတ်တယ် နေမကောင်းဖြစ်သွားလို့ အခုသက်သာသွားပြီ ဆေးရုံ အတော်ကြာသွားတယ်"

"ဟုတ်လား၊ သိတောင် မသိလိုက်ဘူး။ အခု နေကောင်းသွားပြီ တ်လား။ လမ်းမှန်မှန်လျှောက်ပေး၊ အားရှိတာစားရင် ကောင်းသွား ပါ့။ ပိန်တော့ အတော်ပိန်သွားတယ်"

"ဟုတ်ပါရဲ့ ဆံပင်ကလည်း ဖြတ်လိုက်ရလို့ အရွယ်ငယ်သလိုဖြစ် တာ။ ဒါ ကျွန်မ အစ်မလေး၊ ကျွန်မ မကျန်းမာလို့ လာပြုစုတာ"

သူနှင့် ရုပ်ချင်းဆင်တူ အရပ်မောင်းဆင်တူမို့ သူရယ်လို့ ကျွန်မ မှားနေသူတစ်ယောက်ကို မိတ်ဆက်ပေးလို့ ကျွန်မပြုံးပြလိုက်မိ အဲဒီနေ့ကစပြီး သူတို့ညီအစ်မနှစ်ယောက် မကြာမကြာ လမ်းလျှောက် ကြတယ်။ နံနက်မှ နေ့ခင်းမှမဟုတ် တစ်ခါတလေ ညနေစောင်း ထိပ်က စားချင်စရာလေးတွေ ထွက်ဝယ်ပြီး ပြန်ဝင်လာတာတွေ့ ယ်။

သူလမ်းလျှောက်ပုံ၊ စကားပြောပုံ လှုပ်လီလှုပ်လဲ့ကလေး လှုပ်ရှား ကို ကြည့်ပြီး ဘာရောဂါဖြစ်သလဲလို့ မစပ်စုမိဘဲ အားပြည့်ဖို့ နဂို ်ပြန်ဖြစ်ဖို့ အတော်လိုသေးတယ်လို့ ကျွန်မတစ်ယောက်တည်း တယ်။ အရင်လို ကျော့ကျော့ရှော့ရှော့ ရဲတင်းဖြတ်လတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အမှုအရာတွေ မရှိတော့ပေမဲ့ ညှိုးချုံးပန်းလျနေတဲ့ သူ့မျက်နှာကလေး
အပြုံးပန်းတွေ ဖျတ်ခနဲ ဖျတ်ခနဲ ပွင့်နေတာ တွေ့ရတယ်။ ဒီလိုနဲ့ သူ့
နှာလန်ထရက်တွေမှာ ရပ်ကွက်သူရပ်ကွက်သားတွေနဲ့ အတော်က
နှုတ်ဆက်ပြောဆိုနေတာ တွေ့ရတော့ ကျွန်မစိတ်ထဲ သူ့ရဲ့ ပြောင်းလဲ
မှုအပေါ် အကျေနပ်ကြီး ကျေနပ်နေတော့တယ်။ နာကျင်ခြင်း
ဒုက္ခတွေက သူ့ရဲ့ဝင့်ဝါနေတဲ့ မာနတွေကို ခဝါချလိုက်ပြီထင်ပါရဲ့။

လူတစ်ယောက် ပြုံးတယ်ဆိုတာ ဝမ်းတွင်းမှာ အကြည်
ကလေးတည်နေလို့ပါ။ ဒီအကြည်ဓာတ်ကလေးက ရပ်ရည်လှပချော
မှုနဲ့ မဆိုင်တဲ့ ကျက်သရေကို ဆောင်နေတယ်ဆိုတာ သူတစ်ယော
သတိပြုလက်ခံနိုင်ရင် ရေရှည်အတွက် ကောင်းမှာပဲလို့ ကျွန်မတွေးမိတ

အဲဒီအချိန်မှာပဲ ပေါက်ကွဲမှုကြီးတစ်ခု ကောင်းကင်က ကျဆင်
သလို ရပ်ကွက်ကလေးအတွင်း လှုပ်လှုပ်ရှားရှားဖြစ်သွားစေတဲ့ အ
အပျက်ဟာ တစ်ခုသော သမားရိုးကျ နံနက်အချိန်အခါကလေးကို
ခါလှုပ်နှိုးလိုက်တော့တယ်။

ကျွန်မ ပုံမှန်အတိုင်း နံနက်(၇) နာရီခွဲလောက် ဈေးက
အိမ်မရောက်ခင်ကလေး ကျွန်မတို့တိုက်အပေါ်ထပ်က မိတ်ဆွေအ
တစ်ယောက်နဲ့ ဆုံတဲ့အချိန်မှာ...

"သိပြီးပြီလား... အိမ်ရှေ့အိမ်က ကောင်မလေး ဆုံးပြီ"

"ဟင်...ဘယ်လို...ဘယ်သူဆုံးတာလဲ"

"ကောင်မလေးလေ...ဟို မကျန်းမမာဖြစ်နေတဲ့ ကောင်
ဆုံးတာပါ"

"ဘုရားရေ..သူ နေကောင်းသွားပြီ မဟုတ်လား"

"အင်... သက်သာပြီးမှ မနေ့က အဖျားကြီးပြီး (...) ဆေး



န်အတင်မှာ..."

လွယ်လှချည်လားဟင်၊ လူ့လောကထဲက လူတစ်ယောက်ပျောက်
ယ်သွားဖို့ဆိုတာ ပေါ့ပါးလွယ်ကူလှချည်လား။ လူတစ်ယောက်ရဲ့
ငြီးကျယ်မြင့်မြတ်မှုတွေ၊ စွမ်းရည်ဂုဏ်ပုဒ်တွေ ဒီလောက်အချိန်တိုအတွင်း
ငြီးကမွတ်အဆုံးသတ်သွားမှုအတွက် ကျွန်မ မချင့်မရဲ ယူကျုံးမရ ဖြစ်ရွာ
တွေးပေရှည်နေမိပြန်တယ်။ ဘာအတွက် ဒီလောက်မြန်မြန်ဆန်ဆန်
ပြီးသွားရတာလဲ၊ ကောင်မလေးရဲ့ ငွေကြေးနေအင်အားက သေမင်း
က်က အပါပြန်မဆွဲနိုင်အောင် ဖြစ်သွားရမှုအပေါ် ရင်ထဲမှာ မိသားစုနှင့်
တူ နာကျင်ခံခက်ဖြစ်နေတော့တယ်။

ညနေရောက်တော့ အသုဘအိမ်ကို တစ်ယောက်စ နှစ်ယောက်စ
တင်းမေးသွားတာ တွေ့ရတယ်။ ကျွန်မလည်း သတင်းမေးသွားဖို့ ချိန်ဆ
တယ်။ ခါတိုင်းလို ရပ်ကွက်ထဲမှာ တစ်စုံတစ်ခုဖြစ်လို့ ဝိုင်းဝန်းကြ
မျိုးမတွေ့ရဘူး။ ဒါပေမဲ့ သူတို့ ဇာတိမြို့ကနေ မန္တလေးမှာ လာရောက်
င်းရွှေ့နေထိုင်ကြသူတွေ လာကြတယ်။ ဈေးကြီးထဲက သူ့ဈေးမိတ်ဆွေ
လာကြတယ်။ ဒီလိုနဲ့ သေ့ခြောက်ခြောက် ဖွယ်တယ်တယ် အသုဘ
ဟာ လူဝင်လူထွက်စည်ကားလာတာ တွေ့ရတယ်။ ကျွန်မလည်း
ရှေ့အိမ်ကူးဖို့ ခြေလှမ်းသွက်လာတော့တယ်။

"ညီမလေးက ညနေဆို တုန်တုန်ပြီး ဖျားနေလို့ (...) ဆေးခန်းကို
လိုက်တာ ဆရာဝန်က ငှက်ဖျားဆေးသုံးလုံးတိုက်တာ ဒုက္ခများပါရော။
ိုက်တဲ့ဆေးခန်း၊ ဆေးဝင်ပြီး ညီမလေးလူးလိမ့်နေတော့ ဆရာဝန်အနား
မရှိတော့ဘူး။ အခြားဆရာဝန်ပြေးခေါ်လည်း သူတို့ကော့စ်မဟုတ်လို့
ကြည့်ပေးဖော်မရဘူး။ ဒီအတိုင်း လက်ပိုက်ကြည့်နေလိုက်ရတာ။ ရင်
က်တာ...ငှက်ဖျားပိုး အဖြေစာရွက်က နောက်မှရတာလေ။ ဒါဆို ဘာလို့

www.burmeseclassic.com

www.burmeseclassic.com



ဆေးကို အရင်ပေးရတာလဲ။ ကျွန်မတို့ နားမလည်လို့ ဆရာဝန် အား
တာပေါ့။ ဒီဆရာဝန် ဒီလောက်ပေါ့လျော့မှန်းသိရင် ဒီဆေးခန်းကို မ
ပါဘူး။ အရင်ညီမလေးက အဆုပ်ထဲရေဝင်တာပါ၊ ကုလို့ကောင်း
အားဖြစ်ဖို့ပဲလိုတော့တာ၊ ဒီလိုပစ်လိုက်ရမယ်လို့ တွေးတောင်မတွေးမိ

သူနှင့် ရပ်ချင်းဆင်တူလှတဲ့ အစ်မဖြစ်သူက ငိုလည်းငို၊
လည်းပြော၊ ညှော်ပရိတ်သတ်ကို ညှော်ခံနေတယ်။ ရွှေဖလားရောင်ဝ
လေးနဲ့ ဓာပဝါကိုခြုံထားတဲ့ ကိုယ်တစ်ပိုင်းပုံရဲ့ ရှေ့မှာတော့ အမွေး
တွေ ထွန်းထားတယ်။ ပန်းသီး၊ လိမ္မော်သီးတွေ တင်ထားတယ်။
ပြင်မှာ ရွှေစက္ကူ၊ ငွေစက္ကူတွေ မီးရှို့ထားတယ်။ မာတ်ပုံထဲမှာတော့ သူ
ဟိုး အရင် ကျန်းကျန်းမာမာ ရွှင်ရွှင်လန်းလန်းတုန်းက အပြုံးပန်းတွေ

ဒီလောက်မော်ကြွားတောက်ပခဲ့သူတစ်ဦးဟာ အချိန်တိုအတွ
ဝေဒနာတွေ ဖြောင်းဆန်အောင် ခံစားရပြီး ဒီလိုစောစောစီးစီး လူ့လေ
ကြီးထဲက ထွက်ခွာသွားမယ်လို့ ဘယ်သူထင်မှတ်ထားပါ့မလဲ။ သူ့ရပ်
သူရပ်ကွက်သားတွေကို မဖော်ရွေချင်နေ၊ မပြုံးပြချင်နေ၊ သူ့ရဲ့ ဆတ်
တောက် ခါတာတာ ထိမထင်ဟန်ကလေးကိုပဲ အခုမြင်ရရင် မြင်ချ
ပါဘိ၊ သူ့အားနည်းချက်၊ ချို့ယွင်းချက်တွေကို ခွင့်လွှတ်ပေးပြီး
အသက်ရှင်သန်မှုကို ဆေမင်းဆီက ပြန်လုယူချင်စိတ်တွေဟာ သူ့သ
မဟုတ်ဘဲ ကျွန်မရင်ထဲ စီးမျှောစုန်ဆန်နေတော့တယ်။

အဲဒီညနေက ကျွန်မထင်မှတ်ထားသလို မဟုတ်ဘဲ ရပ်ကွ
ရပ်ကွက်သားတွေအတော်များများ သူ့ဆီရောက်လာကြတယ်။ အ
စေ့စေ့ပိတ်ထားလေ့ရှိတဲ့ သူ့အိမ်ဟာလည်း အခုမှ တံခါးတွေ ဟ
ပွင့်လို့ အစဉ်အမြဲ မီးရောင်မှိန်မှိန်အောက်က မြင်ကွင်းတွေဟာ
ထင်းလင်းပြတ်သားလို့ အလင်းအားကောင်းကောင်းအောက်မှာ



ရဲ့ စိတ်နှလုံး မသာယာတဲ့ မျက်နှာကို သူက ချိုကြည်ရွှင်ပျစွာ ငုံ့ကြည့်လို့။ ရပ်ကွက်သူရပ်ကွက်သားရဲ့ မေတ္တာကို သူ့ရဲ့ သေခြင်းနဲ့ ဆွတ်ချူသွားမှုအတွက်တော့ အမေးနဲ့အယူ ထိုက်တန်ပါရဲ့လားလို့ ကျွန်မ တွေးနေမိတယ်။

*

အသုဘကို သုံးရက်ထားမှာမို့ နောက်ညတွေမှာ ရပ်ဝေးရပ်နီး ညှော်သည်တွေနဲ့ လူစည်ကားလှပါတယ်။ သူ့အိမ်မှာ လူစည်သလို ရပ်ကွက်ကလေးရဲ့ လက်ဖက်ရည်ဆိုင်မှာလည်း လူစည်လို့နေတယ်။

"သိပ်မောက်မာတဲ့ မိန်းမအစ်မရဲ့။ သူ ဒီရပ်ကွက်ထဲ လာမနေခင်ကတည်းက ကျွန်မနဲ့ 'ဖိုက်' ဖူးတာ၊ အစ်မမှတ်မိလား၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကျွန်မ ဈေးထဲမှာ အလုပ်သွားလုပ်တာလေ။ ပါတိတ်တွေ နယ်ပို့တဲ့ ဆိုင်မှာပေါ့။ ဖြစ်ချင်တော့ အစ်မရယ်။ ကျွန်မဆိုင်ရှင်က သူ့အသိ ဖြစ်နေတယ်။ အဲဒီမှာ သူက ဆိုင်ကို ခဏအလည်လာတာ အေးအေးမနေဘဲ ပါတိတ်တွေ အိတ်ပိတ်တဲ့ နေရာမှာ ကျွန်မကို ဆရာလာလုပ်တယ်။ ဟိုလိုလုပ်ပါလား၊ ဒီလိုလုပ်ပါလား။ ကျွန်မလည်း ပြန်မေးလိုက်တာပေါ့၊ နင်က ဆိုင်ရှင်လား၊ မအေးရီက ဆိုင်ရှင်လားလို့ အဟက်...ဟက်"

အေးမိစံက အေးစက်နေတဲ့ လက်ဖက်ရည်ခွက်ကို ရှေ့မှာချပြီး သူ့အကြောင်းတွေ အာဘောင်အာရင်းသန်သန်နဲ့ ပြောနေတယ်။ အေးမိစံဆိုတာ ကျွန်မတို့ ရပ်ကွက်ထဲက အလွန် နိုးကြားတက်ကြွတဲ့ အမျိုးသမီးတစ်ယောက်ပါ။ ရပ်ကွက်ထဲက လူမှုရေးကိစ္စတွေမှာ အလှူများနိုင်ဆုံးလူလို့ ပြောရင်တောင် ရမယ်ထင်တယ်။ ရပ်ကွက်ထဲ မီးပျက်သွား

လို့ **E.P.C** ကို အကြောင်းကြားရတာမျိုး၊ လွတ်လပ်ရေးအထိမ်းအမှတ် အားကစားပြိုင်ပွဲတွေ ဆေးတိုက်ကျေးနေ့တွေမှာ အားတက်သရော ပါဝင်လေ့ရှိတယ်။ ရိုးသားတယ်၊ စိတ်ရင်းကောင်းတယ်။ မဟုတ်မခံ မတရားမှုကို ကြည့်မနေ လူတင်မခံတတ်တဲ့ အေးမိစံနဲ့မှ သူက သွား တွေ့တတ်ပလေ။

"သူက ကျွန်မကို ဘယ်ကျေနပ်ပါ့မလဲ။ ခဲထားတာပေါ့။ တစ်နေ့ကျတော့ သူ ကျွန်မတို့ဆိုင်က ပစ္စည်းဝယ်တယ်။ ကျွန်မက ဒီဆိုင် အလုပ်သမားဆိုတော့ ပစ္စည်းထုပ်လိုက်ပို့ရမှာလေ။ ဒါဟာ သဘာဝကျပါတယ်။ လုပ်ရမှာပေါ့။ သူ့ခွင်ထဲရောက်သွားပြီကိုး။ သူက ကျွန်မကို သူ့နောက်က လိုက်ခဲ့...တဲ့။ ပြောပြီး ရှေ့ကနေ ရင်ချီပြီး ထွက်သွားလိုက်တာ ကျွန်မလေ အနောက်ကနေ ပြေးပြီး ရိုက်ချင်လိုက်တာ၊ ဘာရမလဲ...အေးမိစံပဲ အစ်မရဲ့၊ ကျွန်မ သူ့နောက်က လိုက်မသွားဘဲ ဆိုင်ရှင်ဆီမှာ သူ့ဆိုင်နံပါတ် လိပ်စာတောင်းလိုက်တယ်။ ပြီးတော့ ဖြတ်လမ်းကနေ သူ့ဆိုင်ရောက်အောင် သွားလိုက်တာပေါ့"

"အစ်မရေ... သူ ဒေါသတွေ ပေါက်ကွဲပြီး အော်လာလိုက်တာ အသံကျယ်ကြီး... ဘယ်လျှောက်သွားနေတာလဲ။ အနောက်ကပါမလာလို့ ပြန်ရှာရတာ မောနေပြီ။ ဘာတွေ လုပ်နေလဲပေါ့။ ကျွန်မလည်း ပြန်ပြောလိုက်တယ်။ "ပစ္စည်းတွေ နင့်ဆိုင်ရောက်ဖို့ အဓိက မဟုတ်လား။ ငါ ဘာသာ ဘယ်လမ်းကလာလာပေါ့။ ရော့...ဒီမှာ ပစ္စည်းစစ်ကြည့်ဦး" ရှို သူ့ဒေါသထွက်နေပုံကို ကြည့်ပြီး ကျွန်မ ရယ်ချင်လိုက်တာ၊ ဒီလို ပညာပေးလိုက်ရလို့ ကျေနပ်တယ်။ သိပ်မိုက်ရိုင်းတာ အစ်မရဲ့။ ကျွန်မ ... ကျွန်မကလေးလောက်ရှိတာ ဂါရဝတရား လုံးဝမရှိဘူး။ နောက် ... မကြာဘူး၊ ဒီရပ်ကွက် ဒီလမ်းထဲ သူပြောင်းလာမယ် ကြားတာပဲ၊ ... လည်း သူကြားအောင် အော်ပေးလိုက်ရင် အေးမိစံဆိုတာ ဘာကောင် ...



သိရမယ်လို့"

"တော်ပါတော့ အေးမိရယ်။ သေသူကသေသွားပြီပဲ။ ပြီးတာတွေ ပြီးနေပြီ ပြောမနေပါနဲ့တော့...သူမောက်မာတာ တစ်ရပ်လုံးသိပါတယ်။ သူ့ဇာတ်သူ သိမ်းသွားပြီဟာ စိတ်ထဲ အဲဃာတတွေ မထားပါနဲ့တော့"

"မထားပါဘူး အစ်မရဲ့ ကြုံလို့ပြောတာပါ။ လူတစ်ယောက် မောက်မာတယ်၊ မာနကြီးတယ်ဆိုတာ ငွေကြေးချမ်းသာလို့လား ပညာဉာဏ်ထူးချွန်ထက်မြက်လို့လား တစ်ခုခုမှာ လျှမ်းလျှမ်းတောက်နေရင်တော့ ကြီးစမ်းပါ။ အခုတော့ သူက အလကား အဆံမရှိတဲ့သကြိမ်န် အမြောက်ပါ အစ်မရယ်။ အရေးထဲ အကြွားကလည်း ထူသေး။ သူက 'ရယ်ဒီမိတ်'မှ ဝတ်တာတဲ့ အစ်မရဲ့။ ရယ်ဒီမိတ်မှတဲ့။ သူ့မှာ ရယ်ဒီမိတ် အင်္ကျီ ဘယ်နှစ်ထည် ရှိတယ်ဆိုတာတောင် တစ်ဈေးလုံးကြားအောင် ဟောင်ဖွာ...ဟောင်ဖွာ ကြွားတတ်တဲ့ မိန်းမ"

အေးမိစံက ကျွန်မ ဘယ်လိုတားတား...အားရှိပါးရှိ အရှိန်ကောင်းလာပြန်သည်။ လက်ဖက်ရည်ဆိုင် လူစုံရာနေရာဖြစ်သဖြင့် ကြမ်းကြားလေကြား သူ့အိမ်သားတွေကြားသွားမှဖြင့် ...။ ကျွန်မ ပူပန်မှုကို အေးမိစံ ရိပ်မိသွားသည်ထင့်...လေသံကိုနှိမ့်ကာ...

"အစ်မသိလား...အခု သူနေတဲ့အခန်းဟာ သူတို့မြို့က သူဌေးတစ်ယောက်ကို ချိုင်ပြီး ရထားတာလေ။ ဒီသူဌေးက ချမ်းသာသလောက် အိမ်ထောင်အတည်တကျမပြုဘဲ ရှုပ်ရှုပ်ပွေပွေနေတာ၊ သူနဲ့လည်း လက်လည်းမထပ်ဘဲ သမီးရည်းစားမက တွဲနေတာတဲ့။ ဒီအခန်းက အဲဒီသူဌေး ဝယ်ပေးတဲ့ အခန်းလေ၊ အခန်းတင်မဟုတ်ပါဘူးလေ... စီးပွားရေးက အစ ခိုင်သွားပြီ။ သူဌေးကတော့ လွန်ခဲ့တဲ့ လေးနှစ်လောက်က အေးအိုင်ဒီအက်စ်နဲ့ သေသွားပြီး အမယ်...သူက သူဌေးကို အရမ်းသို ပြုစုလိုက်

www.burmeseclassic.com



သေးတာတဲ့။ အခု သူပိန်ချုံးကျနေတာ သူ့ငွေအမွေလို့ ပြောတာပဲ အစ်မရဲ့။ ဖြစ်စက အဖျားတွေကြီး ဝမ်းတွေသွားနဲ့ ဆေးရုံတောင်ပြောင်းတင်ရတာ…”

ဘုရား…ဘုရား အေးမိစံပါးစပ်မှ စက်သေနတ်ပစ်သလို ထွက်လာသော သူ့ရဲ့ မကြားဝံ့ မနာသာအကြောင်းတွေကတော့ ကျွန်မအတွက် အံ့အားသင့် ဩချရဖို့ချည်းပင်။ သူ့အစ်မဆီက နှုတ်ထွက်စကားနဲ့ အရပ်စကား ဈေးစကား ကွာချင်တိုင်းကွာနေပါပေါ့လား။ အမှန်တရားဟာ ဘယ်အရာလဲဆိုတာ ကာယကံရှင်များက သိချိမ့်မည်။

“သူက ပတ်ဝန်းကျင်နဲ့ အဆက်အဆံမလုပ်၊ တစ်ယောက်တည်းနေ၊ ပြန်လာရင် တံခါးတစ်ချပ် ဝင်သာရုံ ဖျတ်ခနဲဖွင့် ပြန်ပိတ်သွား၊ ဒီလိုနေတာ ဟုတ်လှပြီထင်လို့၊ ညည ဆိုင်ကယ်နဲ့ လာနေတဲ့ တစ်ယောက်ကလည်း ညဥ့်နက်မှ ပြန်ထွက်သွားတာ တစ်ရပ်လုံးအသိ…”

လက်ဖက်ရည်ဆိုင်မှ ထွက်လာသော ကျွန်မ ခြေလှမ်းများနောက် အေးမိစံရဲ့ နောက်ဆက်တွဲစကားတွေက ပြေးလိုက်ဖြစ်အောင် ပြေးလိုက်လာကြသေးတယ်။ ပြောသူက အတောမသတ် ပြောနိုင်ပေမဲ့ နားထောင်သူက နားမထောင်ဝံ့တော့။

ကျွန်မနားထဲမှာတော့ ခက်ခက်ခိုင်ရဲ့ ‘ရယ်ဒီမိတ်မှ ဝတ်တာ’ ဆိုသော စကားသာ ထပ်ခါတလဲလဲကြားနေတော့တယ်။

‘ရယ်ဒီမိတ်’ ဒီဘက်ခေတ်မှာ ပေါ်ပင် ခေတ်စားလာသော စကား။ အသင့်ပြုလုပ်ပြင်ဆင်ထားသောလို့ အဓိပ္ပာယ်ရမယ် ထင်တယ်။ အဆင်သင့်ဝတ်ရန် ချုပ်လုပ်ထားသောအင်္ကျီ၊ အဆင်သင့် စားသုံးရန် ပြုလုပ်ပြင်ဆင်ထားသော စားစရာ စသည်ဖြင့် တိုးတက်နေသော ခေတ်နဲ့အမျှ လူသုံးကုန်ပစ္စည်းတွေ တွင်ကျယ်စွာ ဝင်ရောက်လာတယ်။



အသင့်ချုပ်ပြီးသား ရယ်ဒီမိတ်အင်္ကျီတွေက ဈေးကြီးလှတယ်။ အကောင်းစားဇာစတွေနဲ့ ချုပ်ထားတဲ့အင်္ကျီဆိုရင် တစ်ထည်ကို သောင်းချီပေးရတာတွေတောင် ရှိတယ်။ ဟုတ်ပါရဲ့ ခက်ခက်ခိုင် ရယ်ဒီမိတ်တွေသာ ဝတ်တာ ကျွန်မ ခုမှ ရေးရေးပြန်မြင်မိပါရဲ့။ အသင့်ပြုလုပ် ပြင်ဆင်ပြီးသား အင်္ကျီကိုပဲ ဝတ်ဆင်လိုသူ ခက်ခက်ခိုင်တစ်ယောက် အသင့်ပြုလုပ်ပြင်ဆင်ပြီးသား ကံကြမ္မာဝတ်ရုံကို မလွဲမသွေ ဆင်မြန်းသွားရပါပကော။

အကြောင်းတရားတို့ နောက်ဆွယ်မှာ အကျိုးပေး အဆက်အထုံးတွေ တစ်သီကြီး လိုက်ပါနေတယ်။ ဒီလမ်းလျှောက်ရင် ဒီစခန်းရောက်မှာကို ခက်ခက်ခိုင် ပညာတတ်တစ်ယောက်အနေနဲ့ မသိဘဲနေမည်မဟုတ်။ ဘဝနှင့် ငွေကြေးဥစ္စာကို လဲလှယ်ခြင်းလား။ အချစ်နှင့် ဘဝကို လဲလှယ်ခြင်းလား။ ယခုလောလောဆယ် ဆေးပေးမှားလို့ ကိစ္စများသွားသလိုလိုနှင့် ပြောရင်ပြောခွင့်သာသေးတယ်။ အကယ်၍များ ကလေးမမှာ သူ့ငွေရောဂါ အမွေကျန်ခဲ့ပါက သည့်ထက်မက ညှိုးချုံးလာမယ်။ ရုပ်ပျက်ဆင်းပျက်ဖြစ်လာမယ်။ ဒီအခါမှာ ပတ်ဝန်းကျင်မှာ ခေါင်းမဖော်ဝံ့ဖြစ်လာမယ်။ ထိုစခန်းသို့ မရောက်မီ သည်မှာတင် ဇာတ်သိမ်းသွားခြင်းအတွက် ကံကြမ္မာကိုပင် ကျေးဇူးတင်ရမလိုလို။

ခက်ခက်ခိုင် သူ့ရယ်ဒီမိတ်ဝတ်စုံကို သူကိုယ်တိုင် ချုပ်လုပ်ဆင်မြန်းသွားမှုအပေါ် ကျွန်မတို့ မချိတင်ကဲ ကြေကွဲရုံအပြင် ဘာမှမတတ်နိုင်။

“သူ့အစ်မက သူ့ကိုသိပ်ချစ်တာ။ သချိုင်းမှာလေ၊ သူ့ညီမလေးမျက်နှာကို ရင်ခွင်ထဲထည့်ပြီး အလှပြင်ပေးတာ သွားကြည့်စမ်း…ကြွေရုပ်ကလေးကျနေတာပဲ၊ ပြင်ထားတာ ပစ်ရက်စရာကို မရှိဘူး”

“ဟဲ့…ဟဲ့…လုပ်ကြပါဦး၊ နောက်မှ နယ်ကရောက်လာတဲ့ တစ်ဝမ်းကွဲမောင်နှမတွေ အလောင်းစင်ကို ဆွဲဖြုတ်မတတ် ဆွေ့ဆွေ့ခုန်ငိုနေကြတာ သနားစရာကွယ်…

ဟော…ဟော…တစ်ယောက် ငိုရင်းတက်သွားပြီ၊ လူတွေ မအံ့ကြ

www.burmeseclassic.com



နဲ့လေ”

ခက်ခက်ခိုင်ရဲ့ နောက်ဆုံးခရီးမြင်ကွင်းကတော့ ရင်နာစရာပါပဲ။ တစ်ကိုယ်ရေ တစ်ကာယ ဖြစ်တာရယ်၊ ဈေးမိတ်ဆွေများတာရယ်ကြောင့် အသုဘပို့သူတွေ ထင်ထားတာထက် ပိုစည်ကားနေတော့တယ်။ ရပ်ကွက်ကလည်း သူ့ရဲ့နောက်ဆုံးခရီးကို သူနဲ့ ရန်ဖြစ်ဖူးတဲ့ အပေါ်သုံးလွှာက အိမ်ရှင်ရော အေးမိစံအပါအဝင် လူတွေအတော်များများ လိုက်ပါပို့ဆောင်ကြတယ်။ လှပဝေဆာတဲ့ အဖိုးတန်ပန်းခြင်းတွေ စီရီထားတဲ့ အလောင်းစင်မှာတော့ ခက်ခက်ခိုင်ဟာ ပန်းမွေ့ရာအောက်မှာ အေးချမ်းငြိမ်သက်စွာ လျောင်းစက်နေတယ်။ ပန်းတွေရဲ့အောက်မှာ တစ်စွန်းတစ်စပေါ်နေတဲ့ အင်္ကျီကလေးက သူဝတ်နေကျ ရယ်ဒီမိတ်အင်္ကျီကလေးပဲပါလား။ ဖိနပ်ကလည်း ဝယ်ထားပြီး သူမဝတ်သွားရတဲ့ ရှစ်ထောင်တန်ဖိနပ်တဲ့၊ အသက်မရှိတော့တဲ့ အသေကောင်ကို အလှဆင်ပေးထားပြီး မပစ်ရက် မစွန့်ရက် ရင်ဘတ်စည်တီး ငိုညည်းချက်မဖြစ်နေတဲ့ မြင်ကွင်းကို ကျောခိုင်းမိတဲ့အချိန်မှာတော့ ကျွန်မရင်ထဲ အတွေးတစ်စ ကပ်ပါလာတော့တယ်။

အဲဒါကတော့ ခက်ခက်ခိုင်မဟုတ်။ ကျွန်မတို့အားလုံးရဲ့ ကံကြမ္မာက အသင့်ယက်လုပ်ပြီးသော ရယ်ဒီမိတ်ဝတ်စုံများကို မငြင်းမဆန် ဝတ်ဆင်ကြရမယ်ပါလား ဆိုတဲ့ အသိပါ။ အကောင်းဆုံး ဝတ်စုံဖြစ်ဖို့က ကောင်းသော စိတ်စေတနာအခြေခံတဲ့ ချည်မျှင်အထည်စဖြစ်ဖို့ပါပဲ။

သံသရာခရီးရှည်ကြီးမှာ ကောင်းမွန်လျော်ကန်တဲ့ ရယ်ဒီမိတ်ဝတ်စုံရဖို့အတွက် ကျွန်မတို့စိတ်တွေ၊ ကိုယ်ကျင့်တရားနဲ့ လုပ်ရပ်တွေကို သံဝေဂတရားနဲ့အတူ လျှော်ဖွတ်သန့်စင်ကြပါစို့။

(မြိုင် အ.ထ.က မဂ္ဂဇင်း၊ ၂၀၀၃၊ နိုဝင်ဘာ)

# ကျောက်တောင်စွန်းပေါ်က လဝန်းမြင့်မြင့်

မြို့အဝင်။

ဖြောင့်တန်းပင်စည်တို့ဖြင့် ကျိုးကျဲကျဲထန်းတော။

ထန်းတောနောက်မှ တည်ကြည်မာကျောခြင်း သရုပ်ပြ ဖွဲကပင်တောင်။

မွန်တို့က ကဇွယ်ကပန်းလို့ အသံထွက်ပြီး ချိတ်စရာ အစွန်းလို့ အဓိပ္ပာယ်ရတဲ့ ဖွဲကပင်တောင်ကြီး ထီးတည်းမြင့်မား ဝင့်ကြွားဖွယ်အလှ။

ထွက်ပြူအန်ကျစ ရှေ့ပြေးရောင်နီရဲ့ ထိတို့ကျီစယ် မရိုးမရဲတိုး ဝင်လာမှုတွေဟာ အနုလက်ရာမြောက် ပန်းချီကားတစ်ချပ်လို မြင်ကွင်းထဲ ဘွားခနဲ ပေါ်လာတော့တယ်။

ဖွဲကပင်ကို မြင်ရင် မိမိချို့ရင်ဟာ ဘလောင်ဆူ နာကျင်ရပြန်တယ်။ ကျောက်သားကျောက်စိုင်ရဲ့ ရင့်မာခိုင်ကျည်မှုအောက်မှာ မိမိချို့ ဘာကြောင့်များ အကြိမ်ကြိမ် ပြိုလဲနေရပါလိမ့်။ ယုတ်လျော့ကျဆင်းသွားတဲ့ ခံတိမာတ်အင်အားတွေ တဖြုတ်ဖြုတ် ပဲ့ကြွေကုန်တဲ့ ခံနိုင်ရည်ရှိမှုတွေ နေရာမှာ အစားထိုးဝင်ရောက်ဖို့ ကျောက်တောင်ကြီးဆီက မမြင်နိုင်တဲ့စွမ်းအားတစ်စုံတစ်ရာကို မိမိချို့ မဝံ့မရဲမျှော်လင့်နေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို စွမ်းအင်မျိုးက မိမိချို့ရင်ထဲက ပွပင်သောကာ အုံကျင်း
ဖွဲ့မှုတွေကို တိုက်စား ချေဖျက်နိုင်မယ်ဆိုတာ မည်သူတစ်ဦးတစ်ယောက်
ကမှ သိနိုင်မှာ မဟုတ်ပါဘူး။ အချိန်တွေကို အလျားလိုက်ဖြတ်ကူး၊
ဆောင်ဘင်လူးနေတဲ့ လှိုင်းလှေကားပေါ်မှာ တက်ဆင်းခဲ့ရတဲ့ ကာလတွေ
ဟာ ကြာတောင့်ကြာရှည်ခဲ့ပြီ။ ငရဲမီးကို ရှက်ထားရသူဟာ တစ်စက္ကန့်ကို
တစ်ကမ္ဘာထင်သတဲ့။ ငရဲတောင်ကြီးပိနေတဲ့ မိမိချိုအဖို့မှာတော့ ကမ္ဘာ
ပေါင်းများစွာ ကြာညောင်းလှသလို ခံစားနေရတဲ့အခါ ပြန်မရတော့တဲ့
အတိတ်ဆီကို နာရီလက်တံ ပြောင်းပြန်ခိုစီးပြီး အရောက်သွားလို့ တစ်က
ပြန်စချင်တဲ့ တိမ်းတိမ်းပွေပွေ စိတ်ကူးတွေ မိုက်မိုက်ရူးရူး ပေါ်ထွက်လာ
လေ့ရှိတယ်။

တစ်ခါတုန်းကတော့ မိမိချိုဟာ မော်လမြိုင်တက္ကသိုလ်ရဲ့ အလှ
ဘုရင်မတစ်ပါးပါ။ နှုတ်ခမ်းတွဲတွဲ၊ နှာတံလုံးလုံး၊ ကော့ရရော့မျက်တောင်
အောက်မှ အရည်ရွှန်းလဲ့နေတဲ့ ကြယ်ညိုနှောင်မျက်ဝန်းအစုံဟာ ဆွဲဆောင်မှု
ကောင်းတဲ့ ညို့အားတွေအဖြစ် ဆန့်ကျင်ဘက်လူသားတွေရဲ့ တပ်မက်မှု
အာလျတွေကို မှူးယူနိုင်ခဲ့တယ်။ အချိုးစားနားကျလှတဲ့ ကိုယ်နေဟန်
ထားပေါ်က အစဉ်အမြဲ ဖားလျားဝဲနေတဲ့ ထူထဲထဲ ဝေ့ဝဲဝဲ ဆံပင်ရှည်
ကြီးတွေဟာ မိမိချိုရဲ့ တင့်မောမှုကျက်သရေကို ကူပံ့ပေးနေပြန်တယ်။
အစဉ်အမြဲ ဟိုက်ဟီးလ်စီးထားတဲ့ ခြေထောက်ဖြူဖြူကလေးတွေရဲ့ အနှုတ်
အသိမ်း အရွေ့အလှမ်းကို မြင်သူတကာ မိန်းမောအားကျ၊ အို အဲဒီအလှ
တွေ အားလုံး တစ်ခဏတစ်ဒင်္ဂမျှသာပါပဲ။

တကယ်တော့ မောင်ဟာ အသားစားကျူးတဲ့ ဘီလူးတော့ မဟုတ်
ခဲ့ပါဘူး။ မိမိချို့အလှရေကြည်အိုင်မှာ ခြေဆေးပြီး အပေးကို ပြေးထွက်
သွားသူတစ်ယောက်လည်း မဟုတ်ခဲ့ပါဘူး။ ယောကျ်ားတစ်ယောက်ရဲ့



မာယာထောင်ချောက်အတွင်း လိုလိုချင်ချင် သက်ဆင်းခဲ့ပါတယ်လို့ ပြော
ရင် ယုံကြပါ့မလား။ မာယာကို မာယာမှန်းမသိ၊ ထောင်ချောက်ကို ထောင်
ချောက်မှန်းမသိ။ အချစ်သကာရည်ပါးပါး သုတ်လိမ်းထားတဲ့ ခါးသက်မှု
တွေ အကြိမ်ကြိမ် မြိုချရင်း ယမက်နံ့မှာ ခြေတစ်ဖက် ကျွံမိတဲ့အခါမှာတော့
မိမိချို တက္ကသိုလ်ကို ကျောခိုင်းစွန့်ခွာခဲ့ရတော့တယ်။

မှားယွင်းမှုတွေ မညှာမတာ စုဝေးရောက်ရှိလာခဲ့တယ်ဆိုတာ ရိပ်
စားမိတဲ့အချိန်ဟာ မိမိချိုအတွက် အတော်ကလေး နောက်ကျခဲ့ပါပြီ။
ဘဝနှစ်ခုပေါင်းစပ်တယ်ဆိုတာ ချစ်သူနှစ်ဦးတည်း ပေါင်းစပ်ရတာ မဟုတ်၊
နှစ်ဖက်မိဘအသိုင်းအဝိုင်း၊ စီးပွားရေး လူမှုရေး ရေတွက်လို့ မနိုင်အောင်
များပြားလှတဲ့ အရေးတွေပါ ပါဝင်ပေါင်းစပ်ရတယ်ဆိုတာ ထိတ်လန့်
အံ့ဩဖွယ် သိလိုက်ရတဲ့အချိန်မှာ မိမိချို သားဦးဇာနည်ကို မွေးဖွားနေပါပြီ။

ယောကျ်ားတစ်ယောက်ရဲ့ ကိုယ်ပိုင်အရည်အချင်းကို အတန်းပညာ
နဲ့တိုင်းတာ သတ်မှတ်တဲ့အထဲမှာ မိမိချို မပါဘူး။ အဲဒီလိုတိုင်းတာ သတ်မှတ်
မှုဟာ သင့်တင့်လျော်ကန်တဲ့ တိုင်းတာမှုလို့ မထင်ဘူး။ အချစ်က ရှေ့ဆောင်
နေတော့ မောင့်ရဲ့အတန်းပညာ နုံနဲ့မှုတွေကို ဋီကာချဲ့ အပြစ်ဖွဲ့ဖို့ အာသီသ
မရှိဘူး။ ပတ်ဝန်းကျင်က ဒါကို ရိုးမယ်ဖွဲ့ လက်ညှိုးထိုးရင်တောင် အဲဒီ
လက်ညှိုးတွေကို ဖြတ်ဖို့ အင်္ဂုလိမာလရဲ့ဓားကို ခဏငှားချင်တဲ့ မိန်းမ။

အခြေခံပညာ အားနည်းတဲ့အခါ တွေးခေါ်မြော်မြင်မှု ဆင်ခြင်တုံ
တရားတွေ၊ အနာဂတ်ရှေ့ခရီး ဖြောင့်ဖြူးဖို့ စီမံခန့်ခွဲမှု အရည်အချင်းတွေ၊
ခေတ်နဲ့လျော်ညီ တိုးတက်သစ်လွင်တဲ့ အယူအဆတွေ ကျဲပါးပြတ်တောက်
နေလေ့ရှိတဲ့ သဘာဝတရားကို မိမိချို မေ့လျော့နေမိတယ်။ ပြင်မရတော့တဲ့
အမှားလို့ နောင်တ,တရားတွေ ဒရောသောပါးပြေးဝင်လာချိန်မှာ လှေဆန်
ရေဆန်ကြီးထဲ တစ်ဝက်ခရီး ရောက်နှင့်နေပြီ။

www.burmeseclassic.com



ကြိုးပွားတိုးတက်ချင်စိတ် နည်းပါးပြီး အလုပ်တစ်ခုကို ဇောက် ချကာ လုံ့လစိုက်ထုတ်မှု မရှိခြင်းကလည်း နှစ်ယောက်တစ်ဘဝ ရပ်တည် မှုကို ထိပါးစေတယ်လေ။ အချစ်နှင့် ဆာလောင်ခြင်း၊ ဆာလောင်ခြင်း နှင့် အချစ်ဟာ တကယ်တော့ ပေါင်းကူးယှက်နွယ်နေတဲ့ အရာတွေပါ။ ဆာလောင်နေသူတစ်ယောက်ဟာ အချစ်မှာ ကြာရှည်မပျော်မွေ့နိုင်ဘူး။

နေရေးနှင့် ဝတ်ရေးကို ထားဘိဦး၊ ဝမ်းတစ်ထွာဗိုက်ကို ဖြည့်တင်း ဖို့အတွက် ကလေးကို ပိုက်ကာ မိမိချို အမေ့အိမ် ပြန်တက်ခဲ့ရတယ်။ ဆင်းတုန်းကလဲ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်၊ ပြန်တက်တော့လဲ ကိုယ့် ဆုံးဖြတ်ချက်နဲ့ ကိုယ်၊ သားဇာနည်အတွက် လစ်ဟာသွားတဲ့ ဖခင်ချစ်ခြင်း တစ်နေရာအတွက် နှစ်ဆတိုး အံခဲအားတင်းမှုတွေဟာ မိမိချိုရဲ့ လှပ နုပျိုမှုတွေကို တွန်းတိုက်ဖဲ့ချေသွားခဲ့ပြီ။

အလို…ရေရဲ့ ရန်၊ အေးမြမှု၊ ရစ်ခွေစီးဆင်းနေတဲ့ သံလွင်ပါလား။ လွင့်ပါးနေတဲ့ တိမ်စိုင်လို စိတ်စေစားရာ ခရီးခြေဆန့်နေသည်နှင့် သံလွင် ကို မေ့လျော့နေမိတယ်။ မြင့်မားမား မတ်စောက်စောက် ကျောက်တောင် ခြေမှာ ပျပ်ဝပ်တည်နေတဲ့ မြို့ကလေးကို မြစ်သံလွင်ဟာ သိုးထိန်းသမားရဲ့ စောင့်ရှောက်ခြင်းမျိုးနဲ့ ထိန်းကြောင်း ပွေ့ငင်ထားရှာတယ်။

ဟိုက်ဝေးခရီးသည်တင်ကားဟာ သံလွင်တံတားကိုဖြတ်ပြီး မြို့ ထဲဝင်လာချိန်မှာတော့ မိုးစင်စင်လင်းနေပြီ။ တစ်ချိန်တုန်းက ဒရောသောပါး ကုန်စည်စီးဆင်းမှုတွေနဲ့ ဘောင်ဘင်ထခဲ့တဲ့ မြို့ကလေးဟာ အခုတော့ ဣန္ဒြေမပျက် ငြိမ်သက်နေပါရောလား။ ဟိုက်ဝေးပေါ်က ဆင်းခဲ့တဲ့ မိမိ ချိုဟာ မြဝတီကော့ကရိတ် ဟိုင်းလတ်ကားပေါ် တက်ခဲ့ရပြန်တယ်။ ကား ထွက်ပေမဲ့ စိတ်ကူးမဆက်နိုင်တော့ဘူး။ ကရင်ပြည်နယ်ရဲ့ မိုးဟာ ကံဆိုး သူကို ညှိုးမာန်ဖွဲ့ပေဦးတော့မယ်။ လေပွေသရမ်းအောက်မှာ စောစော



ကြည်လင်သာယာမှုတွေ လွင့်စင်ပြေးလို့ မြို့ကလေးကို ဝန်းရံထားတဲ့ အလျားရှည်တောင်တန်းတွေဟာ မိုးစက်မှုန်တွေကို ဆွတ်ချူနေကြပြီ။ မိမိချိုတစ်ကိုယ်လုံး စိုချင်စိုပါစေ၊ ဆွဲခြင်းထဲက ပစ္စည်းတွေ စိုကုန်လို့ မဖြစ်ဘူး။ ဆွဲခြင်းထဲမှာ မေတ္တာဓာတ်တွေနဲ့ ပြည့်ဝနေတဲ့ မိမိချိုရဲ့ ချစ် ခြင်းတွေ အပြည့်အမောက်။ ဟော နာကတောင်တဲ့၊ မိမိချို ဆင်းရမယ့် နေရာ။

ကားပေါ်က အဆင်းမှာ မိုးမှုန်ကြားထဲ ကြာကြာရပ်နေဖို့မသင့်လို့ ထဘီကို တိုတိုပြန်ဝတ်ပြီး ခရီးစတင်လိုက်တယ်။ အရင်က ဟိုက်ဟီးလ်နဲ့ စတိုင်လ်ကြီးခဲ့တဲ့ မိမိချိုတစ်ယောက် အတက်ခက်ခက် အဆင်းကြမ်းကြမ်း မှာ ဘယ်လမ်းနဲ့ ဘယ်ဖိနပ် သင့်တော်ရာ ရွေးတတ်ခဲ့ပြီ။ နှစ်မိုင်ခရီး ခြေ လျင်လျှောက်ပြီး ရောက်တဲ့ရွာက လှိုင်ဘွားရွာတဲ့။ ရွာနာမည်က ချစ်ခင် နှစ်လိုဖွယ်ကောင်းပေမဲ့ ဆက်သွယ်ရေးလမ်းကြောင်းက ညံ့ဖျင်းလေတော့ တစ်သက်လုံးနုံခဲ့တဲ့ မိမိချိုအဖို့ မောညောင်းနုံးဝေဒနာတွေသာ တရစ်ရစ် တိုးလာတော့တယ်။

တော်သေးသေးရဲ့၊ သည်းမယ့်ဟန်ပြင်နေတဲ့ မိုးက ဖွဲဖွဲနှင့်ပင် ကျိုးစယ် နေတော့ မိုးကိုပင် ကျေးဇူးတင်ရဦးတော့မလို။ ရွာလယ်ချောင်းရှည် တံတားကြီးကို ဖြတ်တော့ မရောက်နိုင်တဲ့ ခရီးရှည်ကြီးက ပြန့်ထွက်လာ ပြီး အားနွဲ့သူကို မညှာမတာ နှိပ်စက်နေသလို ထင်ရပြန်တယ်။ ဟော တံတားရဲ့ ဟိုမှာဘက်ရောက်တော့ တပြန့်တပြောရေပင်လယ်ကြီး၊ ဘာလား ပင်လယ်အော်ကြီးများ ရွေ့လျားရောက်ရှိနေသလားကွယ်။ တကယ်တော့ ဒါဟာ ရေပင်လယ်အတုကြီးပါ၊ အောက်ခြေမှာ လယ်ကွင်းပြင်တွေနစ်မြုပ် နေတဲ့ ရေပင်လယ်အတုကြီးကို ဖြတ်ဖို့ ကန်သင်းရိုးပေါ်ကို မရဲတရဲ ခြေ လှမ်းတင်လိုက်တဲ့အခါ ရေထဲကနေ လူရဲ့သွေးကို စုပ်ယူမယ့် သတ္တဝါတွေ

www.burmeseclassic.com



မရောက်လာပါစေနဲ့လို့ အခါခါဆုတောင်းနေမိတယ်။

အကာအကွယ်မဲ့ ဟင်းလင်းပြင်မှာ လေသရမ်းက ထိနမ်းတဲ့အခါ လှုပ်ရမ်းသွားတဲ့ ခေါက်ထီးကလေးကို မနိုင့်တနိုင်ထိန်းရင်း ချစ်ခြင်းတွေ ပြည့်တင်းလေးလံနေတဲ့ တစ်ဖက်စောင်းနင်း ခြင်းလေးကြီးကို ဆွဲလို့ သိုင်းကွက်နင်း ခြေလှမ်းတွေနဲ့ မိမိချိုဟာ ရယ်စရာ သတ္တဝါ တစ်ကောင်နဲ့များ တူနေလေရော့သလား။

'ဗျို့၊ ဒေါ်မိမိချို၊ မျှော့တွယ်မှာ မကြောက်ဘူးလား။ မျှော့တစ်ကောင်တစ်ကောင် ကျွဲလောက်ရှိတယ်နော်'

ဟော...အဲဒါ စခန်းတာဝန်ခံကြီးရဲ့အသံ၊ ဒီလမ်းခရီးကို ရောက်ရင် သူမ ကြားနေကျအသံ၊ ကျွဲလောက်ပဲရှိရှိ၊ ဆင်လောက်ပဲရှိရှိ၊ ခရီးဆုံးအောင် လျှောက်ရမှာပဲ မဟုတ်လား။ တစ်မိုင်ခရီးကို ဖြတ်လာပြီးလို့ ကိုယ်တစ်ပိုင်းရေရွှဲနေတဲ့ မိမိချိုဟာ စခန်းတာဝန်ခံကြီးရဲ့ လှမ်းအော်နှုတ်ဆက်မှုကြောင့် အားတွေတက်ပြီး ခြေလှမ်းတွေ သွက်နေပါတော့တယ်။ ဘဝသစ် စိုက်ပျိုးထုတ်လုပ်ရေးစခန်း ဆိုင်းဘုတ်ကို မြင်တော့ မိမိချို နှလုံးခုန်သံ ဒိတ်ဒိတ်ညံနေပြီ။

စေ့စေ့ပိတ်ကာထားတဲ့ အရံအတားရဲ့အတွင်းမှာ တစ် နှစ် သုံး အိပ်ဆောင်သုံးဆောင်၊ ထမင်းစားဆောင်၊ တာဝန်ခံများနေတဲ့ အဆောင်တွေဟာ သူ့နေရာနဲ့သူ အစီအစဉ်တကျ ရှိနေကြတယ်။ ဒီနေရာကို ထီးခေါက်မက ရောက်ခဲ့ပြီမို့ မိမိချို့ကိုမြင်ရင် ဘယ်သူ့ကို ခေါ်ပေးရမယ်ဆိုတာ မပြောဘဲနဲ့ သိနေကြပြီ။ ဘဝသစ်စိုက်ပျိုးထုတ်လုပ်ရေးစခန်းကိုယ်စားပြုသင်္ကေတ အပြာရောင်ရုပ်အင်္ကျီ၊ အပြာရောင်လုံချည်၊ အပြာရောင်ဦးထုပ်တွေနဲ့ ဆင်ယင်ထားတဲ့ စေတနာလုပ်အားရှင် သားတို့တစ်ယောက်

"မေမေ၊ မေမေချို သား ဒီမှာ"



မိမိချိုဟာ ဆွဲခြင်းနဲ့ ထီးကိုပစ်ချပြီး သမုဒ္ဒရာထက် နက်ရှိုင်းကျယ်ပြောတဲ့ ရင်ဘတ်အစုံကို ဖွင့်လို့ သားကို သိမ်းကြုံးပွေ့ငင်လိုက်တယ်။ အစားအသောက်ချို့ငဲ့တာရော၊ လေးလံပိကျတဲ့ စိတ်ဒဏ်ရာ အနာဖေးတွေကြောင့် ချိုင့်ဝင်နေတဲ့ သားရဲ့ပါးပိန်ပိန်ကလေးတွေကို အငမ်းမရ နမ်းနေမိတယ်။ အမေနဲ့သားတို့ မျက်ရည်မြစ်နှစ်စင်း ပေါင်းစုံစီးဆင်းမှုက မိနစ်များစွာကို တငြိမ့်ငြိမ့် ဖြတ်ကျော်နေတယ်။

"သား နေကောင်းရဲ့လား၊ တလောက ဖျားသေးရဲ့ဆို"

မေးလိုက်ပါမှ ပိုပြီး ဝမ်းနည်းသွားသလို အဖြေစကားမပေးဘဲ အမေကိုသာ တိုးပြီး ဖက်နေတာမို့ မိမိချိုရဲ့ ဆို့နင့်ကြေကွဲမှုတွေ တဖွဲဖွဲပြိုဆင်းလာပြန်တယ်။ ထက်မာန်ဟန်တင်းရပေမဲ့ ဒီနှစ်တွေအတွင်း အရပ်ရှည်ကြီးကောင်ဝင်လာတဲ့ သားကိုကြည့်ပြီး အတန်အသင့် စိတ်သက်သာရာရသွားတဲ့အခါမှာ သားကို ဖျောင်းဖျနှစ်သိမ့်ဖို့ စကားလုံးတွေ ရှာဖွေနေမိပါတော့တယ်။

"မေမေ အခုလာတာ နေ့ချင်းပြန်မဟုတ်ဘူး သားရဲ့၊ ညအိပ်မှာ၊ တစ်ညအိပ်ပြီးမှ ပြန်မယ်"

"ဟင် မေမေ တကယ်လား"

အပြုံးတွေနဲ့ လက်စင်သွားတဲ့ သားရဲ့ မျက်နှာဟာ တာဝန်မဲ့သူ မောင့်ရဲ့မျက်နှာနဲ့ တစ်ထေရာတည်းပါပဲ။ မောင့်ကိုယ်ပွား၊ မောင့်ကိုယ်စား မေ့ရဲ့ ဒုက္ခအိုးကလေးကတော့ အမှန်တကယ်ပင် ပျော်နေရှာတယ်။ မောင်ရဲ့ အုပ်ထိန်းမှု လစ်ဟာခဲ့တဲ့ ကွက်လပ်တစ်နေရာသာ မရှိခဲ့ဘူးဆိုရင် သားတစ်ယောက် ဒီလို အဖြစ်ဆိုးမျိုးနဲ့ ကြုံရပါ့မလား။ သားတစ်ယောက်ဟာ အမေကို ချစ်ရုံနဲ့မပြီး၊ အဖေကိုလည်း လေးစားခန့်ညားမှု ရှိရမယ်လေ။ မောင်တစ်ယောက်အပေါ် လေးစားခန့်ညားမှု ပျောက်ကွယ်နေတဲ့သားဟာ

www.burmeseclassic.com

www.burmeseclassic.com



ပုံစံမကျ ထောင့်မကျိုးတဲ့ သားတစ်ယောက်ဖြစ်ခဲ့လေသလား။

"မေမေ၊ တကယ်လားလို့"

"အေးပါ သားရယ်၊ တကယ် ညအိပ်မှာပါ။ ဒီမှာ ဆွဲခြင်းထဲမှာ သားကြိုက်တဲ့ ငါးပိကြော်၊ ဘဲလချောင်ကြော်၊ သရက်သီးသနပ်၊ ဆိတ်သားထောင်းကြော်တွေပါတယ်၊ သူငယ်ချင်းတွေနဲ့ မျှဝေစားနော်"

အစားမက်တဲ့သားရဲ့ တစ်ခဏအတွင်း လန်းဆန်းတက်ကြွမှုတွေက ပီဘိကလေးတစ်ယောက်ရဲ့ အပြစ်ကင်းစင်မှုကို ပြနေတယ်။ ကလေးတစ်ယောက်ရဲ့ အဖြူရောင်ကင်းဘတ်စ ဘဝကလေးထဲ အရောင်အသွေးတွေနဲ့ ခြောက်လှန့်ပြီး ဘယ်သူတွေကများ ရေးချယ် စွန်းထင်းစေခဲ့ပါသလဲ။

BURMESE CLASSIC

*

"စိုးခိုင်သေပြီ၊ မေမေ သိရဲ့လား။ စိုးခိုင်သေတာ သားတို့ ဘယ်လိုမှ မခံစားနိုင်ဘူး"

"သိတာပေါ့သားရယ်၊ ဒါကြောင့် သားအတွက် အရမ်းကို စိတ်ပူနေခဲ့တာ"

"သားမကျေနပ်ဘူး"

"ဘာကိုလဲ၊ ဘယ်သူ့ကိုလဲ၊ ငှက်ဖျားနဲ့ ရိုးရိုးသားသား သေတာ သားက ဘယ်သူ့ကို မကျေမနပ်ဖြစ်နေတာလဲ"

"ဒီမှာ သား၊ မေမေ စကားကောင်းကောင်း ပြောမယ်၊ သား ဆေးချာနားထောင်၊ အခု သား ဒီကို ရောက်လာတာ မကောင်းမှုပြစ်ဒဏ်အတွက် ပေးဆပ်ဖို့ မဟုတ်လား၊ သူ့အကြွေးဆိုတာ ဒီဘဝမှာ ကျေအောင်ဆပ်ရတယ်၊ သံသရာကြွေး အပါမခံပါနဲ့၊ မကြံအပ်တဲ့ အရာတွေ ကြံရင်သားတို့ အမှောင်မိုက်ထဲမှာချည်း တစ်သက်လုံး ကျိုးလန့်စာစားနေရတော့



မှာပေါ့။ နှစ်နှစ်ခွဲဆိုတဲ့ အချိန်ဟာ ခဏကလေး၊ အဲဒီခဏကလေး သည်းခံပေးဆပ်ပြီးရင် တစ်သက်လုံးပျော်ရွှင်ရတော့မှာ၊ တစ်ခဏနဲ့ တစ်ဘဝ မလဲနဲ့နော်၊ မေမေ့သားလိမ္မာပါတယ်"

သားဟာ စဉ်းစားနေတာလား။ တကယ် သဘောမပေါက်ဘဲ သဘောပေါက်ဟန်ဆောင်နေတာလား မသိဘူး။ ငြိမ်သက်နေပြန်တယ်။ အပြင်ဘက်မှာတော့ လမထွက်သေးတဲ့အတွက် ဝန်းကျင်တစ်ခွင်လုံး မှောင်နှင့်မည်းမည်း။ ရေပင်လယ်အတုကြီးပေါ်မှာ ဝါးတဲကလေး နာမည်က 'ညှို့တွေ့ဆောင်'တဲ့။ ဇေတနာလုပ်အားရှင်တွေကို လာတွေ့တဲ့ အဖေ၊ အမေတွေ ခေတ္တတည်းခိုရာ အဆောင်ဆိုပါတော့။ ညှို့တွေ့ဆောင်ရဲ့ အပြင်ဘက်မှာ ပုစဉ်းရင်ကွဲအော်သံနဲ့ ဖားအော်သံတွေဟာ တစ်ပြန် တစ်လှည့်စီ စီးဝါးနရီကိုက် ပေါ်ထွက်နေကြတယ်။ တစ်နေ့လုံး ဖွဲ့သလိုလို၊ စဲသလိုလိုလုပ်နေတဲ့ မိုးလည်း ပျောက်ချင်းမလှ ပျောက်နေတယ်။

ရေပြင်ကျယ်ထက်မှာ ကိုယ့်တစ်ဆောင်တည်း ထီးတည်းပေါ်နေတဲ့ အဆောက်အအုံကလေးထဲမှာ ညဥ့်နက်လာတာနဲ့အမျှ ချောက်ချားစရာကောင်းလှတယ်။ မိမိချို ကိုယ့်ဘဝကိုယ်တွေးပြီး အတော်အားငယ်သွားတယ်။ တစ်သက်နဲ့တစ်ကိုယ် ဒီလိုနေရာမျိုးမှာ ဒီလိုအနေအထားမျိုးနဲ့ ရောက်နေရမယ်လို့ ဘယ်မှာ စိတ်ကူးကြည့်မိပါ့မလဲ။ ခရီးရှည်ကြီးကို တစ်ယောက်တည်း ချီတက်ခဲ့ရတာ ကြာလာတော့ ဘယ်လောက်ဝဲ တန်းတင်းတင်း ဝမ်းနည်းအားငယ်မှု အငုံ့စိတ်ထွက်ပြုလာမှုကို တန့်တားတာကွယ်ဖို့ မစွမ်းနိုင်ခဲ့ဘူး။ မိန်းမသားတစ်ယောက်နဲ့ မတန်ရာ ရင်ဆိုင်ဖြတ်သန်းရမှုတွေဟာ အေးစက်နေတဲ့ တစ္ဆေလက်မည်းကြီးတွေလိုပဲ အမှောင်ထဲကနေ ခြောက်လှန့်ဆွဲငင်နေကြတယ်။

ဟော...အသံ၊ တီးတိုးစကားသံ၊ တအိအိနဲ့ ကလေးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



မချိတရိ ရှိုက်ငိုသံ။ ဘာတွေလဲ။ ဘာသံတွေလဲ။ ဟောဒီညော့တွေ ဆောင်ထဲမှာ ရှိနေတာ သူတို့သားအမိနှစ်ယောက်တည်း မဟုတ်ဘူးလား။ ဘယ်လိုတွေပါလိမ့်။

"မေမေ"

မှောင်ထဲက သားရဲ့ခေါ်သံကိုကြားတယ်ဆိုတဲ့ အသိနဲ့ သားရဲ့ရင်ဘတ်ပေါ်လက်တင်ပေးလိုက်တော့ သားက –

"မေမေကြောက်နေလား၊ မကြောက်ပါနဲ့ မေမေရဲ့၊ အဲဒါ ချာလီတို့သားအဖတွေနေမှာပါ"

"ချာလီတို့သားအဖတွေ ဟုတ်လား"

"ဟုတ်တယ်လေ မေမေရဲ့၊ သူ့အရပ်ကလေးက ပုတုတုကလေးမို့ ချာလီချက်ပလင်နဲ့တူလို့ ချာလီလို့ နာမည်ပေးထားတာလေ။ ဒီကောင်က အခု ဒီမှာ ဘိန်းဖြတ်တဲ့ အဆင့်ရောက်နေပြီ၊ ဒီကောင့်အဖြစ်က တစ်မျိုး၊ သားကိုချစ်လို့ သားအတွက်ဘိန်းကို အဖေနဲ့အမေက ရှာပေးတာ စိမ်းစည်ကို ပြတ်ရောတဲ့။ ဒီကောင်က ပိန်ပျော့ပျော့လေး၊ တခြား ဘာမှ ခိုင်းလို့မရလို့ မြက်ပဲနုတ်ခိုင်းရတယ်။ သူ့အဖေနဲ့ အမေ ရောက်နေလို့ အလွမ်းသယ်တာနေမှာပေါ့'

အမယ် သားက သူ့ကျတော့ အမေမြင်ရင် အလွမ်းမသယ်ဘူးလိုက်လို့၊ မီမီချို အမှောင်ထဲမှာ ပြုံးမိတယ်။ စောစောက စိုးထိတ်သွားပေမဲ့ အခုတော့ ချာလီတို့ သားအဖ သားအမိတွေကို မိဘချင်း စာနာနေမိပြီ တယ်။ သည်နေရာမှာ ရောက်ရှိနေတဲ့ အဖေအမေတွေရဲ့ ရင်ဘတ်ထဲမှာ တော့ မြင့်မိုရ်တေးသံတွေ ညီးညံနေမှာ အသေအချာပါပဲ။

"တစ်ခါတုန်းက တောင်ပေါ်မြို့ကလေးတစ်မြို့မှာ 'ပါစယ်တာဝါ' Purcell Tower လို့ အမည်ရတဲ့ နာရီစင်ကြီးတစ်ခုရှိသတဲ့၊ ဒီနာရီကြီးဟာ



အင်္ဂလန်နိုင်ငံ 'ဘစ်ဘင်' Big Ben နာရီကြီးလိုပဲ အချိန်မှန်လှသတဲ့၊ အဲဒီနာရီကြီးမှာ ဒိုင်ခွက်ကြီးပေါင်းလေးခု တပ်ဆင်ထားပြီး ဝက်စမင်တာချိုင်း West mister Chine လို့ခေါ်တဲ့ ကြီးစဉ်ငယ်လိုက် ခေါင်းလောင်းကြီးတွေရှိသတဲ့၊ လေးလုံးက ၁၅ မိနစ်တစ်ကြိမ် သံစုံကျူးရင့်ပြီး ကျန်တစ်လုံးက တစ်နာရီထိုးတိုင်း အချက်ပြည့်တီးတဲ့ ခေါင်းလောင်းကြီးဖြစ်သတဲ့ ၁၅မိနစ်တစ်ကြိမ်မြည်တဲ့ သံစဉ်တီးလုံးရဲ့ စာသားအဓိပ္ပာယ်ကဗျာလေးကို မေမေသင်ပေးမယ်၊ သားလိုက်ဆိုနော်'

*Loard through this hour,*
*Be thou our guide,*
*So, by thy power,*
*No foot shall slide,*
*အို...အရှင်၊ ဤအချိန်နာရီမှ စတင်ကာ*
*ကျွန်ုပ်တို့၏ လမ်းညွှန်ရာ*
*အရှင့်စွမ်းအား ပေးသနားကာ*
*ခြေလှမ်းတိုင်း မြဲမြဲစေဖို့ရာ*

သားက သူ့အဖေလို ထုံပေပေမဟုတ်ဘူး။ ဉာဏ်ထက်တဲ့ကလေး၊ လေးငါးဆယ်ခေါက် မတိုင်ရဘူး အလွတ်ရသွားပါရော။ အချိန်နာရီရဲ့ ထိန်းကျောင်းလမ်းညွှန်မှုအောက်မှာ သားတစ်ယောက် သူ့ခြေလှမ်းတွေကို တော်တည့်ဖြောင့်မှန်အောင် လျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းနေမိတယ်။

ဖြည်းဖြည်းနဲ့မှန်မှန် ထွက်ပေါ်လာတဲ့ သားရဲ့ အသက်ရှူသံကြောင့် အိပ်သွားပြီလို့ ထင်ရတယ်။ မီမီချိုဟာ နဖူးပေါ်လက်တင်ပြီး အမိအစဉ်မကျေနပ်မှုတွေနဲ့ ဖွဲ့စည်းထားတဲ့ သူတို့သားအမိရဲ့ ကံကြမ္မာကို နာနာကျင်ကျင်

www.burmeseclassic.com



ပြန်တွေးနေမိတယ်။ ကြမ္မာဆိုးနဲ့ မတိုးခင်အချိန်ထိ အမေနဲ့သား ရင်ခွင်ချင်း မနီးစပ်လှဘူး။ သားဟာ အမေ့ရင်ခွင်ထဲ တိုးဝင်ဖို့နေနေသာသာ လူပျို့မပေါက်တပေါက် စိတ်ဓာတ်ကလေးကြောင့် အိမ်မမြဲဘဲ ကိုးကျင်းကိုးကျောင်း လျှောက်သွားနေတာ ကြာပြီ။

မောင်နဲ့ ညောင်ညိုပင်စခန်းမှာ လမ်းခွဲပြီးတဲ့နောက် ဘဝရှေ့ရေးအတွက် အဝေးသင်နဲ့ မိမိချို ဘွဲ့ယူလိုက်ရတယ်။ အိမ်နဲ့မနီးမဝေးကျောင်းမှာ ပထမတော့ မူလတန်းပြ၊ နောက်တော့ အလယ်တန်းပြရာထူးနဲ့ တည်ငြိမ် စပြုတဲ့အချိန်မှာ မောင်တစ်ယောက် နောက်အိမ်ထောင်ထူလိုက်ပါတော့တယ်။ စိမ်းဆတ်ကွာလှမ်းမှုတွေကြောင့် အေးခဲမာတင်းနေတဲ့နှလုံးသားဟာ လေပြည်သယ်ဆောင်လာတဲ့ သတင်းစကားအတွက် တုန်လှုပ်ခြင်းမရှိတော့ပါဘူး။ ဖခင်မရှိဘဲ ကြီးပြင်းလာခဲ့ရတဲ့ သားသည်သာ မိမိချို မျှော်မှန်းတဲ့ ဒေါင်ဒေါင်မြည် အိုးကောင်းတစ်လုံး မဖြစ်ခဲ့။ အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး မိမိရဲ့ရွေးချယ်ခြင်း၊ စွန့်လွှတ်ခြင်း စတဲ့ ဆုံးဖြတ်ချက်တွေဟာ သားအတွက် ညစ်ပေစွန်းထင်းတဲ့ အရိပ်မည်းကြီး ဖြစ်နိုင်လောက်တယ်လို့ ကြိုတင်တွက်ဆခဲ့မယ်ဆိုရင် မိမိချို ဒီလောက်မိုက်မဲခဲ့မှာ မဟုတ်ဘူး။

အဲဒါ နောင်တလား။ ဟင့်အင်း၊ မောင်နဲ့ ပတ်သက်ရင် မိမိချို နောင်တဆိုတဲ့ စကားလုံးကို တွင်းနက်နက်တူးပြီး မြှုပ်နှံထားချင်တယ်။ အချိန်တန် အိမ်ပြန်မလာလို့ သားကို လက်ဖက်ရည်ဆိုင်တကာ လိုက်ရှာရတဲ့အခါ တာဝန်မဲ့သူကြီးရဲ့ ရင်ကိုခွဲပြီး အသည်းနှလုံးကို ထုချေပစ်ချင်တဲ့ ဒေါသမီးတွေ ဟုန်းဟုန်းတောက် လောင်ကျွမ်းနေလေ့ ရှိတယ်။

“မေမေရာ၊ အေးအေးပေါ့၊ သားတို့ လက်ဖက်ရည်ဆိုင်မှာ လေဖြန်းတို့၊ အငဲတို့နဲ့အတူ ဟစ်လို့ကောင်းတုန်း၊ ကိုးတန်းများ အိပ်ပြီး ဖြေတောင်



အောင်သေး၊ နောက်ထွက်တဲ့ အခွေက အရမ်းကို...”

“တော်စမ်း ဓာနည်၊ ကျောင်းသားဟာ ကျောင်းသားနဲ့ တူအောင်မနေတာ မေမေ မကြိုက်ဘူး၊ ဒါတွေက အိမ်မှာ နားထောင်လည်းရသားနဲ့၊ လက်ဖက်ရည်ဆိုင်ဆိုတာ လူမျိုးတစ်ရာ့တစ်ပါးဆုံတဲ့နေရာ၊ အချိန်မဖြုန်းအပ်တဲ့နေရာ၊ မင်းအချိုးတွေကို ပြင်လိုက်စမ်း”

မိမိချို့ဆုံးမသံဟာ သားရဲ့နားမှာ ပြည့်လျှံလျော့ကျကုန်တယ် ထင်ပါရဲ့၊ ဆိုတုန်း ပြောတုန်း ခဏငြိမ်ပြီး နေမြဲ သွားမြဲ။ ငှက်တေလေကလေးတစ်ကောင်လို ပေါ့လျှမ်းတဲ့ အတွေးတွေနဲ့ သားရဲ့တိုင်မင်မကိုက်တဲ့ နေ့စွဲတွေအထဲမှာ ‘ဗီဇနဲ့ပတ်ဝန်းကျင်’ ဆိုတဲ့ ထည့်သွင်းစဉ်းစားဖွယ် ခေါင်းစဉ်ကြီးတစ်ခုဟာ မိမိချို့အိပ်ပျက်ညတွေဆီ အခေါက်ခေါက်အလီလီ ရောက်နေပါတော့တယ်။ သားကို ဖျက်ဆီးနေတာ အဖေနဲ့တူတဲ့ဗီဇလား၊ ပတ်ဝန်းကျင်ရဲ့ ရောင်ပြန်ဟပ်မှုတွေလား။ ကျောင်းစာ လျော့ရဲ၊ အပေါင်းအသင်းခုံမင်၊ အိမ်ပြင်မှာ ပျော်ရွှင်တဲ့ ကလေးတစ်ယောက်ရဲ့ ဆိုးကျိုးသက်ရောက်မှုတွေဟာ အမေရဲ့ ရင်တံခါးကို မညှာမတာခေါက်လိုက်ပုံက–

‘ဓာနည်တို့အုပ်စု ရွှက်စိမ်းလက်ဖက်ရည်ဆိုင်မှာ ရိုက်ကုန်ကြပြီ’ တဲ့။

ကြွပ်ဆတ်ဆတ် မာကျောကျော ပေါင်းသင်းဆက်ဆံရေးတွေကမှ တစ်ဆင့် လက်ယဉ်ယဉ်နဲ့ ရိုက်ရဲနှက်ရဲတဲ့ တလွဲဆံပင်ကောင်းသတ္တိတွေ သားဆီ ဘယ်အချိန်က စီးမျောလာတာပါလိမ့်။ လေးယောက်နဲ့တစ်ယောက် ပွဲက မလှမပ တစ်ဖက်စောင်းနင်း အနိုင်ကျင့်ဗိုလ်ကျမှုတွေ စိုးမိုး ပေါ်လွင်နေတဲ့ပွဲ။ သားတို့လေးယောက်ဝိုင်းရိုက်လိုက်တဲ့ ကလေးဟာ မြို့နယ်ဆရာဝန်ကြီးရဲ့သားတဲ့။

ကြမ္မာမုန်တိုင်းဟာ မဆုတ်မဆိုင်းဘဲ ခပ်ရိုင်းရိုင်းလျှောက်ချလာပါ

www.burmeseclassic.com

www.burmeseclassic.com



ရောလား။ အချုပ်ခန်း သံတိုင်နောက်မှာ သားကိုမြင်လိုက်တော့ မိမိချို့ ရင်ဟာ ထုတိုင်းမြည်တဲ့ စည်ကြီးရဲ့ မျက်နှာပြင်လို မာခဲတင်းကျပ်နေလိုက်တာ။ 'သားကိုကယ်ပါဦး မေမေ'ဆိုတဲ့ နောင်တတွေ ဖြည့်စွက်နေတဲ့ သားရဲ့အသံကို မိမိချို အံကြိတ်ပြီး ကျောခိုင်းလိုက်တယ်။ ဒီအမေရဲ့ ရင်ထဲမှာတောင် ဒီလောက်ဆိုရင် နာကျင်သွားတဲ့ ကလေးမိဘရင်ထဲမှာ ရော။ စာနာမှုတရားတွေနဲ့အတူ သားအပေါ် နောင်ကျဉ်စေမှုနဲ့ ဥပဒေရဲ့ အဆုံးအမကို ခံယူစေချင်တဲ့ စိတ်ဆန္ဒတွေ မတုံ့မနှားပေါ်ထွက်ခဲ့တယ်။ အမေ့စကား နားမထောင်တဲ့သား၊ မှတ်လောက်သားလောက်အောင် ထား ဦးမှ။

ဒါပေမဲ့ လောကကြီးဟာ ရှုပ်ထွေးမွေလီလှပါလား။ မိမိချို ထင်သလို အမှုလမ်းကြောင်းဟာ ဖြောင့်ဖြောင့်မသွားဘူး။ စီရင်ချက် ပြစ်ဒဏ် ချတော့ လေးနှစ်…လေးနှစ်ဆိုပါလား။ ချုပ်ရက်ခြောက်လလောက်သာ မျှော်လင့်ထားတဲ့ မိမိချို အခုမှ မျက်ရည်တာကျိုးပြီပေါ့။ မျက်ခုံးနဲ့ လက်ဖျံမှာ စုတ်ပြဲသွားတဲ့ အနာတွေကျက်ပြီး တစ်မြို့မှာ ကျောင်းသွားတက်နေတဲ့ ကလေးရယ်၊ ကလေးအဖေ ဆရာဝန်ထွက်ချက် နင့်နဲ့လေးပင်မှုတွေရယ်၊ ဆက်စပ်လိုက်တော့ ရယူတာနဲ့ ပေးဆပ်တာ တရားမျှတပါရဲ့လား။ လေးနှစ်ဆိုတာ လူငယ်တစ်ယောက်ရဲ့ ဘဝကို ပြောင်းလဲသွားစေမယ့် ကိစ္စဆိုတော့ အစပိုင်းက နောင်ကျဉ်စေမှုနဲ့ ပေါ့လျော့ခဲ့မိတဲ့ မိမိကိုယ် မိမိ အပြစ်ဖွဲ့မဆုံးတော့ဘူး။

ဒါဟာ ဥပဒေကို ပြက်ရယ်ပြုမိရင် တွင်းဆုံးကျတတ်တယ်ဆိုတဲ့ သင်ခန်းစာက သားအတွက် နာကျင်ခံခက်စေပြန်တယ်။ နောက်ဆုံး အသက်မပြည့်သေးတဲ့ အယူခံနဲ့ ဘဝသစ်စိုက်ပျိုးရေးစခန်းဆီ နှစ်နှစ်ခွဲ အပို့ခံရပြီးတဲ့အခါမှာ ပေးဆပ်ပေဦးတော့ သားရယ်။ အရိပ်ကိုလိုရင်



နေပူကိုတော့ ဖြတ်ရမှာပါပဲ။ စခန်းကိုရောက်ပြီး ခြောက်လတစ်ကြိမ် သုံးလတစ်ကြိမ် တွေ့ခွင့်ရတဲ့အခါ ရင့်ထော်ကြမ်းရှလာတဲ့ သားရဲ့လက်ကလေးတွေ၊ နေပူပူ မိုးရွာရွာ စိုက်ပျိုးရေးတာဝန်တွေကြောင့် နေလောင်ညိုးရော်လာတဲ့ အသားအရေတွေ မြင်ရတဲ့အခါ အမေ့ရင်မှာ မချိလှပေမဲ့ ဒီနှစ်တွေအတွင်း 'ပေ' မျက်နှာပြင်လို ခံနိုင်ရည်ရှိရှိ ရင့်ကျက်မာခဲမှုတွေနဲ့ သားရဲ့စိတ်ခန္ဓာဟာ ထုဆစ်ပြီးသား ဖြစ်နေစေချင်တယ်။

အမှုတွဲမှာ နောက်ဆုံးဝင်လာတဲ့ စိုးခိုင်ကလေးကတော့ မတန်ရာဆုံး ပေးဆပ်ခြင်းပါပဲ။ နဂိုက အမေမရှိ အဖေပစ်ပယ်ထားတဲ့ ဝမ်းနည်းအားငယ်ခြင်းတွေနဲ့ စိတ်ဖိစီးမှုတွေဟာ သေခြင်းတံခါးဝဆီ အမြန်ရွေ့လျားစေခြင်းလား။ မိဘတွေရဲ့ အိမ်ထောင်ရေးခရီးလမ်း ကျိုးပဲ့ပြတ်တောက်မှုတွေဟာ ကလေးတွေအတွက် ဆိုးဝါးတဲ့ အရိပ်မည်းကြီး ယိမ်းထိုးခြောက်လှန့်နေမှုအပေါ်မှာတော့ 'တာဝန်ယူတတ်မှု'ဆိုတာ သီးခြားတည်ရှိနေပါဦးမယ်။

အဲဒီတာဝန်ယူတတ်မှုအတွက် မိမိချို ပျော့ညံ့နေလို့ မဖြစ်ဘူး။ သားနဲ့အတူ ငိုညည်းဖွဲ့ဖွဲ့ဖြစ်နေရင် သားတစ်ယောက် ကမ္ဘာအသစ်မှာ စိတ်သစ်လူသစ်ဖြစ်ဖို့ နှောင့်နှေးကြန့်ကြာနေပေလိမ့်မယ်။ ကျောက်သားကျောက်စိုင်လို ရင့်မာခိုင်ကျည်မှုမှသည် သတ္တိဓာတ်စွမ်းအားတွေ ပေါက်ဖွားလာဖို့ အမေ့ကိုယ်အမေ တစ်ကျော့ပြန် အသစ်တစ်ဖန် မွေးဖွားရပြန်ဦးတော့မယ်။

မလျော့မတင်း ညှင်းနေတဲ့ စောင်းကြိုးခတ်သံ နာခံရင်း အလင်းရောင်အောက်ကို ထွင်းဖောက်ကြပါစို့ သားရယ်။ နိုးတစ်ဝက်အိပ်မက်တွေနဲ့ အချိန်တွေကို ဖြတ်သန်းနေတဲ့ မိမိချိုဟာ ညော့်တွေ့ခေါင်ပြတင်းကနေ ခပ်ရဲရဲတိုးဝင်လာတဲ့ လရောင်ဝါဝါကြောင့် ဘယ်လိုမှ ပြန်အိပ်

www.burmeseclassic.com

www.burmeseclassic.com



မပျော်တော့ဘူး။ ညကြည့်နာရီကလေးကို မြှောက်ကြည့်တော့ နံနက်လေးနာရီ ထိုးလုထိုးခင်။

"မေမေ နိုးပြီလား"

"အင်း၊ ဒီလောက်ကြီးလဲ အိပ်မပျော်ပါဘူး။ သားပြန်အိပ်လိုက်ဦး၊ စောပါသေးတယ်၊ အခုမှ လေးနာရီ"

"ဟင့်အင်း၊ သား စောစောနိုးတာ အကျင့်ပါနေပြီ၊ တော်ကြာငါးနာရီဆို သားတို့ ဘုရားရှိခိုးရတော့မှာ"

ကောင်းမွန်တဲ့ အလေ့အကျင့်တွေရနေပြီဖြစ်တဲ့ သားအတွက် မိမိချို ကျေနပ်ရပြန်တယ်။ ဒီမှာက စခန်းတာဝန်ခံကြီးကအစ အခြားဝန်ထမ်းတွေအားလုံး ထောက်ထားညှာတာမှုတွေနဲ့ ထိန်းသိမ်းပဲ့ကိုင်နေမှုအပေါ် မိမိချို ကြည်နူးကျေနပ်ဖြစ်ရတာ အမှန်ပါ။

"မေမေရယ် ကြည့်ပါဦး၊ လမင်းကပြည့်ပြည့်ဝဝကြီး ဝန်းဝိုင်းနေလိုက်တာ၊ လှလိုက်တာနော်"

"ဟုတ်တယ်၊ မနက်ဖြန်ဆို လပြည့်တော့မယ်လေ သားရဲ့၊ အဲဒီလဝန်းမြင့်မြင့်ကြီးရဲ့ နောက်မှာ သားမှန်းကြည့်လိုက်စမ်း၊ ဘာရှိမယ်ထင်သလဲ"

"သား မမှန်းတတ်ဘူး"

"ဖွဲကပင်တောင်ကြီးရှိတယ်လေ သားရဲ့၊ အဲဒီကဇွယ်ကပန်းရဲ့အစွန်းမှာ လဝန်းကြီးချိတ်တွဲနေပုံက မထူးခြားဘူးလား။ လရောင်ဝါဝါဟာ သားနဲ့ မေမေရဲ့ ညှော်တွေ့ဆောင်ထဲမှာ ထိုးကျနေသလိုပဲ၊ သားတို့ အိပ်ဆောင်ပေါ်မှာလည်း ထိုးကျနေလိမ့်မယ်"

"သား သိပြီ မေမေ၊ နောက်ညတွေမှာ မေမေမရှိလည်း လဝန်းကြီးကျောက်စွန်းမှာ ချိတ်တွဲနေတာမြင်ရင် မေမေရှိသလို သား ပျော်နေမယ်။



လရောင်ဝါဝါ အခန်းထဲ ဖြာကျရင် မေမေဖက်ထားသလို သားရင်ထဲ နွေးနေမယ်"

အိုး ဘယ်ဆိုးလို့လဲ၊ သဘာဝတရားရဲ့ အလှအပကို သားခံစားတတ်နေပါပကော။ ဒါဆိုရင် ကိုင်တွယ်ရလွယ်ကူတဲ့ နူးညံ့သောနလုံးသားပိုင်ရှင်ကလေးဖြစ်လာမှာ မလွဲပါဘူး။ မိမိချို အခုမှ သားအတွက် စိတ်အေးသွားတော့တယ်။

မနက်မိုးစင်စင်လင်းတော့ ဘုရားဝတ်တက်အပြီး အမေကို ထွက်နှုတ်ဆက်တဲ့သားကို ကျောခိုင်းလို့ ရေပင်လယ်ကြီးဖြတ်ပြန်ရပေမဲ့ အလာတုန်းကလို စိတ်လက်မပင်ပန်းတော့ဘူး။ ပေါ်ပါးလန်းဆန်းမှုတွေနဲ့အတူ အတော်လှမ်းလှမ်းဆီရောက်ပြီးမှ သားဆီကို တစ်ကျော့ပြန်လှည့် ကြည့်လိုက်တဲ့အခါ သားမြှောက်ပြနေတဲ့ လက်သီးဆုပ်ရဲ့ ထိပ်မှာ အထက်ကို ထောင်ကော့နေတဲ့ လက်မကလေးတစ်ချောင်း။ အောင်မြင်ခြင်းသင်္ကေတ။

မိမိချိုဟာ သားနဲ့ထပ်တူခံစားမှုပြယုဂ်အဖြစ် ညာလက်ကို မြှောက်တင် လှုပ်ရှားလိုက်ရပေမဲ့ ဒါဟာ ကလေးကလားဆန်တယ်လို့ နည်းနည်းမှကို မထင်လိုက်မိဘူး။

(သည်းထိပ်ရင်ဖိုမဂ္ဂဇင်း၊ ၂၀၀၃၊ နိုဝင်ဘာ)

www.burmeseclassic.com